BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR

# မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း
# ရည်ညွှန်းအကိုးအကား ၂၀၂၃ - ၂၀၂၄

BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR

# မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပုံဖော်ခြင်း ရည်ညွှန်းအကိုးအကား (၂၀၂၃ - ၂၀၂၄)


ယခင်ထွက်ရှိခဲ့သည့် - ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ - ၂၀၁၈၊

စာအုပ်စီးရီးများ - ၂၀၁၉ - ၂၀၂၀၊ ၂၀၂၁ - ၂၀၂၂၊ ၂၀၂၂ - ၂၀၂၃

မူပိုင် - နိုင်ငံတကာ မြန်မာသတင်း (Burma News International)

Website : https://www.mmpeacemonitor.org

Twitter : https://twitter.com/mmpeacemonitor

Facebook : https://www.facebook.com/mmpeacemonitor

Telegram : https://t.me/bni_mmpeace monitor


Ongoing Dashboard

Bi-Weekly News Review

Special Analysis Report

Reference Book

BURMA NEWS INTERNATIONAL MYANMAR PEACE MONITOR

# ကျွန်ုပ်တို့အကြောင်း

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စောင့်ကြည့်ရေးအဖွဲ့ (BNI - Myanmar Peace Monitor) သည် တိုင်းရင်းမီဒီယာ (၁၅) ဖွဲ့ဖြင့် စုဖွဲ့ထားသော နိုင်ငံတကာမြန်မာသတင်း (ဘီအဲန်အိုင်) ၏ လုပ်ငန်းအစီအစဉ်တစ်ခု ဖြစ်သည်။ ယုံကြည်စိတ်ချရပြီး တိကျမှန်ကန်သော သတင်းအချက်အလက်များနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို အချိန်နှင့်တပြေးညီ ထုတ်လုပ်နိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပဋိပက္ခဆိုင်ရာ သတင်းအချက်အလက်များ၊ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို လေ့လာဆန်းစစ်ထားသော သုံးသပ်တင်ပြချက်များ၊ သုတေသနပြု စာတမ်းများကို ထုတ်လုပ်နိုင်ရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်သည်။

ပဋိပက္ခတိုက်ပွဲဆိုင်ရာ ဖြစ်စဉ်ဖြစ်ရပ်များ၊ အချက်အလက်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများကို လွတ်လပ်ပြီး ယုံကြည်စိတ်ရသည့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများမှတဆင့် နေ့စဉ်စောင့်ကြည့်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ တိုင်းနှင့်ပြည်နယ်အလိုက် မြေပြင်သတင်းထောက်များထားရှိကာ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာသတင်းများ၊ တွေ့ဆုံမေးမြန်းချက်များကိုလည်းစုံစမ်းဖော်ထုတ်တင်ပြခြင်းတို့ကို နေ့စဉ်လုပ်ဆောင်လျက်ရှိပါသည်။

၂၀၁၃ ခုနှစ်ကတည်းက စတင်လာခဲ့သည့် BNI-MPM သည် ရှုပ်ထွေးပွေလီလှသော ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ ဖြစ်စဉ်အတွင်း တိုက်ရိုက်ပါဝင်ပတ်သက်နေသော အကြောင်းအရာများ၊ အဖြစ်အပျက်၊ လူပုဂ္ဂိုလ်များ အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဦးတည်ရာများ၊ အရွေ့အပြောင်းအများကို ပိုမိုနားလည်စေရန် အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပုံဖော်ခြင်း ရည်ညွှန်းအကိုးအကားစာအုပ်များကို နှစ်စဉ်ပြုစုထုတ်ဝေခဲ့ပါသည်။ ယခု " မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း - ရည်ညွှန်းအကိုးအကား (၂၀၂၃ - ၂၀၂၄) " သည် (၉) အုပ်မြောက်စာအုပ် ဖြစ်သည်။

BNI - MPM အနေဖြင့် သတင်းနှင့် တွေ့ဆုံမေးမြန်းချက်များကို BNI - MPM ဝက်ဘ်ဆိုက် (www.mmpeacemonitor.org) ၊ ဖေ့စ်ဘွတ်ခ်ပေ့ချ် (https://www.facebook.com/mmpeacemonitor) နှင့် တယ်လီဂရမ် (https://t.me/bni_mmpeace monitor) တို့မှတဆင့် နေ့စဉ်ထုတ်လုပ်တင်ပြနေသကဲ့သို့ အပတ်စဉ် သုံးသပ်ချက်များ၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ လစဉ်ဒက်ရှ်ဘုတ်များ၊ သုတေသနစာတမ်းများနှင့် အကြောင်းအရာအခြေပြု အင်ဖိုဂရပ်ဖစ်များကိုလည်း ပုံမှန်ထုတ်လုပ်ဖြန့်ဝေလျက်ရှိသည်။

# မာတိကာ


| | |
|---|---|
| ပုံနှိပ်မှတ်တမ်း | ၁ |
| ကျွန်ုပ်တို့အကြောင်း | ၂ |
| မာတိကာ | ၃ |
| ကျေးဇူးတင်လွှာ | ၄ |
| စာဖတ်သူသို့ အသိပေးချက် | ၅ |
| အနှစ်ချုပ် | ၇ |
| အဲန်စီအေ ငြိမ်းချမ်းရေး လမ်းဆုံးနှစ် | ၁၁ |
| စောင့်ကြည့်ရဦးမည့် နွေဦးတော်လှန်ရေး ဇာတ်ကောင်အသစ်များ | ၂၀ |
| စစ်ရှိန်ပြင်းပြင်းနှင့် စစ်ရေးစစ်ဘောင် ကျယ်ပြန့်လာသည့်နှစ် | ၄၄ |
| စစ်ရေးပဋိပက္ခအရှိန်နှင့်အတူ မြင့်တက်လာသည့်နိုင်ငံတဝှမ်း သေဆုံးမှုများ | ၄၈ |
| ပိုမိုတိုးပွားလာသည့် စစ်ရှောင်ကိန်းဂဏန်းများ | ၅၅ |
| အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ | ၆၀ |
| ပဋိပက္ခ ဖြေရှင်းရေးထက်အကျိုးစီးပွားအခြေပြုတွေ့ဆုံဆွေးနွေးမှုများပိုကဲသည့်နှစ် | ၆၄ |
| တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြောင်း | ၇၂ |
| စစ်အာဏာသိမ်းကာလအတွင်း(၅) ဦးနှင့်အထက် | |
| အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုဖြစ်စဉ်များ | ၁၁၅ |
| နိုင်ငံတဝှမ်း မိုင်းစစ်ဆင်ရေးလှုပ်ရှားမှုများ | ၁၃၄ |
| မြို့သိမ်းဖြစ်စဉ်များ | ၁၃၉ |
| နိုင်ငံတကာအခန်းကဏ္ဍ | ၁၄၂ |
| အပတ်စဉ်သုံးသပ်ချက်များ | ၁၆၄ |
| အတိုကောက် ဝေါဟာရများ | ၂၀၇ |

# ကျေးဇူးတင်လွှာ

ယခုစာအုပ်ဖြစ်မြောက်ရေးအတွက် အဓိကအရင်းအမြစ်များဖြစ်သော နိုင်ငံတကာမြန်မာသတင်း (BNI) ၏ အဖွဲ့ဝင်သတင်းဌာန (၁၅) ခုနှင့် အခြားသော ပြည်တွင်းပြည်ပသတင်းဌာနများအားလုံးကို ကျေးဇူးတင်ရမည်ဖြစ်သည်။ ထို့အပြင် ယခုကဲ့သို့ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာအကြောင်းအချက်များ၊ ဖြစ်စဉ်ဖြစ်ရပ်များ စောင့်ကြည့် မှတ်တမ်းပြုနိုင်ရေးအတွက် မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်ရေးအစီအစဉ်တစ်ခုကို အကောင်အထည်ဖော်လမ်းကြောင်းချပေးခဲ့သည့် BNI ၏ BOE များနှင့် BNI စီမံခန့်ခွဲရေးအဖွဲ့အားလည်း ကျေးဇူးတင်ရပါသည်။

"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရည်ညွှန်းအကိုးအကားစာအုပ် (၂၀၂၃-၂၀၂၄)" ဖြစ်မြောက်ရေးအတွက် ကျရာတာဝန်များကို ဝမ်းမြောက်ဝမ်းသာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော မြန်မာ့ငြိမ်းချမ်းရေး စောင့်ကြည့်ရေးအဖွဲ့ (BNI-MPM) မှ လုပ်ဖော်ကိုင်ဖက်အားလုံးကို အထူးကျေးဇူးတင်ရပါသည်။

BNI - MPM လုပ်ငန်းအစီအစဉ် တစ်ခုချင်းစီတိုင်းတွင် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများ၊ ကြုံတွေ့ရသော အခက်အခဲတိုင်းအတွက် နှုတ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်အားဖြင့်သော်လည်းကောင်း အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးကြပါသော BNI ဝန်ထမ်းများအားလုံးကို လေးစားအသိအမှတ်ပြုကြောင်း လှိုက်လှဲစွာတင်ပြလိုပါသည်။ ထို့အပြင် BNI-MPM ၏ လုပ်ငန်းအစီအစဉ်များအကောင်အထည်ဖော်နိုင်ရေးအတွက် ထောက်ကူပံ့ပိုးပေးကြသော အလှူရှင်များအားလုံးကို ကျွန်ုပ်တို့အနေဖြင့် အထူးပင်ကျေးဇူးတင်ရှိကြောင်း အလေးအနက်ထား တင်ပြအပ်ပါသည်။

# စာဖတ်သူသို့အသိပေးချက်

မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်ရေးအဖွဲ့ (BNI-MPM) သည် ၂၀၁၃ ခုနှစ်မှ စတင်ပြီး ပဋိပက္ခ ဖြစ်စဉ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တွေ့ရှိချက်များကို "မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း၊ ရည်ညွှန်းအကိုးအကားစာအုပ်" အဖြစ် နှစ်စဉ် စုဆောင်းပြုစု တင်ပြခဲ့ပါသည်။ ခေတ်စနစ်အလိုက် ဖြစ်ပေါ်ပြောင်းလဲလာသော နိုင်ငံရေး၊ စစ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အခင်းအကျင်းများကို အခြေပြုပြီး ပါဝင်သင့်၊ ပါဝင်ထိုက်သော အကြောင်းအရာများ၊ အဖြစ်အပျက်များ၊ အချက်အလက်များကို ရွေးထုတ်မှတ်တမ်းပြုထားခြင်း ဖြစ်ပါသည်။

ယခု "မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း - ရည်ညွှန်းအကိုးအကား (၂၀၂၃ -၂၀၂၄)" စာအုပ်သည် စစ်အာဏာသိမ်းကာလအတွင်း ထုတ်လုပ်ဖြန့်ချိသော တတိယမြောက် စာအုပ် ဖြစ်သည်။ ထို့ကြောင့် ပြီးခဲ့သည့် ရည်ညွှန်းအကိုးအကား ၂၀၂၁ -၂၀၂၂ ခုနှစ် စာအုပ်နှင့် ၂၀၂၂ - ၂၀၂၃ ခုနှစ်ထုတ်စာအုပ်များထက် အဖြစ်အပျက်၊ အကြောင်းအရာများ ပိုမိုများပြားသကဲ့သို့ ပဋိပက္ခဖြစ်စဉ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ပတ်သက်သူများ၏ အခန်းကဏ္ဍ၊ အရေးပါမှုနှင့် ၎င်းတို့၏ ရပ်တည်ချက်၊ မျှော်ရည်ချက်များကို ပြတ်ပြတ်ထင်ထင် တွေ့မြင်လာရပြီ ဖြစ်သည်။

စစ်အာဏာသိမ်းကာလအတွင်း မြင်တွေ့ရသည့် တော်လှန်ရေးအင်အားစုများ၏ ဖြစ်တည်မှုနှင့်အရွေ့အပြောင်းများကို အင်အားစုတခုချင်းစီအလိုက် အချက်အလက်အဖြစ်အပျက်များအခြေပြုကာ တင်ပြထားပါသည်။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ စစ်ရေးအရ အင်အားဖော်ပြချက်များသည် နေ့စဉ်တွေ့ရှိရသည့် သတင်းများ၊ အင်တာဗျူးများမှ စုဆောင်းရရှိထားသကဲ့သို့ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့လည်း BNI အဖွဲ့ဝင်သတင်းဌာနများမှတဆင့် ချိတ်ဆက်မေးမြန်းကာ အတည်ပြု၍ရသမျှသာ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

BNI – Myanmar Peace Monitor ၏ တွေ့ရှိချက်အရ ၂၀၂၃ - ၂၀၂၄ ခုနှစ်များကို စစ်ရှိန်ပြင်းပြင်းနှင့် စစ်ရေး၊ စစ်ဘောင်ကျယ်ပြန့်လာသည့်နှစ်အဖြစ် ယခုစာအုပ်တွင် တင်ပြထားပါသည်။

ခုခံတော်လှန်စစ် အရှိန်အဟုန်နှင့် အပြန့်ကျယ်လာခြင်းတို့ကြောင့် အာဏာသိမ်းစစ်အုပ်စု၏ အကျအဆုံးများ၊ စစ်စခန်းဆုံးရှုံးရမှုများကိုထင်ထင်ရှားရှားတွေ့ရှိလာရပါသည်။ တဆက်တည်းတွင် အာဏာသိမ်းစစ်အုပ်စု၏ အရှိန်မြှင့်လာသော လေကြောင်းတိုက်ခိုက်မှုများအကြောင်း၊ ပိုမိုတိုးပွားလာနေသော နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင်များအကြောင်း၊ ပဋိပက္ခတိုက်ပွဲ ဖြစ်စဉ်များအတွင်း တွေ့ရှိရသည့် စစ်ကောင်စီတပ်သား၊ တော်လှန်ရေးတပ်သားနှင့် အရပ်သားပြည်သူ သေဆုံးမှုများအကြောင်း၊ နိုင်ငံတဝှမ်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုများအကြောင်းတို့ကို စနစ်တကျ မှတ်တမ်းပြုတင်ပြထားပါသည်။

တဆက်တည်းတွင် ပျောက်ကွယ်မှုန်ဝါးနေသော ပြည်တွင်းငြိမ်းချမ်းရေးခရီးလမ်း၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များ၏ ဦးတည်ရာနှင့်အတူ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ထိုင်းနှင့် အာဆီယံ စသော အာဏာသိမ်းစစ်အုပ်စုဘက်သို့ ပိုမိုယိမ်းသည့် နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများအကြောင်း၊ အမေရိကန်၊ ဂျပန်နှင့် ကုလသမဂ္ဂ၊ အီးယူကဲ့သို့သော တော်လှန်ရေးအင်အားစုများဘက်သို့ မျက်နှာမူသော နိုင်ငံတကာအင်အားစုများ အကြောင်းကိုလည်း ယခုစာအုပ်ထဲတွင် ဖတ်ရှုလေ့လာရမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပဋိပက္ခတိုက်ပွဲဆိုင်ရာ အကြောင်းအချက်များကို စုစည်းပြုစုရာတွင် ယုံကြည်စိတ်ချရသည့် အရင်းအမြစ်များကို အသုံးပြုပြီး တိကျပြည့်စုံစေရန် ရည်မျှော်ကြိုးထုတ်ထားသော်လည်း လိုအပ်ချက်တစုံတရာတော့ ရှိနေနိုင်သေးကြောင်း စာဖတ်သူများအား ကြိုတင်အသိပေး တောင်းပန်အပ်ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း နိုင်ငံရေး၊ စစ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ် အရွေ့အပြောင်းများကို လေ့လာသူများ၊ သုတေသီများ၊ သတင်းမီဒီယာသမားများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအတွက်မှု ယခုစာအုပ်ပါ အကြောင်းအရာများသည် တစုံတရာအထောက်အကူ ပြုလိမ့်မည်ဟု ယုံကြည် မျှော်လင့်မိပါသည်။

# အနှစ်ချုပ်

ယခု "မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပုံဖော်ခြင်း" ရည်ညွှန်းအကိုးအကား (၂၀၂၃ -၂၀၂၄) စာအုပ်တွင်ပါဝင်သောအကြောင်းချင်းရာများကိုအနှစ်ချုပ်ရသော် စစ်ရေးပဋိပက္ခ၊ နိုင်ငံရေးအခင်းအကျင်း၊ ငြိမ်းချမ်းရေး အခြေအနေ၊ စစ်ဒဏ်သင့်ပြည်သူများအကြောင်းနှင့် နိုင်ငံတကာအစိုးရ၊ အဖွဲ့စည်းများအကြောင်း လေ့လာတွေ့ရှိရမည်ဖြစ်သည်။ အထူးသဖြင့် စစ်အာဏာသိမ်းရန်ကြိုးပမ်းနေသော အာဏာသိမ်းစစ်အုပ်စုနှင့် စစ်အာဏာသိမ်းမှုကိုဆန့်ကျင်ကာ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းနေသော တော်လှန်ရေးအင်အားစုများအကြောင်းအပြင် စစ်အုပ်စုနှင့် တော်လှန်ရေးအင်အားစုများအကြား ဗျာများနေသော အစုအဖွဲ့များအကြောင်းကိုလည်း ဖြစ်စဉ်ဖြစ်ရပ်နှင့် အချက်အလက်များ အခြေပြုကာ ချဉ်းကပ်တင်ပြထားပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်၊ စစ်အာဏာသိမ်းမှု စတင်စဉ်ကတည်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့တန်းတင်ကာ ပြည်တွင်းပြည်ပ အင်အားစုအသီးသီး၏ တရားဝင်အသိအမှတ်ပြုမှုကိုရရှိရေးကြိုးပမ်းလာခဲ့သည့် အာဏာသိမ်းစစ်အုပ်စု၏ စပွန်ဆာတွေ့ဆုံဆွေးနွေးပွဲများသည် လုံးဝရပ်တန့်သွားခဲ့ရသည်ဟုပင်ဆိုနိုင်သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တနည်းအားဖြင့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းသည် လုံးဝလမ်းဆုံးသွားခဲ့ရပြီဟု ဆိုရမည်ဖြစ်သည်။

အပစ်ရပ် လက်မှတ်ရေးထိုးထားခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO)များကိုလေ့လာကြည့်ပါက စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် တိုက်ပွဲဝင်နေကြသည့် နွေဦးတော်လှန်ရေးအင်အားစုများဘက်တွင် စစ်ရေး၊ နိုင်ငံရေးအရ အပြည့်အဝ ရပ်တည်ပူးပေါင်းလာခဲ့သည့် အဖွဲ့အစည်းများရှိလာခဲ့ပါသည်။ NCA အရရစုဖွဲ့ထားသည့် ERO (၁၀) ဖွဲ့ဖြင့် စုဖွဲ့ထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) သည်လည်း ဖွဲ့စည်းပုံပျက်ယွင်းကာ မဟာမိတ်အဖွဲ့ (7 Ethnic Armed Organizations Alliance – 7 EAO Alliance) သို့ ပြောင်းလဲသွားခဲ့ရသည်။ တဆက်တည်းတွင် အာဏာသိမ်းစစ်ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းကော်မတီ (NSPNC) တွင်လည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့ပြီး NCA ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အသက်သွင်းရန် အခက်ကြုံနေရသည်ကို တွေ့ရသည်။

ထို့ကြောင့် ၂၀၂၃ ၊ ၂၀၂၄ ခုနှစ်များအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အရွေ့အပြောင်းများ လေ့လာကြည့်လျှင် NCA ငြိမ်းချမ်းရေးလမ်းဆုံးနှစ်အဖြစ်သာ ကောက်ချက်ချနိုင်ပါသည်။

အခြားတဖက်တွင်မူ မူလကတည်းက ရှိနှင့်နေပြီးသော ERO များနှင့် နွေဦးတော်လှန်ရေး ကာလတွင်မှ ပေါက်ဖွားဖြစ်တည်လာကြသော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF-LDF) များအကြား တောင်တန်းမြေပြန့် ဒေသအလိုက် စစ်ရေးအရ ပူးပေါင်းလှုပ်ရှားဆောင်ရွက်မှုများကို ထင်ရှားစွာမြင်တွေ့လာခဲ့ရပြီ ဖြစ်သည်။ ရှမ်းမြောက်ဒေသတွင် ညီနောင်မဟာမိတ် (၃) ဖွဲ့မှ ဦးဆောင်သော "၁၀၂၇ စစ်ဆင်ရေး"၊ ကချင်ပြည်နယ်တွင် KIO/KIA ဦးဆောင်သော "0307 စစ်ဆင်ရေး"၊ ကရင်နီပြည် (ကယား) တွင် KNPP/KA ၊ KNDF တို့ ပါဝင်သော ကရင်နီတော်လှန်ရေးတပ်ပေါင်းစု၏ "တစ်-လေးလုံး စစ်ဆင်ရေး"၊ ချင်းပြည်နယ်အတွင်း ချင်းညီနောင်အဖွဲ့၏ "CB စစ်ဆင်ရေး"၊ ရခိုင်ပြည်နယ်တွင် အာရက္ခတပ်တော် (ULA/AA) ဦးဆောင်သော စစ်ဆင်ရေးများသည် ဟန်ချက်ညီမှု၊ ချိန်သားကိုက်လှုပ်ရှားမှုနှင့် တော်လှန်ထိုးစစ်၏ အရှိန်အဟုန်ကို ထင်ရှားမြင်သာစေခဲ့သည်။ အလားတူ CNF/CNA ၊ KIO/KIA ၊ KNPP/KA၊ KNU/ KNLA နှင့် NUG အကြား ဖွဲ့ထားသည့် ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (C3C) ၏ စစ်ရေးအရ လှုပ်ရှားဆောင်ရွက်မှုများသည် စစ်ဒေသအလိုက် ဖြန့်ကျက်ကာ နိုင်ငံတစ်ဝန်းလုံးရှိ စစ်ကောင်စီတပ်များကို ထိုးစစ်ဆင်ဖိအားပေးလျက်ရှိပါသည်။ ၂၀၂၃၊ ၂၀၂၄ ခုနှစ်များသည် စစ်ရေးပဋိပက္ခသည် အရှိန်အဟုန်ပြင်းပြင်းနှင့် စစ်ရေးစစ်ဘောင် ပိုမိုကျယ်ပြန့်လာသည့်နှစ်ဟု ဆိုရမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၅ ရက်အထိ တစ်နှစ်ကျော်ကာလအတွင်း အာဏာသိမ်းစစ်အုပ်စုထံမှ မြို့ပေါင်း (၇၃) မြို့အထိ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပါသည်။ ရှမ်းမြောက်ဒေသတွင် (၂၁) မြို့၊ ရခိုင်ပြည်နယ်တွင် (၁၄) မြို့၊ ချင်းပြည်နယ်တွင် (၁၃) မြို့၊ ကချင်ပြည်နယ်တွင် (၇) မြို့၊ ကရင်နီပြည် (ကယား)တွင် (၅) မြို့၊ စစ်ကိုင်းတိုင်းတွင် (၅)မြို့၊ ကရင်ပြည်နယ်တွင် (၂) မြို့၊ ပဲခူး (အရှေ့) ပိုင်းနှင့် မန္တလေးတိုင်းတွင် (၁) မြို့စီ စသဖြင့် တော်လှန်ရေးအင်အားစုများမှ အသီးသီး သိမ်းပိုက်ထိန်းချုပ်ထားကြပါသည်။ အဆိုပါမြို့များအတွင်း အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာယန္တယားများလည်ပတ်နိုင်ရေးအတွက်လည်း တော်လှန်ရေးအင်အားစုများဘက်မှတပြိုင်နက်ပြင်ဆင်တည်ဆောက်လျက်ရှိသည်ကို တွေ့ရသည်။

နိုင်ငံတစ်ဝန်း စစ်မျက်နှာအသီးသီးတွင် တပ်စခန်း၊ ရဲစခန်း၊ ရဲကင်း၊ ဗျူဟာကုန်းနှင့် တိုင်းစစ်ဌာနချုပ်ကအစ တော်လှန်ရေးအင်အားစုများထံဆုံးရှုံးနေရသည့် အာဏာသိမ်းစစ်အုပ်စုအတွက်မူ မြေပြင်စစ်အင်အား ဆုတ်ယုတ်ကျဆင်းခြင်း၊ စိတ်ဓာတ်ပျက်ပြားခြင်း၊ ဗိုလ်ချုပ်၊ ဗိုလ်မှူးများအပါအဝင် ရာနှင့်ထောင်နှင့်ချီသော အစုလိုက်အပြုံလိုက် အညံ့ခံလက်နက်ချသည့် ဖြစ်ရပ်များပင် အများအပြား တွေ့ရှိလာရပါသည်။ တဆက်တည်းတွင် အာဏာသိမ်းစစ်အုပ်စုအနေဖြင့် ၎င်းတို့

လက်လွတ်ဆုံးရှုံးလိုက်ရသည့် မြို့များ၊ ကျေးရွာ အုပ်စုနှင့် ကျေးရွာရပ်ကွက်ကအစ လေကြောင်းမှ တဆင့်ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကို အဆင်အခြင်မဲ့စွာနေ့စဉ်နှင့်အမျှကျူးလွန်လျက်ရှိပါသည်။

BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ စစ်အာဏာသိမ်းကာလအတွင်း ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်အထိ အာဏာသိမ်းစစ်ကောင်စီ၏ လေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်မှုဖြစ်စဉ်ပေါင်း (၁၂၅၄) ခုရှိခဲ့ရာ ထိုအထဲမှ ဖြစ်စဉ်ပေါင်း (၁၀၂၁) ခုသည် ၂၀၂၃၊ ၂၀၂၄ ခုနှစ်အတွင်း ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး အာဏာသိမ်း စစ်အုပ်စုအတွက် လေကြောင်းမှတဆင့် ပုံးကြဲပစ်ခိုက်တိုက်မှု နည်းလမ်းကိုသာ အားကိုးနေရပြီဟု ဆိုနိုင်ပါ သည်။ နိုင်ငံတစ်ဝန်းစစ်ရေးပဋိပက္ခဖြစ်စဉ်များကြောင့် စစ်အာဏာသိမ်းကာလအတွင်း နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင်အရေအတွက်သည်လည်း ၃ ဒသမ ၁ သန်းကျော် (၃,၁၂၅,၅၇၀) အထိ ရှိလာပြီး ထိုအထဲ စစ်ဘေးရှောင် (၂) သန်းနီးပါးသည် ၂၀၂၃ ၊ ၂၀၂၄ ခုနှစ်များအတွင်း တွေ့ရှိရသည့် အရေအတွက် ဖြစ်သည်။ [1]

၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်အထိ BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂ နှစ်တာအတွင်း ပဋိပက္ခတိုက်ပွဲဖြစ်စဉ်များနှင့်နောက်ဆက်တွဲ ဖြစ်စဉ်များကြောင့် စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သားနှင့် အရပ်သားပြည်သူ စသဖြင့် နိုင်ငံတစ်ဝန်း သေဆုံးသူအရေအတွက် နှစ်သောင်းနီးပါးအထိ ရှိခဲ့ပါသည်။ [2] အဆိုပါသေဆုံးမှုအရေအတွက်တွင် စစ်ကောင်စီတပ်သား ၁၄,၇၃၉ ဦး၊ ပြည်သူ့ကာကွယ်ရေးတပ်သား ၁၀၅၈ ဦးနှင့် ပြည်သူ ၃၈၆၉ ဦး ပါဝင်သည်။

ထို့အပြင် ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ် မေလ ၃၁ ရက်အထိ ၂ နှစ်ကျော် ကာလအတွင်း (၅) ဦး နှင့်အထက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ်ပေါင်း (၁၆၀) ခု ရှိခဲ့ပြီး တိုင်းနှင့် ပြည်နယ် (၁၄) ခုမှ မြို့နယ်ပေါင်း ၉၅ မြို့နယ်တွင် အဆိုပါဖြစ်စဉ်များကို တွေ့ရှိခဲ့ရသည်။ အဆိုပါဖြစ်စဉ်များကို အကြောင်းချင်းရာအလိုက် လေ့လာကြည့်ပါက အရပ်သားပြည်သူများအား တိုက်ရိုက်ဦးတည် ဖမ်းဆီးသတ်ဖြတ်မှုဖြစ်စဉ်သည် (၆၉) ခု ရှိပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်များ၏ (၄၃) ရာခိုင်နှုန်းအထိ ရှိနေပါသည်။ လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုကြောင့် အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသည့် ဖြစ်စဉ်သည် (၄၀) ခုရှိကာ ဒုတိယအများဆုံး ဖြစ်ပါသည်။

ချုပ်၍ဆိုရသော် ၂၀၂၃ ၊ ၂၀၂၄ ခုနှစ်များအတွင်း NCA အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေး လမ်းကြောင်းသည် မှန်ပြေပြင် မမြင်ရတော့ဟုဆိုနိုင်ပြီး တော်လှန်ရေးအင်အားစု

---

[1] Military Regime's Airstrikes in Myanmar, BNI-MPM, 16 July 2024

[2] People's Défense Force Dashboard (Fatalities), BNI-MPM, 31 March 2024

များ၏ စစ်ရေး၊ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုအားကောင်းလာသဖြင့် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် ဦးတည်ရာလမ်းတွင် တော်လှန်ခွန်အားများ၏ စုစည်းမှုကို မြင်တွေ့လာရပြီဖြစ်သည်။ သို့သော် နိုင်ငံရေးအရ ဘုံသဘောထား ရပ်တည်ချက်နှင့် ရည်မှန်းချက်များအပေါ်တွင်မူ တော်လှန်ရေးအင်အားစုအားလုံး ပါဝင်လာနိုင်ရေးသည် အကျပ်အတည်း တခုကဲ့သို့ ဖြစ်လာသည်ကို သတိပြုမိပါသည်။

ယခုစာအုပ်တွင် စစ်အာဏာသိမ်းကာလအတွင်း စောင့်ကြည့်ရမည့် နွေဦးတော်လှန်ရေး၏ ဇာတ်ကောင်တချို့ကို အစုအဖွဲ့တခုချင်းစီ၏ ဖြစ်တည်မှုအပေါ် အခြေပြုကာ လေ့လာတင်ပြထားပါသည်။ တဆက်တည်းတွင် ကုလသမဂ္ဂ၊ အာဆီယံ၊ ဥရောပသမဂ္ဂနှင့် အခြားသော နိုင်ငံတကာ အစိုးရများ၏ မြန်မာ့အရေးအပေါ် အလေးထား ဆောင်ရွက်ချက်များကိုလည်း လက်လှမ်းမီသမျှ ချဉ်းကပ်တင်ပြထားပါသည်။

ဤစာအုပ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ဆက်နွယ်နေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၊ သုတေသီများ၊ ကျောင်းသားလူငယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ အပါအဝင် သတင်းမီဒီယာသမားများအတွက်ပါ မျက်မှောက်ခေတ် စစ်ရေး၊ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး အခင်းအကျင်းများကို လှစ်ဟပြသနေမည့် လမ်းညွှန်အကိုးအကားတစ်ခုဖြစ်မည်ဟု ယုံကြည်ပါသည်။ ။

# အဲန်စီအေ
# ငြိမ်းချမ်းရေး
# လမ်းဆုံးနှစ်

## အဲန်စီအေ ငြိမ်းချမ်းရေး လမ်းဆုံးနှစ်

အာဏာသိမ်းစစ်အုပ်စု စပွန်ဆာတွေ့ဆုံဆွေးနွေးမှုများ သို့မဟုတ် စစ်အုပ်စု၏ NCA လမ်းကြောင်းအတိုင်းအသက်သွင်းနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ဦးတည်ရာသည် လမ်းဆုံးခဲ့ပြီဟုပင် ဆိုရတော့မည်ဖြစ်သည်။ နိုင်ငံတဝှမ်း တော်လှန်ရေးအင်အားစုများ၏ စစ်မျက်နှာ အစုံဖွင့်၊ ရွတ်အစုံလွှင့်ပြီး ထိုးစစ်အရှိန်အဟုန်အောက်တွင် စစ်လက်နက်ပစ္စည်း၊ စစ်စခန်းနှင့် နယ်မြေအများအပြားလက်လွှတ်ဆုံးရှုံးခဲ့ရသည့် အာဏာသိမ်းစစ်အုပ်စု၏ နေပြည်တော်ဖိတ်ခေါ်ဆွေးနွေးပွဲများကို ပုံမှန်မပျက်မကွက် တက်ရောက်လေ့ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့သည်ပင် တွေ့ဆုံဆွေးနွေးရေးအတွက် တွန့်ဆုတ်တုံ့ဆိုင်းနေကြပြီ ဖြစ်သည်။

ပြီးခဲ့သည့် BNI-Myanmar Peace Monitor ၏ ၂၀၂၂ -၂၀၂၃ ခုနှစ်ထုတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရည်ညွှန်းအကိုးအကားစာအုပ်တွင် ဆိုခဲ့သည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အခင်းအကျင်းအသစ်အတွက် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) တစ်ဖွဲ့ချင်းစီ၏ ရွေးချယ်လျောက်လှမ်းမှုများသည် ပိုမိုထင်ရှားစွာ မြင်တွေ့လာရပြီဖြစ်သည်။ တချို့က တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ဆက်လက်ဖက်တွယ်ထားသကဲ့သို့ တချို့ကမူ NCA ကို အာဏာသိမ်းစစ်တပ်ကိုယ်တိုင် ဖျက်ဆီးခဲ့သည်ဟု ယုံကြည်ထားကြသည်။

"၂၀၂၁ စစ်တပ်အာဏာသိမ်းမှုကြောင့် NCA က ပျက်သုဉ်းသွားပြီ။ NCA နဲ့ တိုင်းပြည်ငြိမ်းချမ်းဖို့ ရှေ့ဆက်ဆောင်ရွက်လို့ကို မရတော့ဘူး။ ဘာကြောင့်လဲဆိုရင် NCA နဲ့ လက်မှတ်ထိုးထားတာ ၁၀ ဖွဲ့ပဲရှိတယ်။ NCA ပြင်ပမှာ အများကြီး၊ ဆိုတော့ အခုလက်ရှိဖြစ်ပေါ်လာတဲ့ ၂၀၂၁ သူတို့စစ်တပ်ရဲ့ရွေးချယ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ အခု PDF တွေ ရှိနေပြီ၊ NUG ရှိနေပြီ။ ဒါက လုံးဝပစ်ပယ်ထားလို့မရဘူး" ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ဗဟိုဦးဆောင်ကော်မတီဝင်ဖြစ်ခဲ့သူ ရဲဘော်ဆလိုင်းယောအောင်က သုံးသပ်ပြသည်။ [1]

---

[1] ABSDF ဗဟိုဦးဆောင်ကော်မတီဝင် ရဲဘော်ဆလိုင်းယောအောင်နှင့် အမေးအဖြေ၊ BNI-MPM ၊ ၁၈ နိုဝင်ဘာ ၂၀၂၂

ကရင်အမျိုးသားအစည်းအရုံး (KNU) အထွေထွေအတွင်းရေးမှူး ပဒိုစောတာဒိုမူးကလည်း "NCA နဲ့ ပတ်သက်လို့ ကျနော်တို့ လိုက်နာစရာအကြောင်း မရှိတော့ပါဘူး" ဟု ပြတ်ပြတ်သားသား ပြောဆိုခဲ့သည်။ NCA တစ်ခုလုံး၏ နှလုံးသားသည် အခန်း (၁) ပါ အခြေခံမူများဖြစ်ပြီး အဆိုပါ အခြေခံမူကို စစ်တပ်က စစ်အာဏာသိမ်းခြင်းဖြင့် နင်းချေဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ယုံကြည်ထားသည်။ [2]

စစ်အာဏာသိမ်းကာလအတွင်း စစ်ရေး၊ နိုင်ငံရေး၊ နိုင်ငံတကာအရေးစသည့် ဘက်ပေါင်းစုံမှ ချိန်နဲ့ကျရှုံးနေသည့် အာဏာသိမ်းစစ်အုပ်စုသည် ငြိမ်းချမ်းရေးအယောင်ပြ တွေ့ဆုံဆွေးနွေးရေးအတွက် ERO များကိုသာ ဦးတည်ဖိတ်ခေါ်ကမ်းလှမ်းနေခဲ့ပြီး စစ်အာဏာသိမ်းမှုနှင့်အတူဖြစ်တည်ပေါက်ဖွားလာခဲ့သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် နွေဦးတော်လှန်ရေးအင်အားစုများကိုမူ ချေမှုန်းဖျက်ဆီးပစ်ရန်အတွက် စိတ်ပိုင်းဖြတ်ထားပုံရပါသည်။

အာဏာသိမ်းစစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "တို့တပ်မတော်အနေနဲ့ အစိုးရက ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်ငါးရပ်နဲ့အညီ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝလုံခြုံရေးနဲ့ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိစေရန် အလေးပြုလုပ်ဆောင်သွားမှာဖြစ်တယ်၊ အဲဒီလိုလုပ်ဆောင်ရာမှာ NUG နဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေ ၎င်းတို့ကိုကူညီနေတဲ့ EAO တွေကို ပြတ်ပြတ်သားသား အရေးယူသွားမှာပဲ ဖြစ်ပါတယ်" ဟု ဆိုပါသည်။ [3]

ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့ကမူ "စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက်" ဟု ဆိုကာ ဘုံသဘောထားရပ်တည်ချက်များကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ရည်မှန်းချက်၊ ဦးတည်ချက်၊ ရပ်တည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များပါဝင်ခဲ့ပြီး "အနာဂတ်နိုင်ငံရေးလုပ်ငန်းစဉ်တွင် စစ်တပ်ပါဝင်ခွင့်မရှိစေရ" ဟူသည့် ရပ်တည်ချက်သည်လည်း အလွန်ထူးခြားနေပါသည်။

"ဒီဘုံသဘောတူညီချက်ဟာ လောလောဆယ်အားဖြင့် K3C လို့ ခေါ်တဲ့ KIO, KNU, KNPP, CNF တွေဖြစ်တဲ့ ကျွန်တော်တို့ရဲ့တိုင်းရင်းသားမဟာမိတ်အစုအဖွဲ့တွေကြားမှာ သဘောတူညီချက်အားဖြင့် ခိုင်ခိုင်မာမာရရှိထားတဲ့ အချက်တွေဖြစ်သလို ဆက်လက်ပြီးတော့ တိုင်းရင်းသားမဟာမိတ်

---

2 "First 100 Days: KNU in New Era" သတင်းစာရှင်းလင်းပွဲ၊ KNU's facebook page ၊ ၁၀ အောက်တိုဘာ ၂၀၂၃

3 NUG၊ PDF အဖွဲ့တွေကို ကူညီတဲ့ EAO တွေကို စစ်ကောင်စီဥက္ကဋ္ဌ ခြိမ်းခြောက်၊ အာအက်ဖ်အေ၊ ၂၇ မတ် ၂၀၂၃

အဖွဲ့အစည်းတွေရဲ့ စုရုံးသဘောတူညီစေမှုကို ဆက်လက်ကြိုးပမ်းရမှာ ဖြစ်ပါတယ်။ အဲဒီထဲမှာ မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့ရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးတယ်လို့ ပြောချင်ပါတယ်” ဟု NUG ယာယီသမ္မတ ဒူဝါလရှီးလက ဆိုပါသည်။ [4]




မြောက်ပိုင်းညီနောင်မဟာမိတ် (၃) ဖွဲ့၏ “၁၀၂၇ စစ်ဆင်ရေး” နှင့်အတူ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် နိုင်ငံတဝှမ်းတွင် မြို့ပေါင်း ၆၀ ကျော်နှင့် စစ်စခန်း၊ စစ်လက်နက်ပစ္စည်း အများအပြား လက်လွှတ်ဆုံးရှုံးခဲ့ရသည့် အာဏာသိမ်းစစ်အုပ်စုသည် တရုတ်အစိုးရ အကူအညီရယူကာ တော်လှန်အင်အားစုများ၏ တော်လှန်စစ်အရှိန်ကိုလျော့ချနိုင်ခဲ့သော်လည်း ၎င်းတို့၏ မအောင်မြင်သေးသော စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုကို ဆက်လက် ဖက်တွယ်ထားဆဲ ဖြစ်သည်။ NUG အပါအဝင် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF-LDF) များနှင့် ၎င်းတို့အား ထောက်ကူပံ့ပိုးကာ ဦးဆောင်ဦးရွက်နေကြသည့် ERO များအား ချေမှုန်းရေးကိုသာ ပြတ်ပြတ်သားသား ရပ်တည်နေဆဲဟု ဆိုရမည်ဖြစ်သည်။

ဆိုရသော် အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏ စစ်အာဏာသိမ်းမှုအောင်မြင်ရေးနှင့် ၎င်းတို့၏ နိုင်ငံရေးအရ ထွက်ပေါက်တခုဖြစ်သော ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ၎င်းတို့ စည်းရုံးသိမ်းသွင်း၍ရနိုင်သော ERO များအား ပစ်မှတ်ထားချဉ်းကပ်နေသကဲ့သို့ NUG အပါအဝင်

---

[4] ဘုံသဘောထားရပ်တည်ချက်တွင် KIO ပါဝင်ပြီး မြောက်ပိုင်း ၃ ဖွဲ့၏သဘောထားလည်းအရေးကြီးဟု NUG ယာယီသမ္မတဆို၊ မဇ္ဈိမ၊ ၆ ဖေဖော်ဝါရီ ၂၀၂၄

စစ်အာဏာသိမ်းမှုအား ဆန့်ကျင်သော ERO များကလည်း အာဏာသိမ်းစစ်အုပ်စု အမြစ်ပြုတ်ရေးနှင့် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးဆီသို့ ဦးတည်ကာ တော်လှန်မဟာမိတ် စုဖွဲ့မှုကို တိုးချဲ့နိုင်ရေး ပြင်ဆင်ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရသည်။ NCA နှင့်အတူ ဖွဲ့စည်းဖြစ်တည်လာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် ERO များကလည်း NCA စာချုပ်ကို ရပ်တည်ကိုင်စွဲနေသေးသည့်တိုင် ၎င်းတို့၏ စုဖွဲ့မှုကို မိတ်ဖက်အဖွဲ့အဖြစ် အသွင်ပြောင်းလဲသွားခဲ့ပါသည်။

ထို့ကြောင့် အာဏာသိမ်းစစ်အုပ်စုက ဦးဆောင်ကျင်းပရန် ကြိုးပမ်းနေသည့် NCA လမ်းကြောင်းအရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် လမ်းဆုံးခဲ့ပြီဟု သုံးသပ်ရပါသည်။ တဆက်တည်းတွင် ဆယ်စုနှစ်နှင့်ချီကာ အမြစ်တွယ်လာခဲ့သည့် ပြည်တွင်းစစ်မီးအား ငြိမ်းသက်ပေးနိုင်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အခင်းအကျင်းအသစ်ကိုလည်း မှန်းဆမြင်ယောင်ကြည့်၍ပင် မရသေးဟု ဆိုရမည်ဖြစ်သည်။

စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးသို့ ဦးတည်လျှောက်လှမ်းရာ နွေဦးတော်လှန်ရေးတွင် ပါဝင်ပတ်သက်နေကြသည့် NUG နှင့် ERO များအပါအဝင် အင်အားစုများ၏ စည်းလုံးမှု၊ ညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ယုံကြည်မှုများ ခိုင်မာအားကောင်းလာမှသာလျှင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အခင်းအကျင်းသစ်တရပ်ကို မြင်တွေ့ရဖွယ်ရှိကြောင်း သုံးသပ်ရပါသည်။

၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် ပထမလေးလအတွင်း NCA အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အရွေ့အပြောင်းများကို သုံးသပ်ပါက NCA ငြိမ်းချမ်းရေးလမ်းဆုံးနှစ်အဖြစ်သာ မှတ်ယူနိုင်ကြောင်း တင်ပြအပ်ပါသည်။

| ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ - (FPNCC) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၅ - ၁၉ ဧပြီ ၂၀၁၇ |
| အဖွဲ့ဝင်များ | - | UWSP/UWSA ၊ KIO/KIA ၊ SSPP/SSA ၊<br>MNTJP/MNDAA ၊ NDAA/ESS ၊<br>PSLF/TNLA ၊ ULA/AA |
| ဥက္ကဋ္ဌ (၁) | - | ဦးပေါက်ယူချန် (UWSP/UWSA) |
| ဥက္ကဋ္ဌ (၂) | - | ဗိုလ်ချုပ်ကြီး အင်ဘန်လ (KIO/KIA) |
| အတွင်းရေးမှူး | - | ဦးပေါက်ယူရိ |

၂၀၂၃ ခုနှစ် မတ်လ ၁၅ ရက်နှင့် ၁၆ ရက်နေ့များတွင် ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) လုပ်ငန်းအစည်းအဝေးကို "ဝ" ပြည်နယ် ပန်းခမ်းမြို့၌ ကျင်းပခဲ့ပြီး အဖွဲ့ဝင် (၇) ဖွဲ့စလုံးမှ ခေါင်းဆောင်များ တက်ရောက်ခဲ့သည်။ အစည်းအဝေးအပြီး အချက် (၇) ပါသော ထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။ [5]

ထိုအထဲ "မြန်မာ့ပြည်တွင်းရေးနှင့်ပတ်သက်ပြီး မိမိတို့နယ်စပ်ဒေသရှိလူနည်းစုတိုင်းရင်းသားလူမျိုးများအနေဖြင့် ဗမာပြည်မနှင့် အလုံးစုံငြိမ်းချမ်းရေးတည်ဆောက်ပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတရပ်ကို တည်ထောင်ကြရမည်ဟု ယူဆပါသည်။ ထိုယူဆချက်ကို အကောင်အထည်ဖော်ရန် နည်းလမ်းမျိုးစုံ ရှိနေသော်လည်း နောက်ဆုံးတွင် မိမိတို့ လူနည်းစုတိုင်းရင်းသားများ၏ အင်အားနှင့် အစွမ်းအစကိုသာ အားကိုးရမည်ဖြစ်ပါသည်" ဆိုသောအချက်သည် ထူးခြားနေသည်။ ထို့အပြင် မြန်မာပြည်တွင်းပဋိပက္ခများ ပြေလည်ချုပ်ငြိမ်းရေးအတွက် တရုတ်အစိုးရ၏ ကြားဝင်ဆောင်ရွက်မှုကို ကြိုဆိုထောက်ခံကြောင်း ထုတ်ပြန်ချက်သည်လည်း FPNCC နှင့် တရုတ်အစိုးရ၏ ဆက်ဆံရေးကို ပေါ်လွင်စေပါသည်။

အဆိုပါလုပ်ငန်းအစည်းအဝေးအပြီး (၇) လ အကြာတွင် စတင်ခဲ့သည့် FPNCC အဖွဲ့ဝင်များဖြစ်သော မြောက်ပိုင်းညီနောင်မဟာမိတ် (၃) ဖွဲ့၏ "၁၀၂၇ စစ်ဆင်ရေး" ကာလတွင်တော့ အထက်တွင်ဆိုခဲ့သည့်အတိုင်း လူနည်းစုတိုင်းရင်းသားများ၏အင်အားနှင့် အစွမ်းအစကို မြင်တွေ့ခဲ့ရပါသည်။ ရှမ်းမြောက်ဒေသရှိ မြို့ပေါင်း (၁၇) မြို့ကို အာဏာသိမ်းစစ်အုပ်စုထံမှ သိမ်းယူနိုင်ခဲ့ပြီး ဟိုပန်နှင့် ပန်လုံမြို့ (၂) မြို့ကိုပင် FPNCC ဥက္ကဋ္ဌဖြစ်သည့် UWSP ထံ လွှဲအပ်ပေးခဲ့သည်။

---

[5] ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) လုပ်ငန်းအစည်းအဝေး ထုတ်ပြန်ချက်၊ ARAKAN ARMY ၊ ၁၆ မတ် ၂၀၂၃

NCA မဟုတ်သော တခြားလမ်းကြောင်းရှာဖွေကာ အဖွဲ့ဝင်အားလုံး တစုတစည်းတည်း ဆွေးနွေးရန် မူဝါဒချမှတ်ထားသည့် FPNCC အစုအဖွဲ့အတွင်း အာဏာသိမ်းစစ်အုပ်စုအား ဆန့်ကျင်တော်လှန်နေသော အင်အားစုများနှင့် စစ်အုပ်စုအား ဆန့်ကျင်ခြင်းမပြုသော အင်အားစု များရောပြွန်းနေသော်လည်း အဖွဲ့ဝင် အချင်းချင်းအကြားတွင်တော့ အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုတည်ဆောက်နိုင်သည်ဟု ရှုမြင်နိုင်ပါသည်။

| 7 Ethnic Armed Organizations Alliance – 7 EAO Alliance | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၁၈ မတ် ၂၀၂၄ |
| ရုံးချုပ် | - ချင်းမိုင် |
| အထွေထွေအတွင်းအရေးမှူး | - ဗိုလ်မှူးကြီးစိုင်းငင်း (RCSS) |
| တွဲဖက်အထွေထွေအတွင်းရေးမှူး | - ဗိုလ်မှူးကြီးစောကျော်ညွန့် (KPC) |
| ဧစ္စစပ်ညှိနှိုင်းရေးမှူး | - ဦးမျိုးဝင်း |
| ကိုယ်စားပြုအဖွဲ့ | - RSSS/SSA ၊ NMSP ၊ KPC ၊ DKBA ၊ LDU ၊ ALP ၊ PNLO |

၂၀၁၆ ခုနှစ် မတ် ၂၆ ရက်တွင် ဖွဲ့စည်းခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ကို ဖျက်သိမ်းကြောင်း တရားဝင်ကြေညာခြင်း မရှိသေးသော်လည်း NCA လက်မှတ်ထိုး ထားသည့် EAO (၇) ဖွဲ့၏ မျက်နှာစုံညီ အစည်းအဝေးမှတဆင့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း (၇) ဖွဲ့၏ မဟာမိတ်အဖွဲ့ (7 Ethnic Armed Organizations Alliance – 7 EAO Alliance) ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်များ အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုထူထောင်သွားရန် ရည်မှန်းထားပြီး ဖက်ဒရယ်ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်မှတဆင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက် သွားရန် မျှော်မှန်းထားကြောင်း ၎င်းတို့၏ နိုင်ငံရေးသဘောထားကို 7 EAO Alliance က ထုတ်ပြန် ထားသည်။ လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်းကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းကာ သက်ဆိုင်ရာ အင်အားစုများနှင့် ဆွေးနွေးညှိနှိုင်းပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်နိုင်သည် အထိ အားထုတ်သွားမည်ဟုလည်း ဆိုထားပါသည်။

၂၀၂၄ ခုနှစ် မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ပြုလုပ်သည့် EAO (၇) ဖွဲ့၏ မျက်နှာစုံညီ အစည်းအဝေးတွင် သဘာပတိအဖြစ်ဆောင်ရွက်သူ ဗိုလ်ချုပ်ကြီးယွတ်ဆစ်ကတော့ " မိမိတို့ (၇) ဖွဲ့ရဲ့ ထိန်းချုပ်တဲ့နယ်မြေအသီးသီးတွေမှာ မိမိတို့ကိုယ်ပိုင်ပြဌာန်းခွင့်ရဲ့ အုပ်ချုပ်ရေးစနစ်နဲ့ စတင်အုပ်ချုပ်သွားရမှာဖြစ်ပါတယ်။....တဖက်တွင်လည်း မိမိတို့ (၇)ဖွဲ့ကြားမှာ တူတာတွေ တွဲလုပ်၊ မတူတာတွေ ခွဲလုပ်ဆိုတဲ့ မူအတိုင်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်" ဟု ပြောဆိုခဲ့ပါသည်။

7 EAO Alliance ဖွဲ့စည်းမှုကို ဖြစ်ပေါ်စေခဲ့သည့် EAO (၇) ဖွဲ့၏ မျက်နှာစုံညီ အစည်းအဝေးနှင့်ပတ်သက်ပြီး ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO) အတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ် [6] လာသကဲ့သို့ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ကလည်း ၎င်းတို့အဖွဲ့အမည် ပါဝင်နေခြင်းအပေါ် ကန့်ကွက်သတိပေးခဲ့ပါသည်။ [7] ထို့ကြောင့် စတင်ဖွဲ့စည်းစဉ်ကတည်းက ပြိုကွဲစပြုနေသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၇) ဖွဲ့၏ မဟာမိတ်အဖွဲ့သည် ၎င်းတို့၏ ရည်မှန်းချက်နှင့် မျှော်မှန်းချက်များဆီ မည်သို့တွန်းရွှေ့နိုင်မလဲ ဆိုသည်က စောင့်ကြည့်ကြရမည် ဖြစ်သည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)

| | |
|---|---|
| ဥက္ကဋ္ဌ | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် |
| ဒုတိယဥက္ကဋ္ဌ | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း |
| အတွင်းရေးမှူး | ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး |

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်မှ စတင်ကာ တိုင်းပြည်အာဏာကို အဓမ္မရယူထားသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော အာဏာသိမ်းစစ်ကောင်စီသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် "သာမာန်မဟုတ်သည့် အခြေအနေကြောင့်" ဟု ဆိုကာ (၅) ကြိမ်မြောက် အရေးပေါ်ကာလ ခြောက်လသက်တမ်းကို ထပ်မံတိုးမြှင့်ခဲ့ပါသည်။ ယင်းသို့ (၆) လ သက်တမ်းတိုးမှုအပြီးတွင်လည်း စစ်ကောင်စီနှင့် စစ်ကောင်စီ လက်အောက်ခံ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်း အဖွဲ့ဝင်များအား ပြောင်းရွှေ့ခြင်း၊ ထုတ်ပယ်ခြင်းနှင့် အသစ်ခန့်အပ်ခြင်းတို့ကို အများအပြားပြုလုပ်ပြီး ၎င်းတို့တို့၏ မအောင်မြင်သေးသော စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုကို ဆွဲဆန့်ရန် ပြင်ဆင်ခဲ့ပါသည်။

---

[6] ချင်းမိုင်အစည်းအဝေးတက်တဲ့အပေါ် PNLO ခေါင်းဆောင်တွေ သဘောထားကွဲနေ၊ အာအက်ဖ်ဇအေ၊ ၁၈ မတ် ၂၀၂၄

[7] ချင်းမိုင်အစည်းအဝေး တက်တဲ့စာရင်းထဲပါနေတဲ့အပေါ် LDU ကန့်ကွက်၊ အာအက်ဖ်ဇအေ၊ ၁၉ မတ် ၂၀၂၄

စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင်သည် စစ်ကောင်စီ ဥက္ကဋ္ဌ၊ စစ်ကောင်စီအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှသည် နောက်ဆုံး ဒုတိယသသမ္မတဖြစ်သူ စစ်ဗိုလ်ချုပ်ဟောင်း ဦးမြင့်ဆွေနာမကျန်းဟုဆိုကာ ယာယီသမ္မတတာဝန်ကိုပင် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၂ ရက်တွင် ရယူခဲ့ပါသည်။ ယင်းအခြေအနေကို ကြည့်ပါက စစ်အာဏာသိမ်းမှု အောင်မြင်ရေး ကြိုးပမ်းနေစဉ် အတွင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အတွက် ၎င်းထက်ပိုမို ယုံကြည်စိတ်ချရသူ မရှိတော့ပြီလား ဟုပင် မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နာမည်နှင့်အတူ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည့် အမျိုးသားစည်းလုံးညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ကို စစ်ကောင်စီအဖွဲ့ဝင်အဖြစ် ထည့်သွင်းခဲ့သည်ကို တွေ့ရသည်။ အစိုးရအဖွဲ့ရုံး ပြည်ထောင်စုဝန်ကြီးနှင့် စစ်ကောင်စီ၏အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် အဖြစ် ခန့်အပ်ခြင်းခံထားရသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃ ရက် တွင် စစ်ကောင်စီလက်အောက်ခံ အစိုးရအဖွဲ့၏ ပြည်ထဲရေးဝန်ကြီး အဖြစ် ပြောင်းရွှေ့ပစ်ခဲ့သည်။

NSPNC ဥက္ကဋ္ဌ တာဝန်အတွက် နယ်စပ်ရေးရာဝန်ကြီးဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်ကို တာဝန်ပေးကာ စစ်ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ် အနက် အရေးပါသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဦးဆောင်စေခဲ့သည်။

စစ်အာဏာသိမ်းကာလအတွင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အသက်သွင်းရန် ကြိုးပမ်းခဲ့သော်လည်း ယနေ့အချိန် အထိ မအောင်မြင်သေးဟု ဆိုရမည်ဖြစ်သည်။ NCA လက်မှတ်ရေးထိုးထားသည့် အပစ်ရပ်တိုင်း ရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ (ERO) (၇)ဖွဲ့နှင့်သော်လည်းကောင်း၊ NCA လက်မှတ် မထိုးထားသော ERO (၃)ဖွဲ့တို့နှင့်သော်လည်းကောင်း အလွတ်သဘောတွေ့ဆုံဆွေးနွေးမှု အချို့ရှိခဲ့သည့်တိုင် ၎င်းအဖွဲ့များသည် စစ်ကောင်စီတပ်နှင့် စစ်ရေးပဋိပက္ခဖြစ်ပွားသည့် အဖွဲ့များ မဟုတ်သဖြင့် နိုင်ငံတဝန်းလုံးရှိ စစ်ရေးပဋိပက္ခအရှိန်အဟုန်နှင့် အပြန့်ကျယ်လာမှုကို ဖြေလျော့ နိုင်စွမ်းမရှိခဲ့ပေ။

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်၊ တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်မှုကြောင့် ရရှိခဲ့သည့် ညီနောင်မဟာမိတ် (၃)ဖွဲ့နှင့် ရှမ်းမြောက်ဒေသ အပစ်ရပ်စဲရေး ဟိုင်ဂင်သဘောတူညီချက်သည် ပင် ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်တွင် ပြန်လည်ကျိုးပျက်သွားခဲ့ရသည်ကို တွေ့ရပါသည်။

# စောင့်ကြည့်ရမည့်

## နွေဦးတော်လှန်ရေး ဇာတ်ကောင်များ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ - CRPH

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ - NUCC

ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ - T-NUG

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ - KSCC

ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ - PNFC

တအာင်းအမျိုးသား အတိုင်ပင်ခံကော်မတီ - TPCC

မွန်ပြည်ဖက်ဒရယ်ကောင်စီ - MSFC

ကြားကာလ ကချင်နိုင်ငံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ - KPICT

ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ - ICNCC

ချင်းပြည် (Chinland) ကောင်စီ - Chinland Council

ချင်းညီနောင် - Chin Brotherhood

ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ
(Central Command and Coordination Committee – C3C)

ညီနောင်မဟာမိတ်သုံးဖွဲ့၏ "၁၀၂၇ စစ်ဆင်ရေး" အစုအဖွဲ့

မိမိတို့ BNI - Myanmar Peace Monitor အနေဖြင့် ပြီးခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရည်ညွှန်းအကိုးအကား (၂၀၂၂ -၂၀၂၃) စာအုပ်တွင် "စစ်အာဏာသိမ်း ကာလအတွင်း ဇာတ်ကောင်အသစ်များ" အဖြစ် နွေဦးတော်လှန်ရေးအတွင်း နိုင်ငံရေးအရ ဦးဆောင်ဦးရွက်ပြုနေကြသည့် အစုအဖွဲ့များ၏အကြောင်းအရာများ၊ ရည်တည်မှုများနှင့် ရည်မျှော်ရာများကို လေ့လာတင်ပြခဲ့ပါသည်။

ယခုအခါတွင်တော့ နွေဦးတော်လှန်ရေးကာလ (၃) နှစ်ကျော်ကြာမြင့်လာသည်နှင့်အမျှ တော်လှန်ရေးအင်အားစုများ၏စုဖွဲ့မှု၊ ဦးစားပေးလှုပ်ရှားမှုနှင့်ဦးတည်ရာအရွေ့အပြောင်းများသည် ပိုမိုများပြားလာခဲ့ပြီဖြစ်သည်။ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေး ဦးတည်ရာတွင် အာဏာသိမ်းစစ်အုပ်စုအား စစ်ရေးနည်း၊ နိုင်ငံရေးနည်းဖြင့် ဘက်ပေါင်းစုမှ ပုံသဏ္ဍာန်မျိုးစုံဖြင့်ဖိအားပေးရာတွင် စောင့်ကြည့်ရမည့် နွေဦးတော်လှန်ရေး၏ ဇာတ်ကောင်များကို လက်လှမ်းမီသမျှ လေ့လာတင်ပြထားပါသည်။

| ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ - CRPH | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ၅ ဖေဖော်ဝါရီ ၂၀၂၁ |
| ဥက္ကဋ္ဌ | - | ဦးအောင်ကြည်ညွန့် |
| အတွင်းရေးမှူးအဖွဲ့ဝင် | - | ဦးထွန်းမြင့်၊ ဒေါ်ဖြူဖြူသင်း၊ မိုင်းလမင်းထွန်း |
| အဖွဲ့ဝင် | - | ၂၀ ဦး |
| ပါဝင်သော အစုအဖွဲ့ | - | NUCC ၏ ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ |
| Facebook | - | https://www.facebook.com/crph.official.mm |
| Website | - | https://crphmyanmar.org/my/ |

စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် ဖမ်းဆီးထိန်းသိမ်းခံထားရသူအားလုံးလွတ်မြောက်ရေး၊ ဒီမိုကရေစီအပြည့်အဝရရှိစေရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေဖျက်သိမ်း၍ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်တရပ် ရေးဆွဲပေါ်ပေါက်ရေးဟူသည့် နိုင်ငံရေးရည်မှန်းချက် (၄) ချက်ကို ၂၀၂၁ ခုနှစ် မတ်လ ၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အာဏာသိမ်းစစ်ကောင်စီအား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီး အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် တိုင်းရင်းသားအားလုံးပါဝင်နိုင်ရေးအတွက်ဟုဆိုကာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs) အား အကြမ်းဖက်အဖွဲ့အစည်းဝင်များမှ ဖြစ်စေ၊ မတရားအသင်းဝင်များမှဖြစ်စေ ပယ်ဖျက်ကြောင်း ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်တွင် ကြေညာခဲ့သည်။ ဧပြီလ ၁၆ ရက်တွင်တော့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား ဖွဲ့စည်းပေးခဲ့သည်။

ဥပဒေရေးရာ၊ ဖက်ဒရယ်ရေးရာ၊ လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ၊ နိုင်ငံတကာဆက်ဆံရေး ဆိုင်ရာ၊ NUCC ရေးရာစသည့် ကဏ္ဍအလိုက်ရေးရာ ကော်မတီများ (၁၂) ခု အနက်မှ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာကော်မတီအား လုပ်ငန်းအဖွဲ့အဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည့်အတွက် လက်ရှိတွင် ကဏ္ဍအလိုက်ရေးရာ ကော်မတီ (၁၁) ခုဖြင့် လည်ပတ်လျက်ရှိပါသည်။

စစ်အာဏာသိမ်းကာလအတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၆) ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ပြီး NUG အပါအဝင် ရေးရာကော်မတီအလိုက်အစီရင်ခံစာများ တင်ပြခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမအကြိမ်အစည်းအဝေး (ပထမနေ့) အပြီး ထုတ်ပြန်ချက်တွင်လက်ရှိတော်လှန်ရေး

အမြန်ဆုံးအောင်မြင်ရေးနှင့် စနစ်ပြောင်း နိုင်ငံရေး တည်ဆောက်မှုအတွက် နိုင်ငံရေးအင်အားစုများ၊ တော်လှန်ရေးအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်နေပြီး ဘုံရည်မှန်းချက်တူညီသော အခြားအင်အားစုများနှင့်လည်း ဆွေးနွေးညှိနှိုင်းကာ လက်တွဲပူးပေါင်းသွားမည်ဟု ဆိုထားပါသည်။

၂၀၂၃ ခုနှစ်အတွင်း NUG ဝန်ကြီးဌာနအသီးသီးနှင့် CRPH အကြား (၂၂) ကြိမ်အထိ တွေ့ဆုံဆွေးနွေးခဲ့ပြီး CRPH ၏ ရေးရာကော်မတီများအနေဖြင့်လည်း အပတ်စဉ် ပုံမှန်အစည်းအဝေးများအပါအဝင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ တော်လှန်ရေးအင်အားစုများနှင့်အတူ တွေ့ဆုံဆွေးနွေးမှုအစည်းအဝေးပေါင်း (၇၈၆) ကြိမ် စီစဉ်ဆောင်ရွက်နိုင်ခဲ့ကြောင်း ဆဋ္ဌမအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ CRPH က အစီရင်ခံထားပါသည်။[1] အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) အစုအဖွဲ့ဝင်တခုဖြစ်သည့် CRPH ၏ လှုပ်ရှားဆောင်ရွက်မှုများသည် နွေဦးတော်လှန်ရေးအတွက် စောင့်ကြည့်ချင်စရာ ဖြစ်နေပါသည်။

| **အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ - NUCC** | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် ရက်စွဲ | - | ၈ မတ် ၂၀၂၁ |
| ကဏ္ဍအလိုက် အစုအဖွဲ့ | - | ၅ ခု |
| အဖွဲ့ဝင် အဖွဲ့အစည်းပေါင်း | - | ၂၇ ဖွဲ့ |
| အထူးလေ့လာသူ | - | ၁ ဖွဲ့ |
| Facebook | - | https://www.facebook.com/nucc.federal |
| Website | - | NUCC Myanmar/Burma (nucc-federal.org) |

လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုကို အာမခံပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်မည်ဟု မျှော်ရည်ဖွဲ့စည်းခဲ့သည့် NUCC တွင် CRPH အပါအဝင် ရွေးကောက်ခံ လွှတ်တော်ကိုယ် စားလှယ်များ၊ နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ၊ နွေဦးတော်လှန်ရေးအင်အားစုများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုများ (EROs) မှ ကိုယ်စားလှယ်များ၊ ကြားကာလ ပြည်နယ်/ဖက်ဒရယ်ယူနစ်ကောင်စီများ စသဖြင့် အစုအဖွဲ့စုံလင်စွာပါဝင်ကြသည်။

[1] ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမအကြိမ်အစည်းအဝေးသို့ အစီရင်ခံတင်သွင်းခဲ့သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ CRPH ၊ ၁ ဖေဖော်ဝါရီ ၂၀၂၄

၂၀၂၁ ခုနှစ် မတ်လ ၃၀ ရက်တွင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အတည်ပြုပေးခဲ့သော်လည်း ပြည့်စုံမှုမရှိသဖြင့် ဝေဖန်မှုများ ကြုံတွေ့ခဲ့ရသည်။ ထို့နောက် ပြန်လည်ဆွေးနွေးကာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်ခဲ့သည့် ပြည်သူ့ညီလာခံ (ပထမအကြိမ်) တွင် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်းနှစ်ခုစလုံးကို ထပ်မံအတည်ပြုခဲ့သည်။

၂၀၂၄ ခုနှစ် ဧပြီလတွင်တော့ ပြည်သူ့ညီလာခံ (ဒုတိယအကြိမ်) ကို ကျင်းပခဲ့ပြီး NUCC နှင့် ပူးတွဲပေါင်းစပ် ညှိနှိုင်းရေးကော်မတီများမှ အစီရင်ခံစာများနှင့် NUG ဝန်ကြီးဌာနများမှ အစီရင်ခံစာ များကို တင်သွင်းခဲ့ပြီး အစုအဖွဲ့အလိုက် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများက ဆွေးနွေးသုံးသပ်ချက်များ၊ အဆိုပြုချက်များ၊ အကြံပြုချက်များ တင်ပြခဲ့သည်။ ညီလာခံအပြီး ဧပြီလ ၉ ရက်နေ့တွင် "ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့်အညီ လိုက်နာအကောင်အထည်ဖော်ရန် အဆိုပြုချက်နှင့် အကြံပြုချက်များအား မှတ်တမ်းတင်ခြင်း" ခေါင်းစဉ်ဖြင့် အဆိုပြုချက်နှင့် အကြံပြု ချက်ပေါင်း (၂၁) ချက်ကို ထုတ်ပြန်ခဲ့သည်။

တော်လှန်ရေး၏ ဖြစ်ပေါ်နေသော တိုးတက်မှုများနှင့်အညီ နိုင်ငံရေးဦးဆောင်မှု ပိုမို အားကောင်းလာစေရေး၊ မူဝါဒထိန်းညှိမှု ပိုမိုကောင်းမွန်လာစေရေးတို့အတွက် NUCC နှင့် NUG တို့ကို ပြန်လည်သုံးသပ်ကာ ပြင်ဆင်ဖွဲ့စည်းမှုများဆောင်ရွက်ပြီး တတိယအကြိမ် ပြည်သူ့ညီလာခံ တွင် အစီရင်ခံစာတင်သွင်းရန်၊ NUCC အနေဖြင့် ဘုံနိုင်ငံရေးသဘောတူညီမှု (Political Pact) များ ရရှိနိုင်ရေးအတွက် တော်လှန်ရေးအင်အားစုများအားလုံးနှင့် ထိတွေ့ဆွေးနွေးမှုများကို အမြန်ဆုံး စတင်လုပ်ဆောင်ရန်၊ NUCC တွင် မပါဝင်သေးသော နိုင်ငံရေး၊ တော်လှန်ရေးအင်အားစုများနှင့် လိုက်လံဆွေးနွေးကာ ဘုံနိုင်ငံရေးသဘောတူညီမှုများ အမြန်ဆုံးရရှိအောင် NUCC မှ ဦးဆောင်ပြီး ဆောင်ရွက်ရန်၊ ပြည်ထောင်စု၏ဖွဲ့စည်းမှု (Form of State) ကို ရှင်းလင်းစွာဆွေးနွေးရန်၊ ဗမာ ပြည်နယ် ဖွဲ့စည်းရေးကိစ္စအပါအဝင် ပြည်နယ်အသစ်များ ပေါ်ထွန်းရေးဆိုင်ရာ အခြေခံမူများ ချမှတ်ရန် စသည့် အဆိုပြုချက်၊ အကြံပြုချက်များကို အမှတ်စဉ် (၁) မှ (၅) အထိ အစဉ်လိုက် တွေ့ရှိရသည်။

ထို့အပြင် တရုတ်နိုင်ငံဆိုင်ရာ မူဝါဒထုတ်ပြန်မှု၊ ဘုံနိုင်ငံရေး ရပ်တည်ချက်သဘောထားပူးတွဲ ထုတ်ပြန်မှု၊ ပြည်ထောင်စုအစိုးရနှင့် ဖက်ဒရယ်ယူနစ်များ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် (FSCC) ဖွဲ့စည်းမှုကဲ့သို့သော နိုင်ငံရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် NUCC အား တိုင်ပင် ဆွေးနွေးမှုမရှိဘဲ NUG ၏ လုပ်ဆောင်ချက်များသည် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် ပြဋ္ဌာန်းချက် များကို ချိုးဖောက်ကျော်လွန် လုပ်ဆောင်ခဲ့သဖြင့် ထပ်မံလုပ်ဆောင်ခြင်း မပြုလုပ်ရန်ဆိုသည့် အချက်ကိုလည်း ထူးခြားစွာ တွေ့ရှိရပါသည်။ NUG အနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာပြီး NUCC ၏ နိုင်ငံရေးဦးဆောင်မှုနှင့် ထိန်းကျောင်းမှုကို လေးစားလိုက်နာရန်လည်း အဆိုပြုထားပါသည်။

ဒုတိယအကြိမ် ပြည်သူ့ညီလာခံ နောက်ဆုံးရက်တွင် CRPH နှင့် NUG မှ ကိုယ်စားလှယ်များ မတက်ရောက်ခဲ့သည့်အတွက် အပြန်အလှန်ငြင်းခုံမှုများ ရှိခဲ့ပြီး NUCC အတွင်း အစုအဖွဲ့အချင်းချင်း အကြား ပွတ်တိုက်မှုများနှင့် NUG အပေါ် NUCC ၏ ထိန်းကျောင်းနိုင်မှု အကန့်အသတ်များကို တွေ့ရှိခဲ့ရပါသည်။

(၆) လတကြိမ် ပုံမှန်ကျင်းပသွားရန် သဘောတူဆုံးဖြတ်ခဲ့ကြသည့်အတိုင်း လာမည့်တတိယ အကြိမ် ပြည်သူ့ညီလာခံတွင် NUCC နှင့် NUG အား သုံးသပ်ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် အင်အားစု အချင်းချင်းအကြား နိုင်ငံရေးအရ ဘုံသဘောတူညီချက်များရရှိခြင်းတို့ကဲ့သို့သော နိုင်ငံရေးအရ ဖြစ်ပေါ်တိုးတက်မှုများကို ပြည်သူလူထုထံအစီရင်ခံနိုင်မလားဆိုသည်ကစောင့်ကြည့်ရမည်ဖြစ်သည်။

| **ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ - T-NUG** | | |
|---|---|---|
| ဖွဲ့စည်းသည့် ရက်စွဲ | - | ၁၆ ဧပြီ ၂၀၂၁ |
| နိုင်ငံတော်သမ္မတ | - | ဦးဝင်းမြင့် (စစ်ကောင်စီမှ ဖမ်းဆီးထားသည်) |
| နိုင်ငံတော်ဒုတိယသမ္မတ (ယာယီသမ္မတ) | - | ဒူဝါလရှီးလ |
| နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် | - | ဒေါ်အောင်ဆန်းစုကြည် (စစ်ကောင်စီမှ ဖမ်းဆီးထားသည်) |
| ပြည်ထောင်စုဝန်ကြီးချုပ် | - | မန်းဝင်းခိုင်သန်း |
| ပြည်ထောင်စုဝန်ကြီး | - | ၁၆ ဦး |
| ပြည်ထောင်စုဒုတိယဝန်ကြီး | - | ၁၇ ဦး |
| Facebook | - | https://www.facebook.com/NUGmyanmar |
| Website | - | https://nugmyanmar.org/ |

ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ (T-NUG) ကို အများစုက အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ဟု သာ သုံးနှုန်းခေါ်ဝေါ်ကြသည်။ NUG သည် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ နိုင်ငံရေးရည်ရွယ်ချက်များ၊ ဦးတည်ချက်များနှင့် နိုင်ငံရေးလမ်းပြမြေပုံအဆင့်ဆင့်ကို အကောင် အထည်ဖော်ဆောင်ရွက်ရမည်။ NUCC မှ ချမှတ်ထားသော ရေ့လုပ်ငန်းစဉ်များကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံရေး ပါတီများ၊ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၊ အရပ်အဖက်အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ရမည် ဖြစ်သည်။ [2]

[2] ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂)၊ အခန်း (၄)၊ အပိုဒ် (၂၀ ၊ ၂၁)

NUG အနေဖြင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) များ တိုင်းဒေသကြီး ၇ ခုမှ မြို့နယ် (၁၇၃) ခုတွင် ဖွဲ့စည်းခဲ့ပြီး ခရိုင်အဆင့်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များကို ခရိုင် (၁၀) ခုတွင် ဖွဲ့စည်းနိုင်ခဲ့သည်။ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ (ပလဖ) များကို မြို့နယ် (၄၁) ခုတွင်လည်းကောင်း၊ ပြည်သူ့ရဲတပ်ဖွဲ့များကို မြို့နယ် (၈) ခုတွင်လည်းကောင်း အသီးသီးဖွဲ့စည်းကာ လုပ်ငန်းများ ဆောင်ရွက်နေသည်ဟုဆိုပါသည်။ ၂၀၂၃ ခုနှစ်နှောင်ပိုင်းတွင် စစ်ကိုင်းတိုင်း ကောလင်းခရိုင်၊ အင်းတော်မြို့နယ် မော်လူးမြို့၊ ဟုမ္မလင်းမြို့နယ် ရွှေပြည်အေးမြို့၊ တမူးခရိုင် ခမ်းပတ်မြို့တို့အား NUG လက်အောက်ရှိ ကာကွယ်ရေးအဖွဲ့များနှင့် မဟာမိတ်တပ်ဖွဲ့များက ပေါင်းစပ် တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး အဆိုပါဒေသများကို သိမ်းပိုက်နယ်မြေအဖြစ် ကြေညာကာ ခရိုင်ပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့များ ဖွဲ့စည်းပြီး ကာကွယ်ရေးကဏ္ဍ၊ ပြည်သူ့လုံခြုံရေးကဏ္ဍ၊ ပြည်သူ့ဝန်ဆောင်မှုကဏ္ဍနှင့် လူသားချင်းစာနာ ထောက်ထားရေး လုပ်ငန်းများကို ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။ [3]

ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် (FSCC) ကို ဖွဲ့စည်းကာ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအတွက် ညှိနှိုင်းဆောင်ရွက်နေသကဲ့သို့ မဟာမိတ်ဆက်ဆံရေးကော်မတီ (ARC) အပါအဝင် ဝန်ကြီးဌာနအသီးသီးက လူထုကိုယ်စားပြု အဖွဲ့အစည်းပေါင်းစုံနှင့် တိုင်းရင်းသားခေါင်းဆောင်များအားလုံးနှင့်အတူ ကြိုးပမ်းလျက်ရှိကြောင်း CRPH က ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် (ဆဋ္ဌမအကြိမ်) အစည်းအဝေးသို့ NUG မှ အစီရင်ခံထားသည်။ ၂၀၂၃ ခုနှစ်သည် တော်လှန်ရေးအလှည့်အပြောင်း မှတ်တိုင်တစ်ခုအဖြစ် မဟာဗျူဟာခံစစ်အနေအထားမှ မဟာဗျူဟာထိုးစစ်အနေအထားသို့ ပြောင်းလဲနိုင်ခဲ့သည့်နှစ်ဟုလည်း ဆိုထားပါသည်။

၂၀၂၄ ခုနှစ်အတွင်း လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲ အချိုးကျကျပေါင်းစပ်ကာ အာဏာသိမ်းစစ်ကောင်စီအား ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဆက်လက်ဖိအားပေးကာ အစိုးရ၊ လွှတ်တော်အပါအဝင်၊ လူထုကိုယ်စားပြုနိုင်ငံရေးပါတီများ၊ မြေပြင်ခေါင်းဆောင်များ၊ အဖွဲ့အစည်းများနှင့် ဟန်ချက်ညီညီ ပူးပေါင်းလက်တွဲသွားမည်ဟုလည်း ကတိပြုထားပါသည်။ နွေဦးတော်လှန်ရေးကာလ ၃ နှစ်ကျော်အတွင်း NUG ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသကဲ့သို့ ၎င်း၏ လုပ်ကိုင်ဆောင်ရွက်ချက်များအပေါ်တွင်လည်း ဝေဖန်ပြစ်တင်ခြင်း၊ ချီးကျူးသြဘာပေးခြင်းတို့ကို တလှည့်စီ ကြုံတွေ့ခဲ့ရသည်ဟု ဆိုရမည်ဖြစ်သည်။

---

[3] ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမအကြိမ်အစည်းအဝေးသို့ အစီရင်ခံတင်သွင်းခဲ့သည့် အမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များ ဖြစ်ပေါ်တိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များဆိုင်ရာ အစီရင်ခံစာ၊ CRPH ၊ ၂ ဖေဖော်ဝါရီ ၂၀၂၄

| ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ - KSCC | |
|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - ၉ မေ ၂၀၂၃ |
| ကောင်စီဝင် | - ၁၁ ဦး |
| အလုပ်အမှုဆောင်အဖွဲ့ဝင် | - ၇ ဦး |
| ပါဝင်သော အစုအဖွဲ့ | - NUCC ၏ ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ် ကိုယ်စားပြု အဖွဲ့/ ကော်မတီများ အစုအဖွဲ့ |
| Facebook | - https://www.facebook.com/profile.php?id=100069442572761 |
| Website | - kscc.karennistate.com - Home |

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေး၊ စစ်အာဏာရှင်နှင့် အာဏာရှင်ဟူသမျှ ချုပ်ငြိမ်းရေး၊ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းရေးနှင့် ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးတို့သည် KSCC ၏နိုင်ငံရေးဦးတည်ချက်နှင့်ပန်းတိုင်များဖြစ်သည်။ အမျိုးသားတန်းတူရေး၊ တရားမျှတရေး၊ ဒီမိုကရေစီရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသည့် ဖက်ဒရယ်ပြည်ထောင်စုကို အခြားတိုင်းရင်းသားများနှင့်အတူ ယှဉ်တွဲနေထိုင်သွားရန်အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သော လက်ရှိ တော်လှန်ရေးကာလမှ စစ်အာဏာရှင်ချုပ်ငြိမ်းသည့် အချိန်ကာလအထိ ကျင့်သုံးမည့် "ကရင်နီ ပြည်နယ်၏ ကြားကာလအစီအမံ" စာအုပ်အရ KSCC သည် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဆဲ တော်လှန်ရေးကာလကြားကာလတွင် ကရင်နီပြည်၏ နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် အမြင့်ဆုံးဖြစ်သည်ဟု ဆိုထားပါသည်။ [4]

KSCC ၏ နိုင်ငံရေးဦးဆောင်မှုနှင့် မူဝါဒလမ်းညွှန်ချက်များအတိုင်း ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီ (IEC) ကို ၂၀၂၃ ခုနှစ် ဇွန်လ ၆ ရက်တွင် ဖွဲ့စည်းခဲ့သည်။ [5] ကရင်နီပြည် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မတီအား ၂၀၂၃ ခုနှစ် အောက်တိုဘာ၂၄ရက်တွင် ကော်မတီဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD)၊ ကရင်နီ ပြည်နယ်ဒီမိုကရက်တစ်ပါတီနှင့် ကယန်းအမျိုးသားပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦး ဖြင့် ကရင်နီပြည်ကြားကာလလွှတ်တော်ကို ဖွဲ့စည်းခဲ့ပြီး ကရင်နီပြည် ရဲဌာနဥပဒေနှင့် ကြားကာလ

---

4 ကရင်နီပြည်၏ ကြားကာလအစီအမံစာအုပ်၊ စာမျက်နှာ - ၄ ၊ KSCC ၁၈ ဇန်နဝါရီ ၂၀၂၂

5 ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC)ဖွဲ့စည်းခြင်း မိတ်ဆက်၊ KSCC ၊ ၁၂ ဇွန် ၂၀၂၃

တရားစီရင်ရေး ဥပဒေတို့အား ပြဌာန်းအတည်ပြုနိုင်ခဲ့သည်။ ကရင်နီဒေသအ တွင်း အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM) ပြုလုပ်ထားသည့် ရဲဝန်ထမ်းများနှင့်အတူ အင်အား ၃၀၀ ကျော်ဖြင့်စတင်ဖွဲ့စည်းခဲ့သည့် ကရင်နီပြည်ရဲဌာနတွင် ရဲဝန်ထမ်း ၅၈၅ ဦးအထိ ခန့်ထားနိုင်ပြီး ကရင်နီပြည်တဝှမ်းတွင် ရဲစခန်း (၁၅) ခု၊ ရဲကင်း (၁၀) ခုဖြင့် အများပြည်သူလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ [6]

စစ်အာဏာရှင်နှင့် အာဏာရှင်မှန်သမျှ ချုပ်ငြိမ်းချမ်းရေးကို ဦးတည်လျက် အာဏာသိမ်းစစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တယားများ အလုံးစုံပြိုလဲပျက်စီးရေးဟူသော ရည်မှန်းချက်ဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်၊ နံနက် ၅ နာရီမှစတင်၍ “၁၁.၁၁ စစ်ဆင်ရေး - 11.11 OPERATION” ကို ကရင်နီဒေသအတွင်းရှိ တပ်ပေါင်း စုများနှင့် မဟာမိတ်အဖွဲ့များက ပူးပေါင်းလှုပ်ရှားခဲ့သည်။ တစ်-လေးလုံးစစ်ဆင်ရေးတွင် ကရင်နီဒေသတွင်း ခုခံတော်လှန်ရေးအင်အားစုများဖြစ်သည့် ကရင်နီတပ်မတော် (KA)၊ ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ-KNPLF)၊ ကရင်နီအမျိုးသားများကာကွယ်ရေးတပ်(KNDF) ၊ ဒီးမော့ဆိုမြို့နယ် ဒေသကာကွယ်ရေးတပ်ဖွဲ့ (DMO Local PDF)၊ လွိုင်ကော်မြို့နယ် ပြည်သူ့ကာကွယ်ရေးတပ် (Loikaw PDF) ၊ မိုးဗြဲမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်(မိုးဗြဲ PDF)၊ဖရူဆိုမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ် (ဖရူဆို PDF)၊ မြို့ပြတော်လှန်ရေးတပ်ဦး(URF)၊အလယ်ပိုင်းတိုင်းစစ်ဒေသ ရှမ်းတောင်စစ်ဒေသခွဲ တပ်ရင်းများနှင့် ကရင်နီ (ကယား) စစ်ဒေသခွဲတပ်ရင်းများ ပါဝင်နေသည်။ ရှမ်း-ကရင်နီ နယ်စပ်မြို့များဖြစ်သည့် မိုးဗြဲနှင့် ဖယ်ခုံဒေသတွင်တော့ အလယ်ပိုင်းတိုင်းစစ်ဒေသ ရှမ်းတောင်ဗျူဟာ (၁) တပ်ရင်းများ ဖြစ်သည့် ၁၀၀၁ တပ်ရင်း (MB-1)၊ ၁၀၀၂ တပ်ရင်း (PK-1)၊ ၁၀၀၆ တပ်ရင်း (PK-2)၊ ၁၀၀၇ တပ်ရင်း (MB-2)၊ ၁၀၀၄ တပ်ရင်း (PKS PDF)၊ ရှမ်းတောင်ဗျူဟာ(၂) တပ်ရင်းများဖြစ်သည့် ၁၀၀၃ တပ်ရင်း၊ ၁၀၀၅ တပ်ရင်း၊ ၁၀၀၈ တပ်ရင်း၊ ၁၀၀၉ တပ်ရင်း - ၂၊ ၁၀၁၁ တပ်ရင်း၊ KNDF ဗျူဟာ (၁) တပ်ရင်းများဖြစ်သော KNDF BO-3၊ KNDF BO-11 ၊ KNDF BO-22 နှင့် URF တို့ ပူးပေါင်းပါဝင်နေကြသည်ဟု ဆိုပါသည်။ [7]

၂၀၂၄ ခုနှစ် ဖွန်လ ၂၁ ရက်နေ့၊ ၁၄၉ နှစ်မြောက် ကရင်နီအမျိုးသားနေ့တွင်တော့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) က ကရင်နီတော်လှန်ရေးတပ်ပေါင်းစုများအနေဖြင့် ကရင်နီပြည်၏ (၉၀) ရာခိုင်နှုန်းကျော်ကို ထိန်းထားနိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်ပါသည်။ ကရင်နီပြည်တွင်း အင်အားစုများကို စုစည်းကာ ကရင်နီပြည် ကြားကာလအစီအမံအနေဖြင့် KSCC၊ ကရင်နီပြည်

---

[6] ၂၀၂၄ ခုနှစ်အတွင်း ကရင်နီပြည်ရဲဌာနမှာ ရဲတပ်သားအင်အား ၁၀၀၀ ပြည့်ဖို့ မျှော်မှန်းထား၊ ကန္တာရဝတီတိုင်းမ်၊ ၆ ဖွန် ၂၀၂၄

[7] တစ် - လေးလုံးစစ်ဆင်ရေး၊ လွိုင်ကော်မြို့သိမ်းတိုက်ပွဲနှင့် ထူးခြားဖြစ်စဉ်များ၊ WNR-Issue 131၊ BNI-MPM

ကြားကာလလွှတ်တော် (KSIP)၊ IEC၊ ကရင်နီ ပြည်ကြားကာလ တရားစီရင်ရေး (KSIJ) တို့ကို ဖွဲ့စည်းတည်ဆောက်ကာ အာဏာရှင်ဟူသမျှ အမြစ်ပြတ်ပြီးမြေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် တခြားသော နိုင်ငံရေးအင်အားစုများ၊ ပါတီများနှင့်လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။ [8]

နွေဦးတော်လှန်ရေးကာလတလျှောက် ကရင်နီဒေသအတွင်းရှိ တော်လှန်ရေးအင်အားစုများ၏ စစ်ရေး၊ နိုင်ငံရေးအရ အချင်းချင်းပူးပေါင်းဆောင်ရွက်မှုများသည် အခြားသော တိုင်းနှင့်ပြည်နယ်များရှိ တော်လှန်ရေး အင်အားစုများအတွက်ပါ လေ့လာစရာ၊ သင်ခန်းစာယူစရာ ဖြစ်နေသည်ဟု လေ့လာစောင့်ကြည့်သူများက မှတ်ချက်ပြုကြပါသည်။

| ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ - PNFC | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ၁၁ ဒီဇင်ဘာ ၂၀၂၂ |
| ဥက္ကဋ္ဌ | - | ခွန်မြင့်ထွန်း |
| ကောင်စီဝင် | - | ၁၅ ဦး |
| ပါဝင်သော အစုအဖွဲ့ | - | NUCC ၏ ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ် ကိုယ်စားပြုအဖွဲ့/ ကော်မတီများ အစုအဖွဲ့ |
| Facebook | - | https://www.facebook.com/Paonationalfederalcouncilpnfc |

(၇၂) နှစ်မြောက် ပဒေသရာဇ်စနစ် ဆန့်ကျင်တော်လှန်ရေးနေ့တွင် ပအိုဝ်းအမျိုးသား ဖက်ဒရယ် ညီလာခံကျင်းပကာ PNFC ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်အမျိုးမျိုးကို နည်းလမ်းပေါင်းစုံဖြင့် တော်လှန်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ပျက်စီးဆုံးရှုံးမှုများ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ၊ မြေ-သဘာဝအရင်းအမြစ်များ ဆုံးရှုံးဖျက်ဆီးခံရမှုများမှ ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံသည့် ပြည်နယ်သစ်များ ပေါ်ထွန်းခွင့်ရှိသော ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဟု PNFC က ထုတ်ပြန်ထားသည်။

[8] ကရင်နီပြည် အမြန်ဆုံးထူထောင်နိုင်ရန် NUG ဆန္ဒပြု၊ ပြည်နယ်၏ ၉၀ ရာခိုင်နှုန်းကျော်ကို ထိန်းချုပ်နိုင်ပြီဟု KNPP ပြော၊ DVB၊ ၂၁ ဖွန် ၂၀၂၄

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ ရက်အထိ ပြုလုပ်ခဲ့သည့် PNFC ၏ ပထမအကြိမ် မျက်နှာစုံညီအစည်း အဝေးတွင် PNFC ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ယာယီအတည်ပြုခဲ့ပြီး အမျိုးသမီးနှင့် ကလေးသူငယ်များ အပါအဝင် စစ်ရှောင်ပြည်သူများအရေး၊ ပအိုဝ်းပြည်သူများအား လူသားဒိုင်းအဖြစ် အသုံးချခံနေရခြင်းမှလွတ်မြောက်ရေး၊ ပအိုဝ်းပြည်သူအချင်းချင်းအကြား ပဋိပက္ခ မဖြစ်စေရေး၊ ခမ်းဒွမ်နှင့် ခမ်းကောင်ညီညွတ်ရေးမှသည် ပအိုဝ်းတမျိုးသားလုံးညီညွတ်ရေးတို့ကို ဆွေးနွေးခဲ့သည်ဟု ဆိုပါသည်။

PNFC ၏ နိုင်ငံရေးဦးဆောင်မှုကို အပြည့်အဝခံယူထားသည့် ပအိုဝ်းပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့-ခမ်းဒွမ် (PPDF-KD) တပ်နယ် (၁) (၂) နှင့် ပအိုဝ်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ - ခမ်းကောင် (PNDF-KK) တပ်နယ် (၃) တို့အကြား စစ်ရေးဆိုင်ရာပူးတွဲညှိနှိုင်းရေးကော်မတီကို ညီလာခံမှ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သည်။ စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေးကို ပြည်သူ လူထုတရပ်လုံးနှင့်အတူ နွေဦးတော်လှန်ရေးအောင်မြင်သည်အထိ ပူးပေါင်းဆင်နွှဲသွားရန် သန္နိဋ္ဌာန် ပြုခဲ့ကြောင်း PNFC မျက်နှာစုံညီအစည်းအဝေးမှ ထုတ်ပြန်ခဲ့သည်။ [9]

တဖက်တွင်တော့ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO / PNLA) ၏ အာဏာသိမ်းစစ်အုပ်စုအပေါ် စစ်ရေးဖော်ဆောင်လာမှုကို PNFC မှ ကြိုဆိုထောက်ခံခဲ့ပြီး PNLO / PNLA နှင့် ပူးပေါင်းဆောင်ရွက်သွားမည်လည်း ဆိုပါသည်။

စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေး အတွက် ဦးတည်လျှောက်လှမ်းနေသော နွေဦးတော်လှန်ရေးကာလအတွင်း PNFC ၏ နိုင်ငံရေး အရ ပူးပေါင်းပါဝင်မှုသည် တက်ကြွသည်ဟုဆိုနိုင်ပြီး စစ်ရေးအရ ပေါင်းစည်းနိုင်မှုအခြေအနေကမူ စောင့်ကြည့်ရမည်ဖြစ်သည်။

---

[9] PNFC ၏ ပထမအကြိမ်မျက်နှာစုံညီအစည်းအဝေးထုတ်ပြန်ကြေညာချက်၊ PNFC ၊ ၁၂ ဖေဖော်ဝါရီ ၂၀၂၄

| တအာင်းအမျိုးသား အတိုင်ပင်ခံကော်မတီ - TPCC | |
|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - ၂၅ မတ် ၂၀၂၁ |
| ကော်မတီဝင် | - ၁၅ ဦး |
| အထွေထွေအတွင်းရေးမှူး | - မိုင်းနိုင်ဂေါင်ဂျား (Mai Naing Gawng Jar) (ခ) မိုင်းနိုင်အောင်မိုး |
| ပါဝင်သော အစုအဖွဲ့ | - NUCC ၏ ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ် ကိုယ်စားပြု အဖွဲ့/ ကော်မတီများ အစုအဖွဲ့ |
| Facebook - https://www.facebook.com/profile.php?id=100072494673782 | |

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လများတွင် တအာင်းနိုင်ငံရေးအင်အားစုများ တွေ့ဆုံညှိနှိုင်းကာ တအာင်းလူမျိုးတို့၏ နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ကိုယ်စားပြုဆောင်ရွက်နိုင်ရန်အတွက် TPCC ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ စစ်အာဏာရှင်စနစ် အပြီးသတ်ချုပ်ငြိမ်းရေး၊ တအာင်းလူမျိုးများ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေး၊ တိုင်းရင်းသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးတို့အတွက် မိတ်ဖက်အဖွဲ့အစည်းအားလုံးနှင့် လက်တွဲဆောင်ရွက်သွားမည်ဟု ဆိုပါသည်။ [10]

TPCC ၏ လုပ်ငန်းစဉ်တစ်ခုအဖြစ် CRPH ၏ လမ်းညွှန်ချက်နှင့်အညီ ကြားကာလ တအာင်းဒေသပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့- Ta'ang Region Administration အဖွဲ့ကို ဖွဲ့စည်းထားသည်။ ထို့အပြင် TPCC မှ ဦးဆောင်ပြီး ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (တတိယမူကြမ်း) ဆိုင်ရာ အကြံပြုချက်၊ ပြင်ဆင်ဖြည့်စွက်ချက်များ ရယူနိုင်ရန်အတွက် ဖက်ဒရယ်ပဋိညာဉ်ပါ အချက်အလက်များနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးမှုများကို နမ့်ခမ်း၊ မူဆယ်၊ မန်တုံ၊ နမ့်ဆန်၊ နမ္မတူ၊ ကျောက်မဲ၊ နမ့်ဖတ်ကာ၊ မိုင်းငေါ့၊ ကွတ်ခိုင်နှင့် မန်တုံမြို့နယ်တို့တွင် ပြုလုပ်ခဲ့သည်။

၂၀၂၃ ခုနှစ် မတ်လ ၁၁ ရက် မှ ၁၂ ရက်အထိ နမ့်ဆန်မြို့နယ်တွင် ပြုလုပ်ခဲ့သည့် Federal and Constitutional Seminar – Ta'ang State (နှီးနှောဖလှယ်ပွဲ) တွင်တော့ တအာင်းပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (တတိယ) မူကြမ်းကို အတည်ပြုနိုင်ခဲ့သည်။ အဆိုပါနှီးနှောဖလှယ်ပွဲကို တအာင်းနိုင်ငံရေးအတိုင်ပင်ခံကော်မတီ (TPCC) က ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ အရပ်ဖက်အဖွဲ့အစည်း၊ နိုင်ငံရေးနှင့် ERO အစုအဖွဲ့အပါအဝင် လူဦးရေ ၁၅၀ ကျော် တက်ရောက်

[10] တအာင်းနိုင်ငံရေး အတိုင်ပင်ခံကော်မတီထုတ်ပြန်ချက် အမှတ် ၀၁/၂၀၂၁ http://rb.gy/1dgt1

ခဲ့သည်။ တအာင်းပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (ပထမ) မူကြမ်းကို ၂၀၁၅ ခုနှစ်တွင် ပြုလုပ်သော ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) ၏ ဗဟိုကော်မတီ ၆ လပတ် အစည်းအဝေးတွင် အတည်ပြုခဲ့ပြီး ဒုတိယမူကြမ်းကိုမူ ၂၀၂၁ ခုနှစ် မေလတွင် TPCC က အတည်ပြုခဲ့ခြင်း ဖြစ်သည်။ [11]

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်၊ "၁၀၂၇ စစ်ဆင်ရေး"နှင့်အတူ PSLF/TNLA ၏ အခန်းကဏ္ဍသည် စစ်ရေးအရ တအာင်းဒေသလွတ်မြောက်ရေးအတွက် စစ်ရေးအရ အလွန်အားကောင်းသည့် အခြေအနေတွင် ရှိနေခဲ့ပြီဖြစ်သည်။ တဆက်တည်းတွင် ပြည်နယ် ထူထောင်ရေးနှင့် တအာင်းဒေသအတွင်းရှိ ပြည်သူလူထု အတွက် ဦးဆောင်ဦးရွက်ပြုမှုနှင့် ပတ်သက်ပြီး PSLF/TNLA ၏ နိုင်ငံရေးအရ စွမ်းဆောင်နိုင်မှုများကိုလည်း TPCC နှင့်အတူ ထင်ရှားပေါ်လွင်လာစေမလားဆိုသည်က စောင့်ကြည့်ရမည်ဖြစ်သည်။

| မွန်ပြည်ဖက်ဒရယ်ကောင်စီ - MSFC | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ဖေဖော်ဝါရီ ၂၀၂၁ |
| ကောင်စီဝင် | - | ၂၅ ဦး |
| ပါဝင်သော အစုအဖွဲ့ | - | NUCC ၏ ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ် ကိုယ်စားပြုအဖွဲ့/ ကော်မတီများ အစုအဖွဲ့ |
| Facebook | - | https://www.facebook.com/monstatefederalcouncil |
| Website | - | MSFC – Mon State Federal Council (msfc-mon.org) |

မွန်ပြည်ကြားကာလပူးပေါင်းဆောင်ရွက်ရေးကော်မတီ (MSICC) ကို ပြည်နယ်ဖက်ဒရယ်ယူနစ်တရပ် ဖြစ်လာစေရန်အတွက်ရည်ရွယ်ကာ မွန်ပြည်ဖက်ဒရယ်ကောင်စီ (MSFC) အဖြစ် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ MSFC ပထမအကြိမ် ညီလာခံအတွင်း မွန်ပြည်ဖက်ဒရယ်ကောင်စီ၏ နိုင်ငံရေး ရည်မှန်းချက်များ၊ နိုင်ငံရေးလမ်းပြမြေပုံနှင့်အတူ ဖွဲ့စည်းပုံကို အတည်ပြုနိုင်ခဲ့ပြီး တော်လှန်ရေးကြားကာလအတွင်း စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် မွန်ပြည် (နယ်) မှ အင်အားစုများအား စုစည်းသွားနိုင်ရန်နှင့် ကြားကာလအတွင်း

---

[11] တအာင်းပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ တတိယမူကြမ်းအား အတည်ပြု၊ BNI ၊ ၁၅ မတ် ၂၀၂၃

ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးအစီအမံများချမှတ်ကာ ကျင့်သုံးဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကို ချမှတ်နိုင်ခဲ့သည်။ [12]

၂၀၂၄ ခုနှစ် ဧပြီလအတွင်း MSFC ၊ မွန်ပြည်တော်လှန်ရေးတပ် (MSRF) နှင့် မွန်ပြည်ကာကွယ်ရေးတပ် (MSDF) အကြား တွေ့ဆုံဆွေးနွေးခဲ့ပြီး မွန်နိုင်ငံရေးနှင့် မွန်တော်လှန်ရေးအင်အားစုများအကြား ညီညွတ်ရေးအတွက် စစ်အာဏာရှင်နှင့် အာဏာရှင်စနစ်အမျိုးမျိုးကို ပူးပေါင်းတိုက်ပွဲဝင်နိုင်ရန် သဘောတူညီချက်များရရှိခဲ့ပါသည်။ [13] ထို့အပြင် မွန်ပြည်သစ်ပါတီ (NMSP) မှ ခွဲထွက်လာသည့် မွန်ပြည်သစ်ပါတီ (စစ်အာဏာရှင် တိုက်ဖျက်ရေး) (NMSP-AD) နှင့် MSFC အကြား ဧပြီလ ၂၂ ရက်တွင် တွေ့ဆုံခဲ့ပြီး နိုင်ငံရေး၊ စစ်ရေးနှင့် လူမှုကယ်ဆယ်ရေးအပါအဝင် အခြားကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောတူညီချက်အချို့ရရှိခဲ့ပါသည်။ [14]

ဆိုရသော် စစ်အာဏာရှင်စနစ်နှင့် အာဏာသိမ်းစစ်အုပ်စုအား ဦးတည်သော မွန်ဒေသတွင်းရှိ MSFC ၊ MSRF ၊ MSDF နှင့် NMSP-AD တို့၏ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များသည် မွန်ဒေသအတွင်းရှိ တော်လှန်ရေးအင်အားစုများ၏ တော်လှန်ခွန်အားကို ပေါ်လွင်ထင်ရှားလာစေပါသည်။ MSFR သည်လည်း မွန်ဒေသအတွင်းရှိ ABSDF တပ်ရင်း (၁)၊ ဒေါနစစ်ကြောင်း၊ ရေးပြောက်ကျားတပ်ဖွဲ့၊ ဒေါနတပ်ခွဲ (၃) - (YGF)၊ ရေးလေတပ် (YAF)၊ မွန်ပြည်နယ်အခြေပြုတော်လှန်ရေးအဖွဲ့ (MSRO) ၊ ရေးကာကွယ်ရေးတပ် (YDF) စသော တပ်ပေါင်းစုများနှင့် အတူ စစ်အာဏာရှင်စနစ်၊ စစ်အုပ်စု၊ စစ်ယန္တရား၊ စစ်တပ်ထောက်တိုင်များ၊ အာဏာရှင်စနစ်မှန်သမျှ ချုပ်ငြိမ်းရေးအတွက် လက်တွဲညီညီဖြင့် ပူးပေါင်းတိုက်ပွဲဝင်သွားမည့်အကြောင်း သစ္စာအဓိဋ္ဌာန် ပြုထားကြပါသည်။ [15]

အာဏာသိမ်းစစ်အုပ်စုအား ဦးတည်သော မွန်ဒေသတွင်း တော်လှန်ရေးအင်အားစုများ၏ တော်လှန်ခွန်အားကို ရှုမျှော်ကြည့်ပါက စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုစိတ်အားထက်သန်နေသည်ဟု ဆိုနိုင်ပြီး နိုင်ငံရေးနှင့် စီမံအုပ်ချုပ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများကမူ စောင့်ကြည့်ရမည့်အနေအထားဟု ဆိုရမည်ဖြစ်ပါသည်။

---

[12] မွန်ပြည်ဖက်ဒရယ်ကောင်စီညီလာခံ (ပထမအကြိမ်) ထုတ်ပြန်ချက်၊ MSICC ၊ ၂၂ ဇန်နဝါရီ ၂၀၂၃ http://rb.gy/2vh0d

[13] မွန်ပြည် ဖက်ဒရယ်ကောင်စီ၊ မွန်ပြည်တော်လှန်ရေးတပ်နှင့် မွန်ပြည် ကာကွယ်ရေးတပ်တို့အကြား သဘောတူညီမှု ထုတ်ပြန်ချက်၊ MSDF ၊ ၇ ဧပြီ ၂၀၂၄

[14] မွန်ပြည်သစ်ပါတီ (စစ်အာဏာရှင်တိုက်ဖျက်ရေး) (NMSP – AD) နှင့် မွန်ပြည်ဖက်ဒရယ်ကောင်စီ (MSFC) တို့၏ တွေ့ ဆုံမှု အစည်းအဝေး ထုတ်ပြန်ကြေညာချက်၊ MSFC၊ ၂၃ ဧပြီ ၂၀၂၄

[15] မဟာမိတ်တပ်ပေါင်းစုများ သစ္စာရေသောက်အဓိဋ္ဌာန်ပြုခြင်း၊ MSRF ၊ ၂ ဒီဇင်ဘာ ၂၀၂၃

| ကြားကာလ ကချင်နိုင်ငံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ - KPICT | |
|---|---|
| ဖွဲ့စည်းသည့် ရက်စွဲ | - ၁၁ မတ် ၂၀၂၁ |
| အတွင်းရေးမှူး | - ဂမ်ဆန်းအန်ဆန်း |
| အဖွဲ့ဝင်အဖွဲ့အစည်း | - ၅ ဖွဲ့ |
| Facebook | - https://www.facebook.com/KachinPICT |

"အချုပ်အခြာအာဏာသည် ပြည်သူထံမှ ဆင်းသက်ကြောင်း ခိုင်မာစေရန်၊ အာဏာရှင်စနစ်ကို အပြီးတိုင် တိုက်ဖျက်ကာ စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရန်နှင့် နိုင်ငံရေး ရည်မှန်းချက်တူညီသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရန်"ဟူသည့် ရည်ရွယ်ချက်များနှင့်အတူ Kachin Political Interim Coordination Team (KPICT) ကို ဖွဲ့စည်းခဲ့သည်။

၂၀၂၁ မေလ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည့် CRPH နှင့် KPICT အကြား လက်မှတ်ရေးထိုး ထားသည့် "ကြားကာလ သဘောတူညီချက်" အရ ကြားကာလအတွင်း ကချင်ဒေသအစိုးရ ဖွဲ့စည်းရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရေးတွင် နှစ်ဖက်အကြား ညှိနှိုင်း ဆောင်ရွက်ကြမည်ဟု ဆိုပါသည်။ ထို့အပြင် နှစ်ဖက်အကြား နှုတ်အားဖြင့် ကြိုတင်သဘောတူညီ ချက်သည်များကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဟု ဆိုပါသည်။ [16]

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ စကားလုံးအဓိပ္ပါယ်ဖွင့်ဆိုမှုများနှင့်ပတ်သက်ပြီး ပြန်လည် ဆွေးနွေးရမည့် အချက်အချို့ ရှိနေခြင်း၊ ကချင်ပြည်သူလူထုနှင့် ဆွေးနွေးတိုင်ပင်ရန် လိုအပ်နေခြင်း စသည့် အကြောင်းပြချက်များနှင့်အတူ ၂၀၂၂ ခုနှစ် ဇူလိုင်လထဲတွင် NUCC ၏ အမြဲတမ်းအဖွဲ့ဝင် အဖြစ် ပါဝင်မှုကို KPICT က ရပ်နားခဲ့ ပါသည်။ [17] သို့သော် NUG တွင် KPICT ကိုယ်စားလှယ် တချို့ ဆက်လက်ပါဝင်နေဆဲဖြစ်သကဲ့သို့ ၎င်းတို့အနေဖြင့် အဆင်သင့်ဖြစ်ပါက NUCC တွင်လည်း ပြန်လည်ပါဝင်နိုင်သည်ဟု KPICT အတွင်းရေးမှူး ဂမ်ဆန်းအန်ဆန်းက ဆိုပါသည်။

၂၀၂၄ ခုနှစ် ဧပြီလ ၁၆ ရက်၊ NUG ဖွဲ့စည်းခြင်း (၃) နှစ်ပြည့်အတွက် သဝဏ်လွှာပေးပို့ရာ တွင်တော့ သုံးနှစ်တာ တော်လှန်ရေးကာလအတွင်း NUG ၏ လုပ်ငန်းဆောင်တာများကို အသိ အမှတ်ပြုကြောင်းနှင့် ကချင်ဒေသတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအားလုံး၏ကိုယ်စား

---

[16] KIO/KIA နှင့် နိုင်ငံရေးအရ မသိကိန်းများ၊ Issue 144 ၊ BNI-Myanmar Peace Monitor ၊ ၁၃ မေ ၂၀၂၄

[17] ကချင်နိုင်ငံရေး ကြားကာလညှိနှိုင်းရေးအဖွဲ့ (KPICT) အတွင်းရေးမှူး ဂမ်ဆန်းအန်ဆန်းနှင့် DVB မေးမြန်းချက်၊ ၁၂ ဇူလိုင် ၂၀၂၂

အမျိုးသားညီညွတ်ရေးအစိုးရနှင့် စစ်အာဏာရှင် ချုပ်ငြိမ်းသည်အထိ အတူလက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုထားသည်။ [18] KPICT အနေဖြင့် NUCC မှ ရပ်နားထားသည့်တိုင် CRPH ၊ NUG နှင့် KPICT တို့အကြား ဆက်ဆံရေးသည် ခိုင်မာအားကောင်းနေဆဲဟု ရှုမြင်ရပြီး ၂၀၂၄ ခုနှစ်အတွင်း KPICT ၏ နိုင်ငံရေးအရ အရွေ့အလှုပ်များကို ပိုမိုမြင်တွေ့လာနိုင်သလား ဆိုသည်က စောင့်ကြည့်ချင်စရာ ဖြစ်နေပါသည်။

| ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ - ICNCC |
|---|
| ဖွဲ့စည်းသည့်ရက်စွဲ - ၁၃ မေ ၂၀၂၁ |
| ပါဝင်သော အစုအဖွဲ့ - NUCC ၏ ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ် ကိုယ်စားပြု အဖွဲ့/ ကော်မတီများ အစုအဖွဲ့ |
| Facebook - https://www.facebook.com/profile.php?id=61558259765374 |

စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေးနှင့် ချင်းပြည်ထောင် တည်ဆောက်ရေးဟူသော ရည်မှန်းကာ နွေဦးတော်လှန်ရေးကာလအတွင်း ချင်းအမျိုးသားနိုင်ငံရေး အစုအဖွဲ့တစ်ခုအဖြစ် စုစည်းဆောင်ရွက်နိုင်ရန်အတွက် ICNCC ကို ဖွဲ့စည်းခဲ့သည်။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ရေးဆွဲ အတည်ပြုနိုင်ရေးအပါဝင် NUCC နှင့် NUG တို့တွင်လည်း အခြားပြည်ထောင်များ၊ ဖက်ဒရယ်ယူနစ်များ၊ တော်လှန်ရေးအဖွဲ့အစည်းများနှင့် အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။

၂၀၂၃ ခုနှစ် ဧပြီလတွင်တော့ တော်လှန်ရေးပိုမိုအားကောင်းလာစေဖို့နှင့် မြေပြင်တွင် လက်တွေ့ကျကျတိုက် ရိုက်ဦးဆောင်ပေးနိုင်ဖို့အတွက် ICNCC ကို ပြုပြင်ပြောင်းလဲရေးအတွက် သဘောတူခဲ့ကြသည်ဟုဆိုပါသည်။ ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် Reform Committee ကို ဖွဲ့စည်းခဲ့ပြီး တစ်မြို့နယ်ချင်းစီမှ ကိုယ်စားလှယ်များမှတဆင့် Chin Charter ကို ပြန်လည်လေ့လာ ပြင်ဆင်ပြီး ICNCC ၏စုဖွဲ့မှု၊ ဦးဆောင်မှုနှင့် တာဝန်ယူမှုအပိုင်းများကို ပြုပြင်ပြောင်းလဲသွားမည်ဟု ဆိုပါသည်။ [19]

---

[18] အမျိုးသားညီညွတ်ရေးအစိုးရ ဖွဲ့စည်းခြင်း (၃) နှစ်ပြည့်အတွက် ပေးပို့သော သဝဏ်လွှာ၊ KPICT ၊ ၁၆ မေ ၂၀၂၄

[19] ICNCC အလုပ်အမှုဆောင်ကျသဘာပတိ ဒေါက်တာကင်တန်လင်း (Dr. Kenton Linn) ၊ ခိုနှမ်းသုန်၊ ၂၂ ဇန်နဝါရီ ၂၀၂၄

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှ အနိုင်ရ ချင်းလွှတ်တော်အမတ်အချို့နှင့် CNF တို့ ဦးဆောင် ဖွဲ့စည်းခဲ့သည့် ICNCC သည် ၂၀၂၃ ခုနှစ် ဧပြီလ ၄ ရက်၊ CNF နှုတ်ထွက်သွားချိန်မှစပြီး အစုအဖွဲ့အတွင်း စုစည်းမှု လျော့ကျသွားခဲ့ရသည်။ ထို့နောက် CNF အကြီးအကဲမှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော ချင်းပြည် (Chinland) ကောင်စီ ပေါ်ပေါက်လာခဲ့ပြီး ထိုမှတဆင့် ချင်းပြည် (Chinland) အစိုးရပေါ်ပေါက်လာချိန်တွင်တော့ ICNCC အနေဖြင့် လက်မခံ ကန့်ကွက်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ချင်းပြည် (Chinland) ကောင်စီ ပေါ်ပေါက်လာပြီးနောက် ချင်းလူထုနှင့် တော်လှန်ရေးအဖွဲ့များအကြား မညီမညွတ်မှုများ၊ စိတ်ဝမ်းကွဲပြားမှုများ၊ ချင်းလက်နက်ကိုင်အချင်းချင်းအကြား ပဋိပက္ခများ ဆိုးဝါးလာသည်ဟု ICNCC က ဆိုပါသည်။ [20]

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ပထမအပတ်တွင် ဖွဲ့စည်းခဲ့သည့် ချင်းညီနောင်အဖွဲ့သည် ICNCC ၏ နိုင်ငံရေးလမ်းကြောင်းကို ဆက်လက်ပါဝင်နေပြီး ICNCC က ဖွဲ့စည်းထားသည့် ချင်းကာကွယ်ရေး ကော်မတီတွင် ချင်းညီနောင်အဖွဲ့ဝင် CDF-Mindat စစ်ဦးစီးချုပ်က ဥက္ကဋ္ဌအနေဖြင့် ပါဝင်နေသည်ဟု ဆိုပါသည်။ အဆိုပါ ကော်မတီအနေဖြင့် တော်လှန်ရေးတွင်တိုက်ပွဲဝင်နေသည့် မည်သည့်အဖွဲ့နှင့်မဆို လက်ခံပူးပေါင်းဖို့အတွက် တံခါးဖွင့်ထားသည်ဟု ဆိုပါသည်။ [21]

ဆိုရသော် နွေဦးတော်လှန်ရေးအစကတည်း ဖြစ်တည်ပေါက်ဖွားလာခဲ့သည့် ICNCC သည် သုံးနှစ်ကျော်ကာလအတွင်း ၎င်းတို့အစုအဖွဲ့အချင်းချင်းအကြား စုစည်းညီညွတ်မှု ပြိုပျက်ခဲ့ရသည်ဟု ဆိုနိုင်ပြီး လက်ကျန် အစုအဖွဲ့အင်အားဖြင့် ပြုပြင်ပြောင်းလဲ ပြင်ဆင်ရန်အတွက် ကြိုးပမ်းအားထုတ်နေသော ICNCC အနေဖြင့် ချင်းဒေသတစ်ခုလုံးနှင့် ချင်းပြည်သူတရပ်လုံးကို ကိုယ်စားပြုသော နိုင်ငံရေးအရ ဦးဆောင်အဖွဲ့အဖြစ် ပြန်လည်ရောက်ရှိလာနိုင်မလားဆိုသည်ကတော့ စောင့်ကြည့်ရမည့် အခြေအနေဖြစ်ပါသည်။

---

[20] ချင်းလဲန်းကောင်စီ၊ ချင်းပြည်အစိုးရဖွဲ့စည်းခြင်းကို ကန့်ကွက်ကြောင်း ICNCC ထုတ်ပြန်၊ ခိုနူမ်းသုန်၊ ၃ ဖေဖော်ဝါရီ ၂၀၂၄

[21] ICNCC အလှည့်ကျသဘာပတိ ဒေါက်တာကင်တန်လင်း (Dr. Kenton Linn)၊ ခိုနူမ်းသုန်၊ ၂၂ ဇန်နဝါရီ ၂၀၂၄

| ချင်းပြည် (Chinland) ကောင်စီ - Chinland Council | |
|---|---|
| ဖွဲ့စည်းသည့် ရက် | - ၆ ဒီဇင်ဘာ ၂၀၂၃ |
| ဥက္ကဋ္ဌ | - ပူးဇင်ကျုံး Pu Zing Cung |
| အတွင်းရေးမှူး | - ဆလိုင်းပေါလု Salai Paul |
| ပါဝင်သော အစုအဖွဲ့ | - ၃ ခု |
| Facebook | - https://www.facebook.com/profile.php?id=61554240905507 |

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၇ ရက်အထိ ချင်းအမျိုးသားတပ်ဦး (CNF) ဌာနချုပ်ရှိရာ ချင်းလုံ (Chinlung) မြို့တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် ချင်းပြည်(Chinland)ကောင်စီညီလာခံတွင် CNF ကိုယ်စားလှယ်များ၊ ချင်းလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှကိုယ်စားလှယ်များ၊မြို့နယ်နှင့် ဒေသအစုအဖွဲ့မှ ကိုယ်စားလှယ်များတက်ရောက်ကာ ဒီဇင်ဘာ ၆ ရက်နေ့တွင် ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေကို ညီလာခံက အတည်ပြုခဲ့ပြီး ချင်းပြည် (Chinland) ကို ဖွဲ့စည်းပေးခဲ့သည်။

အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက်ရှိသော ချင်းပြည် (Chinland) တည်ဆောက်ရန်၊ နိုင်ငံရေးနှင့် အမျိုးသားတန်းတူရေး အာမခံချက်ရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန်နှင့် ဒီမိုကရေစီစနစ် တည်ဆောက်ရန်တို့ကို ချင်းပြည် (Chinland) ကောင်စီက ရည်မှန်းထားသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဝန်ကြီးဌာန ၁၄ ခု ပါဝင်သော ချင်းပြည် (Chinland) အစိုးရအဖွဲ့၊ ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်နှင့် ချင်းပြည် (Chinland) စာရင်းစစ်ချုပ်တို့ကို ကောင်စီက ဖွဲ့စည်းခန့်အပ်ပေးခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက်နေ့တွင် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ် (၁၅) ဦး ပါဝင်သော ချင်းပြည် (Chinland) လွှတ်တော်ကို ဖွဲ့စည်းခဲ့သည်။ ချင်းပြည် (Chinland) အစိုးရအနေဖြင့် NUG အပါအဝင် ဖက်ဒရယ်ယူနစ်အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်အပြင် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံအစိုးရများနှင့် မိတ်ဖက်ဆက်ဆံရေး တည်ဆောက်သွားမည်ဟု ဆိုပါသည်။ [22]

[22] ချင်းပြည်(Chinland)အစိုးရ သတင်းထုတ်ပြန်ချက် (၁/၂၀၂၄)၊ Chinland Council ၊ ၃ ဖေဖော်ဝါရီ ၂၀၂၄

အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ဖက်ဒရယ်ယူနစ်များအကြား ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် (FSCC) နှင့် ချင်းပြည် (Chinland) ကောင်စီအကြား တွေ့ဆုံဆွေးနွေးမှုကို၂၀၂၄ ခုနှစ် မေလ (၁၇) ရက်နေ့တွင် အွန်လိုင်းမှတဆင့် ပြုလုပ်ခဲ့ပြီး FSCC ဥက္ကဌ ယာယီသမ္မတ ဒူဝါလရှီးလ၊ ဒုတိယဥက္ကဌ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း၊ FSCC အဖွဲ့ဝင်များတက်ရောက်ခဲ့သည်။ အစည်းအဝေးအပြီးတွင် နှစ်ဖက်ပူးပေါင်းဆောက်ရွက်မည့် ရှေ့လုပ်ငန်းစဉ် (၄) ရပ်ကို သဘောတူညီခဲ့ကြသည်ဟု ဆိုပါသည်။

ချင်းပြည် (Chinland) ကောင်စီဖြစ်တည်မှုသည် ချင်းဒေသတွင်း စစ်ရေး၊ နိုင်ငံရေး အင်အားစုများအချင်းချင်းအကြား အငြင်းပွားမှုများ၊ ပွတ်တိုက်မှုများအကြားမှ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သကဲ့သို့ ကောင်စီတွင်မပါဝင်သည့် အခြားသော ချင်းဒေသတွင်း တော်လှန်ရေးအင်အားစုများနှင့်စစ်ရေးအရ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုများကိုပင် စိုးရိမ်ဖွယ်ရာတွေ့ရှိနေရပါသည်။ ရှေ့အနာဂတ် ချင်းဒေသတွင်း စစ်ရေးနိုင်ငံရေး အခင်းအကျင်းတွင် ချင်းပြည် (Chinland) ကောင်စီ၏ ဦးတည်ချက်နှင့် အရွေ့အလှုပ်များများသည် စောင့်ကြည့်ရမည့် အခြေအနေတွင် ရှိနေပါသည်။

| **ချင်းညီနောင် - Chin Brotherhood** | |
|---|---|
| ဖွဲ့စည်းသည့် ရက် | - ၃၀ ဒီဇင်ဘာ ၂၀၂၄ |
| ပါဝင်သော အစုအဖွဲ့ | - CNO/CNDF, ZFU/PDF – Zoland, CNC – Mindat/CDF – Mindat, Maraland Territorial Council/MDF, ချင်းကာကွယ်ရေးတပ်ဖွဲ့ (ကန်ပက်လက်), CDF - Matupi (တပ်မဟာ ၁) |
| Facebook | - https://www.facebook.com/profile.php?id=61558228563337 |

ချင်းပြည်နှင့် ချင်းအမျိုးသားရေး ကိစ္စရပ်များတွင် နိုင်ငံရေး၊ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ချင်းညီနောင်ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းနှင့် မိမိကံကြမ္မာ မိမိဖန်တီးခြင်း စသည့် ဘုံသဘောတူညီချက်များကို ကိုင်စွဲကာ ချင်းတမျိုးသားလုံးအရေးနှင့် ပြည်ထောင်စုအရေးကိစ္စများတွင် ၎င်းတို့၏ စံတန်ဖိုးများနှင့် ကိုက်ညီသော မည်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်မဆို ပူးပေါင်းကာ စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို အခြေခံသော အစိုးရတရပ် ပေါ်ပေါက်ရေးအထိ လက်တွဲကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

၂၀၂၄ ခုနှစ်တွင် ချင်းပြည်နယ်အတွင်း စစ်ကောင်စီကင်းစင်ရေး စစ်ရေးရည်မှန်းချက်နှင့်အတူ ၂၀၂၄ ခုနှစ် ဖွန်လ ၉ ရက်မှ စပြီး ချင်းညီနောင်စစ်ဆင်ရေး (Operation CB) ကို စတင်ခဲ့ရာ ဖွန်လ ၂၉ ရက်တွင် မတူပီမြို့ကို အပြီးသတ်သိမ်းပိုက်နိုင်ခဲ့သည်။ အဆိုပါ မတူပီမြို့သိမ်းတိုက်ပွဲအတွင်း ချင်းညီနောင်နှင့်အတူ မဟာမိတ်တပ်ဖွဲ့များအဖြစ် ရက္ခိုင့်တပ်တော် (အာရက္ခတပ်တော်) (AA)၊ Yaw Army (YA)နှင့် Yaw Defense Force (YDF) တို့လည်း ပူးပေါင်းပါဝင်ခဲ့သည်ဟု ဆိုပါသည်။ ဧပြီလ ၂၉ ရက် ညနေပိုင်းကလည်း ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျောင်ဒွေးမြို့ကို ချင်းညီနောင်နှင့် မဟာမိတ်တပ်ဖွဲ့များက တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပါသည်။ [23]

ချင်းညီနောင်သည် ရက္ခိုင့်တပ်တော် (AA) အပါအဝင် ဒေသတွင်း မဟာမိတ်တပ်ဖွဲ့များနှင့် စစ်ရေးအရ ပူးပေါင်းလှုပ်ရှားနေပြီး နိုင်ငံရေးအရတွင်တော့ ICNCC ၏ လမ်းကြောင်းတွင် ပူးပေါင်းပါဝင်သွားမည်ဟု သိရသည်။ တဖက်တွင်တော့ ချင်းအမျိုးသားတပ်ဦး (CNF) အကြီးအကဲ ဦးဆောင်သော ချင်းပြည် (Chinland) ကောင်စီကို အသိအမှတ်ပြုခြင်း မရှိသကဲ့သို့ CNF ဦးဆောင်သည့် ချင်းဒေသတွင်း ပူးပေါင်းတပ်ဖွဲ့များနှင့် ချင်းညီနောင်အကြား စစ်ရေးအရ ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှုများ ရှိခဲ့သည်။

ချင်းဒေသတွင်း စစ်ရေး နိုင်ငံရေးအခင်းအကျင်းတွင် ချင်းညီနောင်၏ အခန်းကဏ္ဍသည် မြို့သိမ်း၊ စခန်းသိမ်းတိုက်ပွဲများနှင့်အတူ ပေါ်လွင်ထင်ရှားလာနေပြီး စောင့်ကြည့်ချင်စရာ ဖြစ်နေပါသည်။

[23] ကျောင်ဒွေးမြို့ကို သိမ်းပိုက်လိုက်ကြောင်း ချင်းတော်လှန်ရေးအဖွဲ့တွေ ပြော၊ အာအက်ဖ်အေ၊ ၃၀ ဧပြီ ၂၀၂၄

| ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (Central Command and Coordination Committee – C3C) | |
|---|---|
| ဖွဲ့စည်းသည့်ရက် | - စက်တင်ဘာလ ၂၀၂၁ |
| စစ်ဒေသတခု၏ ထိပ်ဆုံးစစ်ရေး တာဝန်ခံ စစ်ဒေသမှူး | - (စစ်ဒေသအသီးသီး၏ စစ်ဒေသမှူးအဖြစ် မဟာမိတ် EROများမှ ထိပ်တန်းစစ်ဘက်တာဝန်ရှိသူများက တာဝန်ယူသည်) |
| ပါဝင်သော အစုအဖွဲ့ | - KIO/KIA ၊ KNU/KNLA၊ KNPP/KA ၊ CNF/CNA ၊ NUG |
| စစ်ရေးအရ ပူးပေါင်းမှုများ | - ABSDF ၊ BPLA အပါအဝင် စစ်ဒေသ၊ စစ်ရေးနယ်မြေအလိုက် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ ပူးပေါင်းလှုပ်ရှားမှုများကို တွေ့ရသည်။ |

NUG ကာကွယ်ရေးဝန်ကြီးဌာနနှင့် မဟာမိတ်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs) (၄) ဖွဲ့ ပူးပေါင်းကာ C3C ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ERO (၄) ဖွဲ့တွင် KIO / KIA၊ KNU / KNLA၊ KNPP / KA နှင့် CNF / CNA တို့ ပါဝင်ပြီး K 3C ဟုလည်း လူသိများပါသည်။ ထို့ကြောင့် ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (C3C) ကို K3C နှင့် NUG အကြား ဖွဲ့စည်းထားခြင်းဟု နားလည်ရပါသည်။ K3C တွင် အဖွဲ့ဝင်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌ၊ စစ်ဦးစီးချုပ် အစရှိသည့် နိုင်ငံရေး၊ စစ်ရေး ဆုံးဖြတ်ခွင့်ရှိသူများပါဝင်ပြီး NUG ၏ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုဝန်ကြီး၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနမှ ပြည်ထောင်စု ဝန်ကြီးတို့ က NUG ကိုယ်စားပြုပါဝင်သည်။

အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ်ဆင်နွှဲရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ရေးအရ "စစ်ဒေသ" (၃) ခု ပိုင်းခြားထားပြီး အမှတ် (၁) စစ်ဒေသတွင် ကချင်၊ စစ်ကိုင်း၊ ချင်း၊ ရှမ်း(မြောက်)၊ မကွေးနှင့်မန္တလေးတို့ပါဝင်ပြီး မြန်မာနိုင်ငံမြောက်ပိုင်းနှင့်အနောက်ပိုင်းဒေသများကို အခြေပြုထားကာ အမှတ် (၁) စစ်ဒေသ၏ စစ်ဒေသမှူးအဖြစ် KIA စစ်ဦးစီးချုပ်က တာဝန်ယူခဲ့ သည်။ အမှတ် (၂) စစ်ဒေသတွင်မူ ကရင်၊ ကရင်နီ၊ မွန်၊ တနင်္သာရီ၊ ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတို့ ပါဝင်ပြီး မြန်မာနိုင်ငံတောင်ပိုင်းဒေသများဟု ဆိုနိုင်ပါသည်။ အမှတ် (၃) စစ်ဒေသတွင်တော့ နေပြည်တော်နှင့် ဆက်စပ်နယ်မြေများဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကို အခြေပြု ထားခြင်းဖြစ်သည်။

နောက်ပိုင်းတွင် အမှတ် (၂) စစ်ဒေသနှင့် အမှတ် (၃) စစ်ဒေသနှစ်ခုကို စုစည်းကာ "တောင်ပိုင်းစစ်ဒေသ" အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ တောင်ပိုင်းစစ်ဒေသအတွင်း KNU ၊ KNPP

နှင့် NUG တို့ ပူးပေါင်းကာ ပူးတွဲ ညှိနှိုင်းရေးကော်မတီ(Joint Coordination Committee - J2C) နှင့် ပူးတွဲစစ်ရေးကွပ်ကဲမှု (Joint Operation Command-JOC) တို့ကို ဖွဲ့စည်းပြီး အဖွဲ့ဝင်အဖွဲ့ အစည်းများ နိုင်ငံရေး၊ စစ်ရေးအရ အဓိကတာဝန်ရှိသူများ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရေး၊ စစ်ရေးအရ မဟာဗျူဟာများနှင့် မူဝါဒများကို J2C မှ ညှိနှိုင်းဆွေးနွေးချမှတ်ပြီး မြေပြင်စစ်ရေးအရ ပူးပေါင်းကွပ်ကဲမှုများ၊ စစ်ရေးဖော်ဆောင်မှုများကို JOC က ဆောင်ရွက်ရပါသည်။ [24]

စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်ဟူသမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် စစ်ရေး၊ နိုင်ငံရေး၊ နိုင်ငံတကာအရေးစသည့် နည်းလမ်း ပေါင်းစုံဖြင့် တော်လှန်ရေးတိုက်ပွဲဝင်နေကြရသည့် အခြေအနေတွင် C3C ၏ အခန်းကဏ္ဍသည် စစ်ရေးအရ အမြင့်ဆုံး ပူးပေါင်းဆောင်ရွက်မှုဟုလည်း ဆိုနိုင်ပါသည်။ သို့သော် C3C အတွင်း မပါဝင်သေးသည့် အခြားသောတိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၊ မြို့ပြဒေသ အလိုက်လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များလည်း ကျန်ရှိနေပါသေးသည်။ NUG လက်အောက်ခံ တပ်ရင်းတခုဖြစ်သော မန္တလေး - ပြည်သူ့ကာကွယ်ရေးတပ်မတော် (MDY-PDF) သည် ရှမ်းမြောက် ဒေသတွင် စတင်ခဲ့သည့် ညီနောင်မဟာမိတ် (၃) ဖွဲ့ (3 Brotherhood Alliance) ၏ "၁၀၂၇ စစ်ဆင်ရေး" တွင် ပူးပေါင်းပါဝင်လျက် ရှိပါသည်။ ထို့ကြောင့် C3C စုဖွဲ့မှု ဦးတည်ရာနှင့် ညီနောင် မဟာမိတ် (၃) ဖွဲ့၏ ဦးတည်ရာသည် အလွန်ခြားနားနေသည့် သဘောမျိုးတော့ မတွေ့ရသေးပါ။

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် ထုတ်ပြန်သော "စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် အတူတကွလက်တွဲတော်လှန် တိုက်ပွဲဝင်နေကြသော အဖွဲ့များ၏ ဘုံသဘောထားရပ်တည်ချက်" တွင် K3C ပါဝင်ကြောင်း NUG ယာယီသမ္မတကြီးက ပြောဆိုထားသည်။ ထို့ ကြောင့် K3C – NUG ၏ ပူးပေါင်းဆောင်ရွက်မှု ဖြစ်သော C3C ၏ စစ်ရေးအရ အတွန်းအရွေ့များနှင့် မဟာဗျူဟာကျ စစ်ရေးဖော်ဆောင်မှု များသည် စောင့်ကြည့်ချင်စရာ ကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။

[24] အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ကာကွယ်ရေးကဏ္ဍ အခြေပြု၊ စာမျက်နှာ ၃၇-၃၈၊ ၂၈ မေ ၂၀၂၃

| ညီနောင်မဟာမိတ်သုံးဖွဲ့၏ "၁၀၂၇ စစ်ဆင်ရေး" အစုအဖွဲ့ | |
|---|---|
| စစ်ဆင်ရေး စတင်သည့် ရက် | - ၂၇ အောက်တိုဘာ ၂၀၂၃ |
| ဦးဆောင်အစုအဖွဲ့ | - MNDAA ၊ TNLA ၊ AA |
| ပါဝင်သော အစုအဖွဲ့ | - BPLA ၊ PLA ၊ KNDF ၊ MDY-PDF ၊ DPLA ၊ BNRA ၊ YDF |
| Telegram | - https://t.me/threebrotherhoodalliance |

ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်နိုင်ရေး၊ မိမိကိုယ်မိမိခုခံကာကွယ်နိုင်ရေး၊ မိမိတို့ဒေသကို ယခုထက်ပိုမိုထိန်းချုပ်နိုင်ရေး၊ မိမိတို့အဖွဲ့အစည်းများအပေါ် စစ်ကောင်စီမှ လေကြောင်း၊ လက်နက်ကြီးများဖြင့် နေ့၊ ည အချိန်မရွေး ပစ်ခတ်တိုက်ခိုက်မှုများအပေါ် ဟန့်တားမှု ရရှိနိုင်ရေး၊ မြန်မာပြည်သူတရပ်လုံး၏ လိုလားချက်ဖြစ်သော စစ်အာဏာရှင်စနစ် အမြစ်ပြတ်ရေး၊ လက်ရှိ တရုတ်-မြန်မာ နယ်စပ်အပါအဝင် မြန်မာနိုင်ငံအတွင်း ကျယ်ပြန့်လာသည့် အွန်လိုင်းလောင်းကစားလိမ်လည်မှု ပပျောက်ရေး၊ Online Game (ကျားဖြန့်) ကုမ္ပဏီများနှင့် အဆိုပါ လုပ်ငန်းများကို လုပ်ကိုင်နေကြသော စစ်ကောင်စီနှင့် ပြည်သူ့စစ်အဖွဲ့များ ကို နှိမ်နင်းနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် "၁၀၂၇ စစ်ဆင်ရေး"ကို စတင်ခြင်းဖြစ်ကြောင်း ညီနောင်မဟာမိတ် (၃) ဖွဲ့က ထုတ်ပြန်သည်။

"၁၀၂၇ စစ်ဆင်ရေး"အတွင်း ထူးခြားချက်အဖြစ် ညီနောင်မဟာမိတ်(၃)ဖွဲ့၏ ဦးစီးဦးဆောင်မှုနှင့်အတူ နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်ရေးအင်အားစုများဖြစ်သည့် ဗမာ ပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA)၊ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF)၊ ပြည်သူ့လွတ်မြောက်ရေးတပ်တော် (PLA)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ခံ မန္တလေး - ပြည်သူ့ကာကွယ်ရေးတပ်မတော် (MDY-PDF) စသည်တို့လည်း ပူးပေါင်းပါဝင်လှုပ်ရှားနေသည်။

တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်မှုဖြင့်ရရှိသော ဟိုင်ဂင်သဘောတူညီချက်ကြောင့် ရှမ်းမြောက်ဒေသအတွင်း ယာယီအပစ်အခတ် ရပ်စဲခဲ့ရသော်လည်း စစ်ဆင်ရေးစတင်ခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်အထိ ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသရှိ မြို့ပေါင်း (၁၆) မြို့ကို အာဏာသိမ်းစစ်အုပ်စုထံမှ သိမ်းယူနိုင်ခဲ့ပြီး စစ်လက်နက်ပစ္စည်း အများအပြားကိုလည်း သိမ်းဆည်းရရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်တွင်တော့ ရှမ်းမြောက်ဒေသ နောင်ချိုနှင့် ကျောက်မဲမြို့နယ်များအတွင်း တိုက်ပွဲများ ပြန်လည်ဖြစ်ပွားကာ ဟိုင်ဂင်သဘောတူညီချက် ကျိုးပျက်သွားခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

တဆက်တည်းတွင် "၁၀၂၇ စစ်ဆင်ရေး ဒုတိယလှိုင်း" နှင့်အတူ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများဖြစ်သည့် ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ မိုးမိတ်၊ လားရှိုးနှင့် မန္တလေးတိုင်း ပြင်ဦးလွင်၊ မိုးကုတ်၊ မတ္တရာ၊ စဉ့်ကူးမြို့နယ်များသည် ကိုးကန့်တပ် (MNDAA)၊ တအာင်းတပ် (TNLA) တို့နှင့်အတူ MDY-PDF အပါအဝင် ဒေသတွင်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ ပူးပေါင်းကာ အာဏာသိမ်းစစ်ကောင်စီတပ်များအား ထိုးစစ်ဆင်တိုက်ခိုက်လှုပ်ရှားရာ မြို့နယ်များဖြစ်လာသည်။ ဓနုပြည်သူ့လွတ်မြောက်ရေးတပ် (DPLA-PDF) နှင့် ရှမ်း ပြည်နယ်မြောက်ပိုင်း မဟာမိတ်တပ်ရင်း (N.S.S.A.A) တို့သည်လည်း "၁၀၂၇ စစ်ဆင်ရေး ဒုတိယလှိုင်း" တွင် PSLF/TNLA နှင့်အတူ ပါဝင်လာခဲ့ပါသည်။

ညီနောင်မဟာမိတ် (၃) ဖွဲ့ ဦးဆောင်သော "၁၀၂၇ စစ်ဆင်ရေး" သည် "ညီညွတ်မှု၊ စည်းလုံးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု" ဟူသော တော်လှန်ခွန်အားကို လက်တွေ့သက်သေပြခဲ့သကဲ့သို့နွေဦးတော်လှန်ရေးအင်အားစုများအတွက်သာမက နိုင်ငံတဝှမ်းလုံးရှိ စစ်အာဏာရှင်စနစ်အောက်မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း လမ်းစရှာဖွေ တိုက်ပွဲဝင်လျက်ရှိသော တော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းနှင့် မြန်မာပြည်သူလူထုတရပ်လုံးအတွက် အလွန်အရေးပါခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

"၁၀၂၇ စစ်ဆင်ရေး" အပိုင်း (၂) သို့မဟုတ် "၁၀၂၇ စစ်ဆင်ရေး ဒုတိယလှိုင်း" ၏ စစ်ရေးအရှိန်အဟုန်သည် မြန်မာနိုင်ငံတဝှမ်း မည်မျှအထိ ရွေ့လျားကျယ်ပြန့်လာနိုင်မလဲဆိုသည်ကလည်း စောင့်ကြည့်ချင်စရာ ဖြစ်နေပါသည်။

# စစ်ရှိန်ပြင်းပြင်းနှင့်
# စစ်ရေးစစ်ဘောင်
# ကျယ်ပြန့်လာသည့်နှစ်

# စစ်ရှိန်ပြင်းပြင်းနှင့် စစ်ရေး၊စစ်ဘောင်ကျယ်ပြန့်လာသည့်နှစ်

စစ်အာဏာသိမ်းမှုစတင်ခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်အထိ လပေါင်း (၄၀) ကျော်အတွင်း မြန်မာနိုင်ငံတဝှမ်း ပဋိပက္ခတိုက်ပွဲဖြစ်စဉ်ပေါင်း ၄၃၁၈ ခု ရှိခဲ့သည်။ မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် မြို့နယ်ပေါင်း ၂၂၂ မြို့နယ်တွင် စစ်ရေးပဋိပက္ခ ဖြစ်စဉ်များကို တွေ့ရှိခဲ့ရခြင်းကြောင့် နိုင်ငံ့ဧရိယာ၏ ၆၇ ရာခိုင်နှုန်းကျော်အထိ စစ်ရေး၊ စစ်ဘောင် ကျယ်ပြန့်လာခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

BNI-Myanmar Peace Monitor ၏မှတ်တမ်းအရ ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်မှ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံတဝှမ်းလုံးတွင် တိုက်ပွဲဖြစ်ပွားမှုပေါင်း ၁၇၈၁ ခု ရှိခဲ့ပြီး ပြီးခဲ့သည့်နှစ် ကာလတူအခြေအနေထက် တိုက်ပွဲဖြစ်ပွားမှုပေါင်း ၂၃၂ ခု ပိုမို များပြားလာသည်ကို တွေ့ရသည်။




၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက် မှ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် အထိ တစ်နှစ်တာကာလ အတွင်း တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို လအလိုက် လေ့လာကြည့်ပါက ၂၀၂၄ ခုနှစ် မတ်လ သည် တိုက်ပွဲဖြစ်ပွားမှု ၁၉၅ ခုဖြင့် အများဆုံးလ ဖြစ်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလသည် တိုက်ပွဲဖြစ်ပွားမှု ၁၈၉ ခု ဖြင့် ဒုတိယအများဆုံးလ ဖြစ်ခဲ့သည်။ ၂၀၂၄ ခုနှစ်အတွင်းရှိ လများသည် လစဉ်တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၁၅၀ အထက်တွင် ရှိနေသည်ကို ထူးခြားစွာ တွေ့ရှိရပါသည်။

This chart shows the number of armed clash events per month between MA and PDFs, Ma and EROs, Between EROs



တစ်နှစ်တာကာလအတွင်း တိုက်ပွဲဖြစ်ပွားမှုများကို လေ့လာကြည့်ပါက အာဏာသိမ်း စစ်ကောင်စီတပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များအကြား တိုက်ပွဲဖြစ်ပွားမှုသည် ၉၁၈ ခု ဖြင့် အများဆုံးတွေ့ရသည်။ ဒုတိယအနေဖြင့် အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF-LDF) များအကြား တိုက်ပွဲဖြစ်ပွားမှုသည် ၈၅၃ ခု တွေ့ရသည်။ ထို့အပြင် ERO အချင်းချင်းအကြား တိုက်ပွဲဖြစ်ပွားမှုသည် ၂၀ ခု ရှိခဲ့သည်။

ဒေသအလိုက် တိုက်ပွဲဖြစ်ပွားမှု ဖြစ်စဉ်များကို လေ့လာကြည့်ပါက PDF – LDF များ အများဆုံး ရှိရာ စစ်ကိုင်းတိုင်းသည် ၃၇၂ ခုဖြင့် အများဆုံး ဖြစ်ပါသည်။ ရှမ်းပြည်နယ်သည် တိုက်ပွဲဖြစ်ပွားမှု ၂၂၇ ခုဖြင့် ဒုတိယအများဆုံးဖြစ်ပြီး ကချင်ပြည်နယ်သည် တိုက်ပွဲဖြစ်ပွားမှု ၁၈၆ ခုဖြင့် တတိယ အများဆုံး ဖြစ်နေပါသည်။




မိမိတို့ BNI-Myanmar Peace Monitor ၏ လေ့လာတွေ့ရှိချက်များအရ ၂၀၂၃ - ၂၀၂၄ ခုနှစ် အတွင်း နွေဦးတော်လှန်ရေးအင်အားစုများ အချင်းချင်းအကြား စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှု များသည် သိသာထင်ရှားစွာ အားကောင်းလာသည်ကို တွေ့ရှိနေရပါသည်။ အာဏာသိမ်းစစ်အုပ်စု အား တောင်တန်း မြေပြန့် ဒေသအလိုက် နိုင်ငံတဝှမ်းလုံးတွင် စစ်မျက်နှာဖွင့် ဖြန့်ကျက်လှုပ်ရှားနေ သည်ကိုလည်း တွေ့ရှိရပါသည်။ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်ဟူသမျှ ချုပ်ငြိမ်းရေး

အတွက် ဦးတည်လျှောက်လှမ်းနေကြသော ERO များနှင့် နွေဦးတော်လှန်ရေးအင်အားစုများ၏ အာဏာသိမ်းစစ်အုပ်စုအား စစ်ရေးအရ ဖိအားပေးနိုင်မှုသည် အလွန်အားကောင်းသည်ဟု ရှုမြင်ရပါသည်။

၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက်၊ တနိုင်ငံလုံး လှည်းနေလှေအောင်း မြင်းဖောင်းမကျန် ခုခံတော်လှန်စစ်ဆင်နွှဲရန် ဆော်ဩတိုက်တိုက်တွန်းခဲ့သည့် တော်လှန်ရေးခေါ်သံသည် ၂၀၂၃ ခုနှစ်အတွင်းတွင်တော့ အာဏာသိမ်းစစ်အုပ်စုထံ ထိုးစစ်အကြီးအထိ ပြောင်းလဲတိုးမြှင့်လာခဲ့ပြီဖြစ်သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်၊ "၁၀၂၇ စစ်ဆင်ရေး" အလွန်နှင့် ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းကာလများတွင်တော့ အာဏာသိမ်းစစ်အုပ်စုအား ပစ်မှတ်ထားထိုးစစ်ဆင်တိုက်ခိုက်မှုများကို ခပ်စိပ်စိပ်တွေ့ရှိလာရပြီ ဖြစ်သည်။

မြန်မာနိုင်ငံတဝှမ်း စစ်ရေးပဋိပက္ခဖြစ်စဉ်များကို လေ့လာရာတွင် အာဏာသိမ်းစစ်အုပ်စု၏ မြေပြင်၊ ဝေဟင် စစ်အင်အား အများအပြား ကျဆင်းဆုတ်ယုတ်လာခဲ့သည်ကို မျက်ဝါးထင်ထင်တွေ့ရှိလာရသော်လည်း စစ်ရေး၊ စစ်ဘောင် ကျယ်ပြန့်လာသည်နှင့်အမျှ တော်လှန်ရေးအင်အားစုအချင်းချင်းအကြား ပွတ်တိုက်မှုများ၊ နယ်မြေဆိုင်ရာ အငြင်းပွားမှုများကို ဟိုနားတစ၊ ဒီနားတစ တွေ့ရှိနေရပါသည်။

စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်ဟူသမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် မျှော်ရည်လျှောက်လှမ်းနေကြသော တော်လှန်ရေးအင်အားစုများအနေဖြင့် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံရေးအရ နားလည်မှု၊ ယုံကြည်မှုများ ပိုမိုအားကောင်းစေရန် ကြိုးပမ်းရပေလိမ့်မည်။ မြန်မာနိုင်ငံတဝှမ်း စစ်ရေးအရှိန်အဟုန်ကမူ ဆက်လက်အားကောင်းနေဦးမည်ဟု သုံးသပ်ရပါသည်။

(မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှုအခြေအနေများကိုကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် တစ်ရက်ကို ဖြစ်စဉ်တစ်ခုအဖြစ်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက် ပိုမို များပြားနိုင်ပါသည်။)

# ၂၀၂၀ပြည့်နှစ်ဇန်နဝါရီလမှ ၂၀၂၄ခုနှစ်ဇွန်လကုန်အထိနှစ်အလိုက်တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ






# စစ်ရေးပဋိပက္ခအရှိန်နှင့်အတူ
# မြင့်တက်လာသည့်
# နိုင်ငံတဝှမ်း သေဆုံးမှုများ

# စစ်ရေး ပဋိပက္ခအရှိန်နှင့်အတူ မြင့်တက်လာသည့် နိုင်ငံတဝှမ်း သေဆုံးမှုများ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၂ ခုနှစ်၊ ဧပြီလ၊ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက် အထိ ၂ နှစ်တာအတွင်း ပဋိပက္ခတိုက်ပွဲဖြစ်စဉ်များနှင့် နောက်ဆက်တွဲဖြစ်စဉ်များကြောင့် စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သားနှင့် အရပ်သားပြည်သူ စသဖြင့် နိုင်ငံတဝှမ်း သေဆုံးသူအရေအတွက် နှစ်သောင်းနီးပါးအထိ ရှိခဲ့ပါသည်။[1] အဆိုပါ သေဆုံးမှုအရေအတွက်တွင် စစ်ကောင်စီတပ်သား ၁၄,၇၃၉ ဦး၊ ပြည်သူ့ကာကွယ်ရေးတပ်သား ၁,၀၅၈ ဦး နှင့် ပြည်သူ ၃,၈၆၉ ဦး ပါဝင်သည်။

## စစ်ကောင်စီတပ်သား သေဆုံးမှု

စစ်ကောင်စီတပ်သားသေဆုံးမှုဖြစ်စဉ်များကို လေ့လာရာတွင် အဓိကအားဖြင့် နှစ်ဖက်အပြန်အလှန်တိုက်ပွဲ ဖြစ်ပွဲမှုများကြောင့် အများဆုံး သေဆုံးခဲ့ကြရပြီး ရာခိုင်နှုန်းအားဖြင့် ၇၉ ရာခိုင်နှုန်းကျော်တွေ့ရသည်။




ထူးခြားဖြစ်စဉ်အနေဖြင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အတွင်း ကျောက်ကြီးမြို့နယ်၊မုန်းမြို့ကစစ်ကောင်စီတပ်စခန်းများကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)နှင့် တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့များကတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီ တပ်သား ၁၂၀ ဦး သေဆုံးခဲ့သည်။[2]

ဒုတိယအများဆုံးအနေဖြင့် မိုင်းဆွဲတိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် စစ်ကောင်စီတပ်သားများ သေဆုံးခဲ့ကြရပြီး ရာခိုင်နှုန်းအားဖြင့် ၁၂ ရာခိုင်နှုန်းကျော် တွေ့ရသည်။ ထို့အပြင် အခြားသောအကြောင်းအရင်းဖြစ်စဉ်များကြောင့်လည်း စစ်ကောင်စီတပ်သားများ သေဆုံးခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၉ ရာခိုင်နှုန်းနီးပါး တွေ့ရသည်။

[1] People’s Defense Force Dashboard (Fatalities), BNI-Myanmar Peace Monitor , 31 March 2024

[2] မုန်းမြို့တိုက်ပွဲမှာ စစ်ကောင်စီတပ်သား ၁၂၀ သေဆုံးကြောင်း KNU ပြော၊ မြစ်ကြီးနားဂျာနယ်၊ ၉ ဒီဇင်ဘာ ၂၀၂၃

တိုင်းနှင့်ပြည်နယ်အလိုက် စစ်ကောင်စီတပ်သားသေဆုံးမှုကို လေ့လာကြည့်ပါက စစ်ကိုင်းတိုင်းတွင် အများဆုံး သေဆုံးကြပြီး အရေအတွက်အားဖြင့် စစ်ကောင်စီတပ်သား ၄,၇၃၈ ဦး ကျဆုံးခဲ့သည်။ မကွေးတိုင်းသည် စစ်ကောင်စီတပ်သား သေဆုံးမှု ဒုတိယအများဆုံးဖြစ်ပြီး အရေအတွက်အားဖြင့် ၁,၅၂၈ ဦး သေဆုံးခဲ့သည်။ အခြားသောတိုင်းနှင့်ပြည်နယ်များဖြစ်သည့် ပဲခူး၊ ကရင်၊ ချင်း၊ တနင်္သာရီ၊ မွန်၊ ရှမ်း၊ ကယား၊ မန္တလေး၊ ကချင်၊ ရခိုင်၊ ရန်ကုန်၊ ဧရာဝတီနှင့် နေပြည်တော်တို့တွင်လည်း စစ်ကောင်စီတပ်သားများသေဆုံးခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ၊ ၁ ရက် မှ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက်အထိ ၂ နှစ်တာအတွင်း စစ်ကောင်စီတပ်သား သေဆုံးမှုအခြေအနေကို လ အလိုက် လေ့လာကြည့်ပါက ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် အများဆုံးသေဆုံးခဲ့ပြီး အရေအတွက်အားဖြင့် ၉၈၁ ဦး သေဆုံးခဲ့သည်။ ပျမ်းမျှအားဖြင့် တစ်လလျှင် စစ်ကောင်စီတပ်သား ၆၁၄ ဦးခန့် သေဆုံးသည်ဟုဆိုရမည်။




## ပြည်သူ့ကာကွယ်ရေးတပ်သားသေဆုံးမှု

ပြည်သူ့ကာကွယ်ရေးတပ်သားသေဆုံးမှုဖြစ်စဉ်များကို လေ့လာရာတွင်လည်း အများစုသည် နစ်ဖက်အပြန်အလှန် တိုက်ပွဲဖြစ်ပွဲမှုများကြောင့် သေဆုံးခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၇၅ ရာခိုင်နှုန်းနီးပါး တွေ့ရသည်။ ဒုတိယအများဆုံးအနေဖြင့် လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်ဖြစ်စဉ်များကြောင့် ပြည်သူ့ကာကွယ်ရေးတပ်သားများ သေဆုံးခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၁၇ ရာခိုင်နှုန်းကျော် တွေ့ရသည်။

---

[3] မြင်းမူမှာ PDF တပ်ဖွဲ့ဝင် ၂၅ ဦးထက် မနည်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရ၊ အာအက်ဖ်အေ၊ ၂၃ စက်တင်ဘာ ၂၀၂၃







ထူးခြားဖြစ်စဉ်အနေဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့က မြင်းမူ မြို့နယ်၊ ခြေရာတော် ကျေးရွာအနီးတွင် စစ်ကောင်စီတပ်၏ ဖမ်းဆီး၊ ပစ်ခတ် သတ်ဖြတ်မှုကြောင့် ပြည်သူ့ကာကွယ်ရေး တပ်သား ၂၅ ဦး အစုလိုက် အပြုံလိုက် သေဆုံးခဲ့သည်။ [3]

ထို့အပြင် အခြားသော အကြောင်း အရင်းဖြစ်စဉ်များကြောင့်လည်း ပြည်သူ့ ကာကွယ်ရေးတပ်သားများ သေဆုံးခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၈ ရာခိုင်နှုန်းနီးပါး တွေ့ ရသည်။

တိုင်းနှင့်ပြည်နယ်အလိုက် ပြည်သူ့ ကာကွယ်ရေးတပ်သားသေဆုံးမှုကို လေ့လာ ကြည့်ပါက စစ်ကိုင်းတိုင်းတွင် အများဆုံး သေဆုံးကြပြီး အရေအတွက်အားဖြင့်ပြည်သူ့ ကာကွယ်ရေးတပ်သား ၄၆၆ ဦး ကျဆုံးခဲ့ သည်။ မကွေးတိုင်းသည် ပြည်သူ့ကာကွယ် ရေးတပ်သား သေဆုံးမှု ဒုတိယအများဆုံး ဖြစ်ပြီး အရေအတွက်အားဖြင့် ၁၂၆ ဦး သေဆုံးခဲ့သည်။ အခြားသော တိုင်းနှင့်ပြည် နယ်များဖြစ်သည့် ချင်း၊ ရှမ်း၊ ကယား၊ တနင်္သာရီ၊ ပဲခူး၊ ကရင်၊ မန္တလေး၊ မွန်၊ ကချင်၊ ရန်ကုန်၊ ဧရာဝတီ နှင့် နေပြည်တော် တို့တွင်လည်း ပြည်သူ့ကာကွယ်ရေး တပ်သားများ သေဆုံးခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ၊ ၁ ရက် မှ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက်အထိ ၂ နှစ်တာ အတွင်း ပြည်သူ့ကာကွယ်ရေး တပ်သား သေဆုံးမှုအခြေအနေကို လ အလိုက်

လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် ပြည်သူ့ကာကွယ်ရေးတပ်သား အများဆုံး သေဆုံးခဲ့ပြီး အရေအတွက်အားဖြင့် ၇၃ ဦး သေဆုံးခဲ့သည်။ ပျမ်းမျှအားဖြင့် တစ်လလျှင် ပြည်သူ့ကာကွယ်ရေးတပ်သား ၄၄ ဦးခန့် သေဆုံးနေသည်။

## အရပ်သားပြည်သူသေဆုံးမှု

အရပ်သားပြည်သူ သေဆုံးမှုဖြစ်စဉ်များကို လေ့လာရာတွင် အဓိကအားဖြင့် အရပ်သားပြည်သူများအပေါ် တိုက်ရိုက်ဦးတည် သတ်ဖြတ်မှုဖြစ်စဉ်များကြောင့် အများဆုံး သေဆုံးနေကြရပြီး ရာခိုင်နှုန်းအားဖြင့် ၄၅ ရာခိုင်နှုန်းကျော်တွေ့ရသည်။ ဒုတိယအများဆုံးအနေဖြင့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ပြည်သူများသေဆုံးခဲ့ကြရပြီး ရာခိုင်နှုန်းအားဖြင့် ၁၈ ရာခိုင်နှုန်းနီးပါး တွေ့ရသည်။




ထူးခြားဖြစ်စဉ်အနေဖြင့် ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာကို စစ်ကောင်စီတပ်က လေကြောင်းဖြင့်ပုံးကြဲတိုက်ခိုက်မှုကြောင့်သေဆုံးသူ ၁၆၈ ဦးတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်နှင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ဝင် ၁၈ ဦးသာပါဝင်ပြီး ကျန် ၉၀ ရာခိုင်နှုန်းခန့်သည် အရပ်သားပြည်သူများဖြစ်ကြောင်း တွေ့ရသည်။ [4]

စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ် တိုက်ခိုက်မှု၊ နစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့်လည်း အရပ်သားပြည်သူများသေဆုံးခဲ့ရပြီး ရာခိုင်နှုန်းအားဖြင့် ၁၃ ရာခိုင်နှုန်း နီးပါးစီ တွေ့ရသည်။ ထို့အပြင် အခြားသောအကြောင်းအရင်း ဖြစ်စဉ်များကြောင့်လည်း ပြည်သူများ သေဆုံးခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၁၁ ရာခိုင်နှုန်းနီးပါး တွေ့ရသည်။

---

4 ပဇီကြီးကျေးရွာတိုက်ခိုက်ခံရမှုဖြစ်စဉ်တွင် သေဆုံးသူများ၌ ပလဖ၊ ပအဖ ၁၈ ဦးသာပါဝင်ပြီး အများစုမှာ အရပ်သားများဖြစ်၊ မဇ္ဈိမ၊ ၁၆ ဧပြီ ၂၀၂၃

တိုင်းနှင့်ပြည်နယ်အလိုက် အရပ်သားပြည်သူသေဆုံးမှုကို လေ့လာကြည့်ပါက ခုခံတော်လှန်စစ် ပြင်းထန်ရာ စစ်ကိုင်းတိုင်းတွင် အများဆုံး သေဆုံးကြပြီး အရေအတွက်အားဖြင့် ပြည်သူ ၁၁၀၈ ဦး သေဆုံးခဲ့သည်။ ရှမ်းပြည်နယ်သည် အရပ်သားပြည်သူ သေဆုံးမှု ဒုတိယအများဆုံးဖြစ်ပြီး အရေအတွက်အားဖြင့် ၃၉၃ ဦး သေဆုံးခဲ့သည်။ အခြားသောတိုင်းနှင့်ပြည်နယ်များဖြစ်သည့် ကချင်၊ မန္တလေး၊ ရခိုင်၊ ပဲခူး၊ တနင်္သာရီ၊ မကွေး၊ ကရင်၊ ရန်ကုန်၊ မွန်၊ ချင်း၊ ကယား၊ ဧရာဝတီနှင့်နေပြည်တော်တို့တွင်လည်း အရပ်သားပြည်သူများ သေဆုံးခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ၊ ၁ ရက် မှ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက်အထိ ၂ နှစ်တာအတွင်း ပြည်သူသေဆုံးမှုအခြေအနေကို လ အလိုက် လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် ပြည်သူအများဆုံး သေဆုံးခဲ့ပြီး အရေအတွက်အားဖြင့် ၂၇၁ ဦးခန့် သေဆုံးခဲ့သည်။ ပျမ်းမျှအားဖြင့် လစဉ် ပြည်သူ ၁၆၁ ဦးခန့် သေဆုံးနေကြောင်း တွေ့ရသည်။

## တွေ့ရှိချက်

၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လအထိ တစ်နှစ်တာကာလသည် မြန်မာနိုင်ငံတဝှမ်း စစ်ရေးပဋိပက္ခအရှိန် အမြင့်ဆုံးကာလဟု ဆိုနိုင်ပြီး အာဏာသိမ်းစစ်အုပ်စု၏ မြေပြင်စစ်အင်အား သိသာစွာလျော့ကျသွားခြင်း၊ စစ်စခန်းလက်လွှတ်ဆုံးရှုံးရမှုနှင့် နယ်မြေဆုံးရှုံးမှုများ ခပ်စိပ်စိပ် တွေ့ရှိလာရသည့် နှစ်အဖြစ် တွေ့ရှိရပါသည်။

တဆက်တည်းတွင် နိုင်ငံတဝှမ်း လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ နယ်မြေပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ ပဋိပက္ခအတွင်း တိုက်ရိုက်ပါဝင်ပတ်သတ်နေကြသည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ သေဆုံးမှု အရေအတွက်သည်လည်း ပိုမိုများပြားလာနေပါသည်။ အလားတူ ပဋိပက္ခဖြစ်ပွားရာ နယ်မြေများအတွင်းရှိ အရပ်သားပြည်သူများ၏ သက်ရှင်ရပ်တည်ရေးနှင့် လုံခြုံရေးသည်လည်း အလွန်စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေပါသည်။

မည်သို့ဆိုစေ စစ်ရေးပဋိပက္ခဖြစ်စဉ်များ ဆက်လက်မြင်တွေ့နေရဦးမည့် မြန်မာနိုင်ငံအတွင်း အရပ်သားပြည်သူများအပါအဝင် စစ်ကောင်စီတပ်သားနှင့် ပြည်သူ့ကာကွယ်ရေးတပ်သားများ၏ သေဆုံးမှုများကို ဆက်လက်မြင်တွေ့နေရဦးမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

# ပိုမိုတိုးပွားလာသည့်
# စစ်ရှောင်ကိန်းဂဏန်းများ

## ပိုမိုတိုးပွားလာသည့် စစ်ရှောင်ကိန်းဂဏန်းများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုစတင်ချိန်မှ ၂၀၂၄ ခုနှစ် မေလ ၂၅ ရက်အထိ လပေါင်း ၄၀ အတွင်း မြန်မာနိုင်ငံတဝှမ်း စစ်ဘေးရှောင်ပြည်သူပေါင်း သုံးသန်းကျော် ( ၃,၀၇၆,၂၅၀ ဦး ) အထိ ရှိလာပြီး ၂၀၂၃ ခုနှစ်သည် စစ်ဘေးရှောင်အရေအတွက် အများဆုံးနှစ်အဖြစ် တွေ့ရှိရပါသည်။ [1]




၂၀၂၁ ခုနှစ်တွင် စစ်ဘေးရှောင် နှစ်သိန်းခွဲကျော်၊ ၂၀၂၂ ခုနှစ်တွင် စစ်ဘေးရှောင် ကိုးသိန်းနီးပါးနှင့် ၂၀၂၄ ခုနှစ် ၅ လတာအတွင်း ငါးသိန်းကျော် အထိ နှစ်အလိုက် တွေ့ရှိရပါသည်။

စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်ဟူသမျှ ချုပ်ငြိမ်းရေးအတွက် ဦးတည်တိုက်ပွဲဝင်နေကြရသည့် တော်လှန်ရေးအင်အား စုများ၏ အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ်သည်

[1] Internally Displaced Persons Situation in Myanmar, BNI-MPM, 28 May 2024

ထိုးစစ်အသွင်သို့ ပြောင်းလဲလာခဲ့သည့် ၂၀၂၃ ခုနှစ်တွင် စစ်ဘေးရှောင် အရေအတွက် အများဆုံး ဖြစ်နေသည်ကို ထောက်ရှုကြည့်ပါက စစ်ရေးစစ်ဘောင်နယ်မြေ ကျယ်ပြန့်လာသည်နှင့်အမျှ အရပ်သားပြည်သူများ၏ လုံခြုံရေးနှင့် အသက်ရှင်သန်ရေးသည် ပိုမိုခြိမ်းခြောက်ခံနေရသည်ဟု ဆိုနိုင်ပါသည်။

မိမိတို့ BNI-Myanmar Peace Monitor ၏ လေ့လာတွေ့ရှိချက်အရ နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်နေကြရသည့် ဖြစ်စဉ်အများစုတွင် တောင်တန်းမြေပြန့်ဒေသအလိုက် ကျေးရွာများ အတွင်း စစ်ကောင်စီလက်အောက်ခံ စစ်ကြောင်းများ ဝင်ရောက်ခြင်း၊ အဝေးမှ လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက် ခြင်းတို့ကြောင့် ဖြစ်ကြောင်း သတိပြုမိပါသည်။ ထို့အပြင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေး အင်အားစုများအကြား တိုက်ပွဲဖြစ်ပွားမှု များကြောင့် ထွက်ပြေးတိမ်းရှောင်ရသည့် ဖြစ်စဉ်များကို လည်း တွေ့ရပါသည်။

မြန်မာနိုင်ငံတဝှမ်း စစ်ဘေးရှောင်ဆိုင်ရာ ကိန်းဂဏန်းများကို ဒေသအလိုက် လေ့လာကြည့်ပါက စစ်ကိုင်းတိုင်းတွင် စစ်ဘေးရှောင် အရေအတွက် ၁ ဒသမ ၃ သန်းကျော်နှင့် အများဆုံးဖြစ်ပြီး ပဲခူးတိုင်း (အရှေ့ပိုင်း)၊ မကွေးတိုင်း၊ ကရင်ပြည်နယ်၊ ကရင်နီပြည်(ကယား)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တနင်္သာရီတိုင်း နှင့် မွန်ပြည်နယ် တို့တွင်လည်း စစ်ဘေးရှောင်အရေအတွက် သိန်းနှင့်ချီသည်အထိ

| တိုင်းနှင့် ပြည်နယ် | စစ်ဘေးရှောင်အရေအတွက် |
|---|---|
| Sagaing | 1373750 |
| Bago (East) | 360328 |
| Magway | 278400 |
| Kayin | 274532 |
| Kayah | 156277 |
| Shan (South) | 147344 |
| Tanintharyi | 104240 |
| Mon | 101750 |
| Chin | 81590 |
| Shan (North) | 62809 |
| Kachin | 57190 |
| Mandalay | 45900 |
| Rakhine | 26540 |
| Bago (West) | 5600 |
| Grand Total | 3076250 |

များပြားနေပါသည်။

ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) ၏ ၂၀၂၄ ခုနှစ် ဇွန်လ ၃ ရက် နေ့ ထုတ်ပြန်ချက်အရ ၅ သိန်း ဝန်းကျင်ရှိ ချင်းပြည်နယ်အတွင်း လူဦးရေ၏ ထက်ဝက်ခန့် (၂၅၀၀၀၀ နီးပါး) သည် ပြည်တွင်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) နှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့ကတော့ ယခုလ (ဇွန်လ) မှ လာမည့်ဩဂုတ်လအထိ သုံးလတာအတွင်း မြန်မာနိုင်ငံ အတွင်းရှိ ပြည်သူပေါင်း ၂ ဒသမ ၇ သန်းသည် စားနပ်ရိက္ခာ မလုံလောက်မှု အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ရနိုင်သည်ဟု အစီရင်ခံထားသည်။

၂၀၂၄ ခုနှစ် ဇွန်လ ၅ ရက်၊ ၎င်းတို့၏ ပူးတွဲထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတဝှမ်း စစ်ရေးပဋိပက္ခများ ပိုမိုပြင်းထန်နေခြင်းကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူ အရေအတွက်သည် နေ့စဉ်တိုးပွားလာသည့်တိုင် အစားအသောက်နှင့် အကူအညီပေးရေးကိစ္စရပ်များအား ကန့်သတ်ခံနေရကြောင်းနှင့် ၂၀၂၄ ခုနှစ်အတွင်း မြန်မာပြည်သူပေါင်း ၁၃ သန်းကျော်အထိ စားနပ်ရိက္ခာ မလုံလောက်မှုကို ကြုံတွေ့ရနိုင်ကြောင်း သတိပေးထားပါသည်။ [2] ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့က ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ စာရင်းအရ ဆိုလျှင်လည်း မြန်မာနိုင်ငံတဝှမ်း အရေးပေါ် လူသားချင်းစာနာမှုအကူအညီလိုအပ်နေသူပေါင်း ၁၈ ဒသမ ၆သန်း ရှိနေပြီး နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်အထိ ရှိနေသည်ဟု ဆိုပါသည်။ [3]

စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် ခုခံတော်လှန်စစ် အရှိန်အဟုန်မြင့်တက်လာသည်နှင့်အမျှ စစ်မက်ဖြစ်ပွားရာ နယ်မြေဧရိယာသည် တရွေ့ရွေ့ဖြင့် ကျယ်ပြန့်လာခဲ့သည်။ အာဏာသိမ်းစစ်အုပ်စုထံမှ စခန်းသိမ်း၊ မြို့သိမ်းဖြစ်စဉ်များအား ခပ်စိပ်စိပ်တွေ့ရှိနေရသော်လည်း စစ်ပွဲနှင့်အတူ အာဏာသိမ်းစစ်အုပ်စု၏ရန်မှ တိမ်းရှောင်ထွက်ပြေးနေကြရသည့် မြန်မာပြည်သူလူထုအတွက်မူ ပြေးရှောင်စရာနယ်မြေ ပိုမိုကျဉ်းကြပ်လာခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။ ပြေးရှောင်စရာနယ်မြေ ပိုမိုကျဉ်းမြောင်းလာနေသော စစ်၏မြေဇာပင်များ၊ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေကြရသော အရပ်သားပြည်သူများ၏အရေးကို လက်တွေ့ကျကျဖေးမကူညီနိုင်ဖို့အတွက် အထူးလိုအပ်နေပြီ ဖြစ်သည်။

---

2 မြန်မာနိုင်ငံမှာ လူသုံးသန်းခန့် စားနပ်ရိက္ခာမလုံလောက်မှု အရေးပေါ်အခြေအနေ ကြုံတွေ့နိုင်၊ အာအက်ဖ်အေ၊ ၅ ဇွန် ၂၀၂၄

3 ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA), မတ်လ ၂၀၂၄ ခုနှစ် https://www.unocha.org/publications/report/myanmar/myanmar-humanitarian-update-no-36-3-march-2024

နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေကြရသော အရပ်သားပြည်သူများ၏အရေးသည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် တော်လှန်ရေးအင်အားစုအသီးသီးအတွက် အလေးအနက်ကိုင်တွယ်ဖြေရှင်းရမည့် အကြောင်းချင်းရာဖြစ်သကဲ့သို့ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများအနေဖြင့်လည်း အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား အမှန်တကယ်လိုအပ်နေသူများထံ တိုက်ရိုက်ရောက်ရှိနိုင်မည့် နည်းလမ်းများအား အမြန်ဆုံးရှာဖွေချဉ်းကပ်သင့်ပြီဖြစ်ကြောင်း တင်ပြအပ်ပါသည်။

# အာဏာသိမ်းစစ်အုပ်စု၏

# လေကြောင်း

# တိုက်ခိုက်မှုများ

# အာကာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ

BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မှ ၂၀၂၄ ခုနှစ် မတ် ၃၁ ရက် အထိ သုံးနှစ်ကျော်ကာလအတွင်း နိုင်ငံတဝှမ်း အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ် တိုက်ခိုက်မှုဖြစ်စဉ်ပေါင်း ၉၇၃ ခု အထိ ရှိခဲ့ပါသည်။

အဆိုပါလေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များကို လေ့လာကြည့်လျှင် ၂၀၂၄ ခုနှစ်မတ်လသည် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှု အများဆုံးလအဖြစ် တွေ့ရှိရပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလသည် ဒုတိယမြောက် လေကြောင်းတိုက်ခိုက်မှု အများဆုံးလအဖြစ် တွေ့ရှိရပါသည်။




မိမိတို့ BNI-Myanmar Peace Monitor အနေဖြင့် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်များကို မှတ်တမ်းပြုရာတွင် လေကြောင်းတိုက်ခိုက်မှုများ၏ ပစ်မှတ်ထားမှုကို အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားမှု၊ မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF-LDF) များအပေါ် ပစ်မှတ်ထားမှုနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များအပေါ် ပစ်မှတ်ထားမှုအဖြစ် အပိုင်း (၃) ပိုင်း ခွဲခြားစောင့်ကြည့်ခဲ့ပါသည်။

လေ့လာတွေ့ရှိချက်အရ အရပ်သားပြည်သူများနေထိုင်ရာ မြို့၊ ရွာ၊ ရပ်ကွက်များ၊ စာသင်ကျောင်း၊ ဆေးရုံးဆေးခန်းနှင့် စစ်ဘေးရှောင်စခန်းများကို ပစ်မှတ်ထားတိုက်ခိုက်မှုသည် လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှု ဖြစ်စဉ်အားလုံး၏ (၄၀) ရာခိုင်နှုန်းနီးပါး အထိရှိကာ အများဆုံးပစ်မှတ်ထား ခံနေရသည်ဟု ဆိုနိုင်ပါသည်။

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးရွာလေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခံရမှုဖြစ်စဉ်နှင့် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ အနန့်ပါဒေသဖြစ်စဉ်တို့ကဲ့သို့သော အရပ်သားပြည်သူ

များ အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသည့် ဖြစ်စဉ်များသည် စစ်ကောင်စီတပ်၏လေကြောင်းမှ တဆင့် ပုံးကြဲတိုက်ခိုက်မှုများသည် အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်မှတ်ထား တိုက်ခိုက်နေကြောင်းပြသနေပါသည်။

ထို့အပြင် အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့ (ERO) များ၏ ထိန်းချုပ်နယ်မြေများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုသည်လည်း (၄၇) ရာခိုင်နှုန်းနီးပါးအထိ ရှိနေသည်ကို တွေ့ရပါသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU/KNLA) ၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIO/KIA)၊ ရက္ခိုင့်တပ်တော် (ULA/AA)၊ တအာင်းအမျိုးသားတပ် (TNLA)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP/ KA)၊ ချင်းအမျိုးသားတပ်ဦး (CNF/CNA)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PNLO/PNLA)၊ ကိုးကန့်တပ်ဖွဲ့ (MNDAA)၊ မြောက်ပိုင်းမဟာမိတ် (NA-B)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) နှင့် ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF) တို့၏ ထိန်းချုပ်နယ်မြေများအပေါ် လေကြောင်းမှတဆင့် ပစ်မှတ်ထား တိုက်ခိုက်ခဲ့ပါသည်။ ထိုအထဲ KNU/KNLA နှင့် KIO/KIA တို့သည် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်မှုများကို အများဆုံးခံရသည့် ERO များအဖြစ် တွေ့ရှိရပါသည်။




စစ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်ပေါက်ဖွားလာခဲ့သည့် PDF – LDF များအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုသည် လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်အားလုံး၏ ၂၇ ရာခိုင်နှုန်းကျော်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် အာဏာသိမ်းစစ်ကောင်စီ အုပ်စုသည်နိုင်ငံတဝှမ်းလုံးရှိ ရာနှင့်ချီသော PDF-LDF များအား ဘက်ပေါင်းစုံမှ ထောက်ကူပံ့ပိုးလျက်ရှိသည့် အရပ်သားပြည်သူများနှင့် ERO များအပေါ် အဓိကပစ်မှတ်ထား တိုက်ခိုက်နေသည်ဟုလည်း ကောက်ချက်ချနိုင်ပါသည်။




စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ် တိုက်ခိုက်မှုများကို တိုင်းနှင့် ပြည်နယ်အလိုက်နှိုင်းယှဉ်လေ့လာကြည့်ပါက ခံတော်လှန်စစ် ပြင်းထန်ရာ စစ်ကိုင်းတိုင်းသည် ၂၀၅ ခု အထိ အများဆုံးဖြစ်ခဲ့ပြီး ကရင်ပြည်နယ်သည် ၁၄၇ ခုဖြင့် ဒုတိယအများဆုံးဖြစ်ခဲ့သည်ကို တွေ့ရပါသည်။ ရခိုင်၊ ကချင်၊ ကရင်နီ (ကယား)၊ ရှမ်း၊ ချင်း၊ ပဲခူး၊ မကွေး၊ မွန်၊ တနင်္သာရီ၊ မန္တလေး၊ နေပြည်တော် စသည့် ဒေသများသည်လည်း လေကြောင်းမှ တိုက်ခိုက်ခံခဲ့ရသည်ကို တွေ့ရပါသည်။ စစ်အာဏာသိမ်း ကာလတလျှောက် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှု မခံရသည့် ဒေသများအဖြစ် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့သာ ကျန်ရှိသည်ကို တွေ့ရသည်။

ဆိုရသော် တောင်တန်းမြေပြန့်ဒေသအလိုက် နွေဦးတော်လှန်ရေး၏ ခံတော်လှန်စစ်သည် အရှိန်အဟုန် မြင့်လာသည်နှင့်အမျှ အာဏာသိမ်းစစ်ကောင်စီ၏ မြေပြင်စစ်ကြောင်းများ အင်အားချိနဲ့လာနေကြောင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများက သက်သေပြနေပါသည်။

ပြည်သူလူထု၏ ထောက်ခံအားပေးမှုဖြင့် ချီတက်နေသည်ဆိုသော တော်လှန်ရေးအင်အားစုများအနေဖြင့် အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းအန္တရာယ်ကို မကာကွယ်နိုင်သေးသည့်တိုင် အရှိန်မြင့် လုပ်ဆောင်လာနေသော စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ပစ်မှတ်ထား ဗုံးကြဲတိုက်ခိုက်မှုများကိုတော့ သတိကြီးစွာဖြင့် ရှောင်လွှဲနိုင်ရန် ပြင်ဆင်ထားသင့်ပါသည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများအနေဖြင့်လည်း စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့်ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများအား ရပ်တန့်ပစ်နိုင်ရေးအတွက် ပြင်ဆင်ကြိုးပမ်းသင့်ပြီ ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(BNI-Myanmar Peace Monitor အနေဖြင့် လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များကို ကောက်ယူမှတ်တမ်းပြုရာတွင် နယ်မြေဒေသအလိုက် တရက်လျှင် ဖြစ်စဉ်တစ်ခုအဖြစ်သာ မှတ်တမ်းပြုထားခြင်းဖြစ်ပြီး အကြိမ်ရေအားဖြင့်မူ ဖော်ပြပါကိန်းဂဏန်းများထက် ပိုမိုများပြားနိုင်ပါသည်)

# ပဋိပက္ခ ဖြေရှင်းရေးထက်
# အကျိုးစီးပွားအခြေပြု
# တွေ့ဆုံဆွေးနွေးမှုများ
# ပိုကဲသည့်နှစ်



# ပဋိပက္ခဖြေရှင်းရေးထက် အကျိုးစီးပွားအခြေပြု တွေ့ဆုံဆွေးနွေးမှုများ ပိုကဲသည့်နှစ်

BNI – Myanmar Peace Monitor မှ တွေ့ဆုံဆွေးနွေးမှုဆိုင်ရာ အခြေအနေများ မှတ်တမ်းယူရာ၌ ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လအထိ တွေ့ဆုံဆွေးနွေးမှုများကို မှတ်တမ်းပြု ကောက်ယူထားခြင်း ဖြစ်ပါသည်။ ယခုမှတ်တမ်းပြု ကောက်ယူခဲ့သည့် တစ်နှစ်တာအတွင်း ငြိမ်းချမ်းရေးကို ဦးတည်သည့် တွေ့ဆုံဆွေးနွေးမှု အလွန်နည်းပါးကို လေ့လာတွေ့ရှိရသည်။

တွေ့ဆုံဆွေးနွေးမှုဆိုရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များ အချင်းချင်းကြားသော်လည်းကောင်း၊ ERO အဖွဲ့များနှင့် စစ်ကောင်စီကြားသော်လည်းကောင်း၊ ERO အဖွဲ့များနှင့် နိုင်ငံတကာ ကိုယ်စားလှယ်အဖွဲ့များကြားသော်လည်ကောင်း၊ စစ်ကောင်စီနှင့် နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့များကြားသော်လည်ကောင်း ပြုလုပ်ခဲ့သည့် တွေ့ဆုံဆွေးနွေးမှုများကို ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်သည်။

# ERO အဖွဲ့များနှင့် စစ်ကောင်စီကြား တွေ့ဆုံမှုများ

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် (၇) ဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ၂ ရက်ကြာ ပြုလုပ်စဉ်အတွင်း မတ်လ ၁၈ ရက်နေ့တွင် စုဖွဲ့မှုပုံစံသစ်အဖြစ် မဟာမိတ်အဖွဲ့ 7 Ethnic Armed Organizations Alliance (7 EAO Alliance) ကို ပြောင်းလဲဖွဲ့စည်းခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင် (၇) ဖွဲ့၏ မဟာမိတ်အဖွဲ့ "7 EAO Alliance" တွင် အဖွဲ့ခေါင်းဆောင်အဖြစ် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ RCSS ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်နှင့် ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် မွန်ပြည်သစ်ပါတီ NMSP ဒု-ဥက္ကဋ္ဌ နိုင်အောင်မင်း တို့ကိုတာဝန်ပေးအပ်ပြီး ချမှတ်ထားသောလုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရေးအတွက် လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ချင်းစီမှ ကိုယ်စားပြုတစ်ဦးစီပါဝင်သော အတွင်းရေးမှူးအဖွဲ့ကိုလည်း ဖွဲ့စည်းထားသည်။ [1]

မဟာမိတ်အဖွဲ့ ပြောင်းလဲဖွဲ့စည်းသည့် ရည်ရွယ်ချက်က နိုင်ငံရေးပြဿနာကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းနည်းနှင့် အဖြေရှာရန် ကြိုးပမ်းရေး၊ သက်ဆိုင်သူများအားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲဖြစ်မြောက်ရန် ကြိုးပမ်းလုပ်ဆောင်မည်ဖြစ်ပြီး ပြည်သူလူထုကို အကာအကွယ်ပေးရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများ လုပ်ဆောင်သွားရန်ဆိုသည့် ရည်မှန်းချက် ၃ ခုက အဓိက ကျောရိုးဖြစ်ကြောင်း 7 EAO Alliance အဖွဲ့ တွဲဖက်အတွင်းရေးမှူးဖြစ်သူ KNU/KNLA (PC) မှ ဗိုလ်မှူးကြီးစောကျော်ညွန့်က ပြောသည်။

လေ့လာစောင့်ကြည့်မှု ကာလအတွင်း အပစ်ရပ် ERO ၅ ဖွဲ့နှင့် စစ်ကောင်စီလက်အောက်ခံ ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) အကြား တွေ့ဆုံမှုက ၂ ကြိမ်ရှိပြီး အပစ်ရပ် ERO ၇ ဖွဲ့နှင့် စစ်ကောင်စီတို့ တွေ့ဆုံမှုကလည်း ၂ ကြိမ်သာ ရှိခဲ့သည်ကို တွေ့ရှိရသည်။ ထိုသို့တွေ့ဆုံရာတွင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရေးထက် စစ်ကောင်စီက လိုလားနေသော ငြိမ်းချမ်းရေးညီလာခံကျင်းပရေး၊ အထွေထွေရွေးကောက်ပွဲ ပြုလုပ်ကျင်းပနိုင်ရေးတို့သာ ဦးတည်ဆွေးနွေးခဲ့ကြသည်ကို လေ့လာတွေ့ရှိရသည်။

အပစ်ရပ် NCA လက်မှတ်ထိုးထားသည့် ERO ၅ ဖွဲ့ဖြစ်သည့် ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၆ ရက်က နေပြည်တော်တွင် NSPNC နှင့် တွေ့ဆုံပြီး ငြိမ်းချမ်းရေးညီလာခံကျင်းပရေး အပါအဝင် ငြိမ်းချမ်းရေးကိစ္စများ ဆွေးနွေးခဲ့သည်။ [2]

---

[1] NCA အဖွဲ့ ဘာကြောင့် "7 EAO Alliance" ပြောင်းလဲခဲ့လဲ, သျှမ်းသံတော်ဆင့်, 20 March 2024

[2] ငြိမ်းချမ်းရေးညီလာခံကျင်းပရေး စစ်မတိုက်တော့သည့် ၅ ဖွဲ့နှင့် စစ်ကောင်စီဆွေးနွေး,DVB, 27 June 2023

အပစ်ရပ် ERO အဖွဲ့တစ်ဖွဲ့ဖြစ်သည့် မွန်ပြည်သစ်ပါတီ (NMSP) ကိုယ်စားလှယ်များသည် ဇူလိုင် ၅ ရက်က နေပြည်တော်တွင် စစ်ကောင်စီ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး ထိုတွေ့ဆုံမှုကို ဇွန်လ ၆ ရက်ထိ ၂ ရက်ကြာ ဆက်လက်ဆွေးနွေးခဲ့ပေမယ့် တွေ့ဆုံဆွေးနွေးမှု အကြောင်းအရာများကို ထုတ်ပြန်ခြင်းမရှိပါ။ [3]



*ဇူလိုင် - ၁၂ ရက်နေ့ RCSS နဲ့ NSPNC တို့ တွေ့ဆုံဆွေးနွေးစဉ်*

အလားတူ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) နှင့် စစ်ကောင်စီ လက်အောက်ခံ NSPNC တို့သည် ၂၀၂၃ ဇူလိုင် ၁၁ ရက်က နေပြည်တော်၌ တွေ့ဆုံခဲ့ရာတွင် ငြိမ်းချမ်းရေး ညီလာခံပြုလုပ်ရန်နှင့် ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေးတို့နှင့်ဆိုင်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ [4] ထပ်မံ၍ စက်တင်ဘာ ၂၁ ရက်နေ့၌ နေပြည်တော်တွင် RCSS/SSA နှင့် NSPNC တို့တွေ့ဆုံခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာ ဒေသများတွင် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။ [5]

တဖက်တွင်လည်း စစ်ကောင်စီလက်အောက်ခံ NSPNC နှင့် မြောက်ပိုင်းအင်အားကြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များဖြစ်သည့် UWSA, NDAA, SSPP တို့ မတ်လ ၂၂ ရက်က

[3] မွန်ပြည်သစ်ပါတီနှင့် စစ်ကောင်စီ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တွေ့ဆုံ, Mon News Agency, 6 July 2023

[4] ငြိမ်းချမ်းရေး ညီလာခံ ပြုလုပ်ရန် RCSS နှင့် NSPNC တို့က နေပြည်တော်မှာ တွေ့ဆုံဆွေးနွေး, သျှမ်းသံတော်ဆင့်, 12 July 2023

[5] လက်နက်ကိုင်ဒေသမှာ ရွေးကောက်ပွဲကျင်းပနိုင်ရေး RCSS နှင့် NSPNC ဆွေးနွေး, CNI, 21 September 2023




*၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်က နစက ငြိမ်းချမ်းရေးအဖွဲ့နဲ့ UWSA-NDAA- SSPP တို့တွေ့ဆုံဆွေးနွေးနေစဉ်*

နေပြည်တော်တွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ တည်ငြိမ်ရေးအပါအဝင် အထွေထွေရွေးကောက်ပွဲ ကျင်းပရေး၊ ငြိမ်းချမ်းရေးညီလာခံကျင်းပရေးနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အခြေခံကျသော ပုဒ်မများကို ပြင်ဆင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ [6]

အပစ်ရပ် ERO ၇ ဖွဲ့သည်လည်း “7 EAO Alliance” ပြင်ဆင်ဖွဲ့စည်းပြီးနောက် ယခု ၂၀၂၄ ခုနှစ် မတ် ၂၉ ရက်က နေပြည်တော်တွင် စစ်ကောင်စီလက်အောက်ခံ NSPNC နှင့်တွေ့ဆုံပြီး လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့် နိုင်ရေးနှင့် ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

## တရုတ်အစိုးရဦးဆောင်မှုနှင့် ကူမင်းတွေ့ဆုံပွဲများ

၂၀၂၃ ခုနှစ်သည် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုများအတွက် ထူးခြားမှုရှိသည့်နှစ်ဟု ဆိုရမည်ဖြစ်သည်။ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်ဟူသမျှ ချုပ်ငြိမ်းရေးအတွက် ဦးတည်တိုက်ပွဲဝင်နေကြသည့် တော်လှန်ရေးအင်အားစုများသည် အာဏာ သိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ် ဆင်နွှဲနေရာမှ ထိုးစစ်အသွင်သို့ ပြောင်းလဲလာနိုင်ခဲ့သည့် နှစ်လည်း ဖြစ်သည်။

---

[6] ရွေးကောက်ပွဲကျင်းပရေး NSPNC နှင့် UWSA-SSPP-NDAA တို့ ဆွေးနွေး, CNI, 22 March 2023

တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုများသည် ၂၀၂၃ ခုနှစ်အတွင်း သိသာထင်ရှားမှုအဖြစ် "စစ်ဆင်ရေး" ကြီးများ ဖော်ဆောင်ပြီး အာဏာသိမ်းစစ်အုပ်စုထံမှ စခန်းသိမ်း၊ မြို့သိမ်းနိုင်ခဲ့သည့် ဖြစ်စဉ်များကို ခပ်စိပ်စိပ် တွေ့ရှိနေရသည့်နှစ်လည်း ဖြစ်ခဲ့သည်။

၂၀၂၃ အောက်တိုဘာ ၂၇ ရက်က စတင်ခဲ့သည့် မြောက်ပိုင်းညီနောင်မဟာမိတ် (၃) ဖွဲ့ဖြစ်သည့် TNLA, MNDAA, AA တို့၏ "၁၀၂၇ စစ်ဆင်ရေး" ကာလအတွင်း ရှမ်းမြောက်ဒေသရှိ မြို့နယ် ၁၅ မြို့နယ်နှင့် စစ်ကောင်စီ စခန်းပေါင်း ၄၀၀ နီးပါးကို ညီနောင်မဟာမိတ် ၃ ဖွဲ့က သိမ်းယူနိုင်ခဲ့သည်။

ထိုအထဲတွင် ချင်းရွှေဟော်၊ ကွမ်လုံ၊ မုံးကိုး၊ ကြူကုတ်(ပန်ဆိုင်း)၊ ကုန်းကြမ်း၊ သိန္နီ စသည့် မြို့များကို MNDAA၊ AA နှင့်အတူ KNDF၊ PLA၊ BPLA စသည့် မဟာမိတ်ပူးပေါင်းအဖွဲ့များက သိမ်းပိုက်ထားပြီး ဟိုပန်နှင့် ပန်လုံမြို့ကို UWSA "၀" တပ်ဖွဲ့က ထိန်းချုပ်ခဲ့သည်။ နမ့်ဆန်၊ မန်တုံ စသည့် တအာင်းဒေသက မြို့များအပြင် တရုတ်နယ်စပ် နမ့်ခမ်း၊ ကွတ်ခိုင်၊ မိုင်းလုံ၊ မိုင်းငေါ့၊ နမ္မတူ မြို့များကို TNLA နှင့် မဟာမိတ်အဖွဲ့များက သိမ်းယူထားနိုင်ခဲ့သည်။ [7]

ထိုသို့ "၁၀၂၇ စစ်ဆင်ရေး" ကာလအတွင်း မြောက်ပိုင်းညီနောင်မဟာမိတ်သုံးဖွဲ့ဘက်က တရုတ်နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသောမြို့ကြီးများနှင့် စစ်ကောင်စီတပ်စခန်းရာချီကို သိမ်းပိုက်နိုင်ခဲ့သည့်ဖြစ်စဉ်များအပေါ် မြန်မာစစ်အုပ်စုနှင့်အနီးကပ်ဆုံးရှိသည့် တရုတ်အစိုးရသည် ပြာများလာခဲ့ပြီး ၎င်းတို့၏ အကျိုးစီးပွားကို ရည်မျှော်၍ စေ့စပ်ညှိနှိုင်းသူအဖြစ် ပါဝင်လာခဲ့သည်။

တရုတ်အစိုးရ ကြားဝင်စေ့စပ်ပေးမှုဖြင့် စစ်ကောင်စီနှင့် ညီနောင်မဟာမိတ်တို့ တရုတ်နိုင်ငံ၊ ကူမင်းမြို့တွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နှစ်ရက်ကြာ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အချက် ၃ ချက် ပါဝင်သည့် "ဟိုင်ဂင်သဘောတူညီချက်များ" ဖြင့် ယာယီ အပစ်အခတ်ရပ်စဲခဲ့ကြသည်။ [8]

ထိုအချက် ၃ ချက်တွင် နှစ်ဖက်တပ်များကြား ချက်ချင်း အပစ်ရပ်စဲရန်၊ နှစ်ဖက်တပ်အကြား ပစ်ခတ်တိုက်ခိုက်မှု နှင့် ထိတွေ့မှုမရှိရန်၊ အငြင်းပွားစရာများနှင့် ပစ်ခတ်မှု ဖြစ်လာပါက တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်နှင့် ဖြေရှင်းရန် ဆိုသော အချက်သုံးချက်ကို သဘောတူခဲ့ကြခြင်း ဖြစ်သည်။

ဆိုရသော် ရှမ်းပြည်မြောက်ပိုင်းက ပြင်းထန်နေသည့် စစ်ရေးအရှိန်များ လျော့ချရန် တရုတ်နိုင်ငံ၏ ကြားဝင်ဆောင်ရွက်ပေးမှုနှင့် တရုတ်နိုင်ငံ ကူမင်းမြို့၌ စစ်ကောင်စီနှင့် မြောက်ပိုင်းညီနောင်

[7] ရှမ်းမြောက်က စစ်စခန်းတွေနဲ့ မြို့ကြီးအချို့ကို သိမ်းဖို့ကျန်နေကြောင်း မြောက်ပိုင်းသုံးဖွဲ့ထုတ်ပြန်, RFA, 10 January 2024

[8] မြောက်ပိုင်းသုံးဖွဲ့ စစ်တပ်နဲ့ ယာယီအပစ်ရပ်စဲရေး သဘောတူညီချက်ထုတ်ပြန်,RFA, 12 January 2024

မဟာမိတ် (၃) ဖွဲ့ကြား သုံးကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးပြီးမှ ဟိုင်ဂင်သဘောတူညီချက်ဖြင့် ယာယီ အပစ်အခတ်ရပ်စဲခဲ့သော်လည်း စစ်ကောင်စီနှင့် ညီနောင်မဟာမိတ်တို့ကြား ထိတွေ့တိုက်ပွဲများက ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

## ERO အဖွဲ့များနှင့် နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့များကြားတွေ့ဆုံမှု

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ PPST အဖွဲ့ဝင် NCA အပစ်ရပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် ၇ ဖွဲ့နှင့် အာဆီယံဥက္ကဌ၏ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ အထူး ကိုယ်စားလှယ် Mr.Alounkeo Kittikhoun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ ဇန်နဝါရီ ၁၀ ရက်က နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။

ထိုတွေ့ဆုံမှုအတွင်း မြန်မာ့နိုင်ငံရေးဖြေရှင်းရန် အရှေ့တောင်အာရှနိုင်ငံများအသင်းက ချမှတ်ထားသည့် ဘုံသဘော တူညီချက် ၅ ရပ်ကို အကောင်အထည် ဖော်နိုင်ရန်အတွက် NCA လက်မှတ်ထိုးထားသော တိုင်းရင်းလက်နက်ကိုင် (၇) ဖွဲ့ ဆက်ပူးပေါင်း အကောင်ထည်ဖော်သွားမည်ဟု PPST အဖွဲ့ဝင် ဦးခွန်ဥက္ကာက ပြောဆိုခဲ့သည်။ [9]

အာဆီယံက မြန်မာ့အရေးဖြေရှင်းနိုင်ရန်ဆုပ်ကိုင်ထားသည့် ဘုံသဘောတူညီချက် ၅ ရပ်ကို စစ်အာဏာသိမ်းကာလ ၃ နှစ်ကျော်လာချိန်အထိ ထိရောက်စွာ အကောင်အထည်မဖော်နိုင်သေးကြောင်း လေ့လာစောင့်ကြည့်သူများက ပြောသည်။



၂၀၂၃ ခုနှစ် မတ်လ ၂၂ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ တစ်ခုတွင် တွေ့ရသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အတိုင်ပင်ခံပုဂ္ဂိုလ် ဒဲရစ်ချောလက်။ Photo : AFP

K3C မဟာမိတ်အဖွဲ့သည် အမေရိကန် နိုင်ငံခြားရေးအတိုင်ပင်ခံ ဒဲရစ်ချောလက် (Derek Chollet) နှင့် မတ်လ ၂၈ ရက်က တွေ့ဆုံခဲ့ပြီး စစ်ရေး၊ နိုင်ငံရေး အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အတွင်းရေးမှူး (၁) ဦးအောင်ဆန်းမြင့်က ပြောသည်။ ထိုတွေ့ဆုံပွဲတွင် KNPP အပြင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် ကရင်အမျိုးသား အစည်းအရုံး (KNU) တို့ ပါဝင်ခဲ့သည်။

[9] အာဆီယံ သဘောတူညီချက် ၅ ရပ်ကို NCA လက်မှတ်ထိုး (၇) ဖွဲ့ဆက်ပူးပေါင်းမည်, သျှမ်းသံတော်ဆင့်, 11 January 2024

အမေရိကန် နိုင်ငံခြားရေးအတိုင်ပင်ခံ ဒဲရစ်ချောလက်က K3C ဟု ခေါ်သည့် တိုင်းရင်းသား လက်နက်ကိုင် မဟာမိတ်အဖွဲ့သုံးဖွဲ့ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး နိုင်ငံတကာ အသိုင်းအဝန်းအနေနှင့် အကူအညီလိုအပ်နေသူများကို အကူအညီပေးအပ်မှု တိုးမြှင့်နိုင်ရေး မြန်မာပြည်သူများအတွက် ပိုကောင်းသည့် အနာဂတ်ဖြစ်လာအောင် လုပ်နိုင်မည့် ခြေလှမ်းများကို ဆွေးနွေးခဲ့ကြသည်ဟု ၎င်း၏ဆိုရှယ်မီဒီယာ Twitter (ခေါ်) X လူမှုကွန်ရက် စာမျက်နှာတွင် ရေးသားခဲ့သည်။ [10]

ဆိုရသော် ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လအထိ တစ်နှစ်တာအတွင်း တွေ့ဆုံဆွေးနွေးမှုများတွင် NCA အပစ်ရပ် ERO အဖွဲ့နှင့် စစ်ကောင်စီကြားတွင်လည်းကောင်း၊ တရုတ်အစိုးရဦးဆောင်မှုဖြင့် စစ်ကောင်စီနှင့် ညီနောင်မဟာမိတ်တို့ကြား ကူမင်း တွေ့ဆုံပွဲများကိုလည်းကောင်း အသီးသီးတွေ့ရှိခဲ့ရပါသည်။ သို့သော် ထိုတွေ့ဆုံဆွေးနွေးမှုများသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခ လျော့ပါးရေး၊ ပြည်သူလူထုလိုလားနေသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးနှင့် ငြိမ်းချမ်းရေး တိုးတက်ထွန်းကားရေးကို ဦးတည်ဆွေးနွေးမှုများထက် ၎င်းတို့၏ အကျိုးစီးပွားအတွက် တွေ့ဆုံဆွေးနွေးမှုများသာ ပိုမိုများပြားခဲ့သည့်နှစ်ဟု ဆိုရမည်ဖြစ်သည်။

---

[10] အမေရိကန်နိုင်ငံခြားရေးအတိုင်ပင်ခံနဲ့ စစ်ရေး၊ နိုင်ငံရေးဆွေးနွေးခဲ့ကြောင်း KNPP ပြော, RFA, 31 March 2024




# တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြောင်း

- မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (မကဒတ-ကျောင်းသားတပ်မတော်) - ABSDF
- ရခိုင်ပြည်လွတ်မြောက်ရေးပါတီ - ALP/ALA
- ရခိုင်ပြည်အမျိုးသားကောင်စီ - ANC/AA
- ချင်းအမျိုးသားတပ်ဦး - CNF/CNA
- ဒီမိုကရေစီ အကျိုးပြုကရင်တပ်မတော် - DKBA
- ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ / ကချင်လွတ်လပ်ရေးတပ်မတော် - KIO/KIA
- ကရင်နီအမျိုးသားတိုးတက်ရေးပါတီ/ကရင်နီတပ်မတော် - KNPP/KA
- ကရင်အမျိုးသားအစည်းအရုံး - KNU
- ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) – KNU/KNLA-PC
- လားဟူဒီမိုကရက်တစ်အစည်းအရုံး - LDU
- မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ/
  မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (ကိုးကန့်တပ်ဖွဲ့) - MNTJP / MNDAA
- အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်  (မိုင်းလားအဖွဲ့) - NDAA/ESS
- မွန်ပြည်သစ်ပါတီ/မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - NMSP/MNLA
- ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်/ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် - PNLO/PNLA
- ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် - PSLF/TNLA
- သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ - RCSS / SSA
- သျှမ်းပြည်တိုးတက်ရေးပါတီ - SSPP / SSA
- ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် - အာရက္ခတပ်တော် - ULA/AA
- 'ဝ' ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ/ 'ဝ' ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် - UWSP/UWSA

## မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (မကဒတ-ကျောင်းသားတပ်မတော်) - ABSDF

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၁ နိုဝင်ဘာ ၁၉၈၈ |
| ရုံးချုပ် | KNU ထိန်းချုပ်နယ်မြေအတွင်း |
| လှုပ်ရှားရာ နယ်မြေ | KIA နှင့် KNU ထိန်းချုပ်နယ်မြေများအတွင်း |
| အင်အား | ၁၅၀၀ အထက် |
| ဥက္ကဋ္ဌ | ရဲဘော်သံခဲ |
| ဒုဥက္ကဋ္ဌ | ရဲဘော်လဆိုင်း |
| အထွေထွေအတွင်းရေးမှူး | ရဲဘော်ဆန်နီ |
| Facebook | https://www.facebook.com/theabsdf |
| Website | https://absdf.org/ |

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲမှုသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း လိုက်ပါဆောင်ရွက်ခဲ့သော်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင်တော့ ABSDF ၏ ဦးတည်ရာသည် အပြောင်းအလဲများစွာ ဖြစ်တည်ခဲ့သည်။ လက်ရှိနွေဦးတော်လှန်ရေးတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EROs) နှင့် ABSDF အကြား ချိတ်ဆက်ဆောင်ရွက်မှုများ ရှိနေပြီဖြစ်သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည့် ABSDF ၏ (၁၂) ကြိမ်မြောက်ညီလာခံတွင်တော့ "မကဒတတိုက်ပွဲသဏ္ဌာန်သည် လက်နက်ကိုင်တိုက်ပွဲ အဓိကဖြစ်ပြီး အခြားသောတိုက်ပွဲသဏ္ဌာန်များနှင့် ပေါင်းစပ်တိုက်ပွဲဝင်သွားမည်" ဟု အခိုင်အမာ ဆုံးဖြတ်ခဲ့ကြသည်။

စစ်အာဏာသိမ်းမှုကို ဖယ်ရှားပြီး နိုင်ငံရေးနှင့် စစ်တပ်ပါဝင်နေခြင်းအား အဆုံးသတ်ရန်၊ စစ်တပ်အားပြန်လည်ပြင်ဆင်ဖွဲ့စည်း၍ ရွေးကောက်ခံအရပ်သားအစိုးရ၏ စီမံအုပ်ချုပ်မှုအောက်၌ အပြည့်အဝထားရှိရန်၊ သက်ဆိုင်သူများအားလုံးလက်ခံနိုင်သော ဖက်ဒရယ်နှင့်ဒီမိုကရေစီစနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲပြဌာန်းရန်၊ ပဋိပက္ခအတွင်း မတရားကျူးလွန်ခံရသူများအတွက် အမှန်တရားနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုရရှိရေးလုပ်ငန်းစဉ်ဖော်ဆောင်ရန် စသည့် နိုင်ငံရေးရည်မှန်းချက်များ ညီလာခံမှ ချမှတ်ခဲ့သည်။ ထို့အပြင် ပြည်သူများအပေါ် အကြမ်းဖက်မှုများအား ဆက်လုပ်ပြုလုပ်နေပါက စစ်ကောင်စီနှင့် မည်သည့်ဆွေးနွေးပွဲကိုမျှ ပြုလုပ်ရန်မရှိကြောင်း၊ စနစ်အပြောင်းအလဲကို လိုလားပြီး စစ်အာဏာရှင်စနစ်မှ အာဏာရှင် အရပ်သားအစိုးရပုံစံ အပြောင်းအလဲမျိုးကိုပင် လက်မခံနိုင်ကြောင်း စသည့် ရပ်တည်ချက်များကိုလည်း ညီလာခံအပြီးတွင် ထုတ်ပြန်ခဲ့ပါသည်။ [1] စစ်အာဏာရှင်စနစ်ကို အပြီးတိုင်

[1] (၁၂) ကြိမ်မြောက်ညီလာခံ ထုတ်ပြန်ကြေညာချက်၊ ABSDF ၊ ၁၇ နိုဝင်ဘာ ၂၀၂၄

ချေမှုန်းနိုင်ရေးအတွက် နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေးနှင့် မဟာမိတ်ရေးရာများတွင် တိုးမြှင့်အကောင်အထည်ဖော်ကာ လက်နက်ကိုင်တော်လှန်ရေး အင်အားစုများအတွင်း ပူးပေါင်းစစ်ဆင်ရေးလှုပ်ရှားမှုများ ဖော်ဆောင်နိုင်ရေး ကြိုးပမ်းသွားမည်ဟုလည်း ဆိုပါသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်၊ KNU/KNLA ၊ ဒေသတွင်း PDF များ ပူးပေါင်းတိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည့် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် နတ်သံကွင်းမြို့သိမ်းတိုက်ပွဲအတွင်း ABSDF လည်းပါဝင်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက်၊ ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့သိမ်းတိုက်ပွဲတွင်လည်း KIA ၊ ကချင်ဒေသကာကွယ်ရေး တပ် (KPDF) တို့နှင့်အတူ ABSDF လည်း ပူးပေါင်းပါဝင်တိုက်ခိုက်ခဲ့သည်။ မိမိတို့ BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ ABSDF ၏ စစ်ရေးလှုပ်ရှားမှုများကို ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ်၊ မကွေးတိုင်း ဂန့်ဂေါမြို့နယ်၊ စစ်ကိုင်းတိုင်း အင်းတော်နှင့် ကသာမြို့နယ်၊ မွန်ပြည်နယ် ရေးနှင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ်များတွင် ဒေသတွင်း တော်လှန်ရေးအင်အားစုများနှင့် ပူးပေါင်းကာ အာဏာသိမ်းစစ်အုပ်စုအား တိုက်ပွဲဖော်ဆောင်လျက်ရှိသည်ကို တွေ့ရပါသည်။

| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လကုန်အထိ တိုက်ပွဲဖြစ်ပွားမှု ၁၅ ခု ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ [2] ABSDF ၏ တိုက်ပွဲဖြစ်စဉ်အများစုသည် ဒေသအလိုက် အခြားသော ERO များ၊ ပြည်သူ့ကာကွယ်ရေးတပ် (PDF-LDF) များနှင့် ပူးပေါင်းဆင်နွှဲသည့် တိုက်ပွဲဖြစ်စဉ်များ ဖြစ်သဖြင့် ကိန်းဂဏန်းအားဖြင့် နည်းပါးနေရခြင်း ဖြစ်ပါသည်။ ABSDF ၏ ထုတ်ပြန်ချက်အရမူ နွေဦးတော်လှန်ရေး (၃) နှစ်တာ ကာလအတွင်း တိုက်ပွဲပေါင်း ၂၈၀ ကျော် အထိ ရှိသည်ဟု ဆိုပါသည်။ |
|---|---|

တိုက်ပွဲဖြစ်ပွားရာ မြို့နယ်နှင့် နှစ်အလိုက်တိုက်ပွဲဖြစ်ပွားမှုဇယား




| Year | Actor 1 | Actor 2 | Armed Clash Events |
|---|---|---|---|
| 2022 (Jan-Dec) | MA | ABSDF | 1 |
| 2023 (Jan-Dec) | MA | ABSDF | 12 |
| 2024 (Jan-June) | MA | ABSDF | 3 |

[2] Myanmar Armed Conflict Dashboard ၊ BNI-MPM ၊ ၃၀ ဇွန် ၂၀၂၄



## ရခိုင်ပြည်လွတ်မြောက်ရေးပါတီ - ALP/ALA

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၉ ဧပြီ ၁၉၆၇ (ပထမအကြိမ်)၊ ၁ ဇွန် ၁၉၇၄ (ဒုတိယအကြိမ်) |
| ရုံးချုပ် | အိန္ဒိယ - မြန်မာ နယ်စပ် |
| လှုပ်ရှားရာနယ်မြေ | ရခိုင်ပြည်နယ် မြောက်ပိုင်း နှင့် ကရင်ပြည်နယ် |
| အင်အား | ၁၀၀ ခန့် |
| ဥက္ကဋ္ဌ | ခိုင်ရဲခိုင် |
| စစ်ဦးစီးချုပ် | ဗိုလ်မှူးချုပ် ခိုင်မင်းစိုး |
| အထွေထွေအတွင်းရေးမှူး | ခိုင်ကျော်ခိုင် |
| Facebook | https://www.facebook.com/profile.php?id=100091146005481 |

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲမှုသဘောတူစာချုပ် (NCA) ကို လက်မှတ် ရေးထိုးကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တက်ကြွစွာပါဝင်ခဲ့သော်လည်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်၊ စစ်အာဏာသိမ်းမှုသည် ALP အပေါ် များစွာသက်ရောက်မှု ကြီးမားခဲ့ပြီး စစ်အာဏာသိမ်းမှုအား ဆန့်ကျင်သော အစုအဖွဲ့နှင့် NCA အား ဆက်လက်စွဲကိုင်ကာ အာဏာသိမ်းစစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းသို့ ဦးတည်လိုသော အစုအဖွဲ့အဖြစ် ထွက်ပေါ်စေခဲ့သည်။

၂၀၂၃ ခုနှစ် မတ်လ ၁၉ ရက်တွင် ALP ဒုဥက္ကဋ္ဌဖြစ်သူ ဒေါ်စောမြရာဇာလင်းသည် ပါတီဥက္ကဋ္ဌ အဖြစ် ခံယူကာ ပါတီပြန်လည်ဖွဲ့စည်းကြောင်း ကြေညာခဲ့ပြီး NCA ငြိမ်းချမ်းရေးလမ်းကြောင်း အတိုင်း ဆက်လက်လျှောက်လှမ်းကာ အာဏာသိမ်းစစ်အုပ်စုနှင့် တွေ့ဆုံခြင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) တွင် ဆက်လက် ပါဝင်ခြင်းနှင့် PPST မှ အသွင်ပြောင်းဖွဲ့စည်း ခဲ့သည့် 7 - EAOs Alliance တွင် ALP ကိုယ်စား ပါဝင်နေဆဲဖြစ်သည်။

၂၀၂၃ ခုနှစ် မတ်လ ၂၀ ရက်တွင် ဒေါ်စောမြရာဇာလင်း၏ ပါတီ ပြန်လည်ဖွဲ့စည်းခြင်းအား တရားမဝင်ကြောင်း ဥက္ကဋ္ဌခိုင်ရဲခိုင်ဦးဆောင်သည့် ALP က ကြေညာခဲ့သည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင်တော့ "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) အပေါ် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ၏ သဘောထား" ဟုဆိုကာ ALP ပါတီက ထုတ်ပြန်ခဲ့ပြီး စစ်အာဏာသိမ်းမှုနှင့်အတူ NCA ၏ အနှစ်သာရနှင့် လုပ်ငန်းစဉ်များ အားလုံးနီးပါး ရပ်ဆိုင်းခဲ့ရကြောင်းနှင့် မြန်မာပြည်၏ ငြိမ်းချမ်းရေးမျှော်လင့်ချက်များလည်း ပျောက်ကွယ်သွားရပြီ

ဟု ဆိုပါသည်။ တဆက်တည်းတွင် ALP မှ ခွဲထွက်သွားသော ဒေါ်စောမြရာဇာလင်းအနေဖြင့် စစ်ကောင်စီနှင့် တွေ့ဆုံဆွေးနွေးနေမှုများသည်လည်း ALP ပါတီနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း ကြေညာခဲ့သည်။ [1]

NCA လုပ်ငန်းစဉ်များသည် တိုင်းရင်းသားများလိုလားသည့် ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုင်ရာ အခွင့်အရေးများကို မရရှိနိုင်သကဲ့သို့ ပြည်တွင်းစစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်လည်း ပေါ်ပေါက်လာမည်မဟုတ်ကြောင်း ယုံကြည်သည့်အတွက် မဟာမိတ်တော်လှန်ရေး အင်အားစုများနှင့် လက်တွဲပြီး ရခိုင်ပြည်တွင်းရှိ တော်လှန်ရေး၊ နိုင်ငံရေးအင်အားစုများနှင့် အမျိုးသားညီညွတ်ရေးတည်ဆောက်ကာ ရခိုင်ကြမ္မာ ရခိုင်ဖန်တီးနိုင်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးကို ဆက်လက်ချီတက်နေကြောင်း ALP က ထုတ်ပြန်သည်။

စစ်အာဏာသိမ်းကာလအတွင်း စစ်ရေး၊ နိုင်ငံရေးအရ အမြင်မတူ၊ သဘောထားကွဲလွဲမှုများဖြင့် အဖွဲ့တွင်းစည်းလုံးညီညွတ်မှု ယိုင်နဲ့ခဲ့ရသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) သည် ယခုအခါ ပါတီတွင်း စည်းလုံးမှုညီညွတ်မှု ခိုင်မာရေး ပြန်လည်တည်ဆောက်နေပြီး စစ်အာဏာရှင်စနစ် နိဂုံးချုပ်ရေးအတွက် တော်လှန်ရေးအင်အားစုများနှင့်လက်တွဲကာ နည်းလမ်းပေါင်းစုံဖြင့် တော်လှန်သွားမည်ဟုလည်း ဆိုထားပါသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | နွေဦးတော်လှန်ရေး သုံးနှစ်တာကာလအတွင်း ALP/ALA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုများကို မမြင်တွေ့ရသေးကဲ့သို့ တော်လှန်ရေး အင်အားစုများနှင့် ALP အကြား ပူးပေါင်းဆောင်ရွက်သည့် စစ်ရေးအရ လှုပ်ရှားမှုများကိုလည်း မတွေ့ရှိရသေးဟု ဆိုရပါမည်။ |

[1] တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၏ သဘောထား ထုတ်ပြန်ချက်၊ ALP Information Bureau ၊ ၁ စက်တင်ဘာ ၂၀၂၃

## ရခိုင်ပြည်အမျိုးသားကောင်စီ - ANC/AA

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၂၀၀၄ ၊ ၂၀၁၀ |
| ရုံးချုပ် | KNU တပ်မဟာ (၅) နယ်မြေ၊ ကရင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | ကရင်ပြည်နယ်အတွင်း |
| အင်အား | ၃၅၀ အထက် |
| ဥက္ကဋ္ဌ ၊ စစ်ဦးစီးချုပ် | ဗိုလ်မှူးကြီးမင်းထွန်း (ခ) မင်းဖုံဝေ |
| Facebook | https://www.facebook.com/anc.hq1 |

လူမျိုးစုံရခိုင်ပြည်သူလူထုတရပ်လုံး ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ရရှိရေး၊ အမျိုးသားရေး လက္ခဏာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာပြည်ရှိ လူမျိုးစုတိုင်း၊ နိုင်ငံသူ/နိုင်ငံသားတိုင်း အာဏာရှင်စနစ်လက်အောက်မှ လွတ်မြောက်ရေး စသည်တို့သည် ANC/AA ၏ ရည်မှန်းချက်များ ဖြစ်ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ (၅) နှင့် ပူးပေါင်းကာ စစ်ကောင်စီတပ်များအား ခုခံတိုက်ခိုက်လျက်ရှိပါသည်။ ထို့အပြင်အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဖွဲ့စည်းခြင်းအပေါ် ထောက်ခံကြိုဆိုပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးနှင့် ဖက်ဒရယ်တပ်မတော်ဖွဲ့စည်းထူထောင်ရေးအတွက်မည်သည့်အဖွဲ့အစည်း နှင့်မဆို ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် အဆင်သင့်ရှိကြောင်း ANC/AA စစ်ဦးစီးချုပ်က ပြောဆိုထားပါသည်။

ALP/ALA ၊ ရခိုင်အမျိုးသားပါတီ (ANP)၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD)၊ ရခိုင်ရှေ့ဆောင် ပါတီ (AFP) နှင့် အရပ်ဖက်အဖွဲ့အစည်းများပါဝင်သော ရခိုင်အမျိုးသားအဆင့် မူဝါဒရေးရာ ညှိနှိုင်းရေးဆွဲရေးအဖွဲ့ (ANPCC) တွင် ANC/AA အနေဖြင့် အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်ရှိသည်ကို တွေ့ရသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှု | ANC/AA အနေဖြင့် KNU/KNLA နှင့် မဟာမိတ်ဖွဲ့ပူးပေါင်းကာ စစ်ကောင်စီတပ်များအား ခုခံတိုက်ခိုက်နေခြင်းကြောင့် တိုက်ပွဲဖြစ်ပွားမှုကို အချက်အလက်ဖြင့် ဖော်ပြနိုင်ခြင်း မရှိသေးပါ။ |



## ချင်းအမျိုးသားတပ်ဦး - CNF/CNA

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၂၀ မတ် ၁၉၈၈ |
| ရုံးချုပ် | ချင်းပြည်နယ် ထန်တလန် (ဗစ်တိုးရီးယားစခန်း) |
| လှုပ်ရှားရာနယ်မြေ | ချင်းပြည်နယ် ထန်တလန်၊ ဟားခါး၊ တီးတိန်၊ မတူပီနှင့် ပလက်ဝ မြို့နယ်များ |
| အင်အား | ၁၅၀၀ အထက်၊ တပ်မဟာ (၅) ခု |
| ဥက္ကဋ္ဌ | ပူးဇင်ကျုံး (Pu Zing Cung) |
| ဒုဥက္ကဋ္ဌ (၁) | ပူးထန်းနိန်းကီး (Pu thang Ning Kee) |
| အထွေထွေအတွင်းရေးမှူး | ဆလိုင်း တလာဟဲ (Salai Thla Hei) |
| Facebook | https://www.facebook.com/cnfhq |

ချင်းအမျိုးသားတပ်ဦး (CNF) ၏ အဋ္ဌမအကြိမ်မြောက် ပါတီညီလာခံကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၆ ရက်အထိ ဌာနချုပ်ရှိရာ Victora Base ၊ ချင်းလုံမြို့တွင် ကျင်းပခဲ့သည်။ CNF ၏ ရည်မှန်းချက်ပန်းတိုင်၊ မဟာဗျူဟာ၊ နည်းဗျူဟာ၊ ချင်းအမျိုးသားတည်ဆောက်ရေးဆိုင်ရာမူဝါဒနှင့် ချင်းအမျိုးသားတပ်ဦးတည်ဆောက်ရေးစီမံကိန်း (The Seven Programs) အပါအဝင် မူဝါဒနှင့် လုပ်ငန်းစီမံကိန်းများကို ညီလာခံအတွင်း ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်ဟု ဆိုပါသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)နှင့်ပတ်သက်ပြီးသဘောထားထုတ်ပြန်ချက်ကို ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ABSDF တို့နှင့်အတူ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ပူးတွဲထုတ်ပြန်ခဲ့ပါသည်။ စစ်အာဏာသိမ်းမှုသည် NCA အခြေခံမူနှင့် ရည်ရွယ်ချက်များကို ဖျက်ဆီးခြင်းဖြစ်သလို ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုလည်း ပျက်ပြယ်စေသည့်အတွက် NCA ကို အခြေခံသည့် လုပ်ငန်းစဉ်နှင့် ဆွေးနွေးပွဲ လမ်းကြောင်းများ ရပ်တန့်သွားခဲ့ပြီဟု ဆိုထားသည်။ စစ်အာဏာသိမ်းမှုကို ဖယ်ရှားပြီး နိုင်ငံရေးတွင် စစ်တပ် ပါဝင်နေခြင်းအား အဆုံးသတ်ရန်၊ စစ်တပ်အား ပြန်လည်ဖွဲ့စည်း၍ ရွေးကောက်ခံအရပ်သားအစိုးရ၏ စီမံအုပ်ချုပ်မှုအောက်တွင် အပြည့်အဝထားရန်စသည့် ဘုံနိုင်ငံရေးရည်မှန်းချက်များနှင့် ဘုံနိုင်ငံရေး ရပ်တည်ချက်များကို ပူးတွဲထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။[1]

ထို့အပြင် "စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် အတူတကွ လက်တွဲတော်လှန်တိုက်ပွဲဝင်နေကြသော အဖွဲ့များ၏ ဘုံသဘောထားရပ်တည်ချက်" ကိုလည်း NUG ၊ KIO/KIA ၊ KNU/KNLA ၊ KNPP/KA တို့နှင့်အတူ

[1] တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) နှင့်ပတ်သက်၍ ပူးတွဲသဘောထားထုတ်ပြန်ချက်၊ CNF ၊ ၁၂ အောက်တိုဘာ ၂၀၂၃

CNF/CNA လည် ပူးပေါင်းပါဝင်ကာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ သရုပ်လက္ခဏာများကို ကာကွယ်မြှင့်တင်ပေးသည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များဖြင့် စုဖွဲ့ထားသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရန်အတွက် မျှော်မှန်းကာ ဦးတည်ချက် (၆) ချက်၊ ရပ်တည်ချက် (၉) ချက်နှင့် လုပ်ငန်းစဉ်အဆင့်ဆင့်အား လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် ပူးပေါင်းညှိနှိုင်းရေးယန္တရားများ ဖွဲ့စည်းဆောင်ရွက်သွားမည်ဟုလည်း ဆိုပါသည်။ [2]

ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၂၃) အရ ဖွဲ့စည်းထွက်ပေါ်လာသည့် ချင်းပြည် (Chinland) ကောင်စီ၊ ချင်းပြည် (Chinland) အစိုးရ၊ ချင်းပြည် (Chinland) လွှတ်တော်နှင့် တရားလွှတ်တော်တို့၏ လုပ်ငန်းစဉ်ယန္တရားများတွင် ၎င်းတို့အနေဖြင့် အစွမ်းကုန်ပံ့ပိုးကာ ချင်းပြည် (Chinland) ကို တည်ဆောက်သွားမည်ဟု လည်း (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့တွင် CNF က ကြေညာခဲ့သည်။ ချင်းပြည် (Chinland) ကောင်စီ၊ ချင်းပြည် (Chinland) အစိုးရ ထွက်ပေါ်လာခြင်းအတွက် ချင်းဒေသအတွင်းရှိ အခြားသော တော်လှန်ရေးအင်အားစုများ၏ ကန့်ကွက်ခြင်း၊ အသိအမှတ် မပြုခြင်းများ ကြုံတွေ့ရသကဲ့သို့ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည့် ချင်းဒေသတွင်း တော်လှန်ရေးအင်အားစုများလည်း ရှိနေပါသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ၂၀၂၄ ခုနှစ် မေလကုန်အထိ ဖလမ်းမြို့နယ် ရိခေါဒါရ်မြို့နှင့် ဝေဘူလမြို့၊ မတူပီမြို့နယ် လိုင်လင်းပင်မြို့နှင့် ရေဇွာမြို့၊ ထန်တလန်မြို့နယ် နာရိန်မြို့၊ ဟားခါးမြို့နယ် ဆူရ်ခွာမြို့၊ မင်းတပ်မြို့နယ် မကွီးအိမ်နူးမြို့၊ တွန်းဇံမြို့နယ် ကျီခါးနှင့် တွန်းဇံမြို့ စုစုပေါင်း မြို့ (၉) မြို့ကို CNF/CNA နှင့် နယ်မြေ ဒေသအလိုက် ချင်းဒေသကာကွယ်ရေးတပ် (CDF) ပူးပေါင်းတပ်များက သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။ [3] အဆိုပါမြို့များအတွင်း အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဒေသခံပြည်သူများအား အခြေပြုကာ ပြည်သူ့အုပ်ချုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု ဆိုပါသည်။

CNF/CNA သည် NUG ကာကွယ်ရေးဝန်ကြီးဌာနနှင့် မဟာမိတ်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs) (၄) ဖွဲ့ ပူးပေါင်းဖွဲ့စည်းထားသည့် ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (Central Command and Coordination Committee – C3C) တွင် ပါဝင်ကာ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများရှိသကဲ့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)

---

[2] စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အတူတကွ လက်တွဲတော်လှန် တိုက်ပွဲဝင်နေကြသော အဖွဲ့များ၏ ဘုံသဘောထားရပ်တည်ချက်အား ထုတ်ပြန်ကြေညာခြင်း၊ CNF ၊ ၃၁ ဇန်နဝါရီ ၂၀၂၄

[3] တော်လှန်ရေးအင်အားစုများမှ သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့ပေါင်း ၆၀ မြို့၊ BNI-MPM၊ ၈ ဇူလိုင် ၂၀၂၄

တွင်လည်း ဆက်လက်ပါဝင်နေဆဲဖြစ်သည်။ ထို့အပြင် ချင်းပြည် (Chinland) ကောင်စီနှင့် ချင်းပြည် (Chinland) အစိုးရတွင်လည်း ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ကာ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) နှင့် ချိတ်ဆက်ဆောင်ရွက်မှုများရှိသကဲ့သို့ NUG ၏ အစိုးရအဖွဲ့ အတွင်းတွင်လည်း CNF/CNA ခေါင်းဆောင်အချို့ပါဝင်ဆောင်ရွက်လျက်သည်ကို တွေ့ရပါသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှု | ၂၀၂၁ ခုနှစ် ဇန်နဝါရီမှ ၂၀၂၄ ခုနှစ် ဇူလိုင် (၉) ရက်အထိ စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှု ၄၃ ခု ဖြစ်ပွားခဲ့ပါသည်။ CNF/CNA အနေဖြင့် CJDC စုဖွဲ့မှုတွင် ဦးဆောင်ပါဝင်နေသကဲ့သို့ CJDC အဖွဲ့ဝင် ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့ (CDF) များနှင့် ပူးပေါင်းကာ စစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ် ဆင်နွှဲလျက်ရှိပါသည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ဇိုမီးတော်လှန်ရေးအဖွဲ့ (ZRO/ZRA) နှင့် ၂၀၂၁ ခုနှစ်တွင် တိုက်ပွဲ (၁) ခု ဖြစ်ပွားခဲ့သလို ၂၀၂၄ ခုနှစ်အတွင်းတွင်လည်း ချင်းညီနောင်အဖွဲ့ (CB)၊ CDF-Matupi တို့နှင့် CNF/CNA အကြား တိုက်ပွဲဖြစ်ပွဲမှုများ ရှိခဲ့ပါသည်။ |

## တိုက်ပွဲဖြစ်ပွားရာ မြို့နယ်နှင့် နှစ်အလိုက်တိုက်ပွဲဖြစ်ပွားမှုဇယား




| Year | Actor 1 | Actor 2 | Armed Clash Events |
|---|---|---|---|
| 2021 (Jan-Dec) | MA | CNF | 1 |
| 2023 (Jan-Dec) | MA | CNF | 28 |
| 2024 (Jan-June) | MA | CNF | 14 |
| 2021 (Jan-Dec) | ZRO/ZRA | CNF | 1 |
| 2024 (Jan-June) | CDF-Matupi | CNF | 1 |
| 2024 (Jan-June) | Chin Brotherhood | CNF | 7 |

# ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် - DKBA

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၈ နိုဝင်ဘာ ၂၀၁၀ |
| ရုံးချုပ် | ကရင်ပြည်နယ် မြဝတီမြို့နယ်၊ ဆုံစည်းမြိုင်ကျေးရွာ |
| လှုပ်ရှားရာနယ်မြေ | လှိုင်းဘွဲ့မြို့နယ်၊ ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူတောင်ကြား၊ ကော့ကရိတ်မြို့နယ်၊ မြဝတီမြို့နယ် |
| အင်အား | ၃၀၀၀ နီးပါး |
| စစ်ဦးစီးချုပ် | ဗိုလ်ချုပ်ကြီး စောစတီး |
| စစ်ရေးချုပ် | ဗိုလ်မှူးကြီး စောစိန်ဝင်း |
| Facebook | https://www.facebook.com/klohhtoobor/ |

ဒေသဖွံ့ဖြိုးရေးနှင့် နယ်မြေငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ဆက်လက်စွဲကိုင်ထားမည်ဖြစ်ကြောင်း DKBA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောစတီးက ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်၊ (၂၉) နှစ်မြောက် DKBA နေ့ အခမ်းအနားတွင် ပြောဆိုခဲ့သည်။ ၎င်းတို့ ထိန်းချုပ်ထားသည့် ဒေသများအတွင်းရှိ ပြည်သူလူထုများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရန်နှင့် လူနေမှုဘဝအဆင့်မြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို တစိုက်မတ်မတ် ဆက်လက်လုပ်ဆောင်သွားမည်ဟုလည်း ဆိုပါသည်။ [1]

မြဝတီခရိုင်၊ DKBA ထိန်းချုပ်နယ်မြေ ကျော့ခက်ကျေးရွာမှ ကာစီနိုလောင်းကစားရုံနှင့် ငွေလိမ်ဂိုဏ်းများတွင် ထောင်နှင့်ချီသော နိုင်ငံခြားသားများ ပိတ်လှောင်ခိုင်းစေခံနေရပြီး ကယ်ဆယ်ရေးလိုအပ်ကြောင်း သိရသည်။ ၂၀၂၃ ဒီဇင်ဘာ ၃၁ ရက်နေ့အထိ ထိုင်း - မြန်မာ နယ်စပ် မြဝတီ - မဲဆောက်တဝိုက် ကျားဖြန့်ဒုစရိုက်ဂိုဏ်းများ ကျက်စားရာ မြဝတီ၊ ရွှေကုက္ကိုလ်၊ မယ်ထော်သလေး၊ KK Park နှင့် ကျော့ခက်တို့တွင် ကာစီနိုလုပ်ငန်းများ ပုံမှန်လည်ပတ်နေဆဲဟုလည်း သိရသည်။ [2]

၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင်တော့ မူးယစ်ဆေးဝါးနှင့် လောင်းကစားများအား လုပ်ဆောင်ခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရန် တားမြစ်ထားပြီး ဖြစ်သည့်အတွက် အမိန့်မနာခံဘဲ ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည် ဖြစ်ကြောင်း DKBA က ထုတ်ပြန်ခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်၏ မိတ္တူကို ၎င်းတို့၏ တပ်ရင်း၊ တပ်ဖွဲ့နှင့် တပ်ဖွဲ့ဝင်များအပြင် စစ်ကောင်စီ

---

[1] နယ်မြေငြိမ်းချမ်းရေးအတွက် NCA ကိုဆက်လက်စွဲကိုင်ထားမည်ဖြစ်ကြောင်း DKBA စစ်ဦးစီးချုပ်ပြော၊ ကေအိုင်စီ၊ ၂၁ ဒီဇင်ဘာ ၂၀၂၃

[2] DKBA ထိန်းချုပ်နယ်မြေက ဒုစရိုက်ဂိုဏ်းမှာ နိုင်ငံခြားသား ထောင်နဲ့ချီပိတ်လှောင်ခံရဆဲ၊ အာအက်ဖ်အေ၊ ၃၁ ဒီဇင်ဘာ ၂၀၂၃

လက်အောက်ခံ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်း၊၊ BGF နှင့် KPC ဆက်ဆံရေးရုံးများသို့ပါ လိပ်မူထားသည်ကို တွေ့ရသည်။ [3]

DKBA သည် အာဏာသိမ်းစစ်ကောင်စီနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများတွင် ပါဝင်လျက်ရှိသည့် ERO အစုအဖွဲ့တခုဖြစ်သလို ၂၀၂၄ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) မှ အသွင်ပြောင်းလဲဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၇) ဖွဲ့၏ မဟာမိတ်အဖွဲ့ (7 Ethnic Armed Organizations Alliance – 7 EAO Alliance) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိပါသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၀ ခုနှစ်အတွင်း စစ်ကောင်စီတပ်နှင့် DKBA အကြား တိုက်ပွဲဖြစ်ပွားမှု (၄) ခု ဖြစ်ပွားခဲ့သော်လည်း ၂၀၂၂၊ ၂၀၂၃ ခုနှစ်အတွင်း တိုက်ပွဲဖြစ်ပွားခြင်း မရှိတော့ဟု ဆိုရပါမည်။ |

[3] တပ်ဖွဲ့ဝင်များ မူးယစ်ဆေးဝါးနှင့် လောင်းကစားလုပ်ငန်းများ မပြုလုပ်ရန် KNU/KNLA-PC နှင့် DKBA တို့ အမိန့်ညွှန်ကြားချက်ထုတ်၊ ကေအိုင်စီ၊ ၁၀ ဒီဇင်ဘာ ၂၀၂၃



## ကချင်ပြည်လွတ်လပ်ရေးအဖွဲ့/ ကချင်လွတ်လပ်ရေးတပ်မတော် - KIO/KIA

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၅ ဖေဖော်ဝါရီ ၁၉၆၁ |
| ရုံးချုပ် | လိုင်ဇာ ၊ ကချင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | ကချင်ပြည်နယ်တဝှမ်းလုံးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ |
| အင်အား | ၁၂၀၀၀ အထက် (တပ်မဟာ ၈ ခု) |
| ဥက္ကဋ္ဌ | ဗိုလ်ချုပ်ကြီးအင်ဘန်လ |
| ဒုဥက္ကဋ္ဌ | ဗိုလ်ချုပ်ကြီး ဂမ်ရှောင် |
| အထွေထွေအတွင်းရေးမှူး | ကွမ်ထပ်ထိန်နန် |
| Facebook | https://www.facebook.com/thekachinnet |
| Website | https://www.kachinnet.net/ |

စစ်အာဏာသိမ်းကာလအတွင်း ဓမ္မဘက်မှရပ်တည်ကြရန် KIO ဥက္ကဋ္ဌအင်ဘန်လက တိုက်တွန်းခဲ့သလို KIO အနေဖြင့်လည်း ဓမ္မဘက်မှရပ်တည်ကြောင်း ပြောဆိုခဲ့ပါသည်။ KIO/KIA အနေဖြင့် CRPH ၊ NUG တို့နှင့် နားလည်မှုအပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် စစ်ရေးကဏ္ဍတွင်လည်း C3C အစုအဖွဲ့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကချင်လွတ်မြောက်ရေး ကောင်စီ (KIC) ဒုဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီးဂွမ်မော်က ဆိုပါသည်။ [1]

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၀ ရက်၊ ၄၈ နှစ်မြောက် ကချင်အာဇာနည်နေ့တွင်တော့ လက်ရှိနွေဦးတော်လှန်ရေးသည် အာဏာသိမ်းစစ်ကောင်စီနှင့် ပြည်သူလူထုအကြား ဖြစ်ပွားနေသည့် တော်လှန်ရေးဖြစ်ပြီး KIO/KIA အမှုထမ်းများအနေဖြင့် ပြည်သူလူထုဘက်တွင် ပြတ်ပြတ်သားသား ရပ်တည်ပါဝင်နေကြောင်းနှင့် အခြားသော ERO အဖွဲ့အစည်းတချို့၊ လူပုဂ္ဂိုလ်တချို့အနေဖြင့်လည်း ကိုယ်ကျိုးအတွက်ကြည့်ကာ စစ်ကောင်စီအား နလန်ထူ ထွက်ပေါက်ရစေမည့် လှုပ်ရှားမှုများကို သတိထားကြရန် KIO ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးအင်ဘန်လက တိုက်တွန်းထားပါသည်။ [2] KIO/KIA သည် ERO (၇) ဖွဲ့ပါဝင်သော ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးရေးကော်မတီ (FPNCC) တွင်လည်း ဥက္ကဋ္ဌ (၂) အဖြစ် ဦးဆောင်ပါဝင်လျက်ရှိပါသည်။

KIO/KIA ၏ ဦးဆောင်မှုနှင့်အတူ ပူးပေါင်းလှုပ်ရှားလျက်ရှိသည့် တော်လှန်ရေးအင်အားစုများကမူ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းတွင် ကချင်ဒေသကာကွယ်ရေးတပ် (KPDF)၊ စစ်ကိုင်း

---

[1] စစ်ကောင်စီတပ်ဖွဲ့တွေ ရေရှည်ရပ်တည်ဖို့ ခက်ခဲလာနေကြောင်း ဒုဗိုလ်ချုပ်ကြီးဂွမ်မော် ပြောကြား http://rb.gy/675rv

[2] ပြည်သူမျှော်လင့်နေသည့်ပန်းတိုင် ရောက်တော့မည်ဟု ကေအိုင်အိုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လ ပြော http://rb.gy/odk9s

တိုင်းတွင် NUG လက်အောက်ခံ PDF တပ်၊ ABSDF၊ ရှမ်းမြောက်ဒေသတွင် ULA/AA နှင့် MNDAA စသဖြင့် ဒေသအလိုက် စစ်ရေးအရပူးပေါင်းကာ စစ်ကောင်စီတပ်များအားဖိအားပေးလျက်ရှိသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်၊ စစ်ကိုင်းတိုင်း ကောလင်းမြို့သိမ်းတိုက်ပွဲတွင် KIO/KIA နှင့် NUG လက်အောက်ခံ PDF တပ်ရင်းများ၏ ပူးပေါင်းလှုပ်ရှားမှုကို အထင်အရှားတွေ့နိုင်သည်။ ထို့အပြင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကချင်ပြည်နယ်၊ အင်ဂျန်းယန်မြို့၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် မော်လူးမြို့၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ရှမ်းပြည်မြောက်ပိုင်း မန်စီမြို့နယ် မဘိမ်းမြို့၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် မြစ်ကြီးနားမြို့နယ် ဆင်ဘိုမြို့၊ ၂၀၂၄ ခုနှစ် မတ်လ ၂၉ ရက် တွင် တရုတ် - မြန်မာနယ်စပ် လွယ်ဂျယ် မြို့၊ ၂၀၂၄ ခုနှစ် မေလ ၅ ရက်တွင် ကချင်ပြည်နယ် ဆွမ်ပရာဘွမ် စသဖြင့် မြို့(၆) မြို့ကို KIO/KIA ဦးဆောင်သော မဟာမိတ်ပူးပေါင်းတပ်ဖွဲ့များက အာဏာသိမ်းစစ်အုပ်စု ထံမှ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပါသည်။

တဆက်တည်းတွင် NUG ကာကွယ်ရေးဝန်ကြီးဌာန (MOD) နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ (ERO) (၄) ဖွဲ့တို့ ပူးပေါင်းထားသည့် ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်း ရေးကော်မတီ (Central Command and Coordination Committee – C3C) တွင်လည်း KIO/ KIA အနေဖြင့် ဦးဆောင်မှုအခန်းကဏ္ဍမှပါဝင်ကာ အမှတ် (၁) စစ်ဒေသဖြစ်သည့် ကချင်၊ စစ်ကိုင်း၊ ချင်း၊ ရှမ်းမြောက်၊ မကွေးနှင့် မန္တလေးဒေသများတွင် ဦးဆောင်လှုပ်ရှားလျက်ရှိပါသည်။

၂၀၂၄ ခုနှစ် မတ်လ ၇ ရက်တွင် စတင်ခဲ့သည့် "ဂ၃၀၇ စစ်ဆင်ရေး" သည် KIO/KIA နှင့် မဟာမိတ်ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေးဖြစ်ပြီး ကချင်ပြည်နယ်အတွင်းရှိ စစ်ကောင်စီ တပ်စခန်းများအားလုံး ရှင်းလင်းရေးအတွက် စစ်ဆင်ရေးဖြစ်ကြောင်း KIO/KIAပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးနော်ဘူက ပြောပါသည်။

အဆိုပါစစ်ဆင်ရေးကာလအတွင်း မိုးမောက် – လွယ်ဂျယ်တကြောရှိ စစ်ကောင်စီတပ် အတွက် အရေးပါသော စိန်လုံတပ်စခန်း၊ ယောယုံတပ်စခန်း၊ လော့မွန် (Lawmun) တပ်စခန်း၊ လော့ဒါန် (Lawdan) တပ်စခန်း၊ ရှန်တိုင် (Sh angtai) တပ်စခန်း၊ ဖလန်း (Hpal ang Bum) တပ်စခန်း၊ ဗိုင်းမော်မြို့နယ်အတွင်းရှိ စစ်ရေးအရ အလွန်အရေးပါသော စစ်ကောင်စီ၏ ဂိဒေါန် (Gi Don) တပ်စခန်း၊ KIO ဌာနချုပ်ရှိရာ လိုင်ဇာမြို့ကို လုံခြုံရေးအရ ခြိမ်းခြောက်နေသော ဒေါ့ဖုန်းယန်မြို့အခြေစိုက် စစ်ကောင်စီလက်အောက်ခံ ခလရ (၁၄၂)၊ အင်တပ်ဘွမ် (Ntap Bum)၊ ရဟတ်ယာဉ်ကွင်းရှိရာ ရှဒါန်ပါ (Shadan Pa)၊ ဖွန်းပရန်ဘွမ် (Hpun Pyen Bum) မဆင်ကောင့် (Masen Kawng) စသည့် တပ်စခန်းများအပါအဝင် တပ်စခန်းကြီး/ငယ်ပေါင်း (၈၀) နီးပါးကို သိမ်း ပိုက်နိုင်ခဲ့သည်။ [3]

၂၀၂၃ ၊ ၂၀၂၄ ခုနှစ်များသည် KIO/KIA နှင့် မဟာမိတ်ပူးပေါင်းတပ်ဖွဲ့များ၏ အာဏာသိမ်း စစ်အုပ်စုအပေါ် ဦးတည်သော စစ်ရေးအရှိန် အမြင့်ဆုံးနှစ်များဟု ဆိုရမည်ဖြစ်ပါသည်။

---

[3] KIA ရဲ့ ထိုးစစ် ၂ လအတွင်း စစ်ကောင်စီရဲ့ စခန်းကြီး/ငယ် ၈၀ လောက် သိမ်းပိုက်ထား၊ မြစ်ကြီးနားဂျာနယ်၊ ၇ မေ ၂၀၂၄

| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှု | စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှု စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုကို ၂၀၁၉ တွင် ၁၃ ခု၊ ၂၀၂၀ တွင် ၇ ခု သာ တွေ့ရှိခဲ့ရသော်လည်း ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၉ ရက်အထိ စစ်ကောင်စီတပ်နှင့် KIO/KIA ဦးဆောင်သော မဟာမိတ် ပူးပေါင်းတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားမှုသည် (၆၀၂) ခု အထိ တွေ့ရှိခဲ့ရပါသည်။ |
|---|---|
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ရှမ်းနီတပ် (SNA) နှင့် ၂၀၂၂ ခုနှစ်တွင် တိုက်ပွဲ (၁) ခု၊ ၂၀၂၃ ခုနှစ်တွင် တိုက်ပွဲ (၁) ခု ဖြစ်ပွားခဲ့သည်။ |

## တိုက်ပွဲဖြစ်ပွားရာ မြို့နယ်နှင့် နှစ်အလိုက်တိုက်ပွဲဖြစ်ပွားမှုဇယား




| Year | Actor 1 | Actor 2 | Armed Clash Events |
|---|---|---|---|
| 2020 (Jan-Dec) | MA | KIO/KIA | 7 |
| 2021 (Jan-Dec) | MA | KIO/KIA | 138 |
| 2022 (Jan-Dec) | MA | KIO/KIA | 99 |
| 2023 (Jan-Dec) | MA | KIO/KIA | 158 |
| 2024 (Jan-June) | MA | KIO/KIA | 207 |
| 2022 (Jan-Dec) | SNA | KIO/KIA | 1 |
| 2023 (Jan-June) | SNA | KIO/KIA | 1 |



## ကရင်နီအမျိုးသားတိုးတက်ရေးပါတီ/ ကရင်နီတပ်မတော် - KNPP/KA

| | |
|---|---|
| KA စတင်ဖွဲ့စည်းသည့် နေ့ | ၁၇ ဩဂုတ် ၁၉၄၈ |
| KNPP ဖွဲ့စည်းသည့် နေ့ | ၂ မေ ၁၉၅၇ |
| ရုံးချုပ် | ညာမူ၊ ရှားတောမြို့နယ်၊ ကရင်နီ(ကယား) ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဖားဆောင်း၊ မော်ချီးနှင့် ဘောလခဲ မြို့နယ်များ၊ ကရင်နီ (ကယား) ပြည်နယ် |
| အင်အား | ၂၀၀၀ အထက် |
| ဥက္ကဋ္ဌ | ခူဦးရယ် |
| ဒုဥက္ကဋ္ဌ | ခွန်းအေဘယ်တွဒ် |
| အထွေထွေအတွင်းရေးမှူး | ခူပလူးရယ် |
| KA စစ်ဦးစီးချုပ် | ဗိုလ်မှူးချုပ်အောင်မြတ် |
| Facebook | https://www.facebook.com/KNPPHQ |

KNPP/KA သည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ၏ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များ အစုအဖွဲ့တွင် ပူးပေါင်းပါဝင်သကဲ့သို့ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (KSCC) တွင်လည်း ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေပါသည်။ ထို့အပြင် KSCC ၏ ကြားကာလအစီအမံဖြင့် စုဖွဲ့ထားသော ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) တွင်လည်း KNPP ဥက္ကဋ္ဌ ခူဦးရယ်က ဥက္ကဋ္ဌ အဖြစ် တာဝန်ယူထားပါသည်။

ညီနောင်မဟာမိတ် (၃) ဖွဲ့၏ "၁၀၂၇ စစ်ဆင်ရေး" ကို ထောက်ခံကြိုဆိုပြီး ကျန်ရှိနေကြသေးသည့် ERO များအနေဖြင့်လည်း တော်လှန်ရေးတွင် အရှိန်မြှင့်ပါဝင်လာကြဖို့ ဖိတ်ခေါ်တိုက်တွန်းထားပါသည်။ ကရင်နီဒေသ အတွင်းတွင်သော်လည်းကောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင်သော်လည်းကောင်း အခြားသော တော်လှန်ရေး အင်အားစုများနှင့် KNPP အကြား စစ်ရေး၊ နိုင်ငံရေး အရ ပူးပေါင်းဆောင်ရွက်ကာ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် စုပေါင်းခေါင်းဆောင်မှုဖြင့် အောက်ခြေမှစကာ အုတ်မြစ်ချ တည်ဆောက်နေကြောင်း ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၈ ရက်တွင် KNPP က သဘောထားထုတ်ပြန်ခဲ့သည်။ [1]

KNPP/KA သည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဌာနတို့နှင့် မဟာမိတ်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs) (၄) ဖွဲ့ ပူးပေါင်းဖွဲ့စည်းထားသည့် "ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ" (Central Command and

[1] ညီနောင်မဟာမိတ်(၃)ဖွဲ့ရဲ့ " ၁၀၂၇ စစ်ဆင်ရေး " ကို ထောက်ခံကြောင်း နဲ့ တော်လှန်ရေးမှာ အရှိန်မြှင့် အားလုံးပူးပေါင်းပါဝင်လာကြဖို့ KNPP ဆို၊ ကန္တာရဝတီတိုင်းမ်၊ ၂၅ ဇူလိုင် ၂၀၂၄

Coordination Committee – C3C) တွင်လည်း ပူးပေါင်းပါဝင်လျက်ရှိပါသည်။ ကရင်၊ ကရင်နီ (ကယား)၊ မွန်၊ တနင်္သာရီ၊ ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူး စသည့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊ နေပြည်တော်နှင့် ဆက်စပ်နယ်မြေများဖြစ်သည့် မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသများပါဝင်သော တောင်ပိုင်းစစ်ဒေသအတွင်း ကရင်အမျိုးသားအစည်းအရုံး (KNU/KNLA)၊ NUG နှင့် အတူ ပူးတွဲ ညှိနှိုင်းရေးကော်မတီ (Joint Coordination Committee - J2C) နှင့် ပူးတွဲ စစ်ရေးကွပ်ကဲမှု (Joint Operation Command-JOC) တို့ကို ဖွဲ့စည်းပြီး အဖွဲ့ဝင် အဖွဲ့အစည်းများ နိုင်ငံရေး၊ စစ်ရေးအရ အဓိက တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရေး၊ စစ်ရေးအရမဟာဗျူဟာများနှင့် မူဝါဒများကို J2C မှ ညှိနှိုင်းဆွေးနွေး ချမှတ်ပြီး မြေပြင်စစ်ရေးအရ ပူးပေါင်းကွပ်ကဲမှုများ၊ စစ်ရေး ဖော်ဆောင်မှုများ ကို JOC က ဆောင်ရွက်ရပါသည်။ [2]

ထို့အပြင် “စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည် ဆောက်ရေးအတွက် အတူတကွ လက်တွဲတော်လှန်တိုက်ပွဲဝင်နေကြသော အဖွဲ့များ၏ ဘုံသဘောထားရပ်တည်ချက်” ကိုလည်း NUG ၊ KIO/KIA ၊ KNU/KNLA ၊ CNF/CNA တို့နှင့်အတူ KNPP/KA လည်း ပူးပေါင်းပါဝင်ကာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြည်ထောင်စုအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ သရုပ်လက္ခဏာများကို ကာကွယ် မြှင့်တင်ပေးသည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ ရှိသော ပြည်နယ်များဖြင့်စုဖွဲ့ထားသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရန် အတွက် မျှော်မှန်းကာ ဦးတည်ချက် (၆) ချက်၊ ရပ်တည်ချက် (၉) ချက်နှင့် လုပ်ငန်းစဉ်အဆင့်ဆင့် အား လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် ပူးပေါင်းညှိနှိုင်းရေးယန္တရားများ ဖွဲ့စည်း ဆောင်ရွက်သွားမည်ဟုလည်း ဆိုပါသည်။ [3]

၂၀၂၄ ခုနှစ် ဖွန်လ ၂၁ ရက်နေ့၊ (၁၄၉) နှစ်မြောက် ကရင်နီအမျိုးသားနေ့တွင်တော့ ကရင်နီ ပြည်နယ်အတွင်းရှိ ကရင်နီတော်လှန်ရေးတပ်ပေါင်းစုများအနေဖြင့် ကရင်နီပြည်၏ ၉၀ ရာခိုင်နှုန်း သော နယ်မြေများကို ထိန်းချုပ် ထားနိုင်ပြီဟု KNPP က ဆိုပါသည်။ ၂၀၂၃ ခုနှစ် ဖွန်လ ၂၄ ရက် မှ ၂၀၂၄ ခုနှစ် ဖွန်လကုန်အထိ မယ်စဲ့၊ နန်းမယ်ခုံ၊ မိုးဗြဲ၊ ဖော်ချီး၊ ရှာသစ်နှင့် ရှားတော စသည့် မြို့(၆)မြို့ကို KNPP/KA ၊ ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDF)နှင့် ဒေသတွင်း ကရင်နီ တော်လှန်ရေးတပ်ပေါင်းစုက သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။ [4]

KNPP/KA သည် ကရင်နီဒေသတွင်း အာဏာသိမ်းစစ်ကောင်စီတပ်များအား ခုခံတော်လှန်စစ် ဆင်နွှဲနေကြသည့် လက်နက်ကိုင်အင်အားစုများကို ဦးဆောင်ထိန်းကျောင်းပေးလျက်ရှိသကဲ့သို့

---

[2] “လမ်းများအားလုံး… နေပြည်တော်သို့” (သို့မဟုတ်) တောင်ပိုင်းစစ်ဒေသကို လေ့လာခြင်း http://rb.gy/kcpoe

[3] စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အတူတကွ လက်တွဲတော်လှန် တိုက်ပွဲဝင်နေကြသော အဖွဲ့များ၏ ဘုံသဘောထားရပ်တည်ချက်အား ထုတ်ပြန်ကြေညာခြင်း၊ KNPP ၊ ၃၁ ဇန်နဝါရီ ၂၀၂၄

အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များတွင်လည်း အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့များ၊နိုင်ငံရေး အစုအဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၉ ရက်အထိ စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှု (၇၀) ခု ဖြစ်ပွားခဲ့သည်။ သတင်းတွေ့ရှိချက်များအရ KNPP/KA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုအဖြစ် အရေအတွက် နည်းပါသည်ဟု ဆိုနိုင်သော်လည်း ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF)နှင့် အခြားသော ဒေသတွင်း ကရင်နီတော်လှန်ရေးတပ်ပေါင်းစုကို ဦးစီးထိန်းကျောင်းပေးလျက်ရှိပါသည်။ |

## တိုက်ပွဲဖြစ်ပွားရာ မြို့နယ်နှင့် နှစ်အလိုက်တိုက်ပွဲဖြစ်ပွားမှုဇယား




| Year | Actor 1 | Actor 2 | Armed Clash Events |
|---|---|---|---|
| 2020 (Jan-Dec) | MA | KNPP/KA | 1 |
| 2021 (Jan-Dec) | MA | KNPP/KA | 8 |
| 2022 (Jan-Dec) | MA | KNPP/KA | 4 |
| 2023 (Jan-Dec) | MA | KNPP/KA | 45 |
| 2024 (Jan-9 July) | MA | KNPP/KA | 12 |

[4] တော်လှန်ရေးအင်အားစုများမှ သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့ပေါင်း ၇၁ မြို့၊ BNI-MPM၊ ၂၂ ဇူလိုင် ၂၀၂၄



## ကရင်အမျိုးသားအစည်းအရုံး - KNU

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၅ ဖေဖော်ဝါရီ ၁၉၄၇ |
| ရုံးချုပ် | ကလိုယော်လေး၊ ဘားအံခရိုင်၊ ကရင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | ကရင်ပြည်နယ် တစ်ဝန်းလုံး၊ မွန်ပြည်နယ် သထုံ၊ ဘီးလင်း၊ ကျိုက်ထို မြို့နယ်များ၊ ပဲခူးတိုင်း ကျောက်ကြီး၊ ရွှေကျင်၊ မုန်း မြို့နယ်များ၊ တနင်္သာရီတိုင်း မြိတ်၊ ထားဝယ် မြို့နယ်များ |
| အင်အား | ၁၀၀၀၀ အထက် |
| ဥက္ကဋ္ဌ | ပဒိုစောကွယ်ထူးဝင်း |
| ဒုဥက္ကဋ္ဌ | ပဒိုစောဆဲဂေ |
| အထွေထွေအတွင်းရေးမှူး | ပဒိုစောတာဒိုမူး |
| KNLA စစ်ဦးစီးချုပ် | ဗိုလ်ချုပ်ကြီးစောဂျော်နီ |
| KNLA ဒုစစ်ဦးစီးချုပ် | ဒု-ဗိုလ်ချုပ်ကြီးဘောကျော်ဟဲ |
| KNDO စစ်ဦးစီးချုပ် | ဗိုလ်မှူးချုပ် စောရိုးလေ |
| Facebook | https://www.facebook.com/KNUHQKTL |
| Website | https://knuhq.org/mm |

KNU သည် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်ပြီး အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ၏ ERO များ အစုအဖွဲ့တွင် ပူးပေါင်းပါဝင်လျက်ရှိသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဌာနတို့နှင့် မဟာမိတ်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs) (၄) ဖွဲ့ ပူးပေါင်း ဖွဲ့စည်းထားသည့် "ဗဟိုကွပ်ကဲရေးနှင့်ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ" (Central Command and Coordination Committee–C3C) တွင် CNF/CNA ၊ KIO/KIA ၊ KNPP/KA တို့နှင့်အတူ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကရင်၊ ကရင်နီ (ကယား)၊ မွန်၊ တနင်္သာရီ၊ ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူး စသည့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊ နေပြည်တော်နှင့် ဆက်စပ်နယ်မြေများဖြစ်သည့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများပါဝင်သော တောင်ပိုင်းစစ်ဒေသအတွင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP/KA)၊ NUG နှင့် အတူ ပူးတွဲညှိနှိုင်းရေး ကော်မတီ (Joint Coordination Committee - J2C) နှင့် ပူးတွဲစစ်ရေးကွပ်ကဲမှု (Joint Operation Command-JOC) တို့ကိုဖွဲ့စည်းပြီး အဖွဲ့ဝင်အဖွဲ့အစည်းများ နိုင်ငံရေး၊ စစ်ရေးအရ အဓိက တာဝန်ရှိသူများ ပါဝင်ဆောင်ရွက် လျက်ရှိသည်။ နိုင်ငံရေး၊ စစ်ရေးအရ မဟာဗျူဟာများနှင့် မူဝါဒများကို J2C မှ ညှိနှိုင်းဆွေးနွေးချမှတ်ပြီး မြေပြင်စစ်ရေးအရ ပူးပေါင်းကွပ်ကဲမှုများ၊ စစ်ရေးဖော်ဆောင်မှုများကို JOC က ဆောင်ရွက်ရပါသည်။ [1]

---

[1] "လမ်းများအားလုံး... နေပြည်တော်သို့" (သို့မဟုတ်) တောင်ပိုင်းစစ်ဒေသကို လေ့လာခြင်း http://rb.gy/kcpoe

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၀ ရက်တွင် ပြုလုပ်သော "First 100 Day : KNU in New Era" သတင်းစာရှင်းလင်းပွဲတွင်တော့ "မြန်မာ့နိုင်ငံရေးတွင် လုံးဝ ပါဝင်ခွင့်မရှိသည့် စစ်တပ် တည်ဆောက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်တစ်ခုရေးဆွဲရေး၊ အသွင် ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်များအား သဘောတူအကောင်အထည်ဖော်ရေးနှင့် နိုင်ငံသစ်ထူထောင်ရေး၏ အဆင့်တိုင်းတွင် နိုင်ငံတကာပါဝင်သည့် အခန်းကဏ္ဍကို သဘောတူ ပါဝင်စေရေး" ဟူသည့် နိုင်ငံရေးရည်မှန်းချက် (၄) ရပ်ကို KNU အထွေထွေအတွင်းရေးမှူးဖြစ်သူ ပဒိုစောတာဒိုမူးက ကြေညာခဲ့သည်။

ထို့အပြင် စစ်အာဏာသိမ်းမှုကြောင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) ပျက်ပြယ်သွားပြီဟု ကြေညာခဲ့ပြီး တရားမျှတရေး၊ တန်းတူရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီး ရေးနှင့် တစ်နိုင်ငံလုံး ဖက်ဒရယ်ဒီမိုကရေစီစနစ် ပေါ်ထွန်းရေးကို ဆက်လက်ဆုပ်ကိုင်ထား ကြောင်းနှင့် စစ်အာဏာသိမ်းယူမှုကို ဖယ်ရှားပြီး ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ဖက်ဒရယ်ဒီမိုကရေစီ စနစ်ကျင့်သုံးသည့် ကော်သူးလေဖက်ဒရယ်ယူနစ်တစ်ခုပေါ်ထွန်းအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆိုပါသည်။ [2]

CNF/CNA ၊ ABSDF တို့နှင့်ပူးပေါင်းကာ NCA ၏ အနှစ်သာရနှင့် NCA ကိုပျက်ပြယ်စေသည့် အကြောင်းအချက် (၈) ချက်ကို NCA လက်မှတ်ရေးထိုးရာတွင် ပါဝင်သည့် အသိသက်သေများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ အိတ်ဖွင့်ပေးစာပေးပို့ထုတ်ပြန်ခဲ့သည်။ အလားတူ NCA လုပ်ငန်းစဉ် မှ ဖြစ်ပေါ်လာသော ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးအဖွဲ့ (JMC) အား "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေး ကြားနေအဖွဲ့အစည်း"အဖြစ်အဆိုပြု ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂရုံးအဖွဲ့၊ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖွဲ့၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် Joint Peace Fund (JPF) တို့ထံလည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက် တွင် အိတ်ဖွင့်ပေးစာပေးပို့ကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား လက် နက်သဖွယ်အသုံးပြုနေသော စစ်ကောင်စီ၏ လုပ်ရပ်များအပေါ် သဘောထားထုတ်ပြန်ခဲ့ပါသည်။

"စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး အတွက် အတူတကွ လက်တွဲတော်လှန် တိုက်ပွဲဝင်နေကြသော အဖွဲ့များ၏ ဘုံသဘောထားရပ် တည်ချက်" ကိုလည်း NUG ၊ CNF/CNA၊ KIO/KIA ၊ KNPP/KA တို့နှင့်အတူ KNU လည်း ပူးပေါင်း ပါဝင်ကာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြည်ထောင်စုအတွင်း နေထိုင် ကြသည့် တိုင်းရင်းသားလူမျိုးများ၏ သရုပ်လက္ခဏာများကို ကာကွယ်မြှင့်တင်ပေးသည့် ဒီမိုက ရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရှိသောပြည်နယ်များဖြင့် စု ဖွဲ့ထားသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရန်အတွက်မျှော်မှန်းကာ ဦးတည် ချက် (၆) ချက်၊ ရပ်တည်ချက် (၉) ချက်နှင့် လုပ်ငန်းစဉ်အဆင့်ဆင့်အား လက်တွေ့အကောင် အထည်ဖော် နိုင်ရန်အတွက် ပူးပေါင်းညှိနှိုင်းရေးယန္တရားများ ဖွဲ့စည်းဆောင်ရွက်သွားမည်

[2] စစ်တပ်အာဏာသိမ်းမှုကြောင့် NCA အပစ်ရပ်စာချုပ် ပျက်ပြယ်သွားပြီဟု KNU ပြော၊ KIC ၊ ၁၀ ဩဂုတ် ၂၀၂၃

ဟုလည်း ဆိုပါသည်။ [3]

၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစပြီး ကျောက်ကြီးမြို့နယ် မုံးမြို့၊ ဖာပွန်ခရိုင် ဖာပွန်မြို့၊ ကော့ကရိတ်မြို့နယ် ကျိုက်ဒုံမြို့နှင့် မြဝတီခရိုင် မြဝတီမြို့တို့ကို KNU ဦးဆောင်သော မဟာမိတ် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များက သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ် ဧပြီလ ၁၁ ရက်တွင် ထိန်းချုပ်နိုင်ခဲ့သည့် မြဝတီမြို့ကိုတော့ ဆက်လက်ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ပြန်လည်ဆုတ်ခွာ ပေးထားရပါသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းကတော့ စစ်အာဏာရှင်စနစ်ပြုတ်ကျရေး၊ ဖျက်သိမ်းရေး၊ စစ်အာဏာသိမ်းယူမှုများအားဆန့်ကျင်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်မည့် စစ်ရေး နည်းလမ်း တခုတည်းသာ ရှိတော့သည်ဟု ၂၀၂၄ ခုနှစ် ဇန်နဝါရီလ၊ ကရင်နှစ်သစ်ကူးနေ့တွင် ပြောဆိုခဲ့ပါသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှု | ၂၀၂၀ ပြည့်နှစ်အတွင်း တိုက်ပွဲဖြစ်ပွားမှု (၇) ခုသာ ရှိခဲ့သော်လည်း ၂၀၂၁ ခုနှစ် ဇန်နဝါရီမှ ၂၀၂၄ ခုနှစ် ဇူလိုင် ၉ ရက်အထိ စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှု (၅၇၇) ခု အထိ ရှိခဲ့ပါသည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | KNDO စစ်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်နယ်ဒါးမြဦးဆောင်သော ကော်သူးလေ တပ်မတော် (KTLA)နှင့် ၂၀၂၃ ခုနှစ်တွင် တိုက်ပွဲ(၂)ခု ဖြစ်ပွားခဲ့ပါသည်။ |

## တိုက်ပွဲဖြစ်ပွားရာ မြို့နယ်နှင့် နှစ်အလိုက်တိုက်ပွဲဖြစ်ပွားမှုဇယား




| Year | Actor 1 | Actor 2 | Armed Clash Events |
|---|---|---|---|
| 2020 (Jan-Dec) | MA | KNU | 7 |
| 2021 (Jan-Dec) | MA | KNU | 85 |
| 2022 (Jan-Dec) | MA | KNU | 161 |
| 2023 (Jan-Dec) | MA | KNU | 229 |
| 2024 (Jan-9 July) | MA | KNU | 102 |
| 2023 (Jan-Dec) | KTLA | KNU | 3 |

[3] စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အတူတကွ လက်တွဲတော်လှန် တိုက်ပွဲဝင်နေကြသော အဖွဲ့များ၏ ဘုံသဘောထားရပ်တည်ချက်အား ထုတ်ပြန်ကြေညာခြင်း၊ CNF ၊ ၃၁ ဇန်နဝါရီ ၂၀၂၄

# ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) – KNU/KNLA-PC

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၁၁ ဖေဖော်ဝါရီ ၂၀၀၇ |
| ရုံးချုပ် | ကော့ကရိတ်မြို့နယ် ၊ ကရင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ် ကရင်ပြည်နယ် |
| အင်အား | ၅၀၀ အထက် |
| ဥက္ကဋ္ဌ | ဗိုလ်ချုပ်ကြီးစောထော့လေး |
| ဒုတိယဥက္ကဋ္ဌ | ဒေါက်တာနော်ကပေါ်ထူး |
| အထွေထွေအတွင်းရေးမှူး | ဗိုလ်မှူးကြီးစောကျော်ညွန့် |
| Facebook | https://www.facebook.com/p/KnuKnla-PC-Media-100064488230298/?locale=th_TH |

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် KNU/KNLA-PC သည် NCA ကိုပဲ ဆက်လက်ကိုင်ဆွဲကာ အာဏာသိမ်းစစ်ကောင်စီနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ NCA လမ်းကြောင်းအရ ဖြစ်ပေါ်လာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) တွင် တစိုက်မတ်မတ် ပူးပေါင်းပါဝင်လာခဲ့သည့် KNU/KNLA-PC သည် ၂၀၂၄ ခုနှစ် မတ်လ ၁၈ ရက်တွင် ပြန်လည်ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၇)ဖွဲ့၏ မဟာမိတ်အဖွဲ့ (7 Ethnic Armed Organizations Alliance – 7 EAO Alliance) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့သည်။

KNU/KNLA-PC အထွေထွေအတွင်းရေးမှူးဖြစ်သူ ဗိုလ်မှူးကြီးစောကျော်ညွန့်က 7 EAO Alliance တွင် တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူထားပြီး လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်းကို နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းကာ သက်ဆိုင်ရာအင်အားစုများနှင့် ဆွေးနွေးညှိနှိုင်းသွားမည်ဟု ဆိုထားပါသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင်တော့ မူးယစ်ဆေးဝါးနှင့် လောင်းကစားများအား လုပ်ဆောင်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန် တားမြစ်ထားပြီးဖြစ်သည့်အတွက် အမိန့်မနာခံဘဲ ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည် ဖြစ်ကြောင်း KNU/KNLA-PC က ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်၏ မိတ္တူကို ၎င်းတို့၏ တပ်ရင်း၊ တပ်ဖွဲ့နှင့် တပ်ဖွဲ့ဝင်များအပြင် စစ်ကောင်စီလက်အောက်ခံ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်း၊ BGF နှင့် DKBA ဆက်ဆံရေးရုံးများသို့ပါ လိပ်မူထားသည်ကို တွေ့ရသည်။ [1]

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၁၉ ခုနှစ် မှ ၂၀၂၃ ခုနှစ် မတ်လကုန်အထိ စစ်ကောင်စီတပ်နှင့် KNU/KNLA-PC အကြား တိုက်ပွဲဖြစ်ပွားမှု တစုံတရာမရှိခဲ့ဟု ဆိုရပါမည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ERO နှင့် တိုက်ပွဲဖြစ်ပွားမှု မွန်ပြည်သစ်ပါတီ (NMSP) နှင့် ၂၀၂၀ ခုနှစ်တွင် တိုက်ပွဲ (၁) ခု ဖြစ်ပွားခဲ့ပါသည်။ |

[1] တပ်ဖွဲ့ဝင်များ မူးယစ်ဆေးဝါးနှင့် လောင်းကစားလုပ်ငန်းများမပြုလုပ်ရန် KNU/KNLA-PC နှင့် DKBA တို့ အမိန့်ညွှန်ကြားချက်ထုတ်၊ ကေအိုင်စီ၊ ၁၀ ဒီဇင်ဘာ ၂၀၂၃

## လားဟူဒီမိုကရက်တစ်အစည်းအရုံး - LDU

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၁၀ ဇန်နဝါရီ ၁၉၇၃ ၊ ၁၉၈၇၊ ၁၉၉၇၊ ဧပြီ ၂၀၀၈ |
| ရုံးချုပ် | ရှမ်းပြည်နယ် မိုင်းဆက်ခရိုင် လွယ်လန်းဒေသ |
| စစ်အင်အား | မသိရ |
| မူလ LDU အဖွဲ့ကို ဥက္ကဌ အဖြစ် ကျာခွန်ဆာနှင့် ဒုဥက္ကဌအဖြစ် ကျာဟားတို့က ဦးဆောင်သည်။ LDU အဖွဲ့အသစ်ကို ဥက္ကဌအဖြစ် ကျာဆော်လမွန်နှင့် ဒုဥက္ကဌအဖြစ်ကျာဖူးတို့က ဦးဆောင်သည်။ | |

စစ်အာဏာသိမ်းမှုသည် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အပေါ် များစွာ သက်ရောက်မှုရှိခဲ့သည်။ အာဏာသိမ်းစစ်ကောင်စီ၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်မှုအပေါ် အကြောင်းပြုပြီး LDU ၏ ခေါင်းဆောင်ပိုင်းတွင် သဘောထားကွဲလွဲမှုများဖြစ်ပေါ်စေခဲ့သည်။ ဥက္ကဌကျာခွန်ဆာ ဦးဆောင်သည့် မူလ LDU အဖွဲ့နှင့် အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန်မှ ဦးဆောင်သည့် LDU အဖွဲ့အသစ်အဖြစ် LDU ၏ ဖြစ်တည်မှုကို ၂၀၂၂ ခုနှစ် ဇူလိုင်လကုန်ပိုင်းမှ စပြီး မြင်တွေ့ခဲ့ရသည်။

၂၀၂၂ ဇူလိုင်လ ၇ ရက် ၊ နေပြည်တော်ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မတက်ရောက်ရန် ဥက္ကဌကျာခွန်ဆာနှင့် ဒု-ဥက္ကဌ ကျာဟားတို့က ကြေညာခဲ့သည့်ကြားမှ အထွေထွေအတွင်းရေးမှူး ကျာဆောလမွန်နှင့် အလုပ်အမှုဆောင်တချို့သည် အာဏာသိမ်းစစ်ခေါင်းဆောင်နှင့်သွားရောက် တွေ့ဆုံခဲ့သည်။ ထို့ကြောင့် ကျာခွန်ဆာဦးဆောင်သည့် မူလ LDU အဖွဲ့သည် ကျာဆော်လမွန်၊ ကျာယာကုပ်နှင့် ကျာဖူးတို့ (၃) ဦးအား ၂၀၂၂ ခုနှစ် ဇူလိုင်လ (၈) ရက်မှစပြီး တာဝန်မှရပ်စဲကြောင်း ထုတ်ပြန်ခဲ့သည်။ ၎င်းတို့အနေဖြင့် တော်လှန်ရေးအဖွဲ့အစည်း ဖြစ်သကဲ့သို့ တော်လှန်ရေး လမ်းစဉ်ကိုသာ ကျင့်သုံးသွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇူလိုင်လ ၂၇ ရက်၊ ၂၈ ရက်များတွင်တော့ ဥက္ကဌကျာခွန်ဆာနှင့် ဒုဥက္ကဌကျာဟားတို့ တက်ရောက်ခြင်းမရှိသည့် ဗဟိုကော်မတီအစည်းအဝေးကို Zoom မှတဆင့် ပြုလုပ်ခဲ့ပြီး ဥက္ကဌ အဖြစ် ကျာဆော်လမွန်၊ ဒုဥက္ကဌအဖြစ် ကျာဖူး၊ အထွေထွေအတွင်းရေးမှူးအဖြစ် ကျာယာကုပ်နှင့် ဗဟိုကော်မတီဝင် (၉) ဦးကို ရွေးချယ်တင်မြှောက် ကြောင်း ထုတ်ပြန်ခဲ့သည်။ ကျာဆော်လမွန် ဦးဆောင်သည့် LDU အဖွဲ့သစ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) တွင် ဆက်လက်ပါဝင်နေသကဲ့သို့ PPST မှ အသွင်ပြောင်းဖွဲ့စည်းလာသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း (၇) ဖွဲ့၏ မဟာမိတ်အဖွဲ့ (7 Ethnic Armed Organizations Alliance – 7 EAO Alliance) တွင် ဆက်လက်ပါဝင်နေဆဲ ဖြစ်ပါသည်။

ကျာခွန်ဆာဦးဆောင်သည့် မူလ LDU အဖွဲ့ကမူ စစ်ကောင်စီနှင့် တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းကို ဦးတည်နေခြင်းမရှိဘဲ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီရသည်အထိ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) နှင့်အတူ ရပ်တည်သွားမည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်၊ KIO ထူထောင်ခြင်း (၆၃) နှစ်မြောက် အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခဲ့သည်။ ထို့အပြင် ဖက်ဒရယ်ဒီမိုကရေစီလိုလားသည့် လားဟူလက်နက်ကိုင် တိုင်းရင်းသားများအပေါ် လက်တွဲခေါ်ဆောင်ဖေးမခဲ့သည့်အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောဆိုထားပါသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၉ ရက်၊ ကချင်ပြည်နယ် လိုင်ဇာမြို့ မုန်လိုင်ခက်စစ်ဘေးရှောင်စခန်း ပစ်ခတ်တိုက်ခိုက်ခံရသည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး မူလ LDU အဖွဲ့၏ သဘောထားထုတ်ပြန်ချက်တွင်တော့ ၎င်းတို့အနေဖြင့် အာဏာရှင်ဟူသမျှ ကျရှုံးသည်အထိ ပြည်သူလူထုနှင့်အတူ ဆက်လက်ရပ်တည်တိုက်ပွဲဝင်သွားမည်ဟု ကတိပြုထားပါသည်။

တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ဖို့ အရေးကြီးကြောင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များအားလုံးအတွက် ဘုံသဘောတူညီချက်တခု၊ ရည်မှန်းချက်တခုတည်းထားကာ စည်းစည်းလုံးလုံးတော်လှန်တိုက်ခိုက်ပါက မုချအောင်မြင်မှုရရှိမည်ဟု ယုံကြည်ကြောင်း LDU ဥက္ကဌ ကျာဟားက ပြောဆိုထားပါသည်။ [1]

[1] လားဟူတော်လှန်ရေးကို အသက်သွင်းရမယ်၊ ဧရာဝတီ၊ ၁၅ ဇန်နဝါရီ ၂၀၂၄



## မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ/ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (ကိုးကန့်တပ်ဖွဲ့) - MNTJP / MNDAA

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၁၁ မတ် ၁၉၈၉ |
| ရုံးချုပ် | ရွှေ့လျားဌာနချုပ် ၊ |
| လှုပ်ရှားရာ နယ်မြေ | ကိုးကန့်ဒေသ မုံးကိုးနှင့် လောက်ကိုင်၊ ကွတ်ခိုင်၊ လားရှိုး၊ သိန္နီ၊ မူဆယ်၊ ပန်ဆိုင်းမြို့နယ်များ |
| အင်အား | ၁၀၀၀၀ အထက် (တပ်မဟာ - ၄ ခု) |
| ပါတီ အထွေထွေအတွင်းရေးမှူး/ ကိုးကန့်တပ်ဖွဲ့ စစ်ဦးစီးချုပ်/ အထူးဒေသ(၁)အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ | ဦးဖုန်တာရှင် (ဦးဖုန်တဲရှင်) |
| Facebook | https://www.facebook.com/Kokang311 |

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်၊ MNTJP နှင့် MNDAA ၏ ခေါင်းဆောင် ဖုန်ကြားရှင် ကွယ်လွန်ပြီးနောက်ပိုင်း ဖုန်ကြားရှင်၏သားဖြစ်သူ ဦးဖုန်တာရှင် (ဦးဖုန်တဲရှင်) က ခေါင်းဆောင် အဖြစ် ဦးဆောင်လာခဲ့သည်။ “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) ဦးဆောင် သည့် ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) တွင် ပါဝင်ပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို လမ်းဖွင့်ထားသော်လည်း ပလောင်ပြည်နယ်လွတ်မြောက် ရေးတပ်ဦး (PSLF/TNLA)၊ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (ULA/AA) တို့နှင့် စစ်ရေးအရ ပူးပေါင်း ချိတ်ဆက်မှု အားကောင်းစွာဖြင့် ညီနောင်မဟာမိတ်စုဖွဲ့ထားသည်ကို တွေ့ရသည်။

MNTJP/MNDAA သည် တရုတ်အစိုးရ၏ ကြားဝင်မှုကြောင့် ၂၀၂၃ ခုနှစ် ဇွန် ၁ ရက်နေ့၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (NDAA) ထိန်းချုပ်နယ်မြေ မိုင်းလားမြို့တွင် စစ်ကောင်စီလက်အောက်ခံ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ ဆွေးခဲ့သော်လည်း သဘောတူညီ ချက် တစုံတရာရရှိခြင်းမရှိဘဲ ဇွန်လ ၂ ရက်တွင် ဆွေးနွေးပွဲ ပြီးဆုံးခဲ့ရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် စတင်ခဲ့သည့် “၁၀၂၇ စစ်ဆင်ရေး”တွင် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး မဟာမိတ်ပူးပေါင်းတပ်ဖွဲ့များနှင့် အတူ အာဏာသိမ်းစစ်ကောင်စီတပ်များအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ စစ်ဆင်ရေးစတင်ခဲ့ သည့်ရက်မှစပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်၊ ဟိုင်ဂင်သဘော တူညီချက်ရရှိချိန်အထိ စစ်ဆင် ရေးကာလ နှစ်လကျော်အတွင်းတွင်ပင် စစ်ကောင်စီတပ်စခန်းအကြီးအသေးနှင့် အရေးကြီး

စစ်ဆေးရေးဂိတ်စုစုပေါင်း (၂၅၀) ကျော်ကို သိမ်းပိုက်ရရှိခဲ့သည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂ ရက်တွင် ချင်းရွှေဟော်မြို့၊ ဖောင်းဆိုင်၊ ကြူကုတ် (ပန်ဆိုင်း) မြို့နှင့် သိန္နီမြို့၊ နိုဝင်ဘာ ၇ ရက်တွင် မုံးကိုးမြို့၊ နိုဝင်ဘာ ၁၂ ရက်တွင် ကွမ်းလုံမြို့၊ နိုဝင်ဘာ ၂၈ ရက်တွင် ကုန်းကြမ်းနှင့် မော်ထိုက်မြို့၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လောက်ကိုင်မြို့အဖြစ် မြို့ပေါင်း (၉) မြို့ကို အာဏာသိမ်းစစ်အုပ်စုထံမှ အပြီးသတ်သိမ်းပိုက်နိုင်ခဲ့သည်။

"၁၀၂၇ စစ်ဆင်ရေး" အား လုံးဝရပ်စဲမည်မဟုတ်ဘဲ ရှမ်းပြည်နယ် အထူးဒေသ (၁) အာဏာရရေးသည် ၎င်းတို့၏ အမျိုးသားရေးလုပ်ငန်းစဉ် ပထမခြေလှမ်းဖြစ်ကာ "အထူးဒေသ (၁) အခြေခံဥပဒေ" ကို အခြေခံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအား ကြိုးပမ်းသွားမည်ဟု MNDAA စစ်ဦးစီးချုပ်နှင့် အထူးဒေသ (၁) အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖုန်တာရှင် (ဦးဖုန်တဲရင်) က ပြောဆိုထားသည်။ [1]

လောက်ကိုင်အပါအဝင် ရှမ်းပြည်နယ် အထူးဒေသ (၁) အတွင်းရှိ စစ်ကောင်စီနှင့် လက်အောက်ခံ ကိုးကန့်အဖွဲ့က ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့် အုပ်ချုပ်ရေးယန္တရားများအားလုံးကို ဖျက်သိမ်းကြောင်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် MNDAA က ကြေညာခဲ့ပြီး အထူးဒေသ (၁) ၏ မူလဥပဒေနှင့် နည်းဥပဒေများကို အပြည့်အဝ ပြန်လည်ကျင့်သုံးမည်ဟု ဆိုသည်။ ၂၀၂၃ ခုနှစ် မေလ ၂၂ ရက်တွင်တော့ လူသတ်မှု၊ သူတပါးအား ရက်စက်ကြမ်းကြုတ်သည့် နည်းလမ်းဖြင့် သေဆုံးအောင် လုပ်ဆောင်မှု၊ ပြန်ပေးဆွဲ သတ်ဖြတ်မှု စသည့် ပြစ်မှုများအတွက် သေဒဏ်၊ ထောင်ဒဏ် တသက်တကျွန်းပြစ်ဒဏ်နှင့် ဆယ်နှစ်ထက်မပိုသော ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း MNDAA က ထုတ်ပြန်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဧပြီ ၂၄ ရက်နေ့က လည်း လောက်ကိုင်မြို့ပေါ်တွင် MNDAA ၏ ခရိုင်မှူးအဆင့်ရှိသူ တစ်ဦးအပါအဝင် တပ်ဖွဲ့ဝင်သုံးဦးကို လူသတ်ပြန်ပေးဆွဲမှုများတွင် ပါဝင်သည်ဟု ဆိုကာ လူမြင်ကွင်းရှေ့ သေဒဏ်ပေးခဲ့သဖြင့် MNDAA အပေါ် ဝေဖန်မှုများရှိခဲ့သည်။ [2]

၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်တွင်တော့ ဟိုင်ဂင်သဘောတူညီချက် ကျိုးပျက်ခဲ့ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ တွင် "၁၀၂၇ စစ်ဆင်ရေး" အပိုင်း (၂) ကို ညီနောင်မဟာမိတ်တပ်များနှင့်အတူ လားရှိုးမြို့နယ်အတွင်း စစ်ဆင်ရေးများကို MNDAA က ဦးဆောင်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်တွင်တော့ အာဏာသိမ်း စစ်ကောင်စီတပ်များမှ အလင်းဝင်လာသူအားလုံးအတွက် ချီးမြှင့်ရန် ပြဌာန်းချက်များကို MNDAA ၏ နိုင်ငံရေးဌာနက ထုတ်ပြန်ခဲ့သည်။ အဆိုပါပြဌာန်းချက်များထဲတွင် အသက်အာမခံချက်၊ ချီးမြှင့်ငွေ ကျပ် (၁၀) သိန်းမှ ကျပ်သိန်းတစ်သောင်းအထိ အကြောင်းချင်းရာအလိုက် ပေးအပ်သွားမည်ဟုဆိုပါသည်။

[1] မြန်မာနိုင်ငံရှမ်းပြည်နယ်အထူးဒေသ(၁)အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖုန်တဲရင်၏ ၂၀၂၄ ခုနှစ် နှစ်သစ်ကူးသဝဏ်လွှာ၊ The Kokang ၊ ၁ ဇန်နဝါရီ ၂၀၂၄

[2] သေဒဏ်နဲ့ တစ်သက်တစ်ကျွန်း စီရင်မဲ့ပြစ်မှုတွေကို MNDAA ထုတ်ပြန်၊ အာအက်ဖ်အေ၊ ၂၃ မေ ၂၀၂၄

ယခုအခါ ဦးဖုန်တာရှင် (ဦးဖုန်တဲရင်) ဦးဆောင်သော MNTJP/MNDAA သည် ၎င်းတို့ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့်နယ်မြေများကို အခြေပြုကာ အထူးဒေသ (၁) အုပ်ချုပ်ရေးကော်မတီကို ဖွဲ့စည်းပြီး အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို လုပ်ဆောင်နေသကဲ့သို့ အာဏာသိမ်း စစ်ကောင်စီတပ်များအား ထိုးစစ်ဆင် တော်လှန်တိုက်ပွဲများကိုလည်း ဆက်လက်အရှိန်မြှင့် လုပ်ဆောင်နေဆဲ ဖြစ်ပါသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လကုန်အထိ စစ်ကောင်စီတပ်နှင့် တိုက်ပွဲပေါင်း (၉၁) ကျော်အထိ ဖြစ်ပွားခဲ့သည်။ စစ်ကောင်စီတပ်များနှင့် MNDAA အကြား တိုက်ပွဲဖြစ်ပွားမှုများကို လေ့လာကြည့်ပါက TNLA နှင့်သော် လည်းကောင်း၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့်သော်လည်းကောင်း ပူးပေါင်းတပ်အဖြစ် တိုက်ပွဲဖော်ဆောင်လျက်ရှိသည်ကို တွေ့ရပါသည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၄ ခုနှစ်အတွင်း SSPP/SSA နှင့် MNDAA အကြား တိုက်ပွဲဖြစ်ပွားမှု (၂) ခု ရှိခဲ့သည်။ |

## တိုက်ပွဲဖြစ်ပွားရာ မြို့နယ်နှင့် နှစ်အလိုက်တိုက်ပွဲဖြစ်ပွားမှုဇယား




| Year | Actor 1 | Actor 2 | Armed Clash Events |
|---|---|---|---|
| 2020 (Jan-Dec) | MA | MNDAA | 1 |
| 2021 (Jan-Dec) | MA | MNDAA | 47 |
| 2022 (Jan-Dec) | MA | MNDAA | 14 |
| 2023 (Jan-Dec) | MA | MNDAA | 20 |
| 2024 (Jan-June) | MA | MNDAA | 11 |
| 2024 (Jan-June) | SSPP/SSA | MNDAA | 2 |



## မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (မိုင်းလားအဖွဲ့) - NDAA / ESS

| | |
|---|---|
| စတင်ဖွဲ့စည်းသည့်နေ့စွဲ | ၁၉၈၉ |
| ရုံးချုပ် | မိုင်းလား ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း |
| လှုပ်ရှားရာနယ်မြေ | မိုင်းလား ၊ ရှမ်းပြည်နယ် (အထူးဒေသ ၄) |
| အင်အား | ၅၀၀၀ အထက် |
| ဥက္ကဋ္ဌ | စိုင်းလင်း (၂၀၂၄ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် ကွယ်လွန်သွားခဲ့သည်) |
| ဒုဥက္ကဋ္ဌ | စံဖဲ (စံပေ့) |
| အထွေထွေအတွင်းရေးမှူး | စဝ်ဆဲန်လ |
| ပြောရေးဆိုခွင့်ရှိသူ | ဦးကြည်မြင့် |
| Facebook | https://www.facebook.com/monglanewscna1976 |
| Website | http://www.4tzx.com/ |

"ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) ဦးဆောင်သည့် ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) တွင် ပူးပေါင်းပါဝင်ထားသည့် NDAA – ESS သည် စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသကဲ့သို့ ၎င်းတို့၏ ထိန်းချုပ်နယ်မြေ မိုင်းလားမြို့ပေါ်တွင်ပင် ညီနောင်မဟာမိတ် (၃) ဖွဲ့နှင့် အာဏာသိမ်းစစ်အုပ်စုအကြား တွေ့ဆုံဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ် ဇွန်လ ၁ ရက်မှ ၃ ရက်အထိ စီစဉ်ပေးခဲ့သည်။ သို့သော် အစည်းအဝေးဒုတိယမြောက်နေ့တွင်ပင် ဆွေးနွေးပွဲ ရပ်တန့်သွားခဲ့ပါသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲကို တရုတ်အစိုးရမှ ကြားဝင်စီစဉ်ပေးခြင်းဖြစ်သော်လည်း သဘောတူညီချက် တစုံတရာမရရှိဘဲ အဆုံးသတ်သွားခဲ့ခြင်း ဖြစ်သည်။

ရှမ်းမြောက်ဒေသအတွင်း ညီနောင်မဟာမိတ် (၃)ဖွဲ့၏ "၁၀၂၇ စစ်ဆင်ရေး" ပေါ်ပေါက်လာချိန်တွင်တော့ NDAA – ESS အနေဖြင့် ဘက်မလိုက်သည့် နိုင်ငံရေးရပ်တည်ချက်အတိုင်း မည်သည့်ပဋိပက္ခတွင်မျှ ပါဝင်ခြင်း၊ စွက်ဖက်ခြင်းမျိုး ပြုမည်မဟုတ်ကြောင်း၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သဘောထားကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ [1]

NDAA – ESS အနေဖြင့် "ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုး" ဆိုသည့်မူကို ကိုင်စွဲကာ ဘက်မလိုက်နိုင်ငံရေးရပ်တည်မှုကို ကျင့်သုံးပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို ကာကွယ်ထိန်းသိမ်းရေး၊ ဒေသတွင်း တိုင်းရင်းသား လူမျိုးစုများ၏ အခြေခံအကျိုးစီးပွားကို ကာကွယ်ရေး၊ မိတ်ဖက်

[1] ထုတ်ပြန်ကြေညာချက်၊ ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးကော်မတီ၊ ၁ နိုဝင်ဘာ ၂၀၂၃

အဖွဲ့အစည်းများနှင့် စည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းရေးနှင့် နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေကြောင်း ဥက္ကဋ္ဌ ဦးစိုင်းလင်းက ၂၀၂၄ ခုနှစ်အတွက် နှစ်သစ်ကူးနှုတ်ခွန်းဆက်တွင် ထည့်သွင်းပြောဆိုခဲ့သည်။

စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်ကောင်စီနှင့် NDAA-ESS အကြား အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုမျိုး (၃) ကြိမ်ထက်မနည်း ပြုလုပ်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၆ ရက်၊ အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် တွေ့ဆုံစဉ်တွင်တော့ NDAA – ESS အနေဖြင့် ၎င်းတို့၏ ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ (၄) ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဖြစ် သတ်မှတ်ပေးရန် တောင်းဆိုခဲ့သည်ဟု ဆိုပါသည်။



## မွန်ပြည်သစ်ပါတီ / မွန်အမျိုးသားလွတ်မြောက်ရေး တပ်မတော် - NMSP / MNLA

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၂၀ ဇူလိုင် ၁၉၅၈ |
| ရုံးချုပ် | ရေးချောင်းဖျား ၊ မွန်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | မွန်ပြည်နယ် သထုံ၊ ပေါင်၊ ချောင်းဆုံ၊ မော်လမြိုင်၊ ဖားအံ၊ ကော့ကရိတ်၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ရေဖြူ၊ ဘုရားသုံးဆူတောင်ကြား၊ တနင်္သာရီတိုင်း မြိတ်၊ ထားဝယ် နှင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး |
| အင်အား | ၁၅၀၀ အထက် |
| ဥက္ကဋ္ဌ | နိုင်ဟံသာ |
| ဒုဥက္ကဋ္ဌ | နိုင်အောင်မင်း |
| Facebook | https://www.facebook.com/newmonstateparty |

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးကတည်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တက်ကြွစွာပူးပေါင်းပါဝင်လာခဲ့သည့် NMSP သည် စစ်အာဏာသိမ်းကာလအတွင်းတွင်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST)အတွင်း ခေါင်းဆောင်မှုနေရာမှ ဦးဆောင်ကာ အာဏာသိမ်းစစ်ကောင်စီနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်း လျှောက်လှမ်းခဲ့သည်။ ၂၀၂၃ ခုနှစ် ဧပြီလထဲတွင်တော့ PPST မှ နုတ်ထွက်ရန် စာတင်ခဲ့ပြီး PPST အတွင်း ပါဝင်မှုအဆင့် လျှော့ချခဲ့ပါသည်။

(၇၆) နှစ်မြောက် မွန်အမျိုးသားနေ့အတွက် NMSP ၏ ထုတ်ပြန်ချက်တွင်တော့ နိုင်ငံရေးအကျပ်အတည်းအား မဖြေရှင်းဘဲ ရွေးကောက်ပွဲကျင်းပဖို့ ကြိုးစားနေခြင်းသည် သွေးထွက်သံယိုမှုများသည့် ပဋိပက္ခဆီ ဦးတည်နိုင်သည့်အတွက် မွန်ပြည်သစ်ပါတီအနေဖြင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးနိုင်ရေးအတွက် တိုင်းရင်းသားပေါင်းစုံနှင့် လက်တွဲသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် ၎င်းတို့အနေဖြင့် စစ်ကောင်စီနှင့် တွေ့ဆုံဆွေးနွေးနေရသည့်တိုင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုင်ဆွဲနေခြင်းကြောင့် မျှော်မှန်းထားသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ အလှမ်းဝေးနေဆဲဖြစ်ကြောင်း ထောက်ပြထားပါသည်။ [1]

၂၀၂၃ ခုနှစ် ဇွန်လတွင် မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဋ္ဌ နိုင်ဟံသာကတော့ စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေးအတွက် နွေဦးတော်လှန်ရေးတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (EROs) အားလုံး ပါဝင်လာပါက ၎င်းတို့အနေဖြင့်လည်း ပါဝင်သွားမည်ဟု

[1] စစ်ကောင်စီနဲ့ ဆွေးနွေးခဲ့တဲ့ မွန်ပြည်သစ်ပါတီရဲ့ နိုင်ငံရေးရပ်တည်ချက် ၊ အာအက်ဖ်အေ၊ ၉ ဖေဖော်ဝါရီ ၂၀၂၃

ဆိုထားပါသည်။ [2] ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်တွင် စတင်ပြုလုပ်ခဲ့သည့် (၁၁) ကြိမ်မြောက် ပါတီညီလာခံတွင်တော့ ဥက္ကဋ္ဌအဖြစ် နိုင်ဟံသာကို ပြန်လည်ရွေးချယ်ခဲ့ကြသည်။ [3]

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်တွင်တော့ မွန်ပြည်သစ်ပါတီ (စစ်အာဏာရှင်တိုက်ဖျက်ရေး) (New Mon State Party-AD) ဟုဆိုကာ အထွေထွေအတွင်းရေးမှူး နိုင်ဇေယျနှင့် ဒုစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် စလွန်းထောအပါအဝင် ယုံကြည်ချက်၊ ရပ်တည်ချက်တူညီသူများ စုဖွဲ့ပူးပေါင်းပြီး မွန်ပြည်သစ်ပါတီမှ ခွဲထွက်သွားခဲ့သည်။ NMSP-AD အနေဖြင့် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသည့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် နိုင်ငံ့အာဏာအဓမ္မသိမ်းယူထားသည့် စစ်တပ်၊ စစ်အာဏာရှင်စနစ်နှင့် အာဏာရှင်စနစ်ဟူသမျှ ချုပ်ငြိမ်းရေးသည်သာ တစ်ခုတည်းသောနည်းလမ်းဟု ယုံကြည်ထားသည်ဟု ဆိုပါသည်။ NMSP-AD သည် မွန်ပြည်ဖက်ဒရယ်ကောင်စီ (MSFC) နှင့် နိုင်ငံရေး၊ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများရှိသကဲ့သို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် မွန်ဒေသအတွင်းရှိ အခြားသော တော်လှန်ရေးအင်အားစုများ နှင့်လည်း စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများလည်း ရှိနေပါသည်။

မွန်ပြည်သစ်ပါတီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီကမူ NMSP-AD သည် သူ့သဘောသူဆောင်ပြီး မိခင်ပါတီနှင့် ဆက်စပ်ပတ်သက်မှု မရှိကြောင်း ၂၀၂၄ ခုနှစ် မေလ ၃၁ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ မွန်ပြည်သစ် ပါတီသည် ၂၀၂၄ ခုနှစ် မတ်လ ၁၈ ရက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST)ကို ပြောင်းလဲဖွဲ့စည်းလိုက်သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၇) ဖွဲ့၏ မဟာမိတ်အဖွဲ့ (7 Ethnic Armed Organizations Alliance – 7 EAO Alliance) တွင် အဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်လာခဲ့ပါသည်။

---

2 နွေဦးတော်လှန်ရေးမှာ EAO တွေ အားလုံးပါရင် မိမိတို့လည်းပါဝင်မယ်လို့ မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌပြော၊ BNI ၊ ၂၉ ဇွန် ၂၀၂၃

3 မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌအဖြစ် နိုင်ဟံသာ ပြန်အရွေးခံရ၊ ပါတီထိပ်ပိုင်းခေါင်းဆောင်တွေ အပြောင်းအလဲမရှိ၊ သံလွင်တိုင်းမ်၊ ၁၂ ဇန်နဝါရီ ၂၀၂၄



## ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်/ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် - PNLO / PNLA

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၁၁ ဒီဇင်ဘာ ၁၉၄၉ (ပထမအကြိမ်) ၊ ၇ - ၉ ဒီဇင်ဘာ ၂၀၀၉ (ဒုတိယအကြိမ်) |
| ရုံးချုပ် | မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသ၊ ရှမ်းပြည်နယ်တောင်ပိုင်း |
| လှုပ်ရှားရာ နယ်မြေ | ဆီဆိုင် ၊ ဟိုပုန်း ၊ နမ့်စန်၊ လင်းခေးနှင့် မောက်မယ်မြို့နယ်များ၊ ရှမ်းပြည်နယ် |
| အင်အား | ၄၀၀ အထက် |
| ဥက္ကဋ္ဌ | ဗိုလ်ချုပ်ခွန်သူရိန် |
| ဒုဥက္ကဋ္ဌ | ခွန်ထွန်းတင် |
| အထွေထွေအတွင်းရေးမှူး | ခွန်အောင်မန်း |
| Facebook | https://www.facebook.com/paohnationalliberationorganization |

၂၀၂၃ ခုနှစ် မေလ ၇ ရက်၊ PNLO ထိန်းချုပ်နယ်မြေသို့ အကူအညီပေးရန် သွားရောက်ခဲ့သည့် အာဆီယံသံတမန်များ၊ အင်ဒိုနီးရှားနှင့် စင်္ကာပူသံရုံးမှ တာဝန်ရှိသူများ၊ အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာန (AHA Center)မှတာဝန်ရှိသူများ၊ PNLO ကိုယ်စားလှယ်များ၊ စစ်ကောင်စီလက်အောက်ခံ ရှမ်းပြည်နယ်စစ်ကောင်စီမှ တာဝန်ရှိသူများပါဝင်သည့်ယာဉ်တန်းသည် တောင်ကြီးမြို့မှ ဆီဆိုင်သို့ သွားရာလမ်းတွင် ပစ်ခတ်ခံခဲ့ရသည်။

၂၀၂၃ ခုနှစ် ဖွန်လနောက်ဆုံးအပတ်တွင် ပြုလုပ်သည့် စစ်ကောင်စီနှင့် အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ (၅) ဖွဲ့ တွေ့ဆုံမှုကို PNLO နာယကဖြစ်သူ ဗိုလ်မှူးကြီးခွန်ဥက္ကာက ဦးဆောင်ခဲ့ပါသည်။ ဆွေးနွေးပွဲအတွင်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စ၊ ငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်ရေးကိစ္စ စသည့် အချက် (၄) ချက်ကို ဆွေးနွေးခဲ့ပါသည်။ [1]

ထိုနှစ် နိုဝင်ဘာလဆန်းပိုင်းမှ စတင်ကာ ကရင်နီ (ကယား) ပြည်နယ်၊ လွိုင်ကော်မြို့ပေါ်တိုက်ပွဲများ ပြင်းထန်လာသည့်အတွက် လွိုင်ကော်မြို့ပေါ်ရှိ စစ်ဘေးရှောင်ပြည်သူများအား ၎င်းတို့၏ အခြေပြုရာဒေသများအတွင်း လာရောက်ခိုလှုံနိုင်ကြောင်း ဖိတ်ခေါ်အသိပေးခဲ့သည်။ ဒေသခံ ပအိုဝ်းပြည်သူများအနေဖြင့်လည်း ပအိုဝ်းဒေသကိုရောက်ရှိလာသည့် စစ်ဘေးရှောင်ပြည်သူများကို လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဝိုင်းဝန်းထောက်ပံ့ပေးကြဖို့ PNLO က တိုက်တွန်းထားခဲ့သည်။ [2]

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစပြီး PNLA လှုပ်ရှားရာ ဆီဆိုင်မြို့နယ်အတွင်း စစ်ကောင်စီတပ်များနှင့်တိုက်ပွဲဖြစ်ပွားခဲ့သည်။ ဇန်နဝါရီလ ၂၈ရက်တွင် ဆီဆိုင်မြို့ကိုပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် PNLA က ထိန်းချုပ်နိုင်ခဲ့သည်။ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်/ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်

---

1 PPST အဖွဲ့ဝင် အဖွဲ့အစည်း (၅) ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံတော်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ ၊ 7 EAO Alliance ၊ ၂၈ ဖွန် ၂၀၂၃

2 လွိုင်ကော်က စစ်ရှောင်လူထုတွေတွေ ပအိုဝ်းအခြေပြုဒေသမှာ လာရောက်ခိုလှုံနိုင်ကြောင်း PNLO အသိပေး၊ ကန္တာရဝတီတိုင်းမ်၊ ၁၇ နိုဝင်ဘာ ၂၀၂၃

(PNLO/PNLA) အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ပေါင်းစုံနှင့်ပူးပေါင်းကာ စစ်အာဏာရှင်စနစ်အမြစ်ပြတ်ရေးအထိ ဆက်လက်ချီတက်သွားမည်ဟုလည်း ဆိုပါသည်။ [3]

ရှမ်းပြည် (တောင်ပိုင်း) ဒေသခံတော်လှန်ရေးတပ်ပေါင်းစု (S.S.L.R.U) ကလည်း ရှမ်းပြည် တောင်ပိုင်းဒေသအတွင်း စစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တယားများ မလည်ပတ်နိုင်တော့သည်အထိ PNLO/PNLA နှင့် ပူးပေါင်းကာ တော်လှန်စစ်ဆင်နွှဲသွားမည်ဟု တော်လှန်သစ္စာဖြင့် ကတိပြုကြောင်း သဘောထားထုတ်ပြန်ခဲ့သည်။ ထို့အပြင် PNLO ဒုဥက္ကဋ္ဌဟောင်း ဦးဆောင်သည့် ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (PNFC) ကလည်း " ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်သည်အထိ ဘဝတူညီနောင်မဟာမိတ်များနှင့်အတူ ဆင်နွှဲသွားမည်" ဟူသော PNLO/PNLA ၏ ရပ်တည်ချက်ကို ထောက်ခံကြိုဆိုခဲ့ပါသည်။ [4]

PNLO အနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးခဲ့သလို NCA အရ ဖြစ်ပေါ်လာသည့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်လည်း တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ် မတ်လ ၁၈ ရက်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) ကို ပြောင်းလဲဖွဲ့စည်းလိုက်သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၇) ဖွဲ့၏ မဟာမိတ်အဖွဲ့ (7 Ethnic Armed Organizations Alliance – 7 EAO Alliance) တွင် PNLO အနေဖြင့် ကိုယ်စားလှယ်အနေဖြင့် ထည့်သွင်း ဖော်ပြထားခြင်းကိုမူ PNLO/PNLA ဥက္ကဋ္ဌ ဗိုလ်ချုပ်ခွန်သူရိန်က ကန့်ကွက်ထားပါသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စတင်ပြီး PNLO နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်မှု (၂၇) ခု ရှိခဲ့ပါသည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ERO နှင့် တိုက်ပွဲဖြစ်ပွားမှု၂၀၂၃ ခုနှစ်အတွင်း PNLO နှင့် RCSS/ SSA အကြား တိုက်ပွဲဖြစ်ပွားမှု (၂) ခု ရှိခဲ့သလို ၂၀၂၄ ခုနှစ်အတွင်းတွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO/PNA)နှင့် PNLO/PNLA အကြား တိုက်ပွဲဖြစ်ပွားမှု ၂ ခု ရှိခဲ့ပါသည်။ |

## တိုက်ပွဲဖြစ်ပွားရာ မြို့နယ်နှင့် နှစ်အလိုက်တိုက်ပွဲဖြစ်ပွားမှုဇယား




| Year | Actor 1 | Actor 2 | Armed Clash Events |
|---|---|---|---|
| 2024 | MA | PNLO | 27 |
| 2023 | RCSS/SSA | PNLO | 2 |
| 2024 | PNO | PNLO | 2 |

[3] စစ်အာဏာရှင်အမြစ်ပြတ် ဆက်လက်ချီတက်မည်ဟု PNLAပြော၊ သျှမ်းသံတော်ဆင့်၊ ၄ ဖေဖော်ဝါရီ ၂၀၂၄

[4] စစ်ကောင်စီအုပ်စု ယန္တရားမလည်ပတ်နိုင်အောင် PNLOနှင့်အတူ ပူးပေါင်းပြီး တော်လှန်မည်ဟု SSLRU ကထုတ်ပြန်၊ သျှမ်းသံတော်ဆင့်၊ ၂၈ ဇန်နဝါရီ ၂၀၂၄



## ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် - PSLF / TNLA

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၁၉၆၃ ၊ ၁၉၇၆ ၊ ဇန်နဝါရီ ၁၉၉၂ ၊ ဇန်နဝါရီ ၂၀၀၉ |
| ရုံးချုပ် | ရွှေ့လျား |
| လှုပ်ရှားရာ နယ်မြေ | ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ ကွတ်ခိုင်၊ နမ္မတူ၊ မန်တုံ၊ နမ့်စန်၊ နမ့်ခမ်း၊ မူဆယ်၊ မိုးမိတ်နှင့် မန္တလေးတိုင်း မိုးကုတ် |
| အင်အား | ၈၀၀၀ အထက် |
| ဥက္ကဋ္ဌ | ဗိုလ်ချုပ် တာအိုက်ဘုန်း |
| ဒုဥက္ကဋ္ဌ | ဗိုလ်မှူးချုပ် တာဂျော့ကြာ |
| အထွေထွေအတွင်းရေးမှူးချုပ် | ဗိုလ်မှူးချုပ် တာဘုန်းကျော် |
| Facebook | https://www.facebook.com/profile.php?id=100064235945809 |
| Website | https://www.taangland.org/ |

PSLF/TNLA သည် ညီနောင်မဟာမိတ် (၃) ဖွဲ့စုဖွဲ့မှုတွင် ကိုးကန့်တပ်ဖွဲ့ (MNDAA)၊ အာရက္ခတပ်တော် (ULA/AA)တို့နှင့်အတူပါဝင်ပြီး စစ်ရေး၊ နိုင်ငံရေးအရပူးပေါင်းဆောင်ရွက်ကာ UWSP/UWSA နှင့် KIO/KIA တို့ ဦးဆောင်သည့် ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ-(FPNCC) တွင်လည်း အဖွဲ့ဝင်အနေဖြင့် ပူးပေါင်းပါဝင်နေပါသည်။

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) အတွင်း တိုက်ရိုက်ပါဝင်ခြင်း မရှိသော်လည်း NUCC ၏ အစုအဖွဲ့ဝင်တဖွဲ့ဖြစ်သည့် တအာင်းနိုင်ငံရေးအတိုင်ပင်ခံကော်မတီ TPCC နှင့် PSLF/TNLA အကြား ထိတွေ့ဆက်ဆံမှုများ၊ သတင်းအချက်အလက်ဖလှယ်မှုများ ရှိနေပြီး TPCC တွင် ၎င်းတို့၏ အသံများ ပါဝင်နေကြောင်း PSLF/TNLA အထွေထွေအတွင်းရေးမှူးချုပ်ကပြောပါသည်။ ၂၀၂၃ ခုနှစ် မတ်လ ၁၁ ရက်နှင့် ၁၂ ရက်နေ့၊ TPCC မှ ဦးဆောင်ပြုလုပ်သည့် တအာင်းပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ တတိယမူကြမ်း ဆွေးနွေးပွဲတွင် PSLF/TNLA လည်း ပါဝင်တက်ရောက်ခဲ့ပြီး တအာင်းပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ (တတိယ) မူကြမ်းကို အတည်ပြု နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင်တော့ PSLF/TNLA ပါဝင်သော ညီနောင်မဟာမိတ် (၃) ဖွဲ့သည် "၁၀၂၇ စစ်ဆင်ရေး" ကို ကြေညာကာ ရှမ်းမြောက်ဒေသမှ စတင်ပြီး အာဏာသိမ်းစစ်ကောင်စီတပ်များအား ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သည်။ တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် ရရှိခဲ့သော ဟိုင်ဂင်သဘောတူညီချက်ကြောင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင် ရှမ်းမြောက်ဒေသအတွင်း စစ်ကောင်စီတပ်နှင့် အပစ်ရပ်ခဲ့သော်လည်း ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်မှ စတင်ကာ "၁၀၂၇ စစ်ဆင်ရေး" အပိုင်း (၂) ကို ဒေသတွင်း မဟာမိတ်တော်လှန်ရေး အင်အားစုများနှင့်အတူ စတင်ခဲ့သည်။

“၁၀၂၇ စစ်ဆင်ရေး” အပိုင်း (၂) ၏ စစ်ရေးလှုပ်ရှားမှုအတွင်း PSLF/TNLA အနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ခံ ပြည်သူ့ကာကွယ်ရေးတပ်မတော် (မန္တလေး) (Mandalay-PDF) အပါအဝင် ဒေသတွင်းတော်လှန်ရေးအင်အားစုများနှင့်ပူးပေါင်းကာ မန္တလေးတိုင်းအတွင်းအထိ စစ်ရေးအရ ထိုးစစ်ဆင် လှုပ်ရှားမှုများကိုတွေ့ရှိရပါသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက်တွင် ကျောက်မဲမြို့နယ် မိုင်းလုံမြို့၊ ဒီဇင်ဘာလ ၁၅ ရက်တွင် နမ့်ဆန်မြို့၊ ဒီဇင်ဘာလ ၂၂ ရက်တွင် မန်တုံမြို့၊ ဒီဇင်ဘာလ ၂၈ ရက်တွင် နမ္မတူမြို့၊ ဒီဇင်ဘာလ ၂၉ ရက်တွင် မိုင်းငေါ့မြို့၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၇ ရက်တွင် ကွတ်ခိုင်မြို့၊ ဇွန်လ ၂၆ ရက်တွင် နောင်ချိုမြို့၊ ဇူလိုင်လ ၁၆ ရက်တွင် မိုးမိတ်မြို့စသဖြင့် မြို့(၈)မြို့ကို PSLF/TNLA က မဟာမိတ်တော်လှန်ရေးအင်အားစုများနှင့်အတူ စစ်ကောင်စီ ထံမှ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

PSLF ဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးတာအိုက်ဘုန်းကတော့ ၎င်းတို့သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့နယ်များအတွင်းစစ်ကောင်စီလက်အောက်ခံ အုပ်ချုပ်ရေးယန္တယားများကို အပြီးတိုင်ဖယ်ရှားကာ ဒေသခံတိုင်းရင်းသား လူမျိုး မခွဲ ခြားဘဲ မှန်ကန်မျှတသည့် တရားဥပဒေစနစ်အပေါ် အခြေခံပြီး အုပ်ချုပ်ရေးနှင့် လုံခြုံရေးယန္တယား အသစ်များ စတင်လည်ပတ်ရန် လက်တွေ့ဖော်ဆောင်သွားမည်ဟု ဆိုပါသည်။ စစ်အာဏာရှင်စနစ် အမြစ်ပြတ်ရေး၊ ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ကာကွယ်နိုင်ရေးနှင့် မိမိဒေသကို ပိုမိုထိန်းချုပ်နိုင်ရေးတို့အတွက် စစ်အာဏာရှင်စနစ်ကို တော်လှန်နေကြသည့် ပြည်သူများနှင့်အတူ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း (၆၁) နှစ်မြောက် တအာင်းတော်လှန်ရေးနေ့တွင် ပြောကြားခဲ့ပါသည်။

စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း

၂၀၂၀ ပြည့်နှစ်တွင်တိုက်ပွဲဖြစ်ပွားမှု ၁၅ ခုသာရှိခဲ့သော်လည်း ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၉ ရက်အထိ တိုက်ပွဲပေါင်း ၁၂၅ ခု အထိ ဖြစ်ပွားခဲ့ပါသည်။

EROနှင့် တိုက်ပွဲဖြစ်ပွားမှု

RCSS/SSA နှင့်သော်လည်းကောင်း၊SSPP/SSA နှင့်သော် လည်းကောင်း တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပါသည်။

တိုက်ပွဲဖြစ်ပွားရာ မြို့နယ်နှင့် နှစ်အလိုက်တိုက်ပွဲဖြစ်ပွားမှုဇယား




| Year | Actor 1 | Actor 2 | Armed Clash Events |
|---|---|---|---|
| 2020 (Jan-Dec) | MA | TNLA | 15 |
| 2021 (Jan-Dec) | MA | TNLA | 11 |
| 2022 (Jan-Dec) | MA | TNLA | 7 |
| 2023 (Jan-Dec) | MA | TNLA | 74 |
| 2024 (Jan-9 July) | MA | TNLA | 33 |
| 2020 (Jan-Dec) | TNLA | RCSS/SSA | 2 |
| 2021 (Jan-Dec) | TNLA | RCSS/SSA | 9 |
| 2023 (Jan-Dec) | TNLA | SSPP/SSA | 2 |
| 2024 (Jan-9 July) | TNLA | SSPP/SSA | 2 |



## သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ - RCSS / SSA

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၁၉၆၄ ၊ ၁၉၉၆ |
| ရုံးချုပ် | လွယ်တိုင်လန်း ၊ ရှမ်းပြည်နယ်တောင်ပိုင်း |
| လှုပ်ရှားရာနယ်မြေ | ရှမ်းအရှေ့ပိုင်းရှိ မိုင်းတုံ၊ မိုင်းဆတ်၊ ရှမ်းတောင်ပိုင်းရှိ မိုင်းပန်၊ မိုးနဲ၊ လဲချား၊ ကွန်ဟင်း၊ လွယ်ဆစ်၊ မောက်မယ်၊ မိုးကောင်း၊ နမ့်ဆန်နှင့် ရှမ်းမြောက်ပိုင်းရှိ ကျောက်မဲ ၊ နမ့်ခမ်းမြို့နယ်များ |
| အင်အား | ၁၄၀၀၀ ကျော် |
| ဥက္ကဌ | ဗိုလ်ချုပ်ကြီး ယွက်စစ် |
| ဒုဥက္ကဌ (၁) | ဒုတိယဗိုလ်ချုပ်ကြီး စိုင်းယီ |
| ဒုဥက္ကဌ (၂)၊ စစ်ဦးစီးချုပ် | ဗိုလ်ချုပ်ခေးငင် |
| အတွင်းရေးမှူး (၁) | ဗိုလ်မှူးကြီးစိုင်းငင်း |
| Facebook | https://www.facebook.com/TaiFreedomBurmese |
| Website | https://burmese.taifreedom.com/ |

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၈ ရက်မှ ၂၀ ရက် အထိ သုံးရက်တာ ပြုလုပ်ခဲ့သော RCSS ၏ (၆) လပတ် အစည်းအဝေး အပြီးတွင်တော့ "NCA ၏ အနှစ်သာရကို စွဲကိုင်ထားဆဲ" ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်၊ နေပြည်တော်တွင် ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်ပြည့်အခမ်းအနားတွင် RCSS ဥက္ကဌ ဗိုလ်ချုပ်ကြီးယွက်စစ်က အခြားသော အပစ်ရပ် ERO (၇) ဖွဲ့၏ ကိုယ်စားပြုကာ မိန့်ခွန်းပြောကြားခဲ့သည်။

"၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ရာ နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းနိုင်ခဲ့ကြတဲ့အတွက် NCA အကောင်အထည်ဖော်မှုသည် လည်း ရပ်တန့် သွားခဲ့ရပါတယ်။ နိုင်ငံ့အရေး၊ ငြိမ်းချမ်းရေးအတွက် အချိန်တွေ အလဟဿဖြစ်ခဲ့ရ ပါတယ်" ဟု ဗိုလ်ချုပ်ကြီးယွတ်စစ်က ဆိုပါသည်။

၂၀၂၄ ခုနှစ် မတ်လ ၁၈ ရက်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) ကို ပြင်ဆင် ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၇) ဖွဲ့၏ မဟာမိတ်အဖွဲ့

(7 Ethnic Armed Organizations Alliance – 7 EAO Alliance) တွင်တော့ RCSS/SSA မှ ဗိုလ်မှူးကြီးစိုင်းငင်းက အထွေထွေ အတွင်းရေးမှူးအဖြစ် ဦးဆောင်ပါဝင်လာခဲ့ပါသည်။

(၆၆) နှစ်မြောက် သျှမ်းအမျိုးသားတော်လှန်ရေးနေ့တွင်တော့ RCSS သည် ပြဿနာအရပ်ရပ်ကို ဖြေရှင်းရာတွင် ငြိမ်းချမ်းသော တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဖြေရှင်းသွားမည် ဖြစ်ကြောင်း၊ ၎င်းတို့၏ ထိန်းချုပ်နယ်မြေများအတွင်း အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲပြီး ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် အဖက်ဖက်နှင့် တွေ့ဆုံဆွေးနွေးကာ ကြိုးပမ်းသွားမည် ဖြစ်ကြောင်း စသည်တို့ကို RCSS က ထုတ်ပြန်ခဲ့ပါသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၀ ပြည့်နှစ်တွင် ၈ ခု ၊ ၂၀၂၁ ခုနှစ်တွင် ၈ ခု ဖြစ်ပွားခဲ့သော်လည်း ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း တိုက်ပွဲဖြစ်ပွားမှု မရှိခဲ့ဟု ဆိုရပါမည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | RCSS/SSA အနေဖြင့် KIA၊ AA၊ MNDAA၊ TNLA တို့ ပါဝင်သော မြောက်ပိုင်းမဟာမိတ်အဖွဲ့ (NA-B) နှင့်သော်လည်းကောင်း၊ SSPP/SSA နှင့်သော်လည်းကောင်း၊ PSLF/TNLA နှင့် သော်လည်းကောင်း၊ UWSP/UWSA နှင့် သော်လည်းကောင်း၊ PNLO/PNLA နှင့်သော်လည်းကောင်း တိုက်ပွဲဖြစ်ပွားမှု ၂ ခု ရှိခဲ့သည်။ ဆိုရသော် RCSS/SSA နှင့် တိုက်ပွဲ ဖြစ်ပွားခဲ့သည့် ERO (၇) ဖွဲ့အထိရှိပြီး ထိုအနက် SSPP/SSA နှင့် အများဆုံး တိုက်ပွဲဖြစ်ခဲ့သည်ဟု ဆိုရပါမည်။ |

တိုက်ပွဲဖြစ်ပွားရာ မြို့နယ်နှင့် နှစ်အလိုက်တိုက်ပွဲဖြစ်ပွားမှုဇယား




| Year | Actor 1 | Actor 2 | Armed Clash Events |
|---|---|---|---|
| 2020 (Jan-Dec) | MA | RCSS/SSA | 8 |
| 2021 (Jan-Dec) | MA | RCSS/SSA | 8 |
| 2020 (Jan-Dec) | RCSS/SSA | SSPP/SSA | 2 |
| 2021 (Jan-Dec) | RCSS/SSA | SSPP/SSA | 25 |
| 2022 (Jan-Dec) | RCSS/SSA | SSPP/SSA | 4 |
| 2023 (Jan-Dec) | RCSS/SSA | SSPP/SSA | 3 |
| 2024 (Jan-July) | RCSS/SSA | SSPP/SSA | 1 |
| 2020 (Jan-Dec) | RCSS/SSA | TNLA | 2 |
| 2021 (Jan-Dec) | RCSS/SSA | TNLA | 9 |
| 2021 (Jan-Dec) | RCSS/SSA | NA-B | 1 |
| 2022 (Jan-Dec) | RCSS/SSA | NA-B | 1 |
| 2022 (Jan-Dec) | RCSS/SSA | UWSA | 1 |
| 2023 (Jan-Dec) | RCSS/SSA | PNLO | 2 |



## သျှမ်းပြည်တိုးတက်ရေးပါတီ - SSPP / SSA

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၂၄ ဧပြီ ၁၉၆၄ ၊ ၁၆ ဩဂုတ် ၁၉၇၁ |
| ရုံးချုပ် | ဝမ်ဟိုင်း ၊ ကျေးသီးမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း |
| လှုပ်ရှားရာနယ်မြေ | သျှမ်းပြည်တောင်ပိုင်း လင်းခေး၊ မိုင်းရှူး၊ ကျေးသီး၊ မိုင်းကိုင်၊ လဲချား၊ ပင်လုံ၊ လွိုင်လင်၊ ဟိုပုံးနှင့် ရပ်စောက်မြို့နယ်များ၊ သျှမ်းပြည်မြောက်ပိုင်း မိုင်းရယ်၊ တန့်ယန်း၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ မိုးမိတ်၊ နမ္မတူ၊ နမ့်ဆန်၊ မန်တုံ၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်နှင့် နမ့်ခမ်းမြို့နယ်များ |
| အင်အား | ၁၀၀၀၀ ကျော် |
| ဥက္ကဋ္ဌ | ဗိုလ်ချုပ်ကြီး စဝ်ပန်ဖ |
| ဒုဥက္ကဋ္ဌ | ဒုတိယ ဗိုလ်ချုပ်ကြီး စဝ်ခွန်ဆိုင် |
| အထွေထွေ အတွင်းရေးမှူး | ဗိုလ်မှူးကြီး ကျော်လှ |

စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်ကောင်စီနှင့် SSPP/SSA အကြား အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ရှိခဲ့သော်လည်း ၂၀၂၃ ခုနှစ် ဖွန်လ ၉ရက်နှင့် ၁၁ ရက်နေ့များတွင် ရှမ်းပြည်တောင်ပိုင်း လဲချားမြို့နယ်အတွင်းရှိ SSPP/SSA တပ်စခန်း (၁၀) ခုကို ဆုတ်ခွာပေးရန် စစ်ကောင်စီက ဖိအားပေးခဲ့သည်။ အဆိုပါတပ်စခန်းများသည် SSPP/SSA ၏ ခိုလမ်တိုင်း စစ်ဌာနနှင့် ဌာနချုပ်အတွက် လုံခြုံရေးအရ အရေးပါသည့် နေရာများသဖြင့် ဆုတ်ခွာရန် အစီအစဉ်မရှိဟု ဆိုပါသည်။ [1]

၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်မှ ၂၁ ရက်အထိ UWSA၊ မိုင်းလားအဖွဲ့ (NDAA)၊ SSPP/SSA နှင့် စစ်ကောင်စီအကြား တွေ့ဆုံဆွေးနွေးမှုအပြီးတွင်တော့ အာဏာသိမ်းစစ်အုပ်စုက ကျင်းပနိုင်ရေး ကြိုးပမ်းနေသည့် ငြိမ်းချမ်းရေးညီလာခံကို ၎င်းတို့ (၃) ဖွဲ့အနေဖြင့် တက်ရောက်ရန် အဆင့်သင့် မဖြစ်သေးကြောင်းတင်ပြခဲ့သည်ဟု ဆိုပါသည်။ [2]

၂၀၂၄ ခုနှစ် မေလ ၃ ရက်တွင်တော့ စစ်မှန်သည့် ဒီမိုကရေစီပြည်ထောင်စု ရရှိရေးအတွက် နိုင်ငံရေး စားပွဲဝိုင်းတွင် အဖြေရှာသည့် နည်းလမ်းမရှိတော့သဖြင့် အာဏာသိမ်းစစ်ကောင်စီကို တိုက်ခိုက်ရန် ဆုံးဖြတ်ကြောင်း SSPP/SSA က ကြေညာသည်။ "စစ်အုပ်စု အဆက်ဆက်က တိုင်းရင်းသားလူနည်းစုတွေကို ဝါးမြိုပြီး ပင်လုံစာချုပ်မှာ သဘောတူ လက်မှတ်ရေးထိုးထားတဲ့ အချက်တွေကိုမလိုက်နာခဲ့ကြပါဘူး။ စစ်ကောင်စီတွေ အာဏာသိမ်းပြီးနောက်မှာလဲ မြန်မာနိုင်ငံရဲ့နိုင်ငံရေးအခြေအနေဟာ စားပွဲဝိုင်းပေါ် ဆွေးနွေးညှိနှိုင်းအဖြေရှာဖို့ နည်းလမ်းတွေလုံးဝမဖြစ်နိုင်တော့တဲ့ အနေအထား ဖြစ်ခဲ့ပါတယ်။ အခြေအနေ လုံးဝမပေးနိုင်တော့တဲ့အဆုံး လက်နက်ကိုင်တော်လှန်မယ့်လမ်းစဉ်ကိုရွေးချယ်ခဲ့ရတာဖြစ်ပါတယ်"ဟု SSPP/SSA ဒုတိယဥက္ကဋ္ဌဒုဗိုလ်ချုပ်ကြီး

[1] SSPP/SSA တပ်တွေ လဲချားမြို့နယ်ကနေ ဆုတ်ခွာဖို့ စစ်ကောင်စီ ဖိအားပေး၊ အာအက်ဖ်အေ၊ ၁၃ ဖွန် ၂၀၂၃

[2] ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ပြောခွင့်ရသူ ဒုတိယဗိုလ်မှူးကြီးစိုင်းဆုနှင့် အမေးအဖြေ၊ BNI-MPM၊ ၁ ဩဂုတ် ၂၀၂၃

စစ်ခွန်ဆိုင်က ပြောသည်။ [3]

SSPP/SSA အနေဖြင့် အာဏာသိမ်းစစ်ကောင်စီတပ်များနှင့် တိုက်ပွဲများ ဖြစ်ပွားသကဲ့သို့ သျှမ်းတော်လှန်ရေး တပ်ဖွဲ့တစ်ခုဖြစ်သည့် RCSS/SSA နှင့် SSPP/SSA အကြား တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပါသည်။ သို့သော် နှစ်ဖက်ခေါင်းဆောင်နှစ်ဦး၏ ဆန္ဒအရ ၂၀၂၃ ခုနှစ် နိုဝင်ဘာ၂၉ ရက်မှ စပြီး အပစ်ရပ်ဖို့ ဆုံးဖြတ်ကြောင်း ကြေညာခဲ့ပါသည်။ [4]

ထို့အပြင် ဒေသတွင်း နယ်မြေထိစပ်မှုများနှင့် အငြင်းပွားမှုများကြောင့် မဟာမိတ်တော်လှန်ရေးအင်အားစုများ ဖြစ်သည့် PSLF/TNLA၊ MNTJP/MNDAA တို့နှင့်လည်း တိုက်ပွဲဖြစ်ပွားမှုများရှိခဲ့ပါသည်။ မဟာမိတ်အချင်းအချင်းအကြား ပဋိပက္ခများအားဖြေရှင်းရာတွင် ၎င်းကိုယ်တိုင်ပါဝင်သည့် ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) ၏ စားပွဲဝိုင်းတွင် ဖြေရှင်းလေ့ရှိပါသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဖွန်လကုန်အထိ တိုက်ပွဲဖြစ်ပွားမှု (၁၀) ခု ရှိခဲ့သည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ERO နှင့် တိုက်ပွဲဖြစ်ပွားမှု SSPP/SSA နှင့် RCSS/SSA အကြား တိုက်ပွဲဖြစ်ပွားမှုသည် ၂၀၂၀ ပြည့်နှစ် ၂၀၂၄ ခုနှစ် ဇူလိုင် (၉) ရက်အထိ (၃၅) ခု ရှိခဲ့သည်။ ဒေသတွင်း နယ်မြေထိစပ်မှုများနှင့်အငြင်းပွားမှုများကြောင့် မဟာမိတ်တော်လှန်ရေးအင်အားစုများဖြစ်သည့် PSLF/TNLA၊ MNTJP/MNDAA တို့နှင့်လည်း တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပါသည်။ |

## တိုက်ပွဲဖြစ်ပွားရာ မြို့နယ်နှင့် နှစ်အလိုက်တိုက်ပွဲဖြစ်ပွားမှုဇယား




| Year | Actor 1 | Actor 2 | Armed Clash Events |
|---|---|---|---|
| 2022 (Jan-Dec) | MA | SSPP/SSA | 6 |
| 2023 (Jan-Dec) | MA | SSPP/SSA | 4 |
| 2020 (Jan-Dec) | RCSS/SSA | SSPP/SSA | 2 |
| 2021 (Jan-Dec) | RCSS/SSA | SSPP/SSA | 25 |
| 2022 (Jan-Dec) | RCSS/SSA | SSPP/SSA | 4 |
| 2023 (Jan-Dec) | RCSS/SSA | SSPP/SSA | 3 |
| 2024 (Jan-Dec) | RCSS/SSA | SSPP/SSA | 1 |
| 2023 (Jan-Dec) | TNLA | SSPP/SSA | 2 |
| 2024 (Jan-9 July) | TNLA | SSPP/SSA | 2 |
| 2024 (Jan-June) | MNDAA | SSPP/SSA | 2 |

[3] စစ်ကောင်စီကို တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်ကြောင်း SSPP ပြော၊ အာအက်ဖ်အေ၊ ၃ မေ ၂၀၂၄

[4] ကာလကြာတိုက်ပွဲဖြစ်ခဲ့တဲ့ SSPP နဲ့ RCSS တို့ အပစ်အခတ်ရပ်စဲကြောင်း ကြေညာ၊ အာအက်ဖ်အေ၊ ၂၉ နိုဝင်ဘာ ၂၀၂၃

## ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် - အာရက္ခတပ်တော် - ULA / AA

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၁၀ ဧပြီ ၂၀၀၉ |
| ရုံးချုပ် | KIO ထိန်းချုပ်နယ်မြေ၊ ကချင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊<br>ချင်းပြည်နယ် ပလက်ဝနှင့် ရခိုင်ပြည်နယ်တဝှမ်းလုံး |
| အင်အား | ၄၀၀၀၀ နီးပါး [1] |
| စစ်ဦးစီးချုပ် | ဗိုလ်ချုပ်ထွန်းမြတ်နိုင် |
| ဒုစစ်ဦးစီးချုပ် | ဒေါက်တာညိုထွန်းအောင် |
| အတွင်းရေးမှူး - ၁ | ဗိုလ်မှူးကြီး ကျော်ဟန် |
| Telegram | https://t.me/aainfodesk |
| Website | https://www.arakanarmy.net/ |

၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းကတည်းက စတင်လာခဲ့သည့် ULA/AA နှင့် စစ်တပ်အကြား ရခိုင်ဒေသအတွင်း တိုက်ပွဲဖြစ်ပွားမှုများသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက် နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုအပြီးတွင်တော့ ရုတ်ချည်းဆိုသလို အပစ်အခတ်ရပ်စဲသွားခဲ့သည်။ စစ်အာဏာသိမ်းကာလ ၂၀၂၁ ခုနှစ် မတ်လ ၁၁ ရက်တွင် ULA/AA အား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းကို အာဏာသိမ်းစစ်ကောင်စီက ရုတ်သိမ်းပေးခဲ့သည်။ စစ်အာဏာသိမ်းရန် ကြိုးပမ်းနေသည့် အာဏာသိမ်းစစ်အုပ်စုအတွက် နိုင်ငံတဝှမ်းအင်အားစုပေါင်းစုံက ဆန့်ကျင်တော်လှန်လာကြသည့်အချိန်တွင်တော့ ULA/AA ကိုယ်တိုင်လည်း ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို နေရာယူလာခဲ့သည်။

၂၀၂၁ ခုနှစ် ဇွန်လမှ စတင်ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းအထိ စစ်ကောင်စီတပ်နှင့် ULA/AA အကြား တိုက်ပွဲဖြစ်ပွားမှုများ ပြန်လည်ဖြစ်ပွားခဲ့သော်လည်း ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၆ ရက်နေ့တွင် စစ်ကောင်စီနှင့် ULA/AA ကြား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီအပစ်ရပ်တန့်ခြင်း (Humanitarian Pause) ကို ထပ်မံသဘောတူခဲ့ကြပြန်ပါသည်။ [2]

စစ်အာဏာရှင်အပါအဝင် အာဏာရှင်မှန်သမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးသို့ ဦးတည်တိုက်ပွဲဝင်နေကြသည့် နွေဦးတော်လှန်ရေး၏ အဝန်း

---

[1] ရခိုင်က လက်ကျန်မြို့အားလုံးကို ထိုးစစ်ဆင်ရန် AA စီစဉ်နေ၊ DMG ၊ ၃ ဖွန် ၂၀၂၄

[2] Myanmar Military and Arakan Army Agree Temporary Truce in Rakhine State ၊ ဧရာဝတီ၊ ၂၈ နိုဝင်ဘာ ၂၀၂၂

အပိုင်းထဲတွင် ULA/AA ၏ လှုပ်ရှားဆောင်ရွက်မှုများသည် သတင်းအချက်အလက် လုံခြုံမှုကို စောင့်စည်းပြီး ဦးတည်ရာပန်းတိုင်ကို ရောက်ရှိရေးအတွက် အချိန်အခါနှင့် မဟာဗျူဟာကို စောင့်ကြို၍ပြင်ဆင်ကာ ချီတက်နေခဲ့သည်ဟု ဆိုရမည် ဖြစ်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်၊ ရှမ်းမြောက်ဒေသမှ စတင်ခဲ့သည့် "၁၀၂၇ စစ်ဆင်ရေး" တွင်တော့ MNDAA၊ TNLA တို့နှင့်အတူ ULA/AA လည်း ဦးဆောင်မှု အခန်းကဏ္ဍမှ ပါဝင်လာခဲ့သည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက် တွင်တော့ ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ်တဝှမ်းတွင် အာဏာသိမ်းစစ်အုပ်စုအား ဦးတည်တိုက်ခိုက်လာသည့် ULA/AA ၏ စခန်းသိမ်း၊ မြို့သိမ်းတိုက်ပွဲများကို အရှိန်အဟုန်ဖြင့် မြင်တွေ့လာရပါသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်မှုကြောင့်ရရှိခဲ့သည့် ဟိုင်ဂင်သဘောတူညီချက်ကြောင့် ရှမ်းမြောက်ဒေသအတွင်း "၁၀၂၇ စစ်ဆင်ရေး" အရှေ့အဟုန် ရပ်တန့်သွားခဲ့သော်လည်း ULA/AA ၏ ရခိုင်ဒေသတွင်း စစ်မျက်နှာသည် ဆက်လက်လှုပ်ရှားနေဆဲဖြစ်ပြီး ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ်တဝှမ်းတွင် အာဏာသိမ်းစစ်အုပ်စုအား ဦးတည်တိုက်ခိုက်လာသည့် ULA/AA ၏ စခန်းသိမ်း၊ မြို့သိမ်းတိုက်ပွဲများကိုအရှိန်အဟုန်ဖြင့် မြင်တွေ့လာရပါသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နှင့် ၁၆ ရက်နေ့များတွင် ချင်းပြည်နယ် ပလက်ဝမြို့နှင့် ဆမီးမြို့၊ ဇန်နဝါရီ ၁၉ ရက်တွင် ရခိုင်ပြည်နယ် ပေါက်တောမြို့၊ ဖေဖော်ဝါရီ ၆ ရက်တွင် မင်းပြား၊ တောင်ပြိုလက်ဝဲနှင့် ကျောက်တော်မြို့၊ ဖေဖော်ဝါရီ ၈ ရက်တွင် မြောက်ဦးမြို့၊ ဖေဖေါ်ဝါရီ ၁၅ ရက်တွင် မြေပုံမြို့နှင့် ကမ်းထောင်းကြီးမြို့၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် မအီမြို့၊ မတ်လ ၄ ရက်တွင် ပုဏ္ဏားကျွန်းမြို့၊ မတ်လ ၁၁ ရက်တွင် ရမ်းဗြဲမြို့နှင့် စနဲမြို့၊ မတ်လ ၁၇ ရက်တွင် ရသေ့တောင်မြို့၊ မတ်လ ၂၀ ရက်တွင် ဘူးသီးတောင်မြို့နှင့် ဇူလိုင်လ ၁၆ ရက်တွင် သံတွဲမြို့ စသဖြင့် မြို့ပေါင်း (၁၆) မြို့ကို အာဏာသိမ်းစစ်အုပ်စုထံမှ ULA/AA က သိမ်းပိုက်ထိန်းချုပ်ထားနိုင်ခဲ့သည်ကို တွေ့ရသည်။[3] အဆိုပါထိန်းချုပ်သိမ်းပိုက်ထားသည့် မြို့များအတွက် အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် မိုင်းရှင်းလင်းရေး လုပ်ငန်းများကိုလည်း တပြိုင်နက်ဖော်ဆောင်လျက် ရှိပါသည်။

ရက္ခိုင့်တပ်တော် တည်ထောင်ခြင်း (၁၅) နှစ်မြောက်နေ့၊ ၂၀၂၄ ခုနှစ် ဧပြီလ ၁၀ ရက်တွင်တော့ ရခိုင်ပြည်နယ် အတွင်း မှီတင်းနေထိုင်သူအားလုံးကို ကိုယ်စားပြုလိုသဖြင့် "ရက္ခိုင့်တပ်တော်" ကို "အာရက္ခတပ်တော်(AA)" အဖြစ် နာမည်ပြောင်းလဲကြောင်း ULA/AA က ကြေညာခဲ့သည်။ ULA/AA တွင် တာဝန်ထမ်းဆောင်နေသည့် စစ်သည်တော်များအားလည်း " အာရက္ခစစ်သည်တော်များ" အဖြစ် အမည်ပြောင်းလဲသုံးစွဲသွားတော့မည်ဟု ဆိုပါသည်။

ULA/AA သည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် တွေ့ဆုံဆွေးနွေးမှုများ ရှိသကဲ့သို့ ညီနောင်မဟာမိတ် (၃) ဖွဲ့၏ "၁၀၂၇ စစ်ဆင်ရေး" တွင်လည်း အပြည့်အဝ ပူးပေါင်းလှုပ်ရှားလျက်ရှိပါသည်။ ထို့အပြင် ချင်းဒေသတွင်းရှိ ချင်းညီနောင် (CB) ၏ စစ်ရေးလှုပ်ရှားမှုများတွင်လည်း ထောက်ကူပံ့ပိုးလျက်ရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ရခိုင်အမျိုးသားရေးဆိုင်ရာ ရက္ခိတ

[3] တော်လှန်ရေးအင်အားစုများမှ သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့များ၊ BNI-MPM၊ ၂၀ ဇူလိုင် ၂၀၂၄

လမ်းစဉ်၊ ရက္ခိုတရည်မှန်းချက်များဖြင့် စတင်ခဲ့သည့် အာရက္ခတပ်တော် (ULA/AA) ၏ အတွေး အခေါ်အရွေ့သည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေး၊ လူမျိုးပေါင်းစုံ ကြီးငယ်မခွဲခြားဘဲ တန်းတူ မျှတစွာ အခွင့်အရေးရရှိရေးနှင့် လူမျိုးစုအလိုက် အကုန်လုံးစည်းလုံးညီညွတ်ရေးဆီသို့ ဦးတည် လာသည်ဟု ဆိုရမည်ဖြစ်သည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း | ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လကုန်အထိ စစ်ကောင်စီတပ်နှင့် အာရက္ခတပ်တော် (AA) အကြား တိုက်ပွဲ ဖြစ်ပွားမှုပေါင်း ၄၅၂ ခုအထိ ဖြစ်ပွားခဲ့သည်။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ARSA ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့နှင့် ၂၀၂၃ ခုနှစ်တွင် တိုက်ပွဲ (၂) ခု ဖြစ်ပွားခဲ့ပါသည်။ |

## တိုက်ပွဲဖြစ်ပွားရာ မြို့နယ်နှင့် နှစ်အလိုက်တိုက်ပွဲဖြစ်ပွားမှုဇယား




| Year | Actor 1 | Actor 2 | Armed Clash Events |
|---|---|---|---|
| 2020 (Jan-Dec) | MA | ULA/AA | 81 |
| 2021 (Jan-Dec) | MA | ULA/AA | 4 |
| 2022 (Jan-Dec) | MA | ULA/AA | 78 |
| 2023 (Jan-Dec) | MA | ULA/AA | 69 |
| 2024 (Jan-June) | MA | ULA/AA | 220 |
| 2023 (Jan-Dec) | ARSA | ULA/AA | 2 |



# 'ဝ' ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ/ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် - UWSP/ UWSA

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | ၁၇ ဧပြီ ၁၉၈၉ |
| ရုံးချုပ် | ပန်ခမ်း (ပန်ဆန်း) |
| လှုပ်ရှားရာ နယ်မြေ | ပန်ဆန်း၊ မိုင်းမ၊ ပန်ဝေ၊ နားဖန်း၊ မိုင်းပေါက်၊ မိုင်းယန်း၊ ဟိုပန်၊ မက်မန်း၊ မိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်၊ မိုင်းပန်၊ မိုင်းယောင်း |
| အင်အား | ၃၀၀၀၀ အထက် |
| ဥက္ကဋ္ဌ | ပေါက်ယူချန်း |
| စစ်ဦးစီးချုပ် | ပေါက်ကျွိန်းဖင်း (ခ) ဦးပေါက်အိုက်ချန် |
| အတွင်းရေးမှူး | ဦးပေါက်အိုက်ခမ်း |
| Facebook | https://www.facebook.com/WaStateTV2011318/ |

စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည့် UWSP/UWSA သည် "ဝ" ဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အမျိုးသားပြည်နယ်အဖြစ် သတ်မှတ်ပေးရန် တောင်းဆိုခဲ့ပြီး ယင်းတောင်းဆိုချက်ကို အာဏာသိမ်းစစ်အုပ်စုအနေဖြင့် မူအားဖြင့် သဘောတူထားသည်ဟု ဆိုပါသည်။ [1]

UWSP/UWSA ဦးဆောင်သည့် ၂၀၂၃ ခုနှစ် မတ်လ ၁၅ ရက်နှင့် ၁၆ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ(FPNCC) အစည်းအဝေး အပြီးတွင်တော့ မြန်မာပြည်တွင်းပဋိပက္ခ ပြေလည်စေဖို့အတွက် တရုတ်အစိုးရ၏ ကြားဝင်ဆောင်ရွက်မှုကို ကြိုဆိုကြောင်းနှင့် နယ်စပ်ဒေသ တည်ငြိမ်ရေးအတွက် တရုတ်အစိုးရနှင့် လက်တွဲလုပ်ကိုင်သွားမည်ဆိုသည့် အချက်များအပါအဝင် အချက် (၇) ချက်ကို ထုတ်ပြန်ခဲ့သည်။ [2]

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် စတင်ခဲ့သည့် ညီနောင်မဟာမိတ် (၃) ဖွဲ့၏ "၁၀၂၇ စစ်ဆင်ရေး" နှင့် ပတ်သက်ပြီး ပဋိပက္ခဖြစ်ပွားနေသော အင်အားစုအားလုံး ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ကြရန်နှင့် အပစ်အခတ်ရပ်စဲရေး အမြန်ဆုံးလုပ်ဆောင်ကြရန် UWSP/ UWSA က တိုက်တွန်းခဲ့သည်။ ရှမ်းမြောက်ဒေသ စစ်ရေးပဋိပက္ခအတွင်း နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် ဒေသခံပြည်သူများအား "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ဝင်ရောက်နေထိုင်ခွင့်ပြုခဲ့ပြီး ယာယီနေထိုင်ခွင့်လက်မှတ်များ ထုတ်ပေးခဲ့သည်။ [3]

---

1 ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ(FPNCC)လုပ်ငန်းအစည်းအဝေး ထုတ်ပြန်ချက်၊ WSTV ၊ ၁၆ မတ် ၂၀၂၃

2 "ဝ" ဒေသရောက် စစ်ဘေးရှောင်များ ယာယီနေထိုင်ခွင့်လက်မှတ်လုပ်ရန် UWSA ထုတ်ပြန်၊ သျှမ်းသံတော်ဆင့်၊ ၆ ဒီဇင်ဘာ ၂၀၂၃

3 ဟိုပန်နဲ့ ပန်လုံမြို့တွေကို UWSA ဝင်ရောက်တပ်စွဲ၊ အာအက်ဖ်အေ၊ ၅ ဇန်နဝါရီ ၂၀၂၄

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်တွင်တော့ အာဏာသိမ်းစစ်အုပ်စု၏ အခြေစိုက်တပ်ရင်းများ ရှိရာ ဟိုပန်နှင့်ပန်လုံမြို့နှစ်မြို့အတွင်း UWSA တပ်များဝင်ရောက်နေရာယူတပ်စွဲခဲ့သည်။ ဟိုပန်မြို့ အနီးတဝိုက်ရှိ စစ်ကောင်စီတပ်စခန်းများကိုမူ ကိုးကန့်တပ်ဖွဲ့ (MNDAA) နှင့် မဟာမိတ်ပူးပေါင်း တပ်ဖွဲ့များက ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပါသည်။

ဟိုပန်နှင့် ပန်လုံမြို့များသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းအတွင်းပါဝင်ပြီး အာဏာသိမ်းစစ်အုပ်စုက ထိန်းချုပ်ထားသည့်မြို့များဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် တွင်တော့ UWSP/UWSA ၏ "ဝ" ပြည်နယ်၊ ပြည်သူ့အစိုးရထံ သို့ စစ်ကောင်စီက တရားဝင်လွှဲပြောင်းပေးအပ်ခဲ့သည်။ ညီနောင်မဟာမိတ် (၃) ဖွဲ့၏ "၁၀၂၇ စစ်ဆင်ရေး" အတွင်း UWSP/UWSA အတွက် သေနတ်တချက် မဖောက်ရဘဲ အာဏာသိမ်း စစ်အုပ်စုထံမှ မြို့နှစ်မြို့ကို သိမ်းပိုက်နိုင်ခဲ့ခြင်းဟု ဆိုရမည်ဖြစ်သည်။

သို့သော် UWSP/UWSA သည် FPNCC ၏ ဥက္ကဋ္ဌ (၁) အဖြစ် တာဝန်ယူထားသည်နှင့်အညီ ရှမ်းမြောက်ဒေသအတွင်း လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များ အချင်းချင်းအကြား ပွတ်တိုက်မှုများ၊ အငြင်းပွားမှုများနှင့် ပဋိပက္ခဖြစ်စဉ်များအပေါ် ကိုင်တွယ်ဖြေရှင်းပေးနေရသည်ကို တွေ့ရသည်။

| | |
|---|---|
| စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားမှု | စစ်ကောင်စီနှင့် တိုက်ပွဲဖြစ်ပွားမှု မရှိသေးပါ။ |
| ERO နှင့် တိုက်ပွဲဖြစ်ပွားမှု | ၂၀၂၂ ခုနှစ် ဧပြီလတွင် UWSA နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS/SSA) အကြား တိုက်ပွဲဖြစ်ပွားမှု ရှိခဲ့သည်။ |

## တိုက်ပွဲဖြစ်ပွားရာ မြို့နယ်နှင့် နှစ်အလိုက်တိုက်ပွဲဖြစ်ပွားမှုဇယား




| Year | Actor 1 | Actor 2 | Armed Clash Events |
|---|---|---|---|
| 2022 | UWSA | RCSS/SSA | 1 |

# စစ်အာဏာသိမ်းကာလအတွင်း

# (၅) ဦးနှင့်အထက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ်များ



မိမိတို့ BNI - Myanmar Peace Monitor အနေဖြင့် ပဋိပက္ခတိုက်ပွဲဖြစ်စဉ်များအတွင်း စစ်ကောင်စီတပ်သားသေဆုံးမှု၊ ပြည်သူ့ကာကွယ်ရေးတပ်သား (PDF-LDF) သေဆုံးမှုနှင့် အရပ်သားပြည်သူသေဆုံးမှုများကို ၂၀၂၂ ခုနှစ်၊ မေလမှ စတင်ကောက်ယူမှတ်တမ်းပြုခဲ့ပါသည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ် မေလ ၃၁ ရက်၊ ၂ နှစ်ကျော်ကာလအထိ ပဋိပက္ခတိုက်ပွဲဖြစ်စဉ်များအတွင်း အရပ်သားပြည်သူပေါင်း ၄၂၁၅ ဦး အထိ သေဆုံးခဲ့ရသည်ကို တွေ့ရပါသည်။

ထိုအထဲ (၅) ဦးနှင့်အထက် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှု ဖြစ်စဉ်ပေါင်း ၁၆၀ ခု ရှိခဲ့ပြီး တိုင်းနှင့် ပြည်နယ် (၁၄) ခုမှ မြို့နယ်ပေါင်း ၉၅ မြို့နယ်တွင် အဆိုပါဖြစ်စဉ်များကို တွေ့ရှိခဲ့ရသည်။ အဆိုပါအစုလိုက် အပြုံလိုက်သတ်ဖြတ်ခံရမှုဖြစ်စဉ်များအတွင်း အရပ်သားပြည်သူ ၁၄၉၀ ဦးအထိ သေဆုံးခဲ့ရပါသည်။

အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှု ဖြစ်စဉ်များကို ဒေသအလိုက်လေ့လာကြည့်ပါက စစ်ကိုင်းတိုင်းတွင် ဖြစ်စဉ် ၄၉ ခုဖြင့် အများဆုံး၊ ရခိုင်ပြည်နယ်တွင် ဖြစ်စဉ် ၁၇ ခုဖြင့် ဒုတိယအများဆုံးနှင့် မန္တလေးတိုင်းတွင် ဖြစ်စဉ် ၁၄ ခုဖြင့် တတိယအများဆုံးအဖြစ် အသီးသီးတွေ့ရှိရပါသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကရင်နီပြည်(ကယားပြည်နယ်)၊ မကွေးတိုင်း၊ ပဲခူးအရှေ့ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းတောင်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်လည်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ် (၅) ခုနှင့်အထက် အသီးသီးတွေ့ရှိရပါသည်။



မိမိတို့ BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၁၆၀ ခုသော အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ်များအား အကြောင်းချင်းရာအလိုက် လေ့လာကြည့်ပါက အရပ်သားပြည်သူများအား တိုက်ရိုက်ဦးတည်ဖမ်းဆီးသတ်ဖြတ်မှုဖြစ်စဉ်သည် (၆၉) ခုရှိပြီး အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်များ၏ (၄၃) ရာခိုင်နှုန်း အထိ ရှိနေပါသည်။ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခိုက်တိုက်ခိုက်မှုကြောင့် အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသည့် ဖြစ်စဉ်သည် (၄၀) ခုရှိကာ ဒုတိယအများဆုံးဖြစ်ပါသည်။




ထို့အပြင် စစ်ကောင်စီတပ်နှင့် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများအကြား နှစ်ဖက် တိုက်ပွဲအတွင်း အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသည့်ဖြစ်စဉ်သည် (၂၃) ခု ရှိပြီး တတိယ အများဆုံးဟု ဆိုနိုင်ပါသည်။ အဝေးမှတဆင့် လက်နက်ကြီး၊ အမြောက်စသော ပစ်ခတ်မှုများကြောင့် အစုလိုက် အပြုံလိုက် သေဆုံးခဲ့ရသည့်ဖြစ်စဉ် (၁၇)ခုနှင့် အခြားသောအကြောင်းအချင်းအရာများကြောင့် သေဆုံးရသည့်ဖြစ်စဉ် ၁၁ ခု အဖြစ် အသီးသီး တွေ့ရှိ ရပါသည်။

အကြောင်းချင်းရာအလိုက်ဖြစ်စဉ်များနှင့် အရပ်သားပြည်သူသေဆုံးမှုကို လေ့လာကြည့်ပါက အရပ်သား ပြည်သူများအား တိုက်ရိုက်ဦးတည်ဖမ်းဆီးသတ်ဖြတ်မှုများကြောင့် (၅၃၉) ဦး၊ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကြောင့် (၅၅၂) ဦး၊ အဝေးမှတဆင့် လက်နက်ကြီး၊ အမြောက်စသော ပစ်ခတ်မှုများကြောင့် (၁၁၂) ဦး၊ နှစ်ဖက်တိုက်ပွဲများကြောင့် (၁၉၃) ဦး စသဖြင့် သေဆုံးခဲ့ကြရသည်ကို တွေ့ရပါသည်။




၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေလ ၃၁ ရက် အထိ ၅ လတာ ကာလအတွင်းတွင်ပင် (၅) ဦးနှင့် အထက် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်ပေါင်း ၅၃ ခု ရှိပြီး လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့် ဖြစ်စဉ်သည် အများဆုံးဖြစ်ပါသည်။ ကာလတူနှိုင်းယှဉ်

ကြည့်ပါက ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှု ဖြစ်စဉ် ၅၀ ခု နှင့် သေဆုံးသူ ၄၇၄ ဦး ရှိခဲ့ပြီး ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လအတွင်း ဖြစ်စဉ် ၉၄ ခု နှင့် သေဆုံးသူ ၈၇၃ ဦး အထိ တိုးလာသည်ကို တွေ့ရှိရသည်။ ရာခိုင်နှုန်းအားဖြင့် အရပ်သားပြည်သူ သေဆုံးမှုသည် ၈၄ ရာခိုင်နှုန်းကျော်အထိ ပိုမိုများပြားသည်ကို တွေ့ရသည်။

စစ်အာဏာသိမ်းကာလသည် ၃ နှစ်ကျော်လာခဲ့ပြီ ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များနှင့် ဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF-LDF) များ၏ ခုခံတော်လှန်စစ်သည် အာဏာသိမ်းစစ်ကောင်စီတပ်များအား ထိုးစစ်အသွင် ပြောင်းလဲတိုက်ခိုက်လာခဲ့ပြီဖြစ်သည်။

နိုင်ငံတဝှမ်း အရှုံးမီးဝိုင်းသလို စစ်မျက်နှာအသီးသီးဖွင့်ကာ ထိုးစစ်ဆင်ခြင်းခံနေရသည့် အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့အား ခုခံနိုင်စွမ်းမရှိသည့် အရပ်သားပြည်သူများကိုပင် ဦးတည်တိုက်ခိုက်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းတို့ကို ပြောင်ပြောင်တင်တင်းကျူးလွန်နေခဲ့ပါသည်။

စစ်အာဏာသိမ်းမှု စတင်စဉ်ကတည်းက ပြည်သူလူထု၏ထောက်ခံမှုတစုံတရာမရှိခဲ့သည့် အာဏာသိမ်းစစ်အုပ်စုထံမှ ပြည်သူလူထုအတွက် ထောက်ထားငဲ့ညှာမှုဟူသည် မျှော်လင့်နိုင်စရာမရှိပေ။ အာဏာသိမ်းစစ်အုပ်စု၏ ပြည်သူလူထုအား တိုက်ရိုက်ဦးတည်သော ဖမ်းဆီးသတ်ဖြတ်မှုများကို လျော့နည်းနိုင်သမျှ နည်းပါးစေရန် တော်လှန်တိုက်ပွဲဝင်နေကြသော အင်အားစုအသီးသီးတွင် တာဝန်ရှိသည်။ ဆုံးရှုံးခဲ့ကြရသည့် အသက်များ၊ ဘဝများအတွက် တရားမျှတမှုရရှိရေး ဆောင်ကြဉ်းကြရပေလိမ့်မည်။ စခန်းသိမ်း၊ မြို့သိမ်းတိုက်ပွဲများနှင့်အတူ ခုခံတော်လှန်ရေးအရှိန်မြှင့်ချိန်၊ စစ်ရေးနယ်ကျယ်လာသည်နှင့်အမျှ အရပ်သား ပြည်သူလူထု၏ အသက်များ၊ ဘဝများအတွက် ထည့်သွင်းစဉ်းစားကြရမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

တိုင်းနှင့်ပြည်နယ်အလိုက် ၅ ဦးနှင့်အထက် အရပ်သားပြည်သူများ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှု ဖြစ်စဉ်

| စစ်ကိုင်းတိုင်း | |
|---|---|
| ၂၀၂၂ ဧပြီ ၂၀ | ကလေးမြို့နယ် အရှေ့စည်းနှင့် ဒိုးနွယ်ကျေးရွာမှ အရပ်သား ၁၀ ဦးခန့်သည် စစ်ဘေးတိမ်းရှောင်ရန် မြစ်ကူးစဉ် တံတားကျိုးကျ၍ သေဆုံးခဲ့ပါသည်။ [1] |
| ၂၀၂၂ မေ ၁၉ | စစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် ခင်ဦးမြို့နယ်၊ တာတိုင်ရွာမှ ဒေသခံ ၅ ဦးသေဆုံးခဲ့ပါသည်။ [2] |
| ၂၀၂၂ ဇွန် ၁၄ | စစ်ကောင်စီတပ်နှင့် ပျူစောထီးများမှ ချောင်းဦးမြို့နယ် တောကျောင်းလေးကျေးရွာအား ဝင်ရောက်မီးရှို့ခဲ့ခြင်းကြောင့် ဒေသခံ ၆ ဦး သေဆုံးခဲ့ပါသည်။ [3] |
| ၂၀၂၂ ဇူလိုင် ၁၈ | စစ်ကောင်စီတပ်သည် ကန့်ဘလူမြို့နယ် ကျီစုကျေးရွာမှ ဒေသခံ ၁၀ ဦးအား အကြမ်းဖက်သတ်ဖြတ်ခဲ့ပါသည်။ [4] |
| ၂၀၂၂ ဇူလိုင် ၂၆ | စစ်ကောင်စီတပ်သည် ဆားလင်းကြီးမြို့နယ်၊ ရေမိန်ကျေးရွာမှ ဒေသခံ ၅ ဦးအား အကြမ်းဖက်သတ်ဖြတ်ခဲ့ပါသည်။ [5] |
| ၂၀၂၂ ဩဂုတ် ၆ | စစ်ကောင်စီတပ်သည် ဒီပဲယင်းမြို့နယ်အတွင်း စစ်ကြောင်းထိုးဝင်ရောက်ပြီး၊ ကိုင်းကံရွာ၊ လျှော်ဖြူရွာနှင့် အင်ပြင်ကြီးရွာတို့မှ ဒေသခံ ၈ ဦးအား သတ်ဖြတ်ခဲ့ပါသည်။ [6] |
| ၂၀၂၂ ဩဂုတ် ၁၅ | စစ်ကောင်စီတပ်သည် ခင်ဦးမြို့နယ် ဝန်းကြီးကျေးရွာမှ ဗန်းမော်မြို့ရှိ ရွှေတူးဖော်ရေးသွားလုပ်သည့် လူငယ် ၇ ဦးအား ရွှေဘိုမြို့စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးသတ်ဖြတ်ခဲ့ပါသည်။ [7] |
| ၂၀၂၂ နိုဝင်ဘာ ၅ | စစ်ကောင်စီတပ်သည် ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ တိုက်နယ်မှ အရပ်သားပြည်သူ ၁၄ ဦးအား ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မီးရှို့ခဲ့ပါသည်။ [8] |

[1] ကလေးမြို့နယ်တောင်ပိုင်း စစ်ဘေးရှောင်ပြည်သူ ၁၀ ဦးထက်မနည်း မြစ်ကူးနေစဉ် တံတားကျိုးကျသေဆုံး https://tinyl.io/69T1

[2] ခင်ဦးနယ်တွင် နှစ်ရက်အတွင်း ပြည်သူ ၁၀ ဦးအထိ သေဆုံး ၊ နေအိမ်တွေလည်း မီးရှို့ခံရ https://tinyurl.com/2oyc4sa9

[3] ချောင်းဦးနှင့်ကလေးမြို့နယ် ကျေးရွာနေအိမ်များကို စစ်တပ်ကမီးရှို့၊ အလောင်း ၆ လောင်း တွေ့ရှိ https://tinyurl.com/2jnf3pmd

[4] ကန့်ဘလူ ကျီစုရွာမှာ နေအိမ် ၅၀၀ ခန့် မီးရှို့ခံရပြီး ၁၀ ဦး သတ်ဖြတ်ခံရ https://tinyurl.com/2gf42ulw

[5] ဆားလင်းကြီးတွင် စစ်ကောင်စီတပ်ဖွဲ့သတ်ဖြတ်ခဲ့သည့် ပြည်သူရုပ်အလောင်း ၅ လောင်းတွေ့ https://tinyurl.com/2nbhq4ng

[6] ဒီပဲယင်းနယ် စစ်ဘေးရှောင်ပြည်သူ ၅၀၀၀ ဝန်းကျင်အတွက် စားနပ်ရိက္ခာများ အရေးပေါ်လိုအပ်နေ https://tinyurl.com/2z8m62e8

[7] ခင်ဦးတွင် ရွှေတောအလုပ်သွားလုပ်မည့် ပြည်သူ ၇ ဦးကို စစ်တပ်က ဖမ်းဆီးသတ်ဖြတ် https://tinyurl.com/2o3qxufm

[8] ကန့်ဘလူမြို့နယ်တွင် စစ်တပ်က ရွာသား ၁၄ ဦးကို ဖမ်းဆီးသတ်ဖြတ်မီးရှို့ အလောင်းဖျောက် https://tinyurl.com/2gchvct3

| | |
|---|---|
| ၂၀၂၂ ဒီဇင်ဘာ ၁၂ | စစ်ကောင်စီတပ်မှ ကောလင်းမြို့နယ် ပေပင်ချောင်ရွာအတွင်း စစ်ကြောင်းထိုးဝင်ရောက်ပြီး ဒေသခံ အမျိုးသား ၅ ဦးအား သတ်ဖြတ်ခဲ့ပါသည့်။ [9] |
| ၂၀၂၂ ဒီဇင်ဘာ ၂၅ | စစ်ကောင်စီတပ်မှ ဖမ်းဆီးခေါ်ဆောင်သွားသည့် အင်းတော်မြို့နယ် နတ်မဟုတ်မ ကျေးရွာမှ ဒေသခံ ၈ ဦးအား ရုပ်အလောင်းများအဖြစ် ပြန်လည်တွေ့ရှိခဲ့ကြပါသည်။ [10] |
| ၂၀၂၃ ဇန်နဝါရီ ၁၃ | စစ်ကောင်စီတပ်မှ ကသာမြို့နယ် မိုးတားလေးကျေးရွာအား ဂျက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်သဖြင့် ဒေသခံ ၇ ဦး သေဆုံးခဲ့ပါသည်။ [11] |
| ၂၀၂၃ ဖေဖော်ဝါရီ ၁၅ | စစ်ကောင်စီတပ်မှ ကသာမြို့နယ် အင်းကြီးရွာကို ဝင်ရောက်စီးနင်းပြီးနောက် ဒေသခံ ၇ ဦးအား သေနတ်ဖြင့် ပစ်သတ်ခဲ့ပါသည်။ [12] |
| ၂၀၂၃ မတ်လ ၁၊ ၂ | စစ်ကောင်စီတပ်သည် စစ်ကိုင်းမြို့နယ်၊ တာတိုင်ရွာမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ခေါင်းဆောင်တစ်ဦးအပါအဝင် ဒေသခံ အမျိုးသား ၁၆ ဦးအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပြီး၊ အမျိုးသမီး ၃ ဦးကိုလည်း အဓမ္မပြုကျင့် သတ်ဖြတ်ခဲ့ပါသည်။ [13] |
| ၂၀၂၃ မတ်၂၅ | နံနက် ၈နာရီခန့်တွင် စစ်ကောင်စီတပ်သည် ဘုတလင်မြို့နယ် ဆုံကုန်းရွာအား ဝင်ရောက် မီးရှို့ခဲ့ပြီး ဒေသခံသက်ကြီးရွယ်အို ၇ ဦးကိုလည်း မီးရှို့သတ်ဖြတ်ခဲ့ပါသည်။ [14] |
| ၂၀၂၃ ဧပြီ ၁၁ | စစ်ကောင်စီတပ်မှ ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအား လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ဒေသခံ ၁၇၀ ဦးခန့်သေဆုံးခဲ့ပါသည်။[15] |
| ၂၀၂၃ ဧပြီ ၃၀ | နံနက် ၇ နာရီခန့်တွင် စစ်ကောင်စီတပ်သည် ခင်ဦးမြို့နယ် အလယ်လျှိုကျေးရွာအား ဝင်ရောက် မီးရှို့ခဲ့ပြီး ဒေသခံ ၈ ဦးကို ပစ်သတ်ခဲ့ပါသည်။ [16] |
| ၂၀၂၃ မေ ၄ | စစ်ကောင်စီတပ်သည် မင်းကင်းမြို့နယ် ပိက္ခရားရွာအား လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်သဖြင့် ကလေး ၃ ဦးအပါအဝင် ဒေသခံ ၇ ဦး သေဆုံးခဲ့ပါသည်။[17] |

[9] ကောလင်းမြို့နယ် နေအိမ်များကို စစ်တပ်ကမီးရှို့ပြီး ပြည်သူ ၅ ဦးအား သတ်ဖြတ် https://tinyurl.com/2ksrn9b2

[10] အင်းတော်နယ်တွင် စစ်ကောင်စီအဖွဲ့ ဖမ်းဆီးသွားပြီး သတ်ဖြတ်ခံရသည့် ပြည်သူ ၈ ဦး၏ ရုပ်အလောင်းပြန်တွေ့ရှိ https://tinyurl.com/2ooh6qf6

[11] ကသာနယ်တွင် စစ်ကောင်စီ ဗုံးကျဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ ပြည်သူ ၇ ဦးသေဆုံးပြီး ၅ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိ https://tinyurl.com/2zp6f3or

[12] မီးရှို့ခံရတဲ့ ကသာမြို့နယ် အင်းကြီးရွာမှာ ရုပ်အလောင်းခုနစ်လောင်းတွေ့ https://tinyurl.com/2zcuaqgz

[13] တာတိုင်ရွာသတ်ဖြတ်မှုမှာ အမျိုးသမီးသုံးဦး အဓမ္မပြုကျင့်အသတ်ခံခဲ့ရ https://tinyurl.com/2m5hpf3b

[14] ဘုတလင်မြို့နယ် ဆုံကုန်းကျေးရွာမှ သက်ကြီးရွယ်အို ၇ ဦးကို စစ်ကောင်စီတပ်က မီးရှို့သတ်ဖြတ် https://tinyurl.com/2kp6wpac

[15] ပဇီကြီး ဗုံးကြဲ တိုက်ခိုက်မှု သေဆုံးသူ ၁၇၀ ကျော်သွားပြီ https://tinyurl.com/22olxorg

[16] ၂၀၂၃ခုနှစ် ဧပြီလ ၃၀ရက်တွင် စစ်ကောင်စီတပ်၏ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုကြောင့် စစ်ကိုင်းမြို့နယ် ရွာမကျေးရွာမှ ဒေသခံ ၇ဦးထိမှန်သေဆုံးခဲ့ပါသည်။ ရွာမကျေးရွာမှ ဒေသခံ ၇ ဦးဖမ်းဆီး ဖမ်းဆီးသတ်ဖြတ်ခံရ https://tinyurl.com/2kq4tobw

[17] မင်းကင်းတွင် ဗုံးကြဲခံရပြီး ကလေးများအပါအဝင် ၇ ဦး သေ၊ ၁၀ ဦး ဒဏ်ရာရ https://tinyurl.com/2fqhxgog

| | |
|---|---|
| ၂၀၂၃ မေ ၂၈ | စစ်ကောင်စီတပ်သည် ကောလင်းမြို့နယ် ခံသာတိုက်နယ်အတွင်း စစ်ကြောင်းထိုးဝင်ရောက်ခဲ့ပြီး ဒေသခံ ၁၆ ဦးအား ဖမ်းဆီးခဲ့ကာ ၈ ဦးကို အကြမ်းဖက် သတ်ဖြတ်ခဲ့ပါသည်။[18] |
| ၂၀၂၃ ဇွန် ၂၇ | စစ်ကောင်စီတပ်သည် ပုလဲမြို့နယ် ညောင်ကုန်းရွာအား တိုက်လေယာဉ်ဖြင့် လာရောက်ပစ်ခတ်သဖြင့် ဘုန်းကြီးတစ်ပါးအပါအဝင် စုစုပေါင်းဒေသခံ ၁၀ ဦးသေဆုံးခဲ့ပါသည်။[19] |
| ၂၀၂၃ ဇူလိုင် ၆ | ဝက်လက်မြို့နယ်၊ ရွှေပန်းကုန်းကျေးရွာသို့ ခြေလျင် စစ်ကြောင်းထိုးလာသော စစ်ကောင်စီတပ်သည် သမရိုးရွာထိပ်အရောက်တွင် စျေးသည် ၇ ဦးအား သတ်ဖြတ်ခဲ့ပါသည်။[20] |
| ၂၀၂၃ ဇူလိုင် ၂၁ | နံနက် ၂ နာရီခန့်တွင် စစ်ကောင်စီတပ်သည် ယင်းမာပင်မြို့နယ် စုန်းချောင်းကျေးရွာကို ရုတ်တရက်ဝင်ရောက်ခဲ့ပြီး ဒေသခံနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် စုစုပေါင်း ၁၂ ဦးအား သတ်ဖြတ်ခဲ့ပါသည်။ [21] |
| ၂၀၂၃ ဩဂုတ် ၁၃ | ကန့်ဘလူမြို့၊ အမှတ် ၂ ရပ်ကွက်ရှိ နေအိမ်တစ်လုံးမှ မိသားစုဝင် ၅ ဦးအား အမည်မသိအဖွဲ့တစ်ခုက သတ်ဖြတ်ခဲ့ပါသည်။ [22] |
| ၂၀၂၃ ဩဂုတ် ၁၄ | စစ်ကောင်စီတပ်သည် ပင်လည်ဘူးမြို့နယ် ရွှေညောင်ပင် ရွှေမော်ဘက်သို့ စစ်ကြောင်းထိုးခဲ့ပြီး ရွှေတူးနေသည့် အမျိုးသား ၆ ဦးအား ပစ်သတ်ခဲ့ပါသည်။ [23] |
| ၂၀၂၃ ဩဂုတ် ၁၆ | စစ်ကောင်စီတပ်သည် လူသားဒိုင်းအဖြစ် ဖမ်းဆီးလာသူ ၇ ဦးအား ယင်းမာပင်မြို့ ယမားတံတားနှင့် ဝါဒိုင်စိုက်ပျိုးရေးရုံးအနီးတွင် သေနတ်ဖြင့် ပစ်သတ်ခဲ့ပါသည်။ [24] |
| ၂၀၂၃ စက်တင်ဘာ ၁၈ | စစ်ကောင်စီတပ်သည် ကသာမြို့နယ် တုတ်ကြီးကျေးရွာမှ ဒေသခံ ၈ ဦးအား အကြမ်းဖက်သတ်ဖြတ်ခဲ့ပါသည်။ [25] |
| ၂၀၂၃ စက်တင်ဘာ ၂၆ | ချောင်းဦးမြို့နယ် မန်ကျည်းခွကျေးရွာအနီး တပိုက်အား စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်ခြင်း၊ မြေပြင်စစ်ကြောင်းထိုးခြင်းတို့ကြောင့် ဒေသခံ ၉ ဦး ထက်မနည်း သေဆုံးခဲ့ပါသည်။ [26] |

[18] ကောလင်းမြို့နယ်တွင် စစ်ကောင်စီတပ်က ရွာသား ၈ ဦးကို အကြမ်းဖက် သတ်ဖြတ် https://tinyurl.com/2n2yh4y8

[19] ညောင်ကုန်းကျေးရွာ လေကြောင်းပစ်ခတ်ခံရပြီး ဘုန်းကြီးတစ်ပါးအပါအဝင် အရပ်သားပြည်သူ ၉ ယောက်သေဆုံး https://tinyurl.com/2absuz45

[20] ဝက်လက်တွင် စစ်ကောင်စီတပ်က စျေးသည် ၇ ဦးကို သတ်ဖြတ်သွားဟုဆို https://tinyurl.com/2aqspkef

[21] စုန်းချောင်းရွာကို စစ်တပ် စီးနင်းတိုက်ခိုက်၊အရပ်သားများအပါအဝင် ၁၂ဦးထက်မနည်း သတ်ဖြတ်ခံရဟုဆို https://tinyurl.com/27fvgtmz

[22] ကန့်ဘလူတွင် ၅ လောင်းပြိုင် လူသတ်မှုဖြစ်ပွား https://tinyurl.com/2dfx39r7

[23] ပင်လည်ဘူးမှာ ရွှေတူးနေတဲ့ အမျိုးသား ၆ ယောက်သတ်ဖြတ်ခံရ https://tinyurl.com/25yszses

[24] ယင်းမာပင်မြို့နယ်တွင် လူသားဒိုင်းအဖြစ်ဖမ်းဆီးလာသော ဒေသခံ ၇ ဦးကို စစ်ကောင်စီတပ်က သေနတ်ဖြင့် ပစ်သတ် https://tinyurl.com/25kxoy53

[25] ကသာမှာ စစ်ကောင်စီတပ်က အရပ်သား ၈ ယောက်သတ်ဖြတ်ခဲ့ပြီး နေအိမ် ၃၄ လုံးကိုလည်း မီးရှို့ဖျက်ဆီး https://tinyurl.com/ylk7csq9

[26] ချောင်းဦးကရွာတွေစီးနင်းခံရမှု တော်လှန်ရေးရဲဘော် ၃ ဦး၊ အမျိုးသမီးငယ် ၁ ဦးအပါအဝင် ၉ ဦးထက်မနည်းသေဆုံး https://tinyurl.com/2cn5kjnk

| | |
|---|---|
| ၂၀၂၃ စက်တင်ဘာ ၂၇ | ကလေးမြို့နယ် ရှားဖိုရွာထဲရှိ နေအိမ်တစ်အိမ်သို့ စစ်ကောင်စီတပ်မှ ရမ်းသမ်းပစ်ခတ်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲ၍ ဒေသခံ ၅ ဦးသေဆုံးခဲ့ပါသည်။ [27] |
| ၂၀၂၃ အောက်တိုဘာ ၁၄၊၁၅ | စစ်ကောင်စီတပ်သည် ယင်းမာပင် မြို့နယ်မှ အသက် ၁၇ နှစ်အရွယ် လူငယ် ၃ ဦး အပါအဝင် ဒေသခံလူငယ် ၆ ဦး အား အကြမ်းဖက်သတ်ဖြတ်ခဲ့ပါသည်။ [28] |
| ၂၀၂၃ အောက်တိုဘာ ၁၉ | စစ်ကောင်စီတပ်စွဲခဲ့သည့် ဝက်လက်မြို့နယ် သုံးဆင့်ကန့်ကျေးရွာအတွင်း မီးရှို့သတ်ဖြတ်ခံထားရသည့် အမျိုးသမီးရုပ်အလောင်းတစ်လောင်း အပါအဝင် ရုပ်အလောင်း ၆ လောင်းအား တွေ့ရှိခဲ့ကြပါသည်။ [29] |
| ၂၀၂၃ အောက်တိုဘာ ၁၈ | ဒီပဲယင်းမြို့နယ်အတွင်း စစ်ကောင်စီတပ်မှ စစ်ကြောင်းထိုး ဝင်ရောက်ခဲ့ပြီး အမျိုးသား၊ အမျိုးသမီး ၈ ဦးအား အကြမ်းဖက် သတ်ဖြတ်ခဲ့ပါသည်။ [30] |
| ၂၀၂၃ နိုဝင်ဘာ ၁၂ ၊ ၁၃ ၊ ၁၄ | သုံးရက်တာကာလအတွင်း စစ်ကောင်စီတပ်သည် ထီးချိုင့်မြို့နယ်၊ သခွတ်ချောင်ရွာ၊ ကိုးတဲရွာ၊အလယ်တောရွာနှင့် အင်းတိန်ရွာများကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်သဖြင့် ကိုယ်ဝန်ဆောင်မိခင်တစ်ဦးနှင့် အသက် ၆ နှစ်အောက် ကလေးငယ် ၃ ဦး အပါအဝင် အရပ်သားပြည်သူ ၁၇ ဦး သေဆုံးခဲ့ပါသည်။ [31] |
| ၂၀၂၃ ဒီဇင်ဘာ ၂ | စစ်ကောင်စီတပ်နှင့် ပျူစောထီးများသည် မုံရွာမြို့နယ်၊ ကြာပြင် (ကျုပိုင်) ကျေးရွာကိုဝင်စီး၍ အသက် ၂၀ မှ ၅၃ နှစ်အရွယ်အမျိုးသားများအား မီးရှို့သတ်ဖြတ်ခဲ့ရာ ၁၁ ဦး ထက်မနည်းသေဆုံးခဲ့ပါသည်။ [32] |
| ၂၀၂၃ ဒီဇင်ဘာ ၁၂ | စစ်ကောင်စီတပ်သည် ပုလဲမြို့နယ် မင်းတိုင်ပင်ရွာရှိ ယာယီတရားရုံးအား ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် တစ်နှစ်ကျော်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အရပ်သား ၅ ဦး သေဆုံးခဲ့ပါသည်။ [33] |
| ၂၀၂၄ ဇန်နဝါရီ ၂ | ကောလင်းမြို့လယ်တွင်ရှိသော အရှေ့ဈေးအတွင်း စစ်ကောင်စီတပ်မှပစ်ခတ်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲသဖြင့် ဒေသခံ ၆ ဦး သေဆုံးခဲ့ပါသည်။ [34] |

27 ကလေးမြို့နယ်မှာ လက်နက်ကြီးကြောင့် တစ်မိသားစုတည်းက ငါးဦးသေဆုံး https://tinyurl.com/2dfc8rtz

28 PDF ၂ ဦးနဲ့ အမျိုးသား ၆ ဦးကို စစ်ကောင်စီတပ်က ရက်ရက်စက်စက် သတ်ဖြတ်သွား (ရုပ်/သံ) https://tinyurl.com/yu95utkx

29 ဝက်လက်မှာ မီးရှို့သတ်ဖြတ်ခံထားရတဲ့ ရုပ်အလောင်း ၆ လောင်းတွေ့ https://tinyurl.com/2gettu4u

30 ဒီပဲယင်းမှာစစ်တပ်စစ်ကြောင်းက လူ ၁၃ ဦးကိုသတ်ဖြတ် https://tinyurl.com/2ne52j3m

31 ထီးချိုင့်တွင် စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှုကြောင့် ကလေး၃ ဦးအပါအဝင် ပြည်သူ ၁၇ ဦးသေဆုံး https://tinyurl.com/2nrhbpa7

32 ကြာပိုင်ရွာ သတ်ဖြတ်မှုကြောင့် စစ်ရှောင်များ ရွာပြန်မဝင်ရဲ https://tinyurl.com/2ldur5vp

33 ပုလဲမြို့နယ် ယာယီတရားရုံးကို ဗုံးကြဲတိုက်ခိုက်ခံရလို့ ၁ နှစ်ကျော်အရွယ်ကလေးငယ်အပါအဝင် အရပ်သား ၅ ယောက်သေဆုံး https://tinyurl.com/2ztzxdjn

34 ကောလင်းမြို့ ဈေးအနီး လက်နက်ကြီးကျည်ကျ၊ ပြည်သူ ၆ ဦး သေဆုံး https://tinyurl.com/2qhr2gfh

| | |
|---|---|
| ၂၀၂၄ ဇန်နဝါရီ ၄ | တန့်ဆည်မြို့နယ် စိန်းနန်းကျေးရွာအား ဗုံးကြဲ တိုက်ခိုက်ရာ အသက် ၆ နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် ဒေသခံ ၅ ဦး သေဆုံး ခဲ့ပါသည်။ [35] |
| ၂၀၂၄ ဇန်နဝါရီ ၇ | စစ်ကောင်စီတပ်သည် ကလေး-တမူး ကားလမ်းမပေါ်ရှိ ကနန် (Kanan) ကျေးရွာထဲမှ စာသင်ကျောင်းနှင့် နှစ်ခြင်းဘုရားကျောင်း အနီးဝန်းကျင်အား လေယာဉ်ဖြင့် ဗုံးကြဲခြင်းကြောင့် ကလေးငယ်များအပါအဝင် အရပ်သား ၁၇ ဦးသေဆုံးခဲ့ပါသည်။ [36] |
| ၂၀၂၄ ဇန်နဝါရီ ၇ | စစ်ကောင်စီတပ်မှ ဖမ်းဆီးသတ်ဖြတ်ခဲ့သည့် ကောလင်းနှင့်ဝန်းသိုမြို့နယ်တို့မှအမျိုးသမီးများအပါအဝင် ဒေသခံ ၁၉ ဦး၏ ရုပ်အလောင်းများအား ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် တွေ့ရှိခဲ့ပါသည်။ [37] |
| ၂၀၂၄ ဇန်နဝါရီ ၂၃ | ကန့်ဘလူမြို့နယ် ဇာဒီကျေးရွာအနီး စစ်ကောင်စီ တပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ လက်နက်တပ်ဆင်ပေးထားသည့် ဇာဒီရွာဒေသခံ ၆ ဦး သေဆုံးခဲ့ပါသည်။ [38] |
| ၂၀၂၄ ဖေဖော်ဝါရီ ၁၉ | စစ်ကောင်စီတပ် ဘီလူးစစ်ကြောင်းနှင့် ဦးဝါသဝပျူစောထီးစစ်ကြောင်းတို့သည် တန့်ဆည်မြို့နယ်အတွင်းမှ ဒေသခံအမျိုးသား ၁၁ ဦးအား အကြမ်းဖက် သတ်ဖြတ်ခဲ့ပါသည်။[39] |
| ၂၀၂၄ ဖေဖော်ဝါရီ ၁၃ | စစ်ကောင်စီတပ်သည် မုံရွာမြို့၊ စက်မှု (၂) နွားမွေးမြူရေးဇုန်ထဲမှ ဒေသခံ ၇ ဦးအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါသည်။ [40] |
| **ကချင်ပြည်နယ်** | |
| ၂၀၂၂ ဩဂုတ် ၉ | တိုက်ပွဲပြင်းထန်နေသည့် ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာအတွင်း စစ်ကောင်စီနှင့် ရှမ်းနီတပ်တို့မှ နေအိမ်များကို ဝင်ရောက်မီးရှို့ခြင်း၊ လေကြောင်းမှ မီးလောင်ဗုံးကြဲခြင်းနှင့် ဖမ်းဆီးသတ်ဖြတ်ခြင်းတို့ကြောင့် ဒေသခံ ၃၀ ဦးခန့်သေဆုံးခဲ့ပါသည်။[41] |
| ၂၀၂၂ ဩဂုတ် ၂၂ | စစ်ကောင်စီတပ်သည် ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာမှ ဒေသခံ ၆ ဦးအားဖမ်းဆီးခဲ့ပြီး ဩဂုတ်လ ၂၄ ရက်တွင် သေနတ်ဖြင့် ပစ်သတ်ခဲ့ပါသည်။ [42] |

[35] တန့်ဆည်နှင့် ထီးချိုင့်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၈ ဦး သေ https://tinyurl.com/2lst2ycr

[36] ကနန်ကျေးရွာ လေကြောင်းတိုက်ခိုက်မှု အရပ်သား ၁၇ ဦး သေဆုံးဟုဆို https://tinyurl.com/2hpjfgm6

[37] ကောလင်းနဲ့ ဝန်းသိုမှာ အရပ်သား ၁၉ ဦး အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံရ https://tinyurl.com/2ogh4hgq

[38] ကန့်ဘလူမြို့နယ် တိုက်ပွဲအတွင်း ဇာဒီရွာ ဒေသခံ ခြောက်ဦး သေဆုံး https://tinyurl.com/ymyawav7

[39] တန့်ဆည်တွင် အမျိုးသား ၁၁ ဦး အပိုင်းပိုင်းခုတ်ဖြတ် အသတ်ခံရ https://tinyurl.com/ylwxwubb

[40] မုံရွာမှာ ဒေသခံခုနစ်ဦး ဖမ်းဆီးသတ်ဖြတ်ခံရ https://tinyurl.com/266rns7f

[41] ဆယ်ဇင်း နေအိမ် ၄၀၀ ကျော်ကို စစ်ကောင်စီတပ် မီးရှို့၊ ဒေသခံ ၃၀ ခန့် ထိခိုက် သေဆုံးမှုရှိ https://tinyurl.com/2ke2ac4g

[42] ဆယ်ဇင်းကျေးရွာတွင် ပိတ်မိနေသည့် အရပ်သား ၆ ဦးကို စစ်တပ်က အဓမ္မခိုင်းစေပြီး ပစ်သတ် https://tinyurl.com/2lawpx7p

| | |
|---|---|
| ၂၀၂၂ အောက်တိုဘာ ၂၃ | ဖားကန့်မြို့နယ်ရှိ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တပ်မဟာ ၉ နယ်မြေ၊ အနန့်ပါ (A Nang Pa) ကံစည်းရွာတွင်ကျင်းပသော ၆၂ နှစ်ပြည့် KIO နေ့ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲအား စစ်ကောင်စီတပ်မှ လေကြောင်း ဗုံးကြဲတိုက်ခိုက်သဖြင့် အရပ်သားပြည်သူ ၈၀ကျော် သေဆုံးခဲ့ပါသည်။ 43 |
| ၂၀၂၃ မတ် ၁၈ | ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအနီးရှိ သာသနာ့နယ်မြေ (ဒေသအခေါ် မျောက်ကုန်း) တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့် KIA,PDF ပူးပေါင်းတပ်တို့ တိုက်ပွဲအကြား အရပ်သား ပြည်သူ ၆ ဦး သေနတ်ဒဏ်ရာများဖြင့် သေဆုံးခဲ့ပါသည်။ 44 |
| ၂၀၂၃ အောက်တိုဘာ ၉ | ည ၁၁နာရီခန့်တွင် လိုင်ဇာမြို့အနီး မုန်လိုင်ခက် စစ်ရှောင်စခန်းအား စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်များအပါအဝင် စစ်ဘေးရှောင်ပြည်သူ ၂၇ ဦး ထက်မနည်း သေဆုံးခဲ့ပါသည်။ 45 |
| ၂၀၂၄ ဖေဖော်ဝါရီ ၁၇ | စစ်ကောင်စီတပ်နှင့် KIA၊ PDF ပူးပေါင်းတပ်တို့ တိုက်ပွဲပြင်းထန်နေသော မံစီမြို့နယ်၊ စီခမ်းကြီးကျေးရွာနှင့် သံတံတားကျေးရွာများအား စစ်ကောင်စီတပ်မှ လေကြောင်း ပစ်ခတ်သဖြင့် ကလေးတစ်ဦးအပါအဝင် ဒေသခံ ၆ ဦး သေဆုံးခဲ့ပါသည်။46 |
| ၂၀၂၄ မတ် ၁၂ | စစ်ကောင်စီတပ်ပစ်ခတ်သည့် လက်နက်ကြီး ကျရောက်ပေါက်ကွဲ၍ ဗန်းမော်မြို့နယ် အတွင်းမှ အသက်ဆယ်နှစ်အောက် ကလေးငယ် ၃ ဦး အပါအဝင် ဒေသခံ စုစုပေါင်း ၅ ဦး သေဆုံးခဲ့ပါသည်။47 |
| ရခိုင်ပြည်နယ် | |
| ၂၀၂၂ နိုဝင်ဘာ ၁၀ | စစ်ကောင်စီတပ်သည်၊ ပုဏ္ဏားကျွန်းမြို့နယ် ဆင်အင်းကြီးရွာမှ အမျိုးသမီးများအပါအဝင် ဒေသခံ ၉ ဦးအား အကြမ်းဖက် သတ်ဖြတ်ခဲ့ပါသည်။ 48 |
| ၂၀၂၂ နိုဝင်ဘာလ ၁၆ | မောင်တောမြို့နယ်မှ မြိုလူမျိုးများနေထိုင်သည့် ဂြိတ်ချောင်းကျေးရွာတွင် စစ်ကောင်စီ တပ်မှ ပစ်ခတ်သည့် လက်နက်ကြီး ကျရောက်ပေါက်ကွဲ၍ ဒေသခံ ၁၁ ဦး သေဆုံးခဲ့ ပါသည်။ 49 |

43 ဖားကန့်တွင် ဒဏ်ရာပြင်းထန်ရရှိသူများ ကယ်ဆယ်ခွင့်ပိတ်ဆို့ခံထားရဆဲ၊ သေဆုံးသူ ရုပ်အလောင်းများ ၈၀ ကျော်အထိတွေ့ရှိ https://tinyurl.com/2aownvew

44 လုံးခင်းကျေးရွာအနီး တိုက်ပွဲတွင် ရဲ ၃ ဦးနှင့်အရပ်သား ၆ ဦး သေဆုံး https://tinyurl.com/2rxvjtae

45 လိုင်ဇာအနီး စစ်ရှောင်စခန်းကို စစ်ကောင်စီ တိုက်ခိုက်မှုကြောင့် အများအပြား သေဆုံး ဒဏ်ရာရ https://tinyurl.com/ym526crh

46 မံစီတွင် တိုက်ပွဲပြင်းထန်နေပြီး စစ်တပ်က လေယာဉ်ဖြင့်ဗုံးကြဲ၊ ကလေးအပါအဝင် ၆ ဦးခန့်သေဆုံး https://tinyurl.com/29ekc7sm

47 ဗန်းမော်မှာ စစ်တပ်က လက်နက်ကြီးပစ်ခတ်လို့ ကလေး ၃ ဦးအပါအဝင် စုစုပေါင်း ၅ ဦးသေဆုံး https://tinyurl.com/26uf25th

48 မြန်မာစစ်တပ်သတ်ဖြတ်ထားသော အလောင်း ၉ လောင်း ဆင်အင်းကြီးရွာတွင် လက်ရှိတွေ့ရှိထား https://tinyurl.com/2d7uu9jq

49 စကစမှ ပစ်ခတ်လိုက်သော လက်နက်ကြီးကျည် မောင်တော၊ ဂြိတ်ချောင်းမြိုကျေးရွာကလေးနားထိုးပွဲထဲကို ကျရောက်ပေါက်ကွဲ၍ လူ ၁၁ ဦးသေဆုံး၊ ၃၀ ခန့်ဒဏ်ရာရ https://tinyurl.com/25xr343s

| | |
|---|---|
| ၂၀၂၃ ဒီဇင်ဘာ ၂၈ | ည ၉ နာရီခန့်တွင် ဘူးသီးတောင်မြို့နယ်၊ စေတီတောင်ကျေးရွာရှိ နေအိမ်တစ်လုံးပေါ်သို့ စစ်ကောင်စီတပ် ပစ်ခတ်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲ၍ မိသားစုဝင် ၆ ဦး သေဆုံးခဲ့ပါသည်။ [50] |
| ၂၀၂၃ ဒီဇင်ဘာ ၃၀ | စစ်ကောင်စီတပ်၏ လက်နက်ကြီး ရမ်းသန်းပစ်ခတ်မှုနှင့် လေကြောင်းပစ်ခတ်မှုတို့ကြောင့် မြောက်ဦးမြို့နယ်၊ ကိုင်းတော၊ ဘူးတစ်လုံးနှင့် ပေါင်းတုတ်ကျေးရွာတို့မှ ဒေသခံ ၅ ဦး သေဆုံးခဲ့ပါသည်။ [51] |
| ၂၀၂၄ ဇန်နဝါရီ ၁၇ | တိုက်ပွဲဖြစ်ပွားခြင်းမရှိသည့် ကျောက်တော်မြို့နယ်၊ လင့်စင်ရွာသစ်အား စစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်သဖြင့် ကလေးငယ်နှင့် အမျိုးသမီးများ အပါအဝင် စုစုပေါင်း ၆ ဦး သေဆုံးခဲ့ပါသည်။ [52] |
| ၂၀၂၄ ဇန်နဝါရီ ၃၁ | စစ်ကောင်စီတပ်သားများသည် မြောက်ဦးမြို့အချုပ်ခန်းရှိ ဖမ်းဆီးချုပ်နှောင်ထားသော သတင်းထောက်တစ်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသား ၉ ဦးအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ပါသည်။ [53] |
| ၂၀၂၄ ဖေဖော်ဝါရီ ၂၉ | နံနက် ၁၁နာရီခန့်တွင် စစ်ကောင်စီတပ်မှ ပစ်ခတ်သည့် လက်နက်ကြီးသည် စစ်တွေမြို့၊ မြို့မဈေးကြီးရှိ ကိုးရီးယားဆိပ်ကမ်းပျံကျတန်းတွင် ကျရောက်ပေါက်ကွဲ၍ ဒေသခံ ၁၂ ဦး ထက်မနည်းသေဆုံးခဲ့ပါသည်။ [54] |
| ၂၀၂၄ မတ် ၉ | ည ၁၁နာရီခန့်တွင် စစ်တွေမြို့လူနေရပ်ကွက်အတွင်းသို့ စစ်ကောင်စီတပ်ပစ်ခတ်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲ၍ ဒေသခံ ၅ ဦး သေဆုံးခဲ့ပါသည်။ [55] |
| ၂၀၂၄ မတ် ၁၈ | စစ်ကောင်စီတပ်သည် မင်းပြားမြို့နယ်၊ သာဒါ (မွတ်ဆလင်) ကျေးရွာအား လေကြောင်း ပစ်ခတ်တိုက်ခိုက်သဖြင့် ဒေသခံ ၂၀ ကျော် သေဆုံးခဲ့ပါသည်။ [56] |
| ၂၀၂၄ မတ် ၂၁ | နံနက် ၈နာရီခန့်တွင် စစ်ကောင်စီတပ်သည် မြောက်ဦးမြို့နယ်၊ အထက်လေညှင်းတောင် ကျေးရွာအား လေကြောင်းပစ်ခတ်တိုက်ခိုက်သဖြင့် အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် ဒေသခံ ၅ ဦး သေဆုံးခဲ့ပါသည်။ [57] |

50 လက်နက်ကြီးကြောင့် ရိုဟင်ဂျာ ဆယ်ဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရ https://tinyurl.com/2lqk8b4u

51 မြောက်ဦးမြို့ရှိ မြောင်းဘွေ့ရဲစခန်းကို AA သိမ်းပိုက် https://tinyurl.com/2flwtebu

52 ကျောက်တော် လင့်စင်ရွာသစ်ကို စကခ(၉)က လက်နက်ကြီးဖြင့်ပစ်၍ ကလေး၂ ဦးအပါအဝင် ၆ ဦး သေဆုံး၊ ၆ဦး ဒဏ်ရာရ https://tinyurl.com/2p5tu8l2

53 အမှုရင်ဆိုင်နေရသည့် နိုင်ငံရေးအကျဉ်းသား ၉ ဦးအား အကြမ်းဖက်စစ်ကောင်စီမှ သေနတ်ဖြင့် ပစ်သတ်သွား https://tinyurl.com/2ydbbj3m

54 စစ်တွေမြို့မ ဈေးကြီးတွင် လက်နက်ကြီးကျ၍ လက်ရှိတွင် သေဆုံးသူ ၁၂ ဦးအထိရှိလာ http://tinyurl.com/26uzv2be

55 စစ်တွေမြို့ လူနေရပ်ကွက်ထဲ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲ၍ မွတ်ဆလင် ၅ ဦး သေဆုံးကာ ကလေးငယ်များအပါအဝင် ၁၀ ကျော်ထိခိုက်ဒဏ်ရာရ https://tinyurl.com/23vcn49m

56 မင်းပြားတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၂၀ ကျော်သေ၊ ၂၅ ဦး ဒဏ်ရာရ https://tinyurl.com/27h7uwlm

57 မြောက်ဦး လေညှင်းတောင်ရွာကို စစ်ကောင်စီက လေယာဉ်ဖြင့်ဗုံးလာကြဲ၍ ကလေးငယ် ၄ ဦး အပါအဝင် ၅ ဦးသေဆုံး၊ ၁၀ ဦးခန့် ဒဏ်ရာရ https://tinyurl.com/292cywfy

| | |
|---|---|
| ၂၀၂၄ မတ် ၂၂ | မြေပုံမြို့နယ်၊ ကမ်းထောင်းကြီးမြို့အနီးရှိ သရက်တောင် ကျေးရွာအား စစ်ကောင်စီတပ်မှ လေကြောင်းဗုံးကြဲသဖြင့် ဒေသခံ ၁၀ ဦး ခန့်သေဆုံး ခဲ့ပါသည်။[58] |
| ရှမ်းပြည်နယ် | |
| ၂၀၂၃ မတ် ၁၁ | စစ်ကောင်စီတပ်သည် ပင်လောင်းမြို့နယ်၊ နမ်းနိန်းကျေးရွာ၊ ဘုန်းကြီးကျောင်းတွင် စစ်ဘေးရှောင်နေသော ဘုန်းကြီးတစ်ပါးအပါအဝင် အရပ်သား ၂၈ ဦးအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ပါသည်။ [59] |
| ၂၀၂၃ ဇွန် ၆ | မိုးပြဲမြို့အတွင်း စစ်ကောင်စီတပ်မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ဒေသခံ ၅ ဦး သေဆုံးခဲ့ပါသည်။ [60] |
| ၂၀၂၃ နိုဝင်ဘာ ၄ ၊ ၅ | စစ်ကောင်စီတပ်မှ ကိုးကန့်ဒေသအား လေကြောင်းပစ်ခတ်တိုက်ခိုက်သဖြင့် ကလေးငယ်များအပါအဝင် အရပ်သား ၆ ဦး သေဆုံးခဲ့ပါသည်။ [61] |
| ၂၀၂၃ နိုဝင်ဘာ ၁၁ | လောက်ကိုင်- ချင်းရွှေဟော်လမ်း၊ လောက်ကိုင်ဘက်ခြမ်းတွင် ပိတ်မိနေသည့် စစ်ဘေးရှောင်များအား စစ်ကောင်စီတပ်မှ လေကြောင်းပစ်ခတ်တိုက်ခိုက်သဖြင့် စစ်ဘေးရှောင် ၁၀ ဦး ကျော် သေဆုံးခဲ့ပါသည်။ [62] |
| ၂၀၂၃ နိုဝင်ဘာ ၂၂ | လောက်ကိုင်မြို့အထွက် တုန်ချုန်နှင့် ဆယ်တန်ဂိတ်တွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲ၍ အရပ်သား ၆ ဦးသေဆုံးခဲ့ပါသည်။ [63] |
| ၂၀၂၃ ဒီဇင်ဘာ ၇ | နံနက် ၁ နာရီဝန်းကျင်တွင် နမ့်ခမ်းမြို့နယ် ဟိုနားကျေးရွာအား စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် ဗုံးကြဲသဖြင့် ကလေး ၂ ဦး အပါအဝင် ဒေသခံ ၅ ဦး သေဆုံးခဲ့ပါသည်။ [64] |
| ၂၀၂၄ ဇန်နဝါရီ ၇ | နမ့်ဆန်မြို့နယ်၊ ရွာသစ်ကျေးရွာတွင် စစ်ကောင်စီတပ်၏ လေကြောင်းဗုံးကြဲခြင်းကြောင့် အမျိုးသမီးနှင့်ကလေးငယ်များအပါအဝင် အရပ်သား ၆ ဦး သေဆုံးခဲ့ပါသည်။ [65] |

[58] မြေပုံ သရက်တောင်ကျေးရွာကို စစ်ကောင်စီဗုံးလာကြဲ၍ အသက် ၅၀အရွယ် အမျိုးသားနှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရ https://tinyurl.com/2amxp5aw

[59] နမ်းနိန်းကျေးရွာဘုန်းကြီးကျောင်းတွင် ခိုလှုံနေသူများကို စစ်ကောင်စီတပ်က အစုလိုက်အပြုံလိုက်သတ် ဖြတ်၊ စုစုပေါင်း ၂၈ လောင်းတွေ့ရှိထား https://tinyurl.com/2nwdqpya

[60] မိုးပြဲမြို့မှာ စစ်ကောင်စီပစ်ခတ်မှုကြောင့် ကလေးအပါအဝင် အရပ်သား ၅ဦးသေဆုံး https://tinyurl.com/2k8qqlen

[61] လေကြောင်းကနေဗုံးကြဲလို့ ကိုးကန့်မှာ ကလေးသုံးဦးအပါအဝင် ခြောက်ဦးသေဆုံး https://bit.ly/49mgiew

[62] စစ်တပ်လေကြောင်းပစ်ခတ်မှုကြောင့် လောက်ကိုင်မှတိမ်းရှောင်လာသည့် ပြည်သူ ဆယ်ချီ သေဆုံး https://bit.ly/3QUUHCz

[63] လောက်ကိုင်မြို့တွင် လက်နက်ကြီးကြောင့် လူ ၆ ဦးသေဆုံး၊ အများအပြား ဒဏ်ရာရ https://bit.ly/47Kucpe

[64] နမ့်ခမ်း စစ်ကောင်စီလေကြောင်းဗုံးကြဲ ကလေး ၂ ဦး အပါအဝင် ၅ ဦး ထိမှန်သေဆုံး https://bit.ly/4acxPpO

[65] နမ့်ဆန်တွင် လေကြောင်းမှတိုက်ခိုက်မှုကြောင့် ကလေး ၁ ဦးနှင့် အမျိုးသမီး ၃ ဦးအပါအဝင် အရပ်သား ၆ ဦး သေဆုံး https://bit.ly/4aQyttI

| | |
|---|---|
| ၂၀၂၄ ဖေဖော်ဝါရီ ၂ | ညနေပိုင်းတွင် မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာမှ အရပ်သား ၅ ဦးအား စစ်ကောင်စီတပ်မှ ဖမ်းဆီးပစ်သတ်ခဲ့ပါသည်။ [66] |
| ၂၀၂၄ ဖေဖော်ဝါရီ ၄ | ဆီဆိုင်မြို့နယ် အောင်ဆုဗွေစခန်းမှ ဆေးဖြတ်သူ လူငယ် ၁၂ ဦးအား ရှေ့တန်းသို့ ပို့ဆောင်ရန် ငြင်းဆန်သည့်အတွက် စစ်ကောင်စီက ပစ်သတ်ခဲ့ပါသည်။ [67] |
| ၂၀၂၄ ဖေဖော်ဝါရီ ၁၉ | နံနက် ၆နာရီခန့်တွင် ဆီဆိုင်မြို့သို့ ပစ္စည်းပြန်လာယူသည့် ဒေသခံယာဉ်တန်းအား စစ်ကောင်စီတပ်မှ လက်နက်ကြီး၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အရပ်သား ၇ ဦး သေဆုံးခဲ့ပါသည်။ [68] |
| **မန္တလေးတိုင်း** | |
| ၂၀၂၂ အောက်တိုဘာ ၃ | စစ်ကောင်စီတပ်သည် နွားထိုးကြီးမြို့မှ ဒေသခံ ၅ ဦးအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါသည်။ [69] |
| ၂၀၂၂ ဒီဇင်ဘာ ၁၃ | စစ်ကောင်စီတပ်လက်အောက်ခံ ပျူစောထီးများသည် မြင်းခြံမြို့နယ်မှ အမျိုးသား ၆ ဦးအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါသည်။ [70] |
| ၂၀၂၃ မေ ၂၆ | တံတားဦးမြို့နယ်မှ ပြည်ခိုင်ဖြိုးပါတီရပ်ကျေးဥက္ကဋ္ဌ အပါအဝင် ပါတီဝင် ၅ ဦးသည် အမည်မသိလက်နက်ကိုင်သမားများထံတွင် ပစ်ခတ်ခံရ၍ သေဆုံးခဲ့ပါသည်။ [71] |
| ၂၀၂၃ ဇွန် ၄ | စစ်ကောင်စီတပ် စစ်ကြောင်းထိုးဝင်ရောက်ခဲ့သော စဥ့်ကူးမြို့နယ်၊ ကြက်တူရွေးရွာနှင့် သဲအင်းရွာတို့တွင် မီးရှို့သတ်ဖြတ်ခံထားရသည့် အလောင်း ၇ လောင်းအား ၂၀၂၃ ခုနှစ် ဇွန်လ ၄ ရက်တွင် တွေ့ရှိခဲ့ကြပါသည်။ [72] |
| ၂၀၂၃ ဇွန် ၁၄ ၊ ၁၅ | သပိတ်ကျင်းမြို့နယ်အတွင်း ဦးခေါင်းများအားသေနတ်ဖြင့် ပစ်ခတ်ခံထားရသည့် အရပ်သား ၆ ဦး၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ကြပါသည်။ [73] |

[66] မိုးမိတ်စစ်ကောင်စီတပ်က အရပ်သား ၅ ဦးကို ပစ်သတ်၊ အမျိုးသမီး ၅ ဦး အပါအဝင် ၄၀ ဦးထက်မနည်း ဖမ်းဆီးထား http://tinyurl.com/23tehdw4

[67] ဆီဆိုင်မြို့နယ် ရက်ပေါင်း ၂၀ ကျော်ကြာ တိုက်ပွဲထဲ စစ်ကောင်စီအပေါင်းအပါ ၆၀ ခန့် သေဆုံး http://tinyurl.com/265aga4t

[68] ဆီဆိုင်မြို့မှာ စစ်ကောင်စီရဲ့ လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား ၇ ဦးထိမှန်သေဆုံး http://tinyurl.com/27ulaes2

[69] နွားထိုးကြီးမြို့၌ အသတ်ခံရသည့် ရုပ်အလောင်းများပေါ် ကျောက်ပန်းတောင်း သွေးသောက်အဖွဲ့ကဒ်ပြားများ ချိတ်ဆွဲထား https://tinyurl.com/2lxalclp

[70] မြင်းခြံတွင် အသတ်ခံရသည့် အမျိုးသား ၆ ဦး အလောင်းတွေ့၊ ဂန့်ဂေါတွင် လူငယ် ၁ ဦးကို စစ်တပ်က ဖမ်းဆီးသတ်ဖြတ် https://tinyurl.com/2mjqhper

[71] တံတားဦးတွင် ပြည်ခိုင်ဖြိုးပါတီဝင် ၅ဦး သေနတ်ဖြင့်ပစ်သတ်ခံရhttps://tinyurl.com/2faarv7e

[72] စဥ့်ကူးတွင် စစ်တပ် သတ်ဖြတ်ခဲ့သည့် ပြည်သူ့အလောင်း ၇ လောင်းတွေ့ရှိ၊ ဝက်လက်တွင် လူငယ် ၂ ဦး ပစ်သတ်ခံရ https://tinyurl.com/2kxqnp7d

[73] သပိတ်ကျင်းမှာ သေနတ်ဒဏ်ရာနဲ့ အမျိုးသားအလောင်း ၃ လောင်းတွေ့ https://tinyurl.com/2b46pyyq

| | |
|---|---|
| ၂၀၂၃ ဇူလိုင် ၂၉ | မလှိုင်မြို့နယ်၊ သက္ကယ်ကျင်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်အား ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များမှ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အုပ်ချုပ်ရေးမှူး၏ မိသားစုဝင် ၅ ဦးသေဆုံးခဲ့ပါသည်။ [74] |
| ၂၀၂၃ နိုဝင်ဘာလ ၁၆ | စစ်ကောင်စီတပ်သည် မတ္တရာမြို့နယ် အောင်ကန်သာကျေးရွာရှိ လက်ဖက်ရည်ဆိုင်အား ဝင်ရောက်စီးနင်းပြီး ဆိုင်ရှင်အပါအဝင် ဆိုင်တွင်ထိုင်နေသူ အရပ်သား ၁၁ ဦးအားပစ်ခတ်သတ်ဖြတ်ခဲ့ပါသည်။ [75] |
| ၂၀၂၃ နိုဝင်ဘာလ ၂၂ | ငါန်းဇွန်မြို့နယ် သံကုန်းရွာမှ အမျိုးသမီး ၂ ဦး အပါအဝင် ဒေသခံ ၇ ဦးအား အမည်မသိလူတစ်စုမှ လာရောက်သတ်ဖြတ်ခဲ့ပါသည်။ [76] |
| ၂၀၂၃ ဒီဇင်ဘာလ ၃၀ | မတ္တရာမြို့နယ်၊ ရှမ်းမြောင်းရွာမှ အမျိုးသမီးတစ်ဦးအပါအဝင် ဒေသခံ ၆ ဦးအား စစ်ကောင်စီတပ်သားများမှ ပစ်သတ်ခဲ့ပါသည်။ [77] |
| **ပဲခူးတိုင်း** | |
| ၂၀၂၃ မေ ၁၀ | စစ်ကောင်စီတပ်သည် ထန်းတပင်မြို့နယ်၊ ညောင်ပင်သာကျေးရွာမှ အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် အရပ်သား ၁၈ ဦး အား အစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်ခဲ့ပါသည်။ [78] |
| ၂၀၂၃ ဇွန် ၂၇ | ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောအကျဉ်းထောင်မှ သာယာဝတီထောင်သို့ ပြောင်းရွှေ့သည့် နိုင်ငံရေးအကျဉ်းသားများအား ထွက်ပြေးရန် ကြိုးပမ်းသည်ဟုဆိုကာ သေနတ်ဖြင့်ပစ်ခတ်၍ ထောင်သား ၅ ဦး သေဆုံးခဲ့ပါသည်။ [79] |
| ၂၀၂၃ သြဂုတ် ၉ | တိုက်ပွဲပြင်းထန်နေသည့် ဖြူးမြို့နယ်၊ အောက်ကြာအင်းရွာမှ ဒေသခံ ၇ ဦးအား စစ်ကောင်စီတပ်မှ သတ်ဖြတ်ခဲ့ပါသည်။ [80] |

[74] မလှိုင်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ် တိုက်ခိုက်ခံရပြီး မိသားစုဂင် ၃ ဦးအပါအဂင် ၅ ဦးသေဆုံး https://tinyurl.com/29wwrrbw

[75] မတ္တရာတွင် လက်ဖက်ရည်ဆိုင်ထိုင်နေသူ ၁၁ ဦးကို စစ်ကောင်စီတပ် ပစ်သတ် https://bit.ly/3sCA8Sc

[76] ငါန်းဇွန်မြို့ သံကုန်းကျေးရွာမှာ အမျိုးသမီး ၂ ဦးအပါအဝင် ၇ ဦးသတ်ဖြတ်ခံရ https://bbc.in/3MXqP6u

[77] မတ္တရာမြို့နယ် ရှမ်းမြောင်းရွာမှာ ဒေသခံခြောက်ဦး ပစ်သတ်ခံရ https://bit.ly/48BiopB

[78] ညောင်ပင်သာရွာရှိ ကလေးငယ်အပါအဝင် အရပ်သား ၁၈ ဦးကို စစ်ကောင်စီတပ် အစုလိုက် မီးရှို့သတ်ဖြတ် https://tinyurl.com/2egzaysr

[79] ပျောက်ဆုံး နိုင်ငံရေးအကျဉ်းသားများထဲမှ ၅ ဦး ပစ်သတ်ခံခဲ့ရဟု မိသားစုဝင်များ ပြော https://tinyurl.com/22f7mn5w

[80] ကြာအင်းတိုက်ပွဲမှာ စစ်ကောင်စီဘက်က အသေများလို့ ရွာကို မီးတင်ရှို့ပြီး ရွာသား ၇ ဦးကိုသတ် https://tinyurl.com/23c5x6pn

| | |
|---|---|
| ၂၀၂၃ ဒီဇင်ဘာ ၂၅ | စစ်ကောင်စီတပ်သည် အရပ်သား ၇ ဦးအား နတ်တလင်းမြို့နယ် အရှေ့မြောက်ဘက် ပဲခူးရိုးမအစပ်တွင် မီးရှို့သတ်ဖြတ်ခဲ့ပါသည်။ [81] |
| ၂၀၂၄ ဖေဖော်ဝါရီ ၁၆ | ကျောက်ကြီးမြို့နယ်၊ လပတ်ရွာနှင့် ကမ်ကြေးဆိပ်ရွာ အကြားတွင် ရက်ရက်စက်စက် သတ်ဖြတ်ခံထားရသည့် အမျိုးသမီး ၃ ဦးနှင့် အမျိုးသား ၃ ဦး၏ ရုပ်အလောင်းများကို လမ်းသွားလမ်းလာများမှ တွေ့ရှိခဲ့ကြပါသည်။ [82] |
| ၂၀၂၄ မတ် ၁၄ | လက်ပံတန်းမြို့နယ်မှ စစ်ကောင်စီသတင်းပေးဟု နာမည်ကြီးသူ ၅ ဦးအား ရွှေတန်းမြေ ပြည်သူ့ကာကွယ်ရေးအဖွဲ့က သုတ်သင် ရှင်းလင်းခဲ့ကြောင်းထုတ်ပြန်ခဲ့ပါသည်။ [83] |
| **ကရင်ပြည်နယ်** | |
| ၂၀၂၂ အောက်တိုဘာ၂၁ | ကော့ကရိတ်မြို့အတွင်းစစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ PDF ပူးပေါင်းတပ်တို့ တိုက်ပွဲများကြောင့် ဒေသခံ ၆ ဦး သေဆုံးခဲ့ပါသည်။[84] |
| ၂၀၂၃ ဇွန် ၇ ရက် | မူတြော်ခရိုင် (ဖာပွန်)၊ ဒွဲလိုးမြို့နယ်၊ မဲသူကျေးရွာအုပ်စု၊ လဲထူးဖိုဒေသအား စစ်ကောင်စီတပ်မှ လေကြောင်းပစ်ခတ်တိုက်ခိုက်သဖြင့် ယာထီးထကျေးရွာမှ လူနေအိမ်ပေါ်ကျရောက်ကာ အရပ်သား ၆ ဦး သေဆုံးခဲ့ပါသည်။ [85] |
| ၂၀၂၃ ဇန်နဝါရီ ၁၂ | မူတြော်ခရိုင် (ဖာပွန်) ၊ လူသောမြို့နယ်၊ ပေကေကျေးရွာအုပ်စု၊ လေးဝါးကျေးရွာရှိ ခရစ်ယာန် ဘုရားကျောင်းအား စစ်ကောင်စီတပ်မှ လေကြောင်းဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အသင်းအုပ်ဆရာတော်တစ်ပါး အပါအဝင် ဒေသခံရွာသား ၅ ဦး သေဆုံးခဲ့ပါသည်။[86] |
| ၂၀၂၄ ဖေဖော်ဝါရီ ၁ | သံတောင်ကြီးမြို့နယ်၊ လိပ်သိုဒေသ မိုင်းလွန်ကျေးရွာအနီး စစ်ကောင်စီတပ်မှ လေကြောင်းနှင့် လက်နက်ကြီးပစ်ခတ်သဖြင့် ကလေးငယ်အပါအဝင် ဒေသခံ ၅ ဦး သေဆုံးခဲ့ပါသည်။ [87] |

[81] ပဲခူးတိုင်း နတ်တလင်း၌ စစ်တပ်က အရပ်သား ၇ ဦးကို အစုလိုက် မီးရှို့သတ် https://bit.ly/3S5st95

[82] ကျောက်ကြီးမှာ လူ ၆ ဦး အသတ်ခံရ http://tinyurl.com/22hpepl8

[83] လက်ပံတန်းမှာ Non CDM ဆရာမတဦးအပါ စစ်တပ်သတင်းပေးလို့နာမည်ကြီးသူ ၅ ဦး တညတည်း အသတ်ခံရ https://tinyurl.com/24oshkvc

[84] ကော့ကရိတ်မြို့ ခလရ(၉၇)က လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံ ၂ဦးလက်နက်ကြီးစထိမှန်၊ အာရှကားလမ်းမတွင် ကုန်ကား၂စီးမီးရှို့ခံရ https://tinyurl.com/24zlvjtc

[85] ကေအဲန်ယူ မူတြော်(ဖာပွန်)ခရိုင်အတွင်း စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံ (၆)ဦး သေဆုံး https://tinyurl.com/2zcl2ngq

[86] ခရစ်ယာန်ဘုရားကျောင်းကို စစ်ကောင်စီလေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်၊ သင်းအုပ်ဆရာတော် အပါအဝင် ၅ ဦးသေဆုံးပြီး ၇ ဦးဒဏ်ရာရ https://tinyurl.com/2gtl9yzo

| | |
|---|---|
| ၂၀၂၄ မတ် ၁၃ | မြဝတီမြို့နယ်၊ သင်္ကန်းညီနောင်တွင် စစ်ကောင်စီတပ်နှင့် KNU၊ PDF ပူးပေါင်းတပ်တို့အကြား တိုက်ပွဲများကြောင့် အရပ်သားပြည်သူ ၅ ဦး ထက်မနည်း သေဆုံးခဲ့ပါသည်။[88] |
| ၂၀၂၄ မတ် ၃၁ | စစ်ကောင်စီတပ်သည် စစ်ဘေးရှောင်များနေထိုင်သော ဖာပွန်မြို့နယ် ရွှေကျောင်းဘုန်းကြီးကျောင်းအား လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သဖြင့် စစ်ဘေးရှောင် ၈ ဦးခန့် သေဆုံးခဲ့ပါသည်။[89] |
| မကွေးတိုင်း | |
| ၂၀၂၂ ဧပြီ ၁၂ | ပေါက်မြို့နယ်၊ တံစူးကျေးရွာသို့ စစ်ကောင်စီတပ် ရောက်ရှိလာပြီး ရွာပတ်ဝန်းကျင်ကို လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် အမျိုးသမီးများ အပါအဝင် စစ်ဘေးရှောင် ၉ ဦး အစုလိုက်အပြုံလိုက် သေဆုံးခဲ့ပါသည်။[90] |
| ၂၀၂၂ ဇူလိုင် ၄ | ဂန့်ဂေါမြို့နယ်အတွင်း စစ်ကောင်စီတပ်က စစ်ကြောင်းထိုးဝင်ရောက်လာပြီး အမျိုးသမီးတစ်ဦးအား မုဒိမ်းကျင့်သတ်ဖြတ်ခဲ့ကာ အမျိုးသား ၇ ဦးကိုလည်း အကြမ်းဖက်သတ်ဖြတ်ခဲ့ပါသည်။[91] |
| ၂၀၂၂ ဇူလိုင် ၉ | မြိုင်မြို့နယ် တောင်ရိုးရွာက ဒေသခံ ၂ ဦးနှင့် ပေါက်မြို့နယ် ကမ္ဘာဖြူးရွာမှ ဒေသခံ ၅ ဦးတို့အား မြိုင်စက်မှု၂ ထဲတွင် အကြမ်းဖက် သတ်ဖြတ်ခဲ့ပါသည်။[92] |
| ၂၀၂၃ နိုဝင်ဘာ ၂၆ | ည ၇နာရီခန့်တွင် အထက်မင်းလှနှင့် မင်းတုန်းမြို့နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူး ၆ ဦးအား ၎င်းတို့နေအိမ်များသို့ အမည်မသိသေနတ်သမားများမှ ဝင်ရောက်ပစ်ခတ်သတ်ဖြတ်ခဲ့ပါသည်။[93] |
| ၂၀၂၄ ဖေဖော်ဝါရီ ၁၄ | နံနက် ၄ နာရီတွင် ဂန့်ဂေါမြို့နယ်၊ သင်တောရွာ၊ ရွှေဘိုရွာနှင့် ရွာသာရွာတို့မှ အသက် ၂၀ မှ ၄၀ ဝန်းကျင် ဒေသခံအမျိုးသား ၁၀ ဦးအား စစ်ကောင်စီတပ်နှင့်ပျူစောထီးများမှ ဖမ်းဆီးကာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ပါသည်။[94] |

87 စစ်တပ်က လေကြောင်းနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် လိပ်သိုဒေသခံ (၅)ဦး သေဆုံး http://tinyurl.com/2b8mm773

88 မြဝတီမြို့ပတ်လည် တိုက်ပွဲကျယ်ပြန့်လာနေခြင်းကြောင့် မြို့ခံများ စိုးရိမ်မှုရှိလာနေ https://tinyurl.com/2ca4eejv

89 ဖာပွန်မြို့၏ အရှေ့ပါသည့် တပ်ရင်း ၁၉ ဆုံးရှုံးရပြီးနောက် စစ်ရှောင်နေရာကို စစ်ကောင်စီ လေကြောင်း ဖြင့်ပစ်ခတ် https://tinyurl.com/2d6w4782

90 ပေါက်မြို့က စစ်ဘေးဒုက္ခသည် ကိုးဦး လက်နက်ကြီးထိမှန် သေဆုံး https://tinyurl.com/yxpn2g75

91 ဂန့်ဂေါမြို့နယ်အတွင်း နယ်မြေရှင်းလင်းရေးလုပ်၊ အမျိုး သား ၇ ဦး သတ်ခံရ၊ အမျိုးသမီး တစ်ဦး မုဒိန်းကျင့်ခံရ https://tinyurl.com/2lztezsu

92 မြိုင်နှင့် ပေါက်မြို့နယ်က ပြည်သူ ၇ ဦးကို စစ်ကောင်စီတပ် ဖမ်းဆီးသတ်ဖြတ် https://tinyurl.com/28nut73q

93 အထက်မင်းလှနဲ့ မင်းတုန်းနယ်က ကျေးရွာအုပ်ချုပ်ရေးမှူး ၆ ဦး တပြိုင်နက် အသတ်ခံရ https://bit.ly/47RxAyv

94 ဂန့်ဂေါတွင် စစ်တပ်နှင့်ပျူစောထီးအဖွဲ့က အရပ်သား ၁၀ ဦးကိုသတ်ပြီး နေအိမ် ၄၀ ကျော် မီးရှို့ http://tinyurl.com/26tmapkw

| | |
|---|---|
| **ချင်းပြည်နယ်** | |
| ၂၀၂၂ ဩဂုတ် ၆ | မတူပီမြို့နယ် ဖိုတုန်နယ်ဘက်သို့ စစ်ကောင်စီတပ် အင်အား ၁၅၀ ခန့်စစ်ကြောင်းထိုးဝင်ရောက် လာပြီး ဒေသခံ ၆ ဦးအား အကြမ်းဖက် သတ်ဖြတ်ခဲ့ပါသည်။ [95] |
| ၂၀၂၃ မတ် ၃၀ | ထန်တလန်မြို့နယ် ခွါဖိုး (Khuafo) ကျေးရွာထဲသို့ စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် ဗုံးကြဲ တိုက်ခိုက်မှုကြောင့် ဆယ်နှစ်အောက် ကလေး ၂ ဦး အပါအဝင် အရပ်သား ၈ ဦး အစုလိုက် အပြုံလိုက် သေဆုံးခဲ့ပါသည်။ [96] |
| ၂၀၂၃ ဧပြီ ၁၀ | ဖလမ်းမြို့နယ်၊ ဝေဘူလမြို့ရှိ နွေရာသီကျမ်းစာ သင်တန်း (Summer Camp) ပြုလုပ်ရန် တဲထိုးနေသည့်နေရာအား စစ်ကောင်စီတပ်မှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် သိက္ခာတော်ရ ဆရာတော် တစ်ဦးအပါအဝင် အရပ်သား ၉ ဦးသေဆုံးခဲ့ပါသည်။ [97] |
| ၂၀၂၃ နိုဝင်ဘာ ၁၅ | မတူပီမြို့နယ်၊ ဝေးလူကျေးရွာကို စစ်ကောင်စီတပ်က လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း ကြောင့် ကလေးငယ်တစ်ဦးအပါအဝင် အရပ်သားပြည်သူ ၁၃ ဦးထက်မနည်း သေဆုံးခဲ့ပါသည်။ [98] |
| ၂၀၂၄ ဇန်နဝါရီ ၂၉ | ပလက်ဝမြို့နယ်၊ ဒိုင်ဒေသ၊ ဟုမ်းကျေးရွာကို စစ်ကောင်စီတပ်က လေကြောင်းဖြင့် ဗုံးကြဲ တိုက်ခိုက်ရာ အရပ်သား ၇ ဦး သေဆုံးခဲ့ပါသည်။ [99] |
| **ရန်ကုန်တိုင်း** | |
| ၂၀၂၂ ဩဂုတ် ၁၉ | ကြည့်မြင်တိုင်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ အနောက်တာဘက်ရှိ ခေါင်ရည်ဆိုင်တစ်ဆိုင်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီး လူငယ် ၆ ဦး သေဆုံးခဲ့ပါသည်။ [100] |

[95] ချင်းပြည်နယ် ကျေးရွာများတွင် စစ်ကောင်စီတပ်က စစ်ကြောင်းထိုးပြီး ပြည်သူကို အကြမ်းဖက် သတ်ဖြတ်မှုများ ကျူးလွန်နေ https://tinyurl.com/2nx9hny5

[96] စစ်ကောင်စီ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ထန်တလန်မြို့နယ်မှာ ၁၀ နှစ်အောက်ကလေးငယ် ၂ ဦးအပါအဝင် အရပ်သားပြည်သူ ၈ ဦးသေဆုံး https://tinyurl.com/2ou6y5bl

[97] ဖလမ်းမြို့နယ် ဝေဘူလမြို့တွင် နွေရာသီကျမ်းစာသင်တန်း (Summer Camp ) ပြုလုပ်ရန် တဲထိုးနေသည့်နေရာ ဗုံးကြဲခံရ https://tinyurl.com/255trmus

[98] မတူပီမှာ ဂျက်ဖိုက်တာ ၂ စီးဖြင့် တိုက်ခိုက်ခံရသောကြောင့် ကလေးငယ်အပါအဝင် အရပ်သား ၁၃ ဦးထက်မနည်း သေဆုံး၊ အများအပြား ဒဏ်ရာရ https://bit.ly/3syuwsd

[99] ပလက်ဝမြို့နယ်ထဲက ဟုမ်းကျေးရွာကို စစ်ကောင်စီဗုံးကြဲ အရပ်သား ၇ ဦးသေဆုံး http://tinyurl.com/yls633mu

[100] ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည့် လူငယ်များ၏ အလောင်းများပြန်မရ၊ ရက်လည်လုပ်ခွင့်မပေးဘဲ မိသားစုများကို ခြိမ်းခြောက်ပြောဆို https://tinyurl.com/2jhbyh49

| | |
|---|---|
| ၂၀၂၂ ဩဂုတ် ၂၂ | ညနေပိုင်းတွင် တွံတေးမြို့ပေါ်မှ အစည်းအဝေးတက်ပြီး ပြန်လာသော ဇီးဖြူကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးအပါအဝင်၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ စီးနင်းလာသည့် မော်တော်ယာဉ်အား မြို့ပြပြောက်ကျားတပ်ဖွဲ့ (တွံတေး) က ပစ်ခတ်ခဲ့ရာ ၆ ဦး သေဆုံးခဲ့ပါသည်။[101] |
| ၂၀၂၂ ဒီဇင်ဘာ ၅ | နံနက် ၇ နာရီတွင် လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာ၊ တပင်ရွှေထီးလမ်းဘေး၌ သေဆုံးနေသော ရိုဟင်ဂျာ အလောင်း ၁၃ လောင်းအား ဒေသခံများ တွေ့ရှိခဲ့ကြပါသည်။[102] |
| ၂၀၂၃ ဖေဖော်ဝါရီ ၂၂ | လှည်းကူးမြို့၊ ရိပ်သာရပ်ကွက်၊ မေဃဝတီ ၄ လမ်းရှိ နေအိမ်တစ်အိမ်အား အမည်မသိ သေနတ်သမားများ ဝင်ရောက်ပစ်ခတ်သဖြင့် အသက်သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးအပါ အဝင် စုစုပေါင်း ၅ ဦး သေဆုံးခဲ့ပါသည်။[103] |
| **ကရင်နီပြည်နယ်** | |
| ၂၀၂၃ မေ ၂၄ | ဒီးမော့ဆိုမြို့အနောက်ခြမ်းအား စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် ဆက်တိုက်ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အမျိုးသမီးအပါအဝင် အရပ်သား ၅ ဦး သေဆုံးခဲ့ပါသည်။[104] |
| ၂၀၂၃ နိုဝင်ဘာ ၁၄ | လွိုင်ကော်မြို့ပေါ်မှ ပိုးစာခြံနှင့် မိုင်းလုံးရပ်ကွက်အတွင်း စစ်ကောင်စီတပ် ပစ်ခတ်သည့် လက်နက်ကြီး ကျရောက်ပေါက်ကွဲခြင်းကြောင့် ကလေးအပါအဝင် အရပ်သား ၅ ဦး ထက် မနည်းသေဆုံးခဲ့ပါသည်။ [105] |
| ၂၀၂၄ ဖေဖော်ဝါရီ ၅ | ဒီးမော့ဆိုမြို့နယ် အနောက်ခြမ်းရှိ စာသင်ကျောင်း ၂ ကျောင်းအား စစ်ကောင်စီတပ်မှ လေကြောင်းဗုံးကြဲသဖြင့် စာသင်နေသည့် ကလေးငယ် ၄ ဦး အပါအဝင် အရပ်သား ၅ ဦး သေဆုံးခဲ့ပါသည်။ [106] |
| ၂၀၂၄ ဖေဖော်ဝါရီ ၅ | ရှားတောမြို့နယ်မှ စစ်ဘေးရှောင်နေသည့် ကိုယ်ဝန်သည်တစ်ဦး အပါအဝင် အမျိုးသမီး ၃ ဦး နှင့် ကလေးငယ် ၃ ဦးအား စစ်ကောင်စီတပ်မှ အစုလိုက် အပြုံလိုက် ပစ်သတ်ခဲ့ပါသည်။ [107] |

[101] တွံတေးမြို့နယ်တွင် အုပ်ချုပ်ရေးအဖွဲ့ဝင် ၆ ဦးပစ်ခတ်ရှင်းလင်းခံရပြီးနောက် ပြည်သူများကို စစ်ကောင်စီတပ်က ဖမ်းဆီးနှိပ်စက်မှုများ ပြုလုပ်နေ https://tinyurl.com/2hdp55nm

[102] လှည်းကူးတွင် အလောင်း ၁၃ လောင်း တွေ့ရှိ https://tinyurl.com/2p9h8xrg

[103] လှည်းကူးတွင် အသက် ၃ အရွယ် ကလေးငယ်အပါအဝင် ၅ ဦး ပစ်သတ်ခံရ https://tinyurl.com/2jroyn6u

[104] ဒီးမော့ဆိုအနောက်ခြမ်းတွင် စစ်ကောင်စီတပ်မှ ၂ ရက်ဆက်တိုက် လေကြောင်းဖြင့် ဗုံးကြဲ https://tinyurl.com/2ry6yoh6

[105] လွိုင်ကော်မြို့ပေါ် ရပ်ကွက်မှာ လက်နက်ကြီးကျရောက်မှုကြောင့် ကလေးအပါအဝင် သေဆုံးမှုများ https://bit.ly/46hmzp9

[106] ကရင်နီစာသင်ကျောင်းကို စစ်တပ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကလေး ၄ ဦး အပါအဝင် ၅ ဦး သေဆုံး http://tinyurl.com/25rmvnx4

[107] စစ်ရှောင်နေတဲ့ ကိုယ်ဝန်သည်တစ်ဦးအပါအဝင် အမျိုးသမီး ၃ ဦးနဲ့ ကလေးငယ် ၃ ဦးကို စစ်ကောင်စီတပ်က ပစ်သတ် http://tinyurl.com/2aklczo7

| | |
|---|---|
| **တနင်္သာရီတိုင်း** (overprinted: များအား [illegible] ဖော်ပြခြင်း) | |
| ၂၀၂၃ ဇန်နဝါရီ ၆ | ဘုတ်ပြင်းမြို့နယ်၊ ရွာဟော့လူကျေးရွာအနီး အသတ်ခံထားရသည့် အမျိုးသား ၈ ဦး၏ ရုပ်အလောင်းများအား လာရောက်စွန့်ပစ်ထားသည်ကို ဒေသခံများမှတွေ့ရှိခဲ့ကြပါသည်။ [108] |
| ၂၀၂၃ ဖေဖော်ဝါရီ၁၁ | ပုလောမြို့နယ်၊ ပလောက်မြို့၊ ညောင်ရှင်ကုန်းရွာမှ စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူး မိသားစုဝင် (၇) ဦးအား အမည်မသိလက်နက်ကိုင်လူတစ်စုမှ သတ်ဖြတ်ခဲ့ပါသည်။ [109] |
| ၂၀၂၃ မတ် ၄ | လောင်းလုံးမြို့နယ်၊အောက်ကျောက်ဝပ်ကျေးရွာမှ ဒေသခံ ၅ ဦးအား စစ်ကောင်စီနှင့် ပျူစောထီးအဖွဲ့က ဖမ်းဆီးသတ်ဖြတ်ခဲ့ပါသည်။ [110] |
| ၂၀၂၃ မေ ၂၂ | ကော့သောင်းမြို့နယ်၊ မြို့ပေါ်နှင့် ကျေးရွာများမှ အသက်မပြည့်သေးသူတစ်ဦး အပါအဝင် ၈ ဦးကိုအား စစ်ကောင်စီတပ်မှ စစ်ကြောရေးတွင် သေနတ်ဖြင့် ပစ်သတ်ခဲ့ပါသည်။ [111] |
| **မွန်ပြည်နယ်** | |
| ၂၀၂၂ ဇွန် ၂၅ | သထုံမြို့နယ်ရှိ ထုံးဘိုလေးကျေးရွာအား စစ်ကောင်စီတပ်မှ ဝင်ရောက်မီးရှို့စဉ် အမျိုးသမီး အပါအဝင် အရပ်သား ၅ ဦးကိုလည်း သတ်ဖြတ်ခဲ့ပါသည်။ [112] |
| ၂၀၂၂ ဩဂုတ် ၃ | ရေးမြို့နယ်ရှိ လဂေကရုံးအား ပြည်သူ့ကာကွယ်ရေးအဖွဲ့ တစ်ခုဖြစ်သော ရေးဘီလူးအဖွဲ့မှ ဝင်ရောက်ပစ်ခတ်ခြင်းကြောင့် မြို့နယ်ဦးစီးမှူးအပါအဝင် ဝန်ထမ်း ၅ ဦးသေဆုံးခဲ့ပါသည်။ [113] |
| ၂၀၂၃ ဇွန် ၁ | ဖားအံမြို့နှင့် သထုံမြို့ အစပ်၊ ဒူးရင်းဆိပ်ကျေးရွာ ဒုံသမိချောင်းတံတားရှိ စစ်ကောင်စီတပ်နှင့် တော်လှန်ရေးတပ်ဖွဲ့တို့ တိုက်ပွဲများအကြား ဒေသခံ ၅ ဦး သေဆုံးခဲ့ပါသည်။[114] |
| **ဧရာဝတီတိုင်း** | |
| ၂၀၂၃ မတ် ၂၃ | ပုသိမ်အကျဉ်းထောင်အတွင်း ရိုက်နှက်ခံရမှုနှင့် ထောင်တွင်း အစားအသောက် ခက်ခဲမှုများ ကြောင့် ရိုဟင်ဂျာ ၅ ဦး သေဆုံးခဲ့ပါသည်။ [115] |

108 ဘုတ်ပြင်းမြို့နယ် ရွာဟော့လူကျေးရွာတွင် အမျိုးသား ၈ ဦး၏ ရုပ်အလောင်းများစွန့်ပစ်ထားသည်ကိုတွေ့ရှိ https://tinyurl.com/2gsgjh5h

109 စစ်ကောင်စီ အုပ်ချုပ်ရေးမှူး မိသားစုဝင် ၇ ဦးသတ်ဖြတ်ခံရပြီးနောက် ပလောက်မြို့တွင် လုံခြုံရေးတင်းကြပ် https://tinyurl.com/2jrwuwz4

110 လောင်းလုံးမှာ စစ်ကောင်စီနှင့်ပျူစောထီးအဖွဲ့လက်ချက်ကြောင့် အရပ်သား ၅ ဦးသေ၊ ၁ဦး အသက်အန္တရာယ်စိုးရိမ်နေရဟုဆို https://tinyurl.com/2qjnx22q

111 ကော့သောင်းတွင် စစ်ကောင်စီက အသက် မပြည့်သေးသူ အပါအဝင် ၈ ဦးကို စစ်ကြောရေးတွင် ပစ်သတ် https://tinyurl.com/2o33pfmm

112 ထုံးဘိုလေးရွာ မီးရှို့ခံရစဉ် အမျိုးသမီးအပါအဝင် အရပ်သား (၅)ဦးထက်မနည်း သတ်ဖြတ်ခံရပြီး ၇,၀၀၀ နီးပါး ထွက်ပြေး တိမ်းရှောင်ရ https://tinyurl.com/2dp2rh73

113 ရေးမြို့ လဂေကရုံး ဝင်ရောက်ပစ်ခတ်ခံရ၊ ဦးစီးမှူး အပါအဝင် ၅ ဦး သေဆုံး https://tinyurl.com/2bcg2txo

114 ဒုံသမိချောင်းတံတား စစ်ဆေးရေးဂိတ်စခန်း ၂ ခု တပြိုင်တည်းတိုက်ခိုက်ခံရ၊ စစ်နှင့်ရဲဖက်ဆိုင်ရာ တပ်ဖွဲ့ဝင်(၃၀)ကျော်သေဆုံးပြီး လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ https://tinyurl.com/2k6y7ymp

115 နှိပ်စက်မှုများ ရှိနေသော ပုသိမ်ထောင်အတွင်း ယခုလအတွင်း ရိုဟင်ဂျာ ၅ ဦး သေဆုံး https://tinyurl.com/2e3h7n8q

# နိုင်ငံတဝှမ်း
# မိုင်းစစ်ဆင်ရေး
# လှုပ်ရှားမှုများ



BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၃၁ ရက် အထိ မြန်မာနိုင်ငံတဝှမ်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် စစ်ကြောင်းများအား ဦးတည်တိုက်ခိုက်သော လက်နက်ကိုင်ခုခံတော်လှန်ရေးအင်အားစုများ၏ မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်ပေါင်း ၄၄၂ ခု အထိ ရှိခဲ့သည်။

အဆိုပါ မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်များကို နှစ်အလိုက်လေ့လာကြည့်ပါက ၂၀၂၁ ခုနှစ် အတွင်း ၇၄ ခု၊ ၂၀၂၂ ခုနှစ် အတွင်း ၁၆၇ ခု၊ ၂၀၂၃ ခုနှစ်အတွင်း ၁၇၃ ခုအဖြစ် အသီးသီးတွေ့ရှိရပြီး နှစ်အလိုက် ပိုမိုများပြားလာခဲ့သည်။

မြို့ပြဒေသအလိုက် တော်လှန်ရေးအင်အားစုများ မိုင်းဆွဲတိုက်ခိုက်မှုများကြောင့်စစ်ကောင်စီတပ်သားစုစုပေါင်း၁၅၄၀ ဦး အထိ သေဆုံးခဲ့ပါသည်။ ထိုအထဲ စစ်ကိုင်းတိုင်းသည် မိုင်းဆွဲတိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရသည့် စစ်ကောင်စီတပ်သား ၇၇၆ ဦးအထိရှိကာ စုစုပေါင်းအရေအတွက်၏ ၅၀ ရာခိုင်နှုန်း နီးပါးရှိခဲ့သည်ကို တွေ့ရသည်။ မကွေးတိုင်း၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင်လည်း မိုင်းဆွဲ တိုက်ခိုက်မှုကြောင့် ရာနှင့်ချီသည့် စစ်ကောင်စီတပ်သား သေဆုံးမှုများအားတွေ့ရှိရပါသည်။






ထူးခြားဖြစ်စဉ်များအဖြစ် စစ်ကောင်စီ ခန့်အပ်ထားသည့် စစ်ကိုင်းတိုင်းဝန်ကြီးချုပ်၏ယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခံရမှု နှစ်ကြိမ်ရှိခဲ့သကဲ့သို့ မကွေးတိုင်းဝန်ကြီးချုပ်နှင့် ကရင်ပြည်နယ် ဝန်ကြီးချုပ်တို့၏ ယာဉ်တန်းများလည်း မိုင်းဆွဲတိုက်ခိုက်ခံခဲ့ရပါသည်။

BNI-Myanmar Peace Monitor ၏ လေ့လာတွေ့ရှိချက်အရ အာဏာသိမ်းစစ်အုပ်စုအားမိုင်းဆွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်များ၏ ၉၀ ရာခိုင်နှုန်းနီးပါးသည် စစ်အာဏာသိမ်းကာလအတွင်း ဖြစ်တည်ပေါက်ဖွားလာခဲ့သော မြို့ပြ ဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF-LDF) များက တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်ပေါင်း ၃၉၃ ခု အထိ ရှိခဲ့ပါသည်။ တဆက်တည်းတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များ ဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး (KNU/KNLA) မှ ၁၉ ခု၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIO/KIA) မှ ၁၇ ခု၊ ရက္ခိုင့်တပ်တော် (ULA/AA) မှ ၅ ခုနှင့် အခြားလက်နက်ကိုင်အဖွဲ့အစည်းများမှ ၇ ခု အဖြစ် အာဏာသိမ်းစစ်အုပ်စုအား မိုင်းဆွဲတိုက်ခိုက်ခဲ့သည်ကိုတွေ့ရသည်။




ခုခံတော်လှန်ရေးအင်အားစုများ၏ မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်များကို ဒေသအလိုက် လေ့လာကြည့်ပါက PDF – LDF များ အများဆုံးရှိရာ စစ်ကိုင်းတိုင်းသည် မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ် ၁၇၈ ခု ဖြင့် အများဆုံးဖြစ်ပါသည်။ မကွေးတိုင်းသည် မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ် ၇၃ ခုဖြင့် ဒုတိယအများဆုံးဖြစ်ပြီး မန္တလေးတိုင်းသည် မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ် ၄၃ ခု ဖြင့် တတိယ အများဆုံး ဖြစ်နေပါသည်။ နွေဦးတော်လှန်ရေးကာလတလျှောက်လုံးတွင် အာဏာသိမ်း



စစ်အုပ်စုအား မိုင်းဆွဲတိုက်ခိုက်မှုများ၏ ၆၆ ရာခိုင်နှုန်းကျော်သည် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးကဲ့သို့သော အညာဒေသတွင် တွေ့ရှိခဲ့ရခြင်းဖြစ်ပါသည်။ မုံရွာ၊ ရေစကြို၊ မြင်းမူ၊ ရွှေဘို၊ ချောင်းဦး၊ ဝက်လက်၊ ခင်ဦး၊ မတ္တရာ၊ ယင်းမာပင်၊ ပခုက္ကူနှင့် မြိုင်မြို့နယ် စသည့် မြို့နယ်ပေါင်း (၁၁) ခုတွင် မိုင်းဆွဲတိုက်ခိုက်မှု ဖြစ်စဉ်ပေါင်း (၁၀) ခုနှင့်အထက် တွေ့ရှိခဲ့ရပါသည်။

စစ်ကိုင်းတိုင်းအတွင်းရှိ မြောင်အမျိုးသမီးပြောက်ကျားစစ်သည်တော်အဖွဲ့ (M2W) ဆိုလျှင် လက်လုပ်မိုင်း ထုတ် လုပ်ရေးကို ၎င်းတို့၏ အဓိကလုပ်ငန်းစဉ်တရပ်အဖြစ် သတ်မှတ်ထုတ်လုပ်နေသည်ကို တွေ့ရပါသည်။ အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်မှုများအား ကာကွယ်ဟန့်တားနိုင်ရေးအတွက် အကန့်အသတ်များစွာ ရှိနေသော်လည်း အညာတခွင်မှ မိုင်းစစ်ဆင်ရေးများသည် အာဏာသိမ်းစစ်အုပ်စု၏ မြေပြင်စစ်ကြောင်းများအား ဖြတ်တောက်ဟန့်တားခြင်း၊ ကြည်းတပ်အင်အား ချိနဲ့ပြိုပျက် စေနိုင်သည်ကို အချက်အလက်များက သက်သေပြနေပါသည်။

ထို့ကြောင့် မိုင်းဆွဲတိုက်ခိုက်ရေးနည်းဗျူဟာ (ဝါ) မိုင်းစစ်ဆင်ရေးလှုပ်ရှားမှုများသည် အာဏာသိမ်းစစ်အုပ်စု ချုပ်ငြိမ်းရေးအတွက် အချက်အချာကျသော စစ်ရေးဗျူဟာတရပ်အဖြစ် နွေဦးတော်လှန်ရေးမှတ်တမ်းတွင် အလွန်အရေးပါနေသည်ဟု ဆိုနိုင်ပါသည်။

(BNI-Myanmar Peace Monitor အနေဖြင့် မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်များကို ကောက်ယူမှတ်တမ်းပြုရာတွင် နယ်မြေဒေသအလိုက် တရက်လျှင် ဖြစ်စဉ်တစ်ခုအဖြစ်သာ မှတ်တမ်းပြုထားခြင်းဖြစ်ပြီး အကြိမ်ရေအားဖြင့်မူ ဖော်ပြပါကိန်းဂဏန်းများထက် ပိုမိုများပြားနိုင်ပါသည်)

# စစ်ကောင်စီတပ်များအား မိုင်းဆွဲတိုက်ခိုက်မှုမှတ်တမ်း

ဖေဖော်ဝါရီ ၁ - ၂၀၂၁ မှ မတ် ၃၁ - ၂၀၂၄

**၁၅၄၀**

စစ်ကောင်စီတပ်သားသေဆုံးသူ စုစုပေါင်း

နွေဦးတော်လှန်ရေး ကာလတလျှောက် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးအပါအဝင် အညာဒေသများတွင် မိုင်းဆွဲတိုက်ခိုက်မှု **၆၆ ရာခိုင်နှုန်းကျော်** ဖြစ်ပွားခဲ့ပါသည်။







PDF များ၏ မိုင်းဆွဲတိုက်ခိုက်မှုသည် **၉၀ ရာခိုင်နှုန်း** နီးပါးရှိသည်။

BNI-Myanmar Peace Monitor　mmpeacemonitor.org　https://t.me/bni_mmpeacemonitor

Source : BNI - MPM Dataset

# တော်လှန်ရေးအင်အားစုများမှ သိမ်းပိုက်ထိန်းချုပ်ထားသည့်

# မြို့ပေါင်း ၇၃ မြို့

၂၀၂၃ ခုနှစ် ဇွန်လ ၂၄ ရက်မှစပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လကုန်အထိ မြို့ပေါင်း ၇၃ မြို့ကို အာဏာသိမ်းစစ်အုပ်စုထံမှ တော်လှန်ရေးအင်အားစုများက သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်၊ "၁၀၂၇ စစ်ဆင်ရေး" နောက်ပိုင်း မြို့သိမ်းဖြစ်စဉ်များ ခပ်စိပ်စိပ်တွေ့ရှိလာရခြင်း ဖြစ်သည်။

အာရက္ခတပ်တော်(ULA/AA) က (၁၆) မြို့၊ ကိုးကန့်တပ်ဖွဲ့ (MNTJP/MNDAA)က (၁၀)မြို့နှင့် တအာင်းတပ်မတော် (PSLF/TNLA) က (၁၀) မြို့အဖြစ် အများဆုံးသိမ်းပိုက်ထိန်းချုပ်ထားသည်ကို တွေ့ရသည်။ ကချင်လွတ်လပ်ရေးတပ်မတော်(KIO/KIA)၊ ချင်းအမျိုးသားတပ်ဦး (CNF/CNA)နှင့် CDF ပူးပေါင်းတပ်များ၊ ချင်းညီနောင်နှင့် ပူးပေါင်းတပ်ဖွဲ့များ၊ ကရင်နီတပ်မတော် (KNPP/KA)နှင့် ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDF) အပါအဝင် ကရင်နီဒေသတွင်း တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များ၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) လက်အောက်ခံ PDF တပ်ရင်းတပ်ဖွဲ့များ၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်(UWSP/UWSA)နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PNLO/PNLA) တို့ကလည်း ဒေသအလိုက် အာဏာသိမ်းစစ်ကောင်စီတပ်ထံမှ မြို့များအသီးသီးသိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြပါသည်။

သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့များ၏အုပ်ချုပ်ရေးအဆင့်ကို လေ့လာကြည့်ပါက ခရိုင်အဆင့် (၁၀) မြို့၊ မြို့နယ်အဆင့် (၂၂) မြို့၊ မြို့အဆင့် (၄၀) မြို့နှင့် မြို့နယ်ခွဲအဆင့် (၁) မြို့တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အာဏာသိမ်းစစ်အုပ်စုအနေဖြင့် ၎င်းတို့လက်လွှတ်ဆုံးရှုံးခဲ့ရသည့် မြို့များအား ပြန်လည်ရရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းနေသည့်တိုင် စစ်ကိုင်းတိုင်းအတွင်းရှိ ခရိုင်အဆင့်မြို့ဖြစ်သော ကောလင်းမြို့ကိုသာ ပြန်လည်စိုးမိုးသိမ်းထားနိုင်ခဲ့ပါသည်။

ဖော်ပြပါမြို့သိမ်းဖြစ်စဉ်နှင့်ကိန်းဂဏန်းများသည် မိမိတို့စုဆောင်း မှတ်တမ်းပြုထားသည့် သတင်းအချက်အလက်များနှင့် မြေပြင်သတင်းသမားများမှတဆင့် စုံစမ်းသိရှိရသည့် အချက်အလက်များအပေါ်တွင်သာ အခြေခံတင်ပြထားခြင်းဖြစ်ပါသည်။)



## တော်လှန်ရေးအင်အားစုအလိုက် သိမ်းပိုက်ထိန်းချုပ်ထားသည့်မြို့အရေအတွက်




## တော်လှန်ရေးအင်အားစုများထိန်းချုပ်ထားသည့်မြို့များ၏အုပ်ချုပ်ရေးအဆင့်




BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR

BNI-Myanmar Peace Monitor

mmpeacemonitor.org

https://t.me/bni_mmpeacemonitor

Source : BNI-MPM Data (30.7.2024)

# နိုင်ငံတကာ
# အခန်းကဏ္ဍ

# မြန်မာ့အရေးအတွက် တရုတ်အစိုးရနှင့် အကျိုးစီးပွားအခြေပြု ချဉ်းကပ်မှု

တရုတ်နိုင်ငံနှင့် တရုတ်နိုင်ငံသားများ အကျိုးစီးပွားအတွက် အရှုံးအမြတ်တွက်ကာ ချဉ်းကပ်လေ့ရှိသည့် တရုတ်အစိုးရသည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု စတင်စဉ်ကတည်းက အာဏာသိမ်းစစ်အုပ်စုဘက်တွင် ပြောင်ပြောင်တင်းတင်းရပ်တည်ကာ နိုင်ငံတကာဖိအားများကို ဖယ်ရှားပေးခဲ့သကဲ့သို့ အာဏာသိမ်းစစ်အုပ်စုကိုလည်း အလေးပေးဆက်ဆံခဲ့သည်ဟု ဆိုရပါမည်။

ကြည်း၊ ရေ၊ လေ စစ်ဆင်ရေးအကုန်သုံးကာ အရပ်သားပြည်သူများအပေါ် တိုက်ရိုက်ဦးတည်တိုက်ခိုက်နေသည့် စစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များကို တရုတ်အစိုးရအနေဖြင့် ရေငုံနှုတ်ပိတ်နေပြီး မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းအများအပြားတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်း၊ ရပ်တန့်နေသည့် စီးပွားရေးစီမံကိန်းကြီးများအား ပြန်လည်အသက်သွင်းရန် ကြိုးပမ်းခြင်းတို့ကို တစိုက်မတ်မတ်လုပ်ကိုင်လာခဲ့ပါသည်။

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်များအတွင်းတွင်တော့ စစ်အာဏာသိမ်းအုပ်စုအပေါ် ခုခံတော်လှန်ရေးအင်အားစုများ၏ စစ်ရေးအရ ဖိအားပေးနိုင်စွမ်းသည် ရုတ်တရက် အရှိန်အဟုန်မြင့်တက်ခဲ့သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်နောက်ပိုင်း မြောက်ပိုင်းညီနောင်မဟာမိတ် (၃) ဖွဲ့၏ "၁၀၂၇ စစ်ဆင်ရေး" နှင့်အတူ စခန်းသိမ်း၊ မြို့သိမ်းဖြစ်စဉ်များအား တော်လှန်ရေးအင်အားစုများဘက်မှ ခပ်စိပ်စိပ်တွေ့ရှိလာခဲ့ရာ တရုတ်အစိုးရသည် မြန်မာ့အရေးတွင် ပိုမိုလှုပ်ရှားသက်ဝင်ကာ ပါဝင်လာခဲ့သည်။

၁၀၂၇ စစ်ဆင်ရေး၏ ရည်ရွယ်ချက်တခုဖြစ်သော ကျားဖြန့်လောင်းကစားလုပ်ငန်းများ နှိမ်နင်းရေးသည် တရုတ်အစိုးရ၏ အကျိုးစီးပွားတရပ် ဖြစ်နေသည့်အတွက် မြောက်ပိုင်းညီနောင်မဟာမိတ် (၃) ဖွဲ့နှင့် စစ်ကောင်စီ အကြား တရုတ်အစိုးရအနေဖြင့် ဗျာများစေခဲ့သည်ဟု ဆိုနိုင်ပါသည်။ ၎င်းတို့ တချိန်လုံး ထောက်ခံရပ်တည်လာပေးခဲ့သည့် စစ်ကောင်စီ၏ ကျရှုံးမှုကို မျက်ဝါးထင်ထင်တွေ့ရှိခဲ့သည့် တရုတ်အစိုးရသည် ဟိုင်ဂင်သဘောတူညီချက်ရသည်အထိ စေ့စပ်ညှိနှိုင်းစေကာ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ စစ်ရေးအရှိန်ကို ရပ်တန့်စေခဲ့ပါသည်။

ဆိုရသော် မြန်မာ့ပြည်တွင်းရေးသာဖြစ်ကြောင်း ကုလသမဂ္ဂဇာတ်ခုံတွင် "ဘူးခံဖင်ပိတ်"ကာ စစ်ကောင်စီဘက်မှ ကာကွယ်ပေးလေ့ရှိသည့် တရုတ်အစိုးရသည် ၎င်းတို့၏ ရေတို၊ ရေရှည် အကျိုးစီးပွားများကို တွက်ဆကာ မြန်မာနိုင်ငံအတွင်းရှိ ပဋိပက္ခ၏ ဇာတ်ကောင်များအပေါ် လိုသလို အသုံးချပြီး ကပြခိုင်းလေ့ရှိသည်ကို တွေ့ရပါသည်။ "မီးစ တဖက်၊ ရေမှုတ် တဖက်" ဆိုသကဲ့သို့ မြန်မာစစ်အုပ်စုနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား ငြိမ်းချမ်းရေး

သံတမန်၊ စေ့စပ်ညှိနှိုင်းရေးသမားဟန်မျိုးဖြင့် ရပ်တည်လှုပ်ရှားလေ့ရှိသည့် တရုတ်အစိုးရ၏ အခန်းကဏ္ဍသည် နွေဦးတော်လှန်ရေးကာလအတွင်း အသစ်ထွက်ပေါ်လာသော တော်လှန်ရေးအင်အားစုအားလုံးအပေါ်တွင်တော့ ဩဇာလွှမ်းမိုးနိုင်စွမ်း ရှိလိမ့်မည်မဟုတ်ဟု ကောက်ယူနိုင်ပါသည်။

| ရက်စွဲ | အကြောင်းအရာ |
|---|---|
| ၁၆-၁၉ ဧပြီ ၂၀၂၃ | တရုတ်ကွန်မြူနစ်ပါတီ (CPC) နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် ပင်ရှိုဘင်သည် ၎င်း၏ ၄ ရက်ကြာ မြန်မာခရီးစဉ်အတွင်း စစ်အာဏာရှင်ဟောင်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် သမ္မတဟောင်း ဦးသိန်းစိန်တို့ကို နေပြည်တော်ရှိ ထိုဗိုလ်ချုပ်ဟောင်းနှစ်ဦး၏ နေအိမ်များတွင် သွားရောက်တွေ့ဆုံခဲ့သည်။ [1] |
| ၁၈ ဧပြီ ၂၀၂၃ | မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်နေသည့်တိုင် တရုတ်အစိုးရသည် ၂၀၂၁ ဖေဖော်ဝါရီ စစ်အာဏာသိမ်းပြီးနောက်ပိုင်း အမေရိကန်ဒေါ်လာ ၁၁၃ သန်းကျော် ရင်းနှီးမြှုပ်နှံခဲ့သည်။ [2] |
| ၂ မေ ၂၀၂၃ | တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်း (Qin Gang) သည် မြန်မာခရီးစဉ်အတွင်း အာဏာသိမ်းစစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။ တွေ့ဆုံမှုအတွင်း ၎င်း၏ ခရီးစဉ်မှာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဖော်ပြသည့်အပြင် တရုတ်အစိုးရအနေဖြင့် နိုင်ငံတကာစာမျက်နှာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်မှုကို ပြသခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ [3] |
| ၁၇ မေ ၂၀၂၃ | အာဏာသိမ်းစစ်ကောင်စီသည် ၂၀၂၁ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ရုရှားနှင့် တရုတ်အပါအဝင် ပြည်ပနိုင်ငံများမှ စစ်လက်နက်ပစ္စည်းနှင့် စစ်လက်နက်ကုန်ကြမ်းပစ္စည်းအနည်းဆုံး အမေရိကန်ဒေါ်လာသန်းတထောင်ဖိုး တင်သွင်းခဲ့သည်။ [4] |

[1] တရုတ်ကွန်မြူနစ်ပါတီက ဦးသန်းရွှေနှင့် ဦးသိန်းစိန်တို့ကို လာရောက်တွေ့ဆုံခဲ့၊ The Irrawaddy၊ ၂၂ ဧပြီ ၂၀၂၃

[2] မြန်မာတွင် အကြမ်းဖက်မှုများ မြင့်တက်နေလင့်ကစား အာဏာသိမ်းပြီးနောက် တရုတ်က ဒေါ်လာ ၁၁၃ သန်းကျော် ရင်းနှီးမြှုပ်နှံ၊ Mizzima၊ ၁၈ ဧပြီ ၂၀၂၃

[3] မြန်မာဘက်က တရုတ်ရပ်တည်နေကြောင်း စစ်ကောင်စီပြော၊ RFA၊ ၂ မေ ၂၀၂၃

[4] အာဏာသိမ်းပြီးနောက် ရုရှားနဲ့တရုတ်ထံမှအပါအဝင် စစ်လက်နက်ပစ္စည်း တစ်ဘီလီယံဖိုး စစ်ကောင်စီဝယ်ယူ၊ Mizzima၊ ၁၈ မေ ၂၀၂၃

| | |
|---|---|
| ၁ ဇွန် ၂၀၂၃ | တရုတ်ထိပ်တန်း ထောက်လှမ်းရေးအရာရှိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံကြား စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အာဏာသိမ်းစစ်ကောင်စီနှင့် ဆွေးနွေးခဲ့သည်။ [5] |
| ၁၀ ဇွန် ၂၀၂၃ | မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့်အဖွဲ့သည် အာဏာသိမ်းစစ်ကောင်စီ၏ ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် တိတ်တဆိတ် တွေ့ဆုံခဲ့သည်။ [6] |
| ၂၅ ဇူလိုင် ၂၀၂၃ | တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်၊ ရွှေလီအစိုးရရိပ်သာအတွင်း အာဏာသိမ်းစစ်တပ်အရာရှိများကို စစ်သင်တန်းပေးခဲ့သည်။ [7] |
| ၂၃-၂၄ အောက်တိုဘာ ၂၀၂၃ | မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ် မစ္စတာချန်းဟိုင်နှင့် အာဏာသိမ်းစစ်ကောင်စီ တွေ့ဆုံ၍ မြန်မာ-တရုတ်နယ်စပ် တလျှောက် အခြေစိုက်လှုပ်ရှားနေသည့် အွန်လိုင်းငွေလိမ်ဂိုဏ်းများ တိုက်ဖျက်ရေး ဆွေးနွေးခဲ့ကြသည်။ တရုတ်သံအမတ်သည် အာဏာသိမ်းစစ်ကောင်စီ၏ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေတို့နှင့်လည်း သီးခြားတွေ့ဆုံခဲ့သည်။ [8] |
| ၂၆ ဒီဇင်ဘာ ၂၀၂၃ | ရခိုင်ပြည်နယ်အတွင်း စစ်ပွဲများ ပြင်းထန်နေချိန်တွင် စစ်ကောင်စီသည် ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ပါဝင်သည့် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ် (Concession Agreement) ကို ဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ် (Addendum)ကို တရုတ်နိုင်ငံနှင့် လက်မှတ်ရေးထိုးခဲ့သည်။ [9] |

5 စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် မြန်မာစစ်ကောင်စီနဲ့ တရုတ်ထိပ်တန်း ထောက်လှမ်းရေးအရာရှိတို့ တွေ့ဆုံ၊ Mizzima၊ ၁ ဇွန် ၂၀၂၃

6 တရုတ်သံအမတ်ကြီး မစ္စတာချန်ဟိုင် မြစ်ကြီးနားမြို့တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တိတ်တဆိတ်တွေ့ဆုံ၊ Mizzima၊ ၁၀ ဇွန် ၂၀၂၃

7 မူဆယ်တွင် တရုတ်စစ်အရာရှိများက ပြည်သူ့စစ်များကို စစ်သင်တန်းပေးနေ၊ DVB၊ ၂၅ ဇူလိုင် ၂၀၂၃

8 တရုတ်သံအမတ်နှင့် စစ်ကောင်စီတို့ အွန်လိုင်းငွေလိမ်ဂိုဏ်း တိုက်ဖျက်ရေး ဆွေးနွေး၊ သျှမ်းသံတော်ဆင့်၊ ၂၅ အောက်တိုဘာ ၂၀၂၃

9 ရခိုင်တိုက်ပွဲပြင်းထန်နေချိန် စစ်ကောင်စီက တရုတ်နှင့် ရေနက်ဆိပ်ကမ်း နောက်ဆက်တွဲစာချုပ် (Addendum)ကို လက်မှတ်ရေးထိုး၊ နရိဋ္ဌရာ၊ ၂၇ ဒီဇင်ဘာ ၂၀၂၃

| | |
|---|---|
| ၅ ဇန်နဝါရီ ၂၀၂၄ | တရုတ်နိုင်ငံ ဒုနိုင်ငံခြားရေးဝန်ကြီး Sun Weidong ဦးဆောင်တဲ့ သံအဖွဲ့သည် မြန်မာနိုင်ငံ ခရီးစဉ်အတွင်း အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နေပြည်တော်တွင် တွေ့ဆုံပြီး နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး ဆွေးနွေးခဲ့သည်။ တရုတ်ဝန်ကြီး၏ခရီးစဉ်သည် ၁၀၂၇ စစ်ဆင်ရေးအတွင်း လောက်ကိုင်ဒေသ ကွပ်ကဲမှုစစ်ဌာနချုပ် လက်နက်ချအညံ့ခံခဲ့ရသည့် အချိန်နှင့် တိုက်ဆိုင်သည်။ [10] |
| ၂၈ ဇန်နဝါရီ ၂၀၂၄ | ရခိုင်ပြည်နယ်အတွင်း အပစ်အခတ်ရပ်စဲရေး တရုတ်အစိုးရ ကြားဝင်ကြိုးပမ်းနေကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Yao Wen က ပြောဆိုခဲ့သည်။ ရိုဟင်ဂျာဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးအတွက်လည်း တရုတ်နိုင်ငံက ကြိုးပမ်းနေကြောင်းလည်း တရုတ်သံအမတ်က ပြောကြားခဲ့သည်။ [11] |

## အိန္ဒိယ သို့မဟုတ် အာဏာသိမ်းစစ်အုပ်စုအား တိတ်တဆိတ် ကူညီနေသူ

ကမ္ဘာ့နိုင်ငံများတွင် ဒီမိုကရေစီအရင့်သန်ဆုံးနိုင်ငံအဖြစ် တင်စားလေ့ရှိသည့် အိန္ဒိယနိုင်ငံနှင့် အိန္ဒိယအစိုးရသည် မြန်မာအာဏာသိမ်းစစ်အုပ်စုအား စစ်လက်နက်ပစ္စည်းများ ရောင်းချခြင်း အပါအဝင် အာဏာသိမ်းစစ်အုပ်စုနှင့် စီးပွားရေးအရ ပူးပေါင်းလုပ်ဆောင်နိုင်ရေးအတွက်ပင် ချဉ်းကပ်ကြိုးပမ်းလျက်ရှိသည်ကို အံ့သြဖွယ်တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ၁၂၂ မမ ဟောင်ဝစ်ဇာပစ်အမြောက်သုံး အစိတ်အပိုင်းများအား ပေးပို့ခဲ့သလို အခြားသော စစ်လက်နက်ပစ္စည်းများကိုလည်း မြန်မာစစ်ကောင်စီထံ ဆက်လက်ရောင်းချနေဆဲ ဖြစ်သည်။ [12] မြန်မာစစ်ကောင်စီအား စစ်လက်နက်ပစ္စည်းများ ရောင်းချခြင်းနှင့်အတူ မြန်မာနိုင်ငံအတွင်းရှိ စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်စပ်လျဉ်းပြီး အိန္ဒိယကုမ္ပဏီ (၇) ခုကို နိုင်ငံတကာကုမ္ပဏီများ၏ အမည်ပျက်စာရင်းတွင် ထည့်သွင်းခဲ့သည်။ [13]

---

[10] တရုတ် ဒုနိုင်ငံခြားရေးဝန်ကြီးဦးဆောင်တဲ့ သံအဖွဲ့ နေပြည်တော်မှာ စစ်ခေါင်းဆောင်နဲ့တွေ့ဆုံ၊ တနင်္သာရီတိုင်းမ်၊ ၆ ဇန်နဝါရီ ၂၀၂၄

[11] ရခိုင်မှာ အပစ်ရပ်ရေး တရုတ်နိုင်ငံ ကြားဝင်ကြိုးပမ်းနေ၊ VOA၊ ၂၉ ဇန်နဝါရီ ၂၀၂၄

[12] အိန္ဒိယက မြန်မာစစ်တပ်ကို စစ်လက်နက်ပစ္စည်းများ တင်ပို့ရောင်းချနေ၊ မြန်မာနောင်း၊ ၁ မတ် ၂၀၂၃

[13] မြန်မာစစ်တပ်ကို ထောက်ပံ့နေသည့် အိန္ဒိယကုမ္ပဏီ ၇ ခုအား နာမည်ပျက်စာရင်းသွင်း၊ Mizzima၊ ၂၉ ဩဂုတ် ၂၀၂၃

အာဏာသိမ်းစစ်အုပ်စုအား စစ်လက်နက်ပစ္စည်းရောင်းချကာ အကျိုးစီးပွားရှာဖွေလျက်ရှိသည် အိန္ဒိယအစိုးရသည် အိန္ဒိယ - မြန်မာနယ်စပ်တလျှောက်တွင် လက်နက်ကိုင်လှုပ်ရှားမှုများ တိုးပွားလာမည်ကို စိုးရိမ်လျက်ရှိပြီး ၎င်းတို့နိုင်ငံအတွင်း စစ်ကြောင့်ထွက်ပြေးတိမ်းရှောင်လာကြရသည့် မြန်မာစစ်ရှောင်များအရေးကို စိတ်ပူနေပါသည်။ မိုင် ၁,၀၀၀ ကျော် ရှည်လျားသည့် အိန္ဒိယ - မြန်မာနယ်စပ်တလျှောက်လုံးကို ခြံစည်းရိုးကာရံမည်ဟု အိန္ဒိယ ပြည်ထဲရေးဝန်ကြီး အာမစ်အနီးလ် ချန်ဒရာရှား (Amit Anil Chandra Shah) က ဆိုပါသည်။[14] ထို့အပြင် "ပြည်တွင်း လုံခြုံရေးနှင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပြည်နယ်များ၏ လူဦးရေစာရင်းကို ထိန်းသိမ်းရန်" အိန္ဒိယနှင့် မြန်မာနိုင်ငံနှင့် နယ်စပ်တဖက်တချက်စီ လွတ်လပ်စွာသွားလာလှုပ်ရှားမှုစနစ် Free Movement Regime (FMR) ကို ဖျက်သိမ်းရန် အိန္ဒိယဗဟိုအစိုးရက ဆုံးဖြတ်ခဲ့သည်။[15]

အခြားတဖက်တွင်တော့ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် ဇိုရမ်ပူဒေသနှင့် မြန်မာနိုင်ငံ ချင်းပြည်နယ် ပလက်ဝမြို့တို့အကြား ဆက်သွယ်ရေးကားလမ်းဖောက်လုပ်ရန်အတွက် မီဇိုရမ်ပြည်နယ် လွှတ်တော်အမတ် Pu Valalvena နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်၊ ရက္ခိုင့်တပ်တော် (ULA/AA) တို့အကြား နစ်နိုင်ငံနယ်စပ်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ [16]

ဆိုရသော် မြန်မာ့အရေးနှင့် ပတ်သက်ပြီး ဝန်ကြီးချုပ်မိုဒီဦးဆောင်သည့် အိန္ဒိယအစိုးရသည် ဒီမိုကရေစီအရေးကို တိုးမြှင့်လုပ်ဆောင်သည့် အာဏာသိမ်းရန် ကြိုးပမ်းနေသည့် မြန်မာစစ်အုပ်စုဘက်တွင် ပိုမိုအလေးပေး ရပ်တည်နေသည်ဟု ရှုမြင်နိုင်ပါသည်။

---

[14] အိန္ဒိယ-မြန်မာ နယ်စပ်စည်းကာဖို့ အိန္ဒိယပြည်ထဲရေးဝန်ကြီး ပြော၊ VOA၊ ၀၈ ဖေဖော်ဝါရီ ၂၀၂၄

[15] မြန်မာနှင့် လွတ်လပ်စွာ လှုပ်ရှားသွားလာမှုစနစ် FMR ကို ချက်ချင်းရပ်ဆိုင်းရန် အိန္ဒိယပြည်ထဲရေးဝန်ကြီးပြော၊ ၈ ဖေဖော်ဝါရီ ၂၀၂၄

[16] အိန္ဒိယ - မြန်မာ ကားလမ်းဖောက်လုပ်ရေး မီဇိုရမ်လွှတ်တော်အမတ်နဲ့ AA အဖွဲ့ ဆွေးနွေး၊ RFA၊ ၁ မတ် ၂၀၂၄

| ရက်စွဲ | အကြောင်းအရာ |
| --- | --- |
| ၁၆ ဇူလိုင် ၂၀၂၃ | အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်ဂျေရှန်ကာနှင့် အာဏာသိမ်းစစ်ခေါင်းစီ နိုင်ငံခြားရေး ဝန်ကြီး ဦးသန်းဆွေတို့ ဘန်ကောက်တွင်ကျင်းပသည့် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု MGC လုပ်ငန်းစဉ် အစည်းအဝေးပြင်ပတွင် တွေ့ဆုံခဲ့သည်။ တွေ့ဆုံမှုအတွင်း မြန်မာနိုင်ငံက လူသားချင်း စာနာထောက်ထားရေး အခြေအနေကို အိန္ဒိယက စိုးရိမ်ပူပန်ကြောင်း ဂျေရှန်ကာကပြောပြီး မြန်မာနိုင်ငံ၏ အရေးပေါ်စိန်ခေါ်မှုများကို ဖြေရှင်းရေးအတွက် "ပြည်သူ့ဗဟိုပြုလမ်းစဉ်" ကို အဆိုပြုခဲ့သည်။ [17] |
| ၄ ဇန်နဝါရီ ၂၀၂၄ | စစ်အာဏာသိမ်းပြီးနောက်ပိုင်း လာရောက်ခိုလှုံနေသည့် မြန်မာနိုင်ငံသားများကို အိမ်နီးချင်းနိုင်ငံ ပုံမှန်အခြေအနေ ပြန်မရောက်မချင်း ပြန်ပို့မည်မဟုတ်ကြောင်း ပြည်ထဲရေးဝန်ကြီး Amit Shah က မီဇိုရမ်ပြည်နယ်ဝန်ကြီးချုပ်အားအသိပေးခဲ့သည်။ [18] |
| ၇ မတ် ၂၀၂၄ | မြန်မာနိုင်ငံနှင့် ဗီဇာမလို နယ်စပ်မူဝါဒကို အဆုံးသတ်မည်ဟု ထုတ်ဖော်ပြောဆိုပြီးနောက် အိန္ဒိယအစိုးရသည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်း အိန္ဒိယတွင် ခိုလှုံနေသည့် မြန်မာနိုင်ငံမှ ဒုက္ခသည်အချို့ကို ပထမအသုတ်အနေဖြင့် မြန်မာနိုင်ငံဆီကို ပြန်ပို့ခဲ့သည်။ [19] |
| ၂၂ မတ် ၂၀၂၄ | အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်ဂျေရှန်ကာသည် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ် အာလွန်ကဲအို ကစ်တီကွန်အား နယူးဒေလီတွင် လက်ခံတွေ့ဆုံ၍ မြန်မာ့အရေး ဆွေးနွေးခဲ့သည်။ [20] |

17 မြန်မာ့စိန်ခေါ်မှုများအား ဖြေရှင်းရေး 'ပြည်သူ့ဗဟိုပြုလမ်းစဉ်' ကို အိန္ဒိယ အဆိုပြု၊ Mizzima၊ ၁၈ ဇူလိုင် ၂၀၂၃

18 "Myanmar Refugees Won't Be Sent Back Until...": Amit Shah, NDTV, 5 January 2024

19 အိန္ဒိယတွင်ခိုလှုံနေသည့် မြန်မာဒုက္ခသည်အချို့ ပထမအသုတ်အဖြစ် ပြန်ပို့ခံရ၊ DVB၊ ၉ မတ် ၂၀၂၄

20 မြန်မာဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံ၊ DVB၊ ၂၅ မတ် ၂၀၂၄

# ရုရှား သို့မဟုတ် စစ်ကောင်စီအတွက် အရင်းနီးဆုံးမိတ်ဖက်

အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတကာအသိုင်းအဝိုင်း ဖယ်ကျဉ်မှုကို ရှောင်လွှဲနိုင်ရန်အတွက် ဗလာဒီမာပူတင်ဦးဆောင်သည့် ရုရှားအစိုးရနှင့် ပိုမိုနီးကပ်စွာ ဆက်ဆံလာခဲ့သည်။ မြန်မာနိုင်ငံအတွင်း နျူကလီးယားစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်းများအတွက် နှစ်နိုင်ငံအကြားအရှိန်အဟုန်မြှင့်ဆွေးနွေးညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ထို့အပြင် အာဏာသိမ်းစစ်ကောင်စီတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ၊ ပူးတွဲရေကြောင်းစစ်ရေး လေ့ကျင့်မှုများကိုလည်း ပြုလုပ်ခဲ့ပါသည်။

ယခု ၂၀၂၄ ခုနှစ်အတွင်း အကြိမ်ပေါင်း ၅၀ ကျော် ပူးတွဲစစ်ရေးအစီအစဉ်များ လုပ်ဆောင်ရန်လည်း ၎င်းတို့အကြားစီစဉ်ထားသည်ဟုဆိုပါသည်။[21] အာဏာသိမ်းစစ်အုပ်စုအတွက်မူ ဗလာဒီမာပူတင်ဦးဆောင်သည့် ရုရှားအစိုးရသည် နိုင်ငံတကာမျက်နှာစာအပြင် စစ်ရေး၊ လုံခြုံရေးနှင့် စီးပွားရေး ဆိုင်ရာ ကိစ္စအဝဝအတွက် အားအထားရဆုံး၊ အရင်းနီးဆုံးမိတ်ဖက်အဖြစ် ရှုမြင်ရပါသည်။

| ရက်စွဲ | အကြောင်းအရာ |
|---|---|
| ၂၇-၂၈ ဇွန် ၂၀၂၃ | အာဏာသိမ်းစစ်ကောင်စီနှင့် ရုရှားအစိုးရတာဝန်ရှိသူများအကြားနျူကလီးယားစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပထမဆုံးအကြိမ်အဖြစ်တွေ့ဆုံဆွေးနွေးခဲ့သည်။ [22] |
| ၁၁ စက်တင်ဘာ ၂၀၂၃ | နှစ်နိုင်ငံအကြား ရေနံရောင်းဝယ်ရေးကိစ္စများတွင် မြန်မာကျပ်ငွေနှင့် ရုရှားရူဘယ်ငွေ တိုက်ရိုက်ပေးချေနိုင်ရန် ပြင်ဆင်နေသည်။ လက်ရှိတွင်စစ်ကောင်စီအနေဖြင့် တရုတ်ယွမ်ငွေဖြင့် ပေးချေဝယ်ယူလျက်ရှိသည်။ [23] |
| ၂၆-၂၉ စက်တင်ဘာ ၂၀၂၃ | ရုရှားအစိုးရနှင့် မြန်မာစစ်ကောင်စီတို့ ပူးတွဲဦးဆောင်သည့် အာဆီယံဒေသပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရုရှားနိုင်ငံ ဗလာဒီဗိုစ်တော့ခ်(Vladivostok)တွင်ပြုလုပ်ခဲ့သည်။ [24] |

21 ရုရှားနဲ့ မြန်မာ အကြိမ် ငါးဆယ်ကျော် ပူးတွဲစစ်ရေးလုပ်ရှားဖို့ စီစဉ်၊ အာအက်ဖ်အေ၊ ၂၈ မတ် ၂၀၂၄

22 နျူကလီးယားစက်ရုံတည်ဆောက်ရေး ရုရှားနဲ့ မြန်မာဆွေးနွေး၊ အာအက်ဖ်အေ၊ ၃၀ ဇွန် ၂၀၂၃

23 မြန်မာနဲ့ ရုရှား ရေနံရောင်းဝယ်ရေးမှာ နှစ်နိုင်ငံငွေကြေး တိုက်ရိုက်သုံးဖို့ ပြင်ဆင်၊ အာအက်ဖ်အေ၊ ၁၁ စက်တင်ဘာ ၂၀၂၃

24 ရုရှား-မြန်မာ ဦးဆောင်တဲ့ အာဆီယံဒေသ ပူးတွဲစစ်ရေးလေ့ကျင့်မှု ရုရှားအရှေ့ခြမ်းမှာပြုလုပ်၊ ဗွီအိုအေ၊ ၃ အောက်တိုဘာ ၂၀၂၄

| | |
|---|---|
| ၁ အောက်တိုဘာ ၂၀၂၃ | စစ်အာဏာသိမ်းကာလအတွင်း မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား နှစ်နိုင်ငံကုန်သွယ်မှု တန်ဖိုးသည် ၂၀၂၁ ခုနှစ်ကထက် ၂၀၂၃ ခုနှစ်တွင် နှစ်ဆယ့်ငါးဆ ကျော်တိုးလာပြီး ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၄၀၀ အထိ တိုးမြင့်လာခဲ့သည်။ [25] |
| ၁၁ အောက်တိုဘာ ၂၀၂၃ | မြန်မာနိုင်ငံတွင် ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးအတွက် ရုရှားအစိုးရ စွမ်းအင်အရာရှိများနှင့် မြန်မာအာဏာသိမ်းစစ်ကောင်စီတာဝန်ရှိသူများအကြား မော်စကိုမြို့တွင် ဆွေးနွေးခဲ့သည်။ [26] |
| ၇-၉ နိုဝင်ဘာ ၂၀၂၃ | ရုရှား - မြန်မာ ပထမဆုံးအကြိမ် ပူးတွဲရေကြောင်း စစ်ရေးလေ့ကျင့်မှုကို တနင်္သာရီတိုင်း မြိတ်မြို့အနောက်ဘက် မြန်မာ့ရေပိုင်နက်တွင် ပြုလုပ်ခဲ့ပြီး ရုရှားစစ်သင်္ဘော သုံးစင်းနှင့် ရုရှားစစ်တပ်က အရာရှိစစ်သည် စုစုပေါင်း ၈၀၀ နီးပါး ပါဝင်သည်။ [27] |
| ၅ ဒီဇင်ဘာ ၂၀၂၃ | အာဏာသိမ်းစစ်ကောင်စီ လုံခြုံရေးအကြံပေးဖြစ်သူ ပြည်ထဲရေးဝန်ကြီး ဒုဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး နီကိုလိုင် ပက်ထရူရှက်ဗ်တို့ အကြား တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်း တိုင်ပင်ခြင်းကို နေပြည်တော်တွင် ကျင်းပခဲ့သည်။ [28] |
| ၂၀ ဖေဖော်ဝါရီ ၂၀၂၄ | အာဏာသိမ်းစစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး အန်ဒရေရူဒင်ကို (Andrey Rudenko) တို့ နေပြည်တော်တွင် တွေ့ဆုံခဲ့ပြီး နျူကလီးယား နည်းပညာအပါအဝင် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေး ဆွေးနွေးခဲ့သည်။ [29] |
| ၂၇ မတ် ၂၀၂၄ | ရုရှားနိုင်ငံ၏ စစ်ဘက်ဆိုင်ရာလူပုဂ္ဂိုလ် ၂၇ဦးကို ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခဲ့သည်။ [30] |

[25] ရုရှားနဲ့ မြန်မာ ကုန်သွယ်မှု နှစ်ဆယ့်ငါးဆကျော်တိုးလာ၊ အာအက်ဖ်အေ၊ ၁ အောက်တိုဘာ ၂၀၂၃

[26] ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေး ရုရှားနဲ့ စစ်ကောင်စီဆွေးနွေး၊ အာအက်ဖ်အေ၊ ၁၁ အောက်တိုဘာ ၂၀၂၃

[27] ရုရှား-မြန်မာ ပထမဆုံးရေကြောင်းစစ်ရေးလေ့ကျင့်မှု စတင်၊ အာအက်ဖ်အေ၊ ၇ နိုဝင်ဘာ ၂၀၂၃

[28] လုံခြုံရေး၊ စစ်ရေး စစ်ကောင်စီနှင့် ရုရှားအရာရှိများ ဆွေးနွေးညှိနှိုင်း၊ ဧရာဝတီ၊ ၈ နိုဝင်ဘာ ၂၀၂၃

[29] ရုရှားဒုနိုင်ငံခြားရေးဝန်ကြီး မြန်မာစစ်ခေါင်းဆောင်နဲ့တွေ့ဆုံ၊ ဗွီအိုအေ၊ ၂၂ ဖေဖော်ဝါရီ ၂၀၂၄

[30] ရုရှားစစ်ဘက်ဆိုင်ရာလူပုဂ္ဂိုလ် ၂၇ဦးကို စစ်ကောင်စီခေါင်းဆောင်က ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်၊ မဇ္ဈိမ၊ ၂၇ မတ်

# မြန်မာ့အရေးအတွက် အလေးထားစောင့်ကြည့်ရမည့် အိမ်နီးချင်း ထိုင်း

အိမ်နီးချင်းထိုင်းအစိုးရသည် အာဏာသိမ်းစစ်အုပ်စုနှင့် အနီးစပ်ဆုံးဆက်ဆံရေးတွင် ရှိနေပြီး နိုင်ငံတကာအဝန်းအဝိုင်းမှ ဖယ်ကြဉ်ခြင်းခံနေရသည့် မြန်မာစစ်ကောင်စီ၏ အသံများကို နိုင်ငံတကာ ဇာတ်ခုံပေါ်သို့ မကြာခဏ ယူဆောင်လာလေ့ရှိပါသည်။

အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အပါအဝင် စစ်ကောင်စီ တာဝန်ရှိသူများနှင့် ထိုင်းအစိုးရ ဒုဝန်ကြီးချုပ်လည်းဖြစ်၊ နိုင်ငံခြားရေးဝန်ကြီးလည်း ဖြစ်သူမစ္စတာဒွန်ပရာမွန် ဒွင်စီနိုင်း(Don Pramundwsinai) သည် ၎င်းတာဝန်မှ အနားယူခါနီးအချိန်အထိ မြန်မာ့အရေး အတွက်ဟုဆိုကာ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့ကို ဖိတ်ခေါ်ပြီး စစ်ကောင်စီတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစေခဲ့သည်။ စစ်အုပ်စု၏ ဖမ်းဆီးအကျဉ်းချခြင်းခံထားရသူ နိုင်ငံတော်၏ အတိုင် ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်ပင် တွေ့ဆုံခွင့်ရရှိခဲ့သည် [31] ဟုဆိုကာ တွေ့ဆုံဆွေးနွေး ရေးအတွက် နိုင်ငံတကာသို့ သတင်းစကားပါးခဲ့ပါသည်။

မြန်မာ့အရေးအကျပ်အတည်းဖြေရှင်းနိုင်ရန်အတွက် ပဋိပက္ခဖြစ်နေသည့် အစုအဖွဲ့အများ အကြား ကြားလူ (Middleman) အဖြစ် အလွတ်သဘောဆောင်ရွက်ပေးရန် တရုတ်နှင့် အမေ ရိကန်က တောင်းဆိုခြင်းကြောင့် ကူညီပေးနေရကြောင်း [32] ထိုင်းဝန်ကြီးချုပ်အသစ်ဆရက်သာသာ ဝီဆင်က ပြောဆိုထားသော်လည်း ထိုင်းအစိုးရ၏ မြန်မာ့အရေးချဉ်းကပ်မှုတွင်တော့ အမှန်တကယ် ကြားလူအဖြစ် ရှိနေသလားဆိုသည်က မေးခွန်းထုတ်စရာ ရှိပါသည်။

မြန်မာနိုင်ငံအတွင်း စစ်ရေးပဋိပက္ခများနှင့် အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ် များကြောင့် နေရပ်စွန့်ခွာကာ ထိုင်းနိုင်ငံအတွင်း ထွက်ပြေးခိုလှုံလာကြသည့် မြန်မာပြည်သူများအား ဖမ်းဆီးပြီး နေရပ်ပြန်ပို့ခြင်း [33] နှင့် မဲဆောက်မြို့တွင် ဆေးကုသနေသည့် တော်လှန်ရေးတပ်ဖွဲ့ဝင် (၃)ဦးအား စစ်ကောင်စီလက်အောက်ခံ ကရင်နယ်ခြားစောင့်တပ်ထံ လွှဲအပ်ခဲ့သည့် ဖြစ်စဉ် [34] တို့သည် ထိုင်းအစိုးရ၏ ပုံရိပ်ကို အရုပ်ဆိုးစေခဲ့သည်။

မြန်မာ့အရေးဖြေရှင်းရေးအတွက်ဟုဆိုကာ မြန်မာအာဏာသိမ်းစစ်အုပ်စုနှင့် နီးနီးကပ်ကပ် ဆက်ဆံခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် အမေရိကန်၊ အီးယူစသည့် စစ်အုပ်စုအား ဖိအားပေးလျက်ရှိသည့် အစိုးရများနှင့် ထိတွေ့ဆက်ဆံနေခြင်းတို့သည် ထိုင်းအစိုးရအား သတိထား စောင့်ကြည့်ရန် အချက်ပြနေသည်ဟု ဆိုနိုင်ပါသည်။

---

[31] ဒေါ်အောင်ဆန်းစုကြည်နဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံခဲ့၊ ဗွီအိုအေ၊ ၁၂ ဇူလိုင် ၂၀၂၃

[32] ကန်နဲ့ တရုတ်တောင်းဆိုမှုကြောင့် မြန်မာ့အရေး ထိုင်းကြားဝင်ဆောင်ရွက်၊ ဗွီအိုအေ၊ ၃၁ မတ် ၂၀၂၄

[33] ရွှေကုက္ကိုလ်ကထွက်ပြေးလာတဲ့ စစ်ဘေးရှောင် နှစ်ထောင်ကျော် ထိုင်းအာဏာပိုင်တွေ ပြန်ပို့၊ ဗွီအိုအေ၊ ၁၀ မေ ၂၀၂၃

[34] ဆေးကုနေသည့် Lion Battalion စစ်သည် ၃ ဦးကို ထိုင်းအာဏာပိုင်က BGF ထံ အပ်နှံ၊ ဗွီအိုအေ၊ ၇ မေ ၂၀၂၃

| ရက်စွဲ | အကြောင်းအရာ |
|---|---|
| ၂၂ မေ ၂၀၂၃ | ထိုင်း ဒုဝန်ကြီးချုပ်လည်းဖြစ်၊ နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်သည့် Don Pramund-wsinai သည် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်တွေ့ဆုံပြီး နယ်စပ်ရေးရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ [35] |
| ၁၉ ဇွန် ၂၀၂၃ | နိုင်ငံရေးအကျပ်အတည်းများနှင့် ပဋိပက္ခများ၏ ရိုက်ခတ်မှုဒဏ်အများဆုံး ခံနေရခြင်းကြောင့် ပြဿနာကို အမြန်ဆုံးဖြေရှင်းနိုင်ရန် ရည်ရွယ်ပြီး မြန်မာ့အရေး အလွတ်သဘောဆွေးနွေးပွဲကို စီစဉ်ခဲ့ကြောင်း ထိုင်းဝန်ကြီးချုပ်က ပြောကြားခဲ့သည်။[36] |
| ၈ အောက်တိုဘာ ၂၀၂၃ | ထိုင်း–မြန်မာနယ်စပ်တလျှောက် အများပြည်သူဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၁ သိန်းနှင့်ညီမျှသည့် ထိုင်းဘတ်ငွေ ၃.၆သန်းကို ထိုင်းအစိုးရက ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ UNICEF မှတဆင့် ပေးအပ်လှူဒါန်း ခဲ့သည်။ [37] |
| ၂၂ နိုဝင်ဘာ၂၀၂၃ | စစ်ကောင်စီလေတပ်ဦးစီးချုပ်၏ ဖိတ်ကြားချက်အရ ထိုင်းဘုရင့် လေတပ်ဦးစီးချုပ် Punpakdee Pattanakul သည် နေပြည်တော်ကို ရောက်နေကြောင်း စစ်ကောင်စီက သတင်းထုတ်ပြန်ခဲ့သည်။ [38] |
| ၂၁ ဖေဖော်ဝါရီ ၂၀၂၄ | ထိုင်းနိုင်ငံထဲကို ထွက်ပြေးခိုလှုံလာသည့် မြန်မာနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားပြီး ယာယီ အလုပ်လုပ်ခွင့် ခွင့်ပြုရန် ထိုင်းအစိုးရကို ထိုင်းအတိုက်အခံ FAIR ပါတီ လွှတ်တော်အမတ် Kannavee Suebsang က အကြံပြု ပြောဆိုခဲ့သည်။ [39] |
| ၂၅ မတ် ၂၀၂၄ | မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရှေ့ပြေးအကူအညီများကို ထိုင်းနိုင်ငံက စတင်ပေးအပ်ခဲ့သည်။ [40] |

35 နယ်စပ်လုံခြုံရေး ထိုင်း မြန်မာဆွေးနွေး၊ ဗွီအိုအေ၊ ၂၂ မေ ၂၀၂၃

36 မြန်မာ့အရေး အလွတ်ဆွေးနွေးပွဲ စီစဉ်တဲ့အပေါ် ထိုင်းထပ်မံကာကွယ်ပြောဆို၊ ဗွီအိုအေ၊ ၁၉ ဇွန် ၂၀၂၃

37 မြန်မာနယ်စပ် ကျန်းမာရေး လုပ်ငန်းတွေအတွက် ဘတ် ၃ သန်းခွဲကျော် ထိုင်းအစိုးရလှူဒါန်း၊ ဗွီအိုအေ၊ ၈ အောက်တိုဘာ ၂၀၂၃

38 ထိုင်း လေတပ်ဦးစီးချုပ် နေပြည်တော်ရောက်ရှိ၊ ဗွီအိုအေ၊ ၂၂ နိုဝင်ဘာ၂၀၂၃

39 ထွက်ပြေးလာတဲ့ မြန်မာနိုင်ငံသားတွေကို ယာယီအလုပ်လုပ်ခွင့်ပြုဖို့ ထိုင်းအမတ် တောင်းဆို၊ ဗွီအိုအေ၊ ၂၁ ဖေဖော်ဝါရီ ၂၀၂၄

40 မြန်မာအတွက် လူသားချင်းစာနာမှုအကူအညီ ထိုင်းနိုင်ငံစတင်၊ ဗွီအိုအေ၊ ၂၅ မတ် ၂၀၂၄

# မြန်မာ့နွေဦးတော်လှန်ရေးနှင့် အမေရိကန်၏ အတွန်းအတွေ့

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ရှေ့တန်းတင်လေ့ရှိသည့် အမေရိကန်အစိုးရသည် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် စစ်အာဏာသိမ်းရန် ကြိုးပမ်းနေမှုကို အစဉ်တစိုက် ကန့်ကွက်ရှုတ်ချလျက်ရှိပြီး စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် တွန်းလှန်တိုက်ပွဲနေကြသည့် တော်လှန်ရေးအင်အားစုများဘက်တွင် ထောက်ခံရပ်တည်ပေးလျက်ရှိပါသည်။

စစ်အာဏာသိမ်းမှုအား ဆန့်ကျင်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO) များ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များအပါအဝင် တော်လှန်ရေးအင်အားစုများအတွက် လက်နက်မဟုတ်သော နည်းပညာအကူအညီများထောက်ပံ့နိုင်ရေးကို ဦးတည်ကာ Burma Act ကို အမေရိကန်အစိုးရ၏ နိုင်ငံတော်ကာကွယ်ရေးအသုံးစရိတ်ဥပဒေ (NDAA) ထဲတွင် ထည့်သွင်း အတည်ပြုခဲ့ပါသည်။ ၂၀၂၄ ခုနှစ်ထဲတွင်တော့ Burma Act အရ ဘတ်ဂျတ်သုံးစွဲခွင့် အမေရိကန်ဒေါ်လာ ၁၂၁ သန်းအသုံးပြုရန် အမေရိကန်လွှတ်တော်နှစ်ရပ်က အတည်ပြုခဲ့ပြီး သမ္မတဂျိုးဘိုင်ဒန်က လက်မှတ်ထိုးခဲ့သည်။ [41]

အမေရိကန်အစိုးရအနေဖြင့် မြန်မာ့အရေးအတွက် ပြည်လူလူထုဘက်မှ ရပ်တည်ကာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် ERO ကိုယ်စားလှယ်များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံရေးအစုအဖွဲ့များနှင့် အနီးကပ်ဆုံးထိတွေ့ဆက်ဆံလျက်ရှိသကဲ့သို့ အာဏာသိမ်းစစ်အုပ်စုအား ဖိအားပေးနိုင်မည့်နည်းလမ်းများကိုလည်း အမြဲတစေရှာဖွေကာ လက်တွေ့အသုံးချလေ့ရှိပါသည်။ အာဏာသိမ်းစစ်ကောင်စီ၏ ကာကွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်(MICB)တို့ကို ဒဏ်ခတ်ပိတ်ဆို့အရေးယူခဲ့သည်။ [42] မြန်မာနိုင်ငံအတွင်း တင်သွင်းသည့် လေယာဉ်ဆီလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူမှန်သမျှကို ပိတ်ဆို့အရေးယူနိုင်မည့်ဆုံးဖြတ်ချက်ကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ [43]

စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးသို့ ဦးတည်လျှောက်လှမ်းနေကြသည့် မြန်မာ့နွေဦးတော်လှန်ရေးနှင့် မြန်မာပြည်သူလူထုအတွက် အမေရိကန်အစိုးရ၏ အတွန်း၊ အတွေ့များသည် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

---

[41] မြန်မာ့အရေးအတွက် Burma Act အရ အမေရိကန်ဒေါ်လာ ၁၂၁ သန်း အသုံးပြုခွင့်ပေး၊ ဒီဗွီဘီ၊ ၃၀ ဇူလိုင် ၂၀၂၃

[42] ကာကွယ်ရေးဝန်ကြီးဌာန၊ MFTBနှင့်MICBတို့ကိုအမေရိကန်အရေးယူ၊ U.S. Department of the Treasury၊ ၂၁ ဇွန် ၂၀၂၃

[43] လေယာဉ်ဆီလုပ်ငန်းတွင်ပါဝင်ပတ်သက်နေသူမှန်သမျှကိုပိတ်ဆို့အရေးယူနိုင်မည့်ဆုံးဖြတ်ချက်ကိုအမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနကထုတ်ပြန်၊ ဧရာဝတီ၊ 23 Aug 2023

| ရက်စွဲ | အကြောင်းအရာ |
|---|---|
| ၂၇ ဇူလိုင် ၂၀၂၃ | မြန်မာစစ်ကောင်စီထံ တရုတ်က လက်နက်ရောင်းချကြောင်း ကုလသမဂ္ဂ၏ အစီရင်ခံစာကို ထောက်ခံကြောင်း အမေရိကန်ပြည်ထောင်စုက ပြောဆိုသည်။ [44] |
| ၂၃ ဩဂုတ် ၂၀၂၃ | အာဏာသိမ်းစစ်အုပ်စုက ကျူးလွန်ခဲ့သည့်ရာဇဝတ်မှုများအတွက်တာဝန်ခံစေရန် မဟာမိတ်များနှင့် လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ [45] |
| ၂၅ ဩဂုတ် ၂၀၂၃ | ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်အကြမ်းဖက်မှုကျူးလွန်ခဲ့သည့် မြန်မာစစ်တပ်ကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးအန်တိုနီဘလင်ကန်က ပြောကြားသည်။ [46] |
| ၆ စက်တင်ဘာ ၂၀၂၃ | ဒီမိုကရေစီ လမ်းကြောင်းကို ပြန်လည်ထူထောင်ရေး၊ မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူအားလုံးကို ပြန်လွှတ်ပေးရေးနှင့် ကြောက်မက်ဖွယ် အကြမ်းဖက်မှုတို့ ရပ်ဆိုင်းရေးအတွက် မြန်မာအာဏာသိမ်းစစ်အုပ်စုအပေါ် ဆက်လက်ဖိအားပေးသွားမည်ဖြစ်ကြောင်း ကန်ဒုသမ္မတကမ်မလာဟားရစ်က ပြောကြားသည်။ [47] |
| ၇ ဖေဖော်ဝါရီ ၂၀၂၄ | မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံကအမျိုးသားအရေးပေါ်အခြေအနေအဖြစ် ကြေညာထားခြင်းကို နောက်ထပ် ၁နှစ် သက်တမ်း ထပ်တိုးလိုက်ကြောင်း သမ္မတအိမ်ဖြူတော်က ပြောသည်။ [48] |
| ၂၂ မတ် ၂၀၂၄ | မြန်မာနိုင်ငံမှရွှေ့ပြောင်းလာသူများအတွက် ယာယီနေထိုင်ခွင့်သက်တမ်း တိုးမြှင့်ပေးလိုက်ကြောင်း အမေရိကန်ပြည်ထဲရေးဝန်ကြီးဌာနကကြေညာသည်။ [49] |

[44] မြန်မာစစ်ကောင်စီထံ တရုတ်လက်နက်ရောင်းချကြောင်း ကုလအစီရင်ခံစာကို အမေရိကန်ထောက်ခံ၊ မဇ္ဈိမ၊ ၂၇ ဇူလိုင် ၂၀၂၃

[45] စစ်ကောင်စီ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေအတွက် တာဝန်ခံစေဖို့ မဟာမိတ်တွေနဲ့ လက်တွဲဆောင်ရွက်မယ်လို့ အမေရိကန်ပြော၊ မဇ္ဈိမ ၂၃ ဩဂုတ် ၂၀၂၃

[46] ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်အကြမ်းဖက်မှုကျူးလွန်ခဲ့သည့်မြန်မာစစ်တပ်ကိုတရားဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆက်လက်ကြိုးပမ်းမည်၊ ဒီဗွီဘီ၊ ၂၅ ဩဂုတ် ၂၀၂၃

[47] မြန်မာတွင် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်ရောက်ရေး စစ်ကောင်စီကို ဆက်လက်ဖိအားပေးမည်၊ မဇ္ဈိမ၊ ၆ စက်တင်ဘာ ၂၀၂၃

[48] မြန်မာနိုင်ငံဆိုင်ရာအရေးပေါ်အခြေအနေ အမေရိကန်က ၁ နှစ်သက်တမ်း ထပ်တိုး၊ ဒီဗွီဘီ၊ ၇ ဖေဖော်ဝါရီ ၂၀၂၄

[49] မြန်မာမှ ရွှေ့ပြောင်းလာသူများအတွက် ယာယီနေထိုင်ခွင့် အမေရိကန်သက်တမ်းတိုးပေး၊ ဒီဗွီဘီ၊ ၂၂ မတ် ၂၀၂၄

| | |
|---|---|
| ၂၈ မတ် ၂၀၂၄ | အမေရိကန်နိုင်ငံခြားရေးအတိုင်ပင်ခံ ဒဲရစ်ချောလက် (Derek Chollet ) နှင့် မြန်မာ့တော်လှန်ရေးအင်အားစုများ တွေ့ဆုံပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီအတွက် ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲကို ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၊ ချင်းအမျိုးသားတပ်ဦး (CNF) တို့နှင့်အတူ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တာဝန်ရှိသူတချို့ တက်ရောက်ခဲ့သည်။ [50] |

## ဂျပန်အစိုးရ၏ အလှူပ်အရွှေ့နှင့် ဦးတည်ရာ

မြန်မာ့အရေးအတွက် ဂျပန်အစိုးရ၏ အလှုပ်အရွှေ့နှင့် ဦးတည်ရာသည် အမေရိကန်အစိုးရ၏ ချဉ်းကပ်ပုံနှင့်အလားသဏ္ဍာန်ဆင်တူသည်ဟုဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံအရေးနှင့်ပတ်သက်ပြီး ငြိမ်းချမ်းသည့် နည်းလမ်းဖြင့် မှန်ကန်စွာလုပ်ဆောင်နိုင်ရန် အစဉ်တစိုက်အားပေးခဲ့သည့် ဂျပန်အစိုးရသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) အား နိုင်ငံရေးဖြစ်စဉ်အတွင်းမှ အာဏာသိမ်းစစ်ကောင်စီ၏ လုပ်ရပ်ကို စိုးရိမ်နေခဲ့သည်။ ထိုလုပ်ရပ်ကြောင့် လက်ရှိအခြေအနေ တိုးတက်အောင် လုပ်ဆောင်ရန် ပို၍ပင်ခက်ခဲစေမည်ဟု ဂျပန်အစိုးရက ဆိုပါသည်။ [51]

မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီနိုင်ငံရေးစနစ်နှင့် ငြိမ်းချမ်းရေး တိုးတက်ထွန်းကားဖို့အတွက် မြန်မာပြည်သူလူထု၏ အသံကို ဂရုတစိုက်နားထောင်ပြီး သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးကာ တိုးတက်ကောင်းမွန်လာစေဖို့ ဆက်လုပ်ဆောင်သွားမည်ဟု ဂျပန်နိုင်ငံခြားရေး ဒု-ဝန်ကြီး ကိုမူရာ မာဆာဟီရိုက ဂျပန်နိုင်ငံရောက် မြန်မာအသိုက်အဝန်းနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ [52]

ဂျပန်အစိုးရသည် အာဏာသိမ်းစစ်အုပ်စုနှင့် လုံးလုံးလျားလျား အဆက်အသွယ်မဖြတ်သည့်တိုင် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီပြန်လည်ရရှိရေးအတွက် စစ်အုပ်စုအား ပိုမိုဖိအားပေးရန် ကြိုးပမ်းလျက်ရှိကြောင်း တွေ့ရသည်။ ၂၀၂၄ ခုနှစ်အတွင်း တွေ့ရှိရသည့် ဂျပန်အစိုးရ၏ အလှုပ်အရွှေ့သည် အာဏာသိမ်းစစ်အုပ်စုအား ဖိအားပေးတင်းကြပ်မှုများ တိုးမြှင့်လာပြီး တော်လှန်ရေးအင်အားစုများနှင့် ထိတွေ့ဆက်ဆံရေးကို ပေါ်လွင်ထင်ရှားစွာ လုပ်ဆောင်လာသည်ဟု မှတ်ယူနိုင်ပါသည်။

[50] လူသားချင်းစာနာထောက်ထားမှုအကူအညီအတွက် အမေရိကန်နိုင်ငံခြားရေးအတိုင်ပင်ခံနဲ့ ဆွေးနွေးမှုတွေရှိခဲ့ကြောင်း KNPP ဆို၊ ကန္တာရဝတီတိုင်းမ်၊ ၃ ဧပြီ ၂၀၂၄

[51] The Situation in Myanmar (Deregistration of the National League for Democracy), Ministry of Foreign Affairs of Japan, 29 May 2023

[52] မြန်မာ့ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးအတွက် လူထု အသံနားထောင် ဆက်လုပ်မည်ဟု ဂျပန် ဒု- ဝန်ကြီး ကတိပြု၊ DVB၊ ၆ ဖေဖော်ဝါရီ ၂၀၂၄

| ရက်စွဲ | အကြောင်းအရာ |
|---|---|
| ၂၆ ဧပြီ ၂၀၂၃ | ဂျပန်အစိုးရသည် ၎င်းတို့ထောက်ပံ့ထားသည့် ခရီးသည်တင်သင်္ဘောနှစ်စင်းအား ၂၀၂၂၊ စက်တင်ဘာလအတွင်း ရခိုင်ပြည်နယ်သို့ စစ်သားများနှင့် လက်နက်များ ပို့ဆောင်ရန် သုံးစွဲခဲ့ခြင်းကြောင်း အာဏာသိမ်းစစ်ကောင်စီထံမှ အတည်ပြုချက်ရပြီးနောက် စစ်ကောင်စီ၏ လုပ်ရပ်ကို ကန့်ကွက်ခဲ့သည်။ [53] |
| ၈ မတ် ၂၀၂၄ | ဂျပန်အစိုးရသည် စစ်အာဏာသိမ်းမှုဒဏ်ခံနေရသည့် မြန်မာနိုင်ငံသားများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ အမေရိကန်ဒေါ်လာ ၃၇ သန်းလောက် ထပ်မံပေးအပ်မည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ဂျပန်သည် စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် အရပ်ဘက်အဖွဲ့အစည်းများမှတဆင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၉ ဒသမ ၅ သန်းကျော် ပေးအပ်ထားပြီး ဖြစ်သည်။ [54] |
| ၁၄ မေ ၂၀၂၄ | ဂျပန်နိုင်ငံခြားရေးဌာန ဒုတိယဝန်ကြီး Masahiro Komura သည် KNU ဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ KNPP နှင့် IEC ဥက္ကဋ္ဌ ခူဦးရယ်တို့ကို ဂျပန်နိုင်ငံတွင် တွေ့ဆုံပြီး မြန်မာ့အရေး ဖြေရှင်းနိုင်ရေး တိုင်းရင်းသားအဖွဲ့များနှင့် ဂျပန်အစိုးရကြား အနီးကပ်ပူးပေါင်းရန်သဘောတူခဲ့ကြသည်။ [55] |
| ၃၁ မေ ၂၀၂၃ | ဆယ်စုနှစ်တစ်ခုကျော်ကြာ ဂျပန်နှင့် မြန်မာ ပူးပေါင်းဆောင်ရွက်မှု သင်္ကေတတစ်ခု ဖြစ်ခဲ့သည့် ရန်ကုန် - မန္တလေး မီးရထားလမ်းအဆင့်မြှင်တင်ရေးစီမံကိန်းအတွက် ဒေါ်လာဘီလျံချီ ပံ့ပိုးမည့် တရားဝင်ဖွံ့ဖြိုးရေးအကူအညီ (ODA) ကို ဂျပန်အစိုးရက ရပ်ဆိုင်းခဲ့သည်။[56] မီးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် ဘဏ္ဍာရေးပံ့ပိုးမှု ရပ်ဆိုင်းလိုက်ခြင်းမှာ အရပ်သားအစိုးရကို ဖြုတ်ချကာ စစ်တပ်က အာဏာသိမ်းယူမှုကို ဆန့်ကျင်သော အမှတ်အသားဖြစ်ကြောင်း ဂျပန်သတင်းဌာန Asahi Shimbum က ရေးသားခဲ့သည်။ |

[53] ဂျပန်မှ ထောက်ပံ့ထားသော သင်္ဘောများကို မြန်မာစစ်တပ်မှ အလွဲသုံးစားလုပ်နေကြောင်း တိုကျိုအတည်ပြု၊ Human Rights Watch၊ ၂၆ ဧပြီ ၂၀၂၃

[54] ဂျပန်အစိုးရက မြန်မာအတွက် လူသားချင်းစာနာမှု အကူအညီ ကန်ဒေါ်လာ ၃၇ သန်းထပ်လှူ၊ DVB၊ ၁၃ မတ် ၂၀၂၄

[55] တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တချို့ကို ဂျပန်တွေ့ဆုံ၊ RFA၊ ၁၄ မေ ၂၀၂၄

[56] ရန်ကုန်-မန္တလေးရထားလမ်းစီမံကိန်းအတွက် ချေးငွေအစီအစဉ်ကို ဂျပန်ရပ်ဆိုင်း၊ Myanmar Now၊ ၁ ဇွန် ၂၀၂၃

# အာဆီယံနှင့် အလုပ်မဖြစ်သည့် ဘုံသဘောတူညီချက် (၅) ရပ်

၂၀၂၁ ခုနှစ် ဧပြီလ၊ အာဆီယံထိပ်သီးညီလာခံအား အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို တက်ရောက်ခွင့်ပြုခဲ့ချိန်ကစပြီး အာဆီယံ၏ ပုံရိပ်ကို များစွာကျဆင်းစေခဲ့သည်။ အဆိုပါညီလာခံမှ ချမှတ်ခဲ့သည့် ဘုံသဘောတူညီချက် (၅) ရပ်သည်လည်း စစ်အာဏာသိမ်းကာလ ၃ နှစ်ကျော်လာချိန်အထိ ထိရောက်စွာ အကောင်အထည်မဖော်နိုင်သေးခြင်းကြောင့် အာဆီယံ၏ လုပ်ဆောင်ချက်များနှင့် ချဉ်းကပ်မှုများအပေါ် မေးခွန်းထုတ်စရာ ဖြစ်ခဲ့ရသည်။

အာဏာသိမ်းစစ်အုပ်စု၏ လက်အောက်မှ ရုန်းထွက်ရန် ကြိုးပမ်းလှုပ်ရှားနေကြသည့် မြန်မာ့တော်လှန်ရေး အင်အားစုများကမူ မြန်မာပြည်သူလူထု၏ မျက်နှာကို မငဲ့ကွက်ဘဲ အာဏာသိမ်းစစ်အုပ်စုကိုသာ ချဉ်းကပ်ခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းတို့သည် မြန်မာ့အရေးအပေါ် ဖြေရှင်းရန်ကြိုးပမ်းခြင်းထက် ပိုမိုရှုပ်ထွေးစေပြီး အာဏာသိမ်းစစ်အုပ်စု၏ ရပ်တည်နိုင်ရေးအတွက် အသက်ဆက်ပေးနေသည်ဟု ရှုမြင်ကြသည်။

အင်ဒိုနီးရှားသမ္မတ ဦးဆောင်သော အာဆီယံအလှည့်ကျဥက္ကဋ္ဌသက်တမ်းအတွင်း မြန်မာ့အရေးနှင့် မြန်မာပြည်သူလူထု အရေးအတွက် တစုံတရာမျှော်လင့်စရာဖြစ်ခဲ့သော်လည်း တာဝန်သက်တမ်းကုန်ဆုံးသွားချိန်အထိ ၎င်းတို့စွဲကိုင်ထားသည့် ဘုံသဘောတူညီချက် (၅) ရပ်ကို အကောင်အထည်မဖော်နိုင်ခဲ့ဟု ဆိုရပါမည်။

လူ့အခွင့်အရေးဆိုင်ရာ အာဆီယံပါလီမန်အမတ်များအဖွဲ့ (APHR) ကတော့ မြန်မာနိုင်ငံအတွင်းရှိ စစ်ဘေးရှောင် ပြည်သူများနှင့် ထိုင်း-မြန်မာနယ်စပ်ရှိ စစ်ဘေးရှောင်ပြည်သူအားလုံး၏ ဆင်းရဲကျပ်တည်းမှု အခြေအနေများကို အာရုံစိုက်ပေးရန်နှင့် ထိရောက်သည့် ထောက်ကူပံ့ပိုးမှုများ ပေးအပ်ရန် အာဆီယံအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းသို့ တောင်းဆိုတိုက်တွန်းထားပါသည်။[57]

ဆိုရသော် အာဆီယံအဖွဲ့ကြီးအနေဖြင့် ၎င်းတို့၏ ထိပ်သီးအစည်းအဝေးကို သဘောတူညီခဲ့သည့် ဘုံသဘောတူညီချက် (၅) ရပ်ကို အကောင်အထည်ဖော်ရန်အတွက် အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စစ်ကောင်စီကို စည်းရုံးသိမ်းသွင်းနိုင်စွမ်းသည် ထိရောက်မှုတစုံတရာမပြသနိုင်ခဲ့ဟု သုံးသပ်ရပါသည်။ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပြည်တွင်းရေး ဝင်မစွက်ရဆိုသည့် မူသဘောအား လွန်ဆန်နိုင်ခြင်း မရှိသဖြင့် အာဆီယံ၏ လုပ်ဆောင်ချက်များသည် မြန်မာပြည်သူလူထုအတွက် စိတ်ပျက်စရာဖြစ်ခဲ့ရပါသည်။

စစ်အာဏာသိမ်းကာလ ၃ နှစ်ကျော်ကြာမြင့်လာခဲ့သည်အထိ အလုပ်မဖြစ်ဘဲလက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့သည့် ဘုံသဘောတူညီချက် (၅) ရပ်ကို ပြန်လည်သုံးသပ်ချိန်တန်ပြီဟု ရှုမြင်ရပါသည်။

---

[57] ASEAN MPs say localized approach needed for aid to reach Myanmar people in need, Mizzima, 20 November 2023

| ရက်စွဲ | အကြောင်းအရာ |
|---|---|
| ၆ ဧပြီ ၂၀၂၃ | ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စနိုလင်းဟေဇာနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ Kao Kim Hourn တို့ အာဆီယံအတွင်းဝန်ရုံးတွင် တွေ့ဆုံခဲ့ကြသည်။ တွေ့ဆုံမှုအတွင်း ဘုံသဘောတူညီချက် (၅) ရပ် အကောင်အထည်ဖော်ရေး၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အတူ လက်တွဲဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ [58] |
| ၅ စက်တင်ဘာ ၂၀၂၃ | အာဆီယံက ဘုံသဘောတူညီချက် (၅) ရပ်ပါ ငြိမ်းချမ်းရေးအစီအစဉ်သည် မြန်မာနိုင်ငံ ပဋိပက္ခဖြေရှင်းရေးအတွက် လမ်းညွှန်ချက်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုက ၄၃ ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် ပြောကြားခဲ့သည်။ [59] |
| ၁၃ စက်တင်ဘာ ၂၀၂၃ | အရပ်သားများအပေါ် လေကြောင်းတိုက်ခိုက်မှုအတွက် အဓိကတာဝန်ရှိသည့် အာဏာသိမ်းစစ်ကောင်စီ ဦးဆောင်ကျင်းပသည့် အာဆီယံလေတပ်ညီလာခံကို အာဆီယံ အင်အားကြီးလေးနိုင်ငံဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှား၊ စင်္ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံတို့ လူကိုယ်တိုင် မတက်ရောက်ဘဲ ကျန်ငါးနိုင်ငံသာ တက်ရောက်ခဲ့သည်။ [60] |
| ၁ ဇန်နဝါရီ ၂၀၂၄ | အာဆီယံအလှည့်ကျဥက္ကဋ္ဌ လာအိုသမ္မတသည် ဝါရင့်နိုင်ငံရေးသမား ဝန်ကြီးချုပ်ရုံး ဝန်ကြီးဟောင်း အာလွန်ကဲအိုကစ်တီကွန်အား အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်အဖြစ် ခန့်အပ်ခဲ့သည်။ [61] |

[58] မြန်မာ့အရေး အာဆီယံအတွင်းရေးမှူးချုပ်နဲ့ ကုလအထူးကိုယ်စားလှယ်တို့ ဆွေးနွေး၊ VOA၊ ၀၆ ဧပြီ ၂၀၂၃

[59] မြန်မာအရေးဖြေရှင်းရန် ဘုံသဘောတူညီချက် ၅ ရပ်ကို လမ်းညွှန်အဖြစ် ဆက်ရှိမည်ဟု အင်ဒိုနီးရှားသမ္မတပြော၊ DVB၊ ၅ စက်တင်ဘာ ၂၀၂၃

[60] စစ်ကောင်စီရဲ့ လေတပ်ညီလာခံကို အာဆီယံ ငါးနိုင်ငံသာ တက်ရောက်၊ RFA၊ ၁၄ စက်တင်ဘာ ၂၀၂၃

[61] မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးသံတမန် လာအို ခန့်အပ်၊ DVB၊ ၉ ဇန်နဝါရီ ၂၀၂၄

| | |
|---|---|
| ၂၉ ဇန်နဝါရီ ၂၀၂၄ | လာအိုနိုင်ငံတွင် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ အာဏာသိမ်းစစ်ကောင်စီ၏ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါ်မာလာသန်းထိုက်အား တက်ရောက်ခွင့်ပြုခဲ့သော်လည်း အာဆီယံအစည်းအဝေးများတွင် စစ်ကောင်စီကို တားမြစ်ထားသည့် အာဆီယံ၏ရပ်တည်ချက် ပြောင်းလဲခြင်းမရှိဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ရတ်နိမာဆူဒီက ပြောကြားခဲ့သည်။ [62] |
| ၅ မတ် ၂၀၂၄ | ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပသည့် အာဆီယံ-ဩစတြေးလျညီလာခံအတွင်း မြန်မာပြည်အခြေအနေနှင့် မြန်မာပြည်တွင်း ငြိမ်းချမ်းတည်ငြိမ်ရေးရရှိရန် ကူညီနိုင်မည့် အာဆီယံ၏ အခန်းကဏ္ဍကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ [63] |

## အာဏာသိမ်းစစ်အုပ်စုအပေါ် အစဉ်တစိုက် ဖိအားပေးနေသည့် ဥရောပသမဂ္ဂ

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော စစ်အာဏာသိမ်းမှုကို ကန့်ကွက်ရှုတ်ချပြီး မြန်မာ့အရေးနှင့် မြန်မာပြည်သူလူထုအရေးအပေါ် အစဉ်တစိုက်စောင့်ကြည့်လျက်ရှိသည့် ဥရောပသမဂ္ဂသည် စစ်အာဏာသိမ်းကာလအတွင်း မြန်မာပြည်သူလူထုဘက်မှ ရပ်တည်ကြောင်း ပုံသဏ္ဍာန်မျိုးစုံဖြင့် ပြသလေ့ရှိပါသည်။

အာဏာသိမ်းစစ်အုပ်စု၏ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထား ဦးတည်တိုက်ခိုက်သည့် လုပ်ရပ်မှန်သမျှကို ကန့်ကွက်ရှုတ်ချလေ့ရှိသကဲ့သို့ အာဏာသိမ်းစစ်အုပ်စုအတွင်း အဓိက တာဝန်ရှိသူများအား ပစ်မှတ်ထားပိတ်ဆို့အရေးယူမှုများကိုလည်း မကြာခဏ ချမှတ်လေ့ရှိပါသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လနှင့် ဒီဇင်ဘာလများအတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ဝန်ကြီးများ အပါအဝင် စီးပွားရေးလုပ်ငန်းအချို့အပေါ် ပိတ်ဆို့အရေးယူမှုများချမှတ်ခဲ့ပါသည်။ တဆက်တည်းတွင် ၂၀၂၄ ခုနှစ်အတွင်း မြန်မာပြည်သူလူထုအတွက် ရည်ရွယ်ကာ လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ယူရို (၁၉) သန်းကို ခွင့်ပြုပေးထားသည်ဟု ဆိုပါသည်။

[62] စစ်ကောင်စီကိုယ်စားလှယ် အစည်းအဝေးတက်သော်လည်း အာဆီယံရပ်တည်ချက် မပြောင်းဟု အင်ဒိုဝန်ကြီးပြော၊ DVB၊ ၃၀ ဇန်နဝါရီ ၂၀၂၄

[63] အာဆီယံ-ဩစတြေးလျ ညီလာခံမှာ မြန်မာ့အရေးထည့်သွင်းဆွေးနွေး၊ RFA၊ ၄ မတ် ၂၀၂၄

ထို့ကြောင့် အာဏာသိမ်းစစ်အုပ်စု၏ လက်အောက်မှ ရုန်းထရန် ကြိုးပမ်းနေကြသည့် မြန်မာပြည်သူလူထုနှင့် တော်လှန်ရေးအင်အားစုများအတွက် ဥရောပသမဂ္ဂသည် အလေးထား အားကိုးစရာဖြစ်နေပြီး အာဏာသိမ်းစစ်အုပ်စုအတွက်မူ အစဉ်တစိုက်ဖိအားပေးလျက်ရှိသည့် နိုင်ငံတကာ အဝန်းအဝိုင်းတခုအဖြစ် တွေ့ရှိရပါသည်။

| ရက်စွဲ | အကြောင်းအရာ |
|---|---|
| ၁၀ ဇူလိုင် ၂၀၂၃ | မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာနှင့် ကျန်းမာရေးကို ပံ့ပိုးကူညီပေးရန် လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ယူရို ၄.၅ သန်း ခွဲဝေချထားပေးခဲ့သည်။ [64] |
| ၂၀ ဇူလိုင် ၂၀၂၃ | အာဏာသိမ်းစစ်ကောင်စီ၏ လူ့ပင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး၊ အလုပ်သမားဝန်ကြီး၊ ကျန်းမာရေးဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် (၂) ဦး၊ စစ်ထောက်ချုပ်နှင့် အမှတ် (၂) သတ္တုတွင်းလုပ်ငန်းတို့ကို ပိတ်ဆို့အရေးယူမှုများ ချမှတ်ကြောင်း ထုတ်ပြန်သည်။ [65] |
| ၂၃ ဇူလိုင် ၂၀၂၃ | မြန်မာပြည်သူများ၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီမျှော်မှန်းချက်များကို ခုခံကာကွယ်သည့်အနေဖြင့် မြန်မာပြည်သူများအတွက် ဆက်လက်ရပ်တည်နေကြောင်း မတရားကွပ်မျက်ခံခဲ့ရမှုတစ်နှစ်ပြည့်အတွက် ထုတ်ပြန်ခဲ့သည်။ [66] |
| ၁၁ ဒီဇင်ဘာ ၂၀၂၃ | အာဏာသိမ်းစစ်ကောင်စီအဖွဲ့ဝင် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဦးဝဏ္ဏမောင်လွင်၊ ဒေါက်တာမှုထန်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် Star Sapphire Group of Companies၊ Royal Shune Lei Company Limited တို့ကို ပိတ်ဆို့ အရေးယူကြောင်း ထုတ်ပြန်သည်။ [67] |
| ၃၁ ဇန်နဝါရီ ၂၀၂၄ | ၂၀၂၄ခုနှစ်အတွင်း မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် ယူရို(၁၉)သန်းကျော်ကို ခွင့်ပြုခဲ့သည်။ [68] |

64 လူသားချင်း စာနာထောက်ထားမှုအတွက် ယူရို ၄.၅ သန်း ခွဲဝေချထား၊ EU official page၊ ၁၀ ဇူလိုင် ၂၀၂၃

65 လူပုဂ္ဂိုလ် ၆ ဦးနှင့် အဖွဲ့အစည်းတစ်ခုကိုပိတ်ဆို့မှုချမှတ်၊ European Council၊ ၂၀ ဇူလိုင် ၂၀၂၃

66 မတရားကွပ်မျက်ခံခဲ့ရမှုတစ်နှစ်ပြည့်အတွက်ထုတ်ပြန်ချက်၊ EU facebook, ၂၃ ဇူလိုင် ၂၀၂၃

67 စစ်ခေါင်းဆောင် အကြံပေးအပါအဝင် စစ်ကောင်စီအဖွဲ့ဝင် ၃ ဦးနှင့် ကုမ္ပဏီနှစ်ခုကို အီးယူပိတ်ဆို့၊ ဧရာဝတီ၊ ၁၁ ဒီဇင်ဘာ ၂၀၂၃

68 ၂၀၂၄ခုနှစ်အတွင်းမြန်မာနိုင်ငံအတွက်လူသားချင်းစာနာထောက်ထားမှုအကူအညီယူရို (၁၉)သန်းကျော်ကို ခွင့်ပြုခဲ့သည်၊ EU facebook၊ ၃၁ ဇန်နဝါရီ ၂၀၂၄

# မြန်မာ့အရေးအတွက် ကုလလုပ်ဆောင်ချက်များ အလုပ်ဖြစ်၊ မဖြစ်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော အာဏာသိမ်းစစ်ကောင်စီ၏ မြန်မာနိုင်ငံ တဝှမ်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရှုတ်ချကာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြန်လည်ရရှိရေး အတွက် ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် အစဉ်တစိုက်တောင်းဆိုခဲ့သည်။ အရပ်သားပြည်သူများ အပေါ် ဖိနှိပ်မှုများကို အဆုံးသတ်ရန် အာဏာသိမ်းစစ်ကောင်စီကို တိုက်တွန်းလျက်ရှိသည်။

သို့နှင့်တိုင် အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကိုမူ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် တိုက်ပွဲဝင်နေကြသည့် မြန်မာ့တော်လှန်ရေး အင်အားစုများကမူ မကြာခဏမေးခွန်းထုတ်လေ့ရှိပါသည်။ အထူးသဖြင့် မြန်မာပြည်သူလူထု အတွက် ရည်ရွယ်သော နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုအကူအညီများအား အမှန် တကယ်ရောက်ရှိနိုင်ရေးအတွက် တော်လှန်ရေးအင်အားစုများထံမှတဆင့် မြေပြင်အထိရောက်ရှိ နိုင်မည့် နည်းလမ်းများကို ရှာဖွေချဉ်းကပ်သင့်ကြောင်း တောင်းဆိုနေကြပါသည်။

မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံတကာရာဇဝတ်မှုများအတွက် တာဝန်ခံမှုနှင့် တရားမျှတမှုရရှိ စေရေးအတွက် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရား (IIMM) ကို ဖွဲ့စည်းက အချက်အလက် စုဆောင်းနေမှုနှင့် စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်အုပ်စုအပါအဝင် လက်နက်ကိုင် တော်လှန်ရေးအစုအဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း စောင့်ကြည့်အစီရင်ခံ လျက်ရှိသဖြင့် မြန်မာ့အရေးအတွက် ကုလသမဂ္ဂ၏ အလေးထားမှုကိုတော့ ထင်ရှားစွာမြင်တွေ့ရ ပါသည်။

မြန်မာ့အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂတွင် ခိုင်မာသည့်ရပ်တည်ချက်ရှိသည့်တိုင် ဆုံးဖြတ် ချက်များကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုနှင့် အကျပ်အတည်းများစွာ ရှိနေသည်ဟု ဆိုရမည်ဖြစ်သည်။

| ရက်စွဲ | အကြောင်းအရာ |
|---|---|
| ၆ ဧပြီ ၂၀၂၃ | ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စနိုလင်း ဟေဇာနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ Kao Kim Hourn တို့ အာဆီယံ အတွင်းဝန်ရုံးတွင် တွေ့ဆုံခဲ့ကြသည်။ တွေ့ဆုံမှုအတွင်း ဘုံသဘောတူညီချက် (၅) ရပ် အကောင်အထည်ဖော်ရေး၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ်နှင့်အတူ လက်တွဲဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ [69] |
| ၂၇ ဧပြီ ၂၀၂၃ | ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR ) သည် ရခိုင်ပြည်၊ စစ်တွေနှင့် ကျောက်ဖြူမြို့နယ်ရှိ မွတ်ဆလင်ဒုက္ခသည်စခန်း (၄) ခုတွင် မိသားစုပေါင်း ၂,၆၀၀ ခန့်အတွက် နေအိမ်အမိုးအကာ ၂၉၂ ခုကို ပြန်လည်တည်ဆောက်ပေးခဲ့သည်။ [70] |
| ၁ မေ ၂၀၂၃ | ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Noeleen Heyzer နှင့် တရုတ် နိုင်ငံတော် ကောင်စီဝန်နှင့် နိုင်ငံခြားရေးဝန်ကြီး ကျင်ဂန်းတို့ မြန်မာ့အရေးနှင့်ပတ်သက်၍ ပေကျင်းမြို့တွင် တွေ့ဆုံခဲ့ကြသည်။ တွေ့ဆုံမှုအတွင်း မြန်မာ့အိမ်နီးချင်းဖြစ်သည်နှင့် အညီ တရုတ်အစိုးရသည် မြန်မာနိုင်ငံတည်ငြိမ်တိုးတက်မှုကို အခြားနိုင်ငံများထက် ပိုမို မျှော်လင့်ထားသော်လည်း မြန်မာ၏ နောက်ခံသမိုင်းကြောင်း ရှုပ်ထွေးမှုကြောင့် ပြဿနာ များကို အချိန်တိုအတွင်း ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ကြောင်း ကျင်ဂန်းက ပြောကြား ခဲ့သည်။ [71] |
| ၉ မေ ၂၀၂၃ | ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စနိုလင်း ဟေဇာနှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်ဂျိုင်ရှန်ကာတို့ မြန်မာ့အရေးနှင့်ပတ်သက်၍ နယူးဒေလီတွင် တွေ့ဆုံခဲ့ကြသည်။ တွေ့ဆုံမှုအတွင်း မြန်မာနှင့်ပတ်သက်၍ မစ္စနိုလင်း ဟေဇာ၏ ဆောင်ရွက်ချက်များကို အားပေးထောက်ခံကြောင်း နိုင်ငံခြားရေးဝန်ကြီး ဂျိုင်ရှန်ကာက ပြောကြားခဲ့သည်။ [72] |

[69] မြန်မာ့အရေး အာဆီယံအတွင်းရေးမှူးချုပ်နဲ့ ကုလအထူးကိုယ်စားလှယ်တို့ ဆွေးနွေး၊ VOA၊ ၆ ဧပြီ ၂၀၂၃

[70] မွတ်ဆလင် ဒုက္ခသည်စခန်း ၄ ခုတွင် UNHCR က နေအိမ်အမိုးအကာများ တည်ဆောက်ပေး၊ DMG၊ ၂၇ ဧပြီ ၂၀၂၃

[71] တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကုလအထူးကိုယ်စားလှယ်တို့ မြန်မာအရေး ဆွေးနွေး၊ Mizzima၊ ၁ မေ ၂၀၂၃

[72] ကုလအထူးကိုယ်စားလှယ်နဲ့ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး မြန်မာ့အရေးဆွေးနွေး၊ RFA၊ ၁၁ မေ ၂၀၂၃

| | |
|---|---|
| ၁၅ ဩဂုတ် ၂၀၂၃ | ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ လူသားချင်းစာနာမှုဆိုင်ရာ လက်ထောက် အတွင်းရေးမှူးချုပ်၊ အရေးပေါ် ကူညီကယ်ဆယ်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးမှူး Martin Griffiths သည် မြန်မာနိုင်ငံသို့ လာရောက်ကာ အာဏာသိမ်းစစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် စစ်ခေါင်းဆောင်အချို့နှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။ တွေ့ဆုံမှုအတွင်း လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်တွေတွင် ပိုမို ပူးပေါင်း ဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။ [73] |
| ၂၁ ဩဂုတ် ၂၀၂၃ | အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်၊ လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA) လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ်၊ အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာညှိနှိုင်းရေးမှူး Mr Martin Griffiths တို့ အွန်လိုင်းမှတဆင့်တွေ့ဆုံခဲ့ကြသည်။ တွေ့ဆုံမှုအတွင်း စစ်ကောင်စီသည် တရားဝင်မှုရရှိရေးအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်ငန်းစဉ်များကို အလွဲသုံးစားလုပ်ရန်အမြဲစဉ်းစားနေသည်ကို သတိပြုဖို့ လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက သတိပေးပြောကြားခဲ့သည်။ [74] |
| ၂၁ စက်တင်ဘာ ၂၀၂၃ | ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် သံအမတ်ကြီးဦးကျော်မိုးထွန်း ဆက်ရှိမည်ဟု ကုလသမဂ္ဂဆိုင်ရာနိုင်ငံကိုယ်စားလှယ်ခန့်ထားရေး စိစစ်သည့် "ကုလသမဂ္ဂ နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်စိစစ်ရေးကော်မတီ"က ဆုံးဖြတ်ကြောင်း ကုလသမဂ္ဂကအရာရှိတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။ [75] |
| ၅ ဒီဇင်ဘာ ၂၀၂၃ | မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာထွက်ပြေးနေရသည့် ပြည်သူများကို ထောက်ပံ့ကူညီရန် ကုလသမဂ္ဂဗဟိုအရေးပေါ် တုံ့ပြန်ရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၇ သန်း ခွဲတမ်းချပေးခဲ့သည်။ [76] |

[73] ကုလ စာနာမှုအကြီးအကဲ Martin Griffiths မြန်မာနိုင်ငံရောက်၊ VOA၊ ၁၆ ဩဂုတ် ၂၀၂၃

[74] UNOCHA အကြီးအကဲက အာဏာသိမ်း စစ်ခေါင်းဆောင်နဲ့တွေ့ဆုံပြီးနောက် NUG ဝန်ကြီးများနဲ့ အွန်လိုင်းမှတွေ့ဆုံ၊ Mizzima၊ ၂၄ ဩဂုတ် ၂၀၂၃

[75] ဦးကျော်မိုးထွန်း မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ဆက်ရှိနေကြောင်း ကုလအရာရှိပြောကြား၊ RFA၊ ၂၁ စက်တင်ဘာ ၂၀၂၃

[76] မြန်မာအတွက် ကုလအရေးပေါ် ရန်ပုံငွေ ဒေါ်လာခုနစ်သန်းရရှိ၊ RFA၊ ၆ ဒီဇင်ဘာ ၂၀၂၃

# အပတ်စဉ်
# သုံးသပ်ချက်များ




## နိဒါန်း

| | |
|---|---|
| ကျား | - ၁၁၈ ဦး၊ |
| မ | - ၄၆ ဦး၊ |
| ကျား/မ ခွဲခြားမရ | - ၄ ဦး၊ |
| စုစုပေါင်း | - ၁၆၈။ |

အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှ ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုကြောင့် တစ်နေရာတည်း၊ တစ်ချိန်တည်းတွင် အစုလိုက်အပြုံလိုက်သေဆုံးခဲ့ရသော အရပ်သားပြည်သူများ၏ စာရင်းဖြစ်သည်။ နေရာအနှံ့ ကြဲပြန့်နေသော ခန္ဓာကိုယ်အပိုင်းအစများကို ကောက်ယူထုံးဆက်ခဲ့ရသည့်အတွက်

တချို့က ကျား-မခွဲခြားနိုင်ရန်ပင် ခက်ခဲသွားခဲ့ရသည်။ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ အပါအဝင် အသက်အရွယ် ခွဲခြားမရနိုင်သော ခန္ဓာကိုယ်အစိတ်အပိုင်းများလည်း တွေ့ရှိခဲ့ရသည်။

## ဖြစ်စဉ်

၂၀၂၃ ခုနှစ် ဧပြီလ ၁၁ ရက်၊ နံနက် ၇ နာရီ ၄၅ မိနစ်ခန့်အချိန်၊ စစ်ကိုင်းတိုင်း ကန့်ဘလူ ခရိုင် ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအုပ်စု ပဇီကြီးရွာအား အာဏာသိမ်းစစ်ကောင်စီက လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုကြောင့် အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသူပေါင်း ၁၆၈ ဦးရှိခဲ့သည်။ ထိုအထဲ အသက် (၅) နှစ်အောက် ကလေးငယ် ၆ ဦး၊ အသက် (၅)နှစ်မှ (၁၄)နှစ် အကြား ကလေးငယ် ၁၉ ဦး၊ အသက် (၁၄) နှစ်မှ (၁၈) နှစ်အကြား ကလေးငယ် ၅ ဦး၊ အသက် အရွယ် ခွဲခြားမရသည့် ကလေးငယ် ၁၀ ဦး၊ အသက် (၁၈) နှစ်အထက် လူကြီး ၉၇ ဦးနှင့် အသက် ခွဲခြားမရသည့် လူကြီး ၃၁ ဦး ပါဝင်ကြောင်း ဧပြီလ ၁၆ ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)က သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်အရ အကြီးစား ကုသမှု ခံယူနေရသူ (၁၆) ဦး ရှိနေပြီး အသက် (၈)နှစ်အရွယ်ကလေးငယ် အပါအဝင် (၁၈)နှစ် အောက် ကလေး ၅ ဦးနှင့် အသက် (၁၈)နှစ်အထက် လူကြီး ၁၁ ဦးပါဝင်နေသည်ကို တွေ့ရပါသည်။

အာဏာသိမ်းစစ်ကောင်စီ၏ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုကြောင့် ပဇီကြီးရွာ အစုလိုက် အပြုံလိုက် သေဆုံးခဲ့ရသည့် ၁၆၈ ဦးထဲတွင် ရပ်ရွာအဆင့် ပြည်သူ့ကာကွယ်ရေး အဖွဲ့(ပကဖ)တာဝန်ထမ်းဆောင်နေသူ ၁၂ ဦး၊ ပြည်သူ့လုံခြုံရေးအဖွဲ့(ပလဖ)တာဝန်ထမ်းဆောင် နေသူ ၂ ဦးနှင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) တာဝန်ထမ်းဆောင်နေသူ ၄ ဦး စုစုပေါင်း ၁၈ ဦး ပါဝင်ကြောင်း NUG ဝန်ကြီးချုပ်ရုံး ပြောခွင့်ရသူ ဦးနေဘုန်းလတ်က ပြောဆိုထားပါသည်။ [1]

## ဆက်စပ်သတင်းဖြစ်စဉ်များ

အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏ ရက်စက်သော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု ဖြစ်စဉ်အတွင်း အရပ်သားပြည်သူများ၏ ရုပ်အလောင်းများ ကောက်ယူစာရင်းပြုခြင်းနှင့် ကူညီ ကယ်ဆယ်ရေးလုပ်ဆောင်နေသူများအား လေကြောင်းမှတဆင့် ခြိမ်းခြောက်တိုက်ခိုက်ခြင်းနှင့် လက်နက်ကြီးများ ပစ်ခတ်ခြင်းများပြုလုပ်နေသဖြင့် ရုပ်အလောင်းများအား သင်္ဂြိုလ်နိုင်ခြင်း မရှိ ခဲ့ကြောင်း ဧပြီလ ၁၂ ရက်၊ မွန်းလွဲပိုင်းတွင် ကူညီကယ်ဆယ်ရေးလုပ်ဆောင်နေသူတစ်ဦးက ပြောပါသည်။ [2]

---

1 ပဇီကြီးရွာလေကြောင်းတိုက်ခိုက်ခံရမှု သေဆုံးသူများတွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင် ၁၈ ဦးပါဝင် https://rb.gy/nrif5

2 ပဇီကြီးရွာမှာ အလောင်းတွေ ရှင်းလင်းလို့မရအောင် စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှု ဆက်လုပ်နေ http://rb.gy/jzr2o

ဧပြီလ ၁၃ ရက်တွင်ပြုလုပ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးပိတ်အစည်းအဝေးတွင်တော့ ပဇီကြီးရွာလေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခံရမှုဖြစ်စဉ်အား ဆွေးနွေးခဲ့ကြသည်။ သို့သော် မြန်မာအာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အလွမ်းသင့်သော ရုရှားနိုင်ငံက အလှည့်ကျ ဥက္ကဋ္ဌ တာဝန်ယူထားသည့် ကုလလုံခြုံရေးကောင်စီသည် အရပ်သားပြည်သူပေါင်း ရာနှင့်ချီကာ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရသည့် ဖြစ်စဉ်အပေါ် ကန့်ကွက်ရှုတ်ချရန်ပင် ပျက်ကွက်ခဲ့သည်ကို တွေ့ရပါသည်။

“လုံခြုံရေးကောင်စီအနေနဲ့ ဒီကိစ္စကို ရှုတ်ချရမယ်လို့ ကျွန်မတို့ယူကေနိုင်ငံက ယုံကြည်ပါတယ်။ လုံခြုံရေးကောင်စီရဲ့ဆုံးဖြတ်ချက် အမှတ် ၂၆၆၉ ကို အကောင်အထည်ဖော်ရေး တောင်းဆိုဖို့လည်းလိုပါတယ်။ ဒါပေမဲ့ ဒီနေ့ ရှုတ်ချဖို့ ဆုံးဖြတ်ချက်မချနိုင်ပါဘူး။ ဒီလိုမချနိုင်တဲ့အပေါ် ကျွန်မတို့ တော်တော်စိုးရိမ်ပါတယ်”ဟု ဗြိတိန်နိုင်ငံဆိုင်ရာသံအမတ် Barbara Woodward က မှတ်ချက်ပြုခဲ့ပါသည်။ [3]

အာဏာသိမ်းစစ်ကောင်၏ ပဇီကြီးရွာ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်သည် အရပ်သားပြည်သူများအား ရည်ရွယ်ချက်ရှိစွာ တမင်ပစ်မှတ်ထားခြင်းဖြစ်သဖြင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ထောက်ပြကာ ကနေဒါနိုင်ငံနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးတို့က ထုတ်ပြန်ရှုတ်ချခဲ့ကြပါသည်။ ထို့အပြင် အမေရိကန်၊ နော်ဝေ၊ ဥရောပသမဂ္ဂ(EU) နှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားတို့ကလည်း ကန့်ကွက်ရှုတ်ချခဲ့ကြသည်ကို တွေ့ရပါသည်။

ပဇီကြီးရွာနှင့် ၄ မိုင်အကွာရှိ မလည်ရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ကမူ ၎င်းတို့၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်အား မှတ်တမ်းမကျန်စေရေးအတွက် ဧပြီ ၁၉ ရက်၊ မွန်းလွဲ ၂ နာရီခွဲဝန်းကျင်တွင် အင်အား (၃၀၀) ခန့်ဖြင့် ပဇီကြီးရွာအတွင်းဝင်ရောက်ကာ နယ်မြေရှင်းလင်းရေး လုပ်ဆောင်နေပါသည်။ ထို့အပြင် ပဇီကြီးရွာအနီးတဝိုက်တွင်လည်း စစ်ကောင်စီတပ်များ ကင်းပုန်းဝပ်ဖြန့်ကျက်ထားခြင်းနှင့် စစ်ကြောင်းထိုးလာခြင်းတို့ကြောင့် ပဇီကြီးရွာအပါအဝင် အနီးအနားရှိ မဲဇတော်၊ ရွာသာယာ၊ ထန်းတော၊ ချောင်းသာ၊ ချောင်းမကြီး စသည့် ကျေးရွာများမှ ရာနှင့်ချီသည့် ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ [4]

---

[3] ပဇီကြီးရွာတိုက်ခိုက်ခံရမှု တရုတ်နဲ့ ရုရှားကြောင့် ကုလလုံခြုံရေးကောင်စီ ရှုတ်ချဖို့ပျက်ကွက် http://rb.gy/mjnvl

[4] ပဇီကြီးရွာကို စစ်ကောင်စီတပ် စစ်ကြောင်းထိုးလာ http://rb.gy/9elgs

## သုံးသပ်တင်ပြချက်

ပဇီကြီးရွာ လေကြောင်းတိုက်ခိုက်ခံရမှုဖြစ်စဉ်သည် စစ်အာဏာသိမ်းကာလ ၂ နှစ်ကျော်အတွင်း အရပ်သားပြည်သူသေဆုံးမှု အများဆုံး အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်ခဲ့ပြီး အာဏာသိမ်းစစ်အုပ်စု၏ အယုတ်ညံ့ဆုံးလုပ်ရပ်ဟု ဆိုရမည်ဖြစ်သည်။ ယခုကဲ့သို့ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားကာ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်စဉ်များကို ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ အနန့်ပါဖြစ်စဉ်၊ စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်အတွင်းရှိ လက်ယက်ကုန်းရွာ စာသင်ကျောင်းဖြစ်စဉ်တို့သည် သိသာထင်ရှားသော စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများဖြစ်သကဲ့သို့ ကရင်နီ(ကယား) ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများအား ပစ်မှတ်ထားကာ မကြာခဏဆိုသလို လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများကိုလည်း တွေ့ရှိရပါသည်။

အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့ထိန်းချုပ်နိုင်စွမ်းမရှိတော့သည့် ဒေသများအတွင်း ကျေးရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခြင်း၊ အရပ်သားပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ လူသားဒိုင်းအဖြစ် ဖမ်းဆီးအကာအကွယ်ယူခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များအား နေ့စဉ်နှင့်အမျှ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်မှုများကို ပြသကာ ပြည်သူလူထုအကြား စိတ်ဓာတ်စစ်ဆင်းခြင်း၊ သတင်းအမှားများထုတ်ကာ ဝါဒဖြန့်ခြင်းတို့ကို စနစ်တကျ လုပ်ဆောင်လေ့ရှိပါသည်။ ဆိုခဲ့ပါ ပဇီကြီးရွာလေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်ကိုလည်း အမျိုးသားညီညွတ်ရေးအစိုးရ၏ ဌာနချုပ်တည်ဆောက်ရန် လုပ်ဆောင်ခြင်းကြောင့် စစ်ရေးပစ်မှတ်အဖြစ် တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဧပြီလ ၁၃ ရက်တွင် စစ်ကောင်စီက သတင်းထုတ် ဝါဒဖြန့်ခဲ့ပါသည်။

နွေဦးတော်လှန်ရေးအင်အားစုများဖြစ်သည့် NUG အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များ၊ မြို့ပြဒေသအလိုက် PDF – LDF များ၊ စစ်အာဏာသိမ်းမှုဆန့်ကျင်သော သပိတ်အင်အားစုများနှင့် မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးသည် အရပ်သားပြည်သူပေါင်း ၁၆၈ ဦး သေဆုံးခဲ့ရသည့် ပဇီကြီးရွာ လေကြောင်းတိုက်ခိုက်ခံရမှုအတွက် ဝမ်းနည်းကြောင်းကို ပုံသဏ္ဍာန်မျိုးစုံဖြင့် ပြသခဲ့ကြသည်။ တုန်လှုပ်ခြောက်ခြားဖွယ်ကောင်းသော အာဏာသိမ်းစစ်အုပ်စု၏ နိုင်ငံတဝှမ်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်များသည် ၎င်းတို့အတွက် အမြတ်အစွန်းထွက်ရှိသွားသည်ကို မတွေ့ရဘဲ နွေဦးတော်လှန်ရေးအင်အားစုများအချင်းချင်းညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကိုသာ ပိုမိုတိုးပွားလာသည်ကို တွေ့ရှိရပါသည်။ ပိုမိုထူးခြားသည်ကမူ မြန်မာပြည်သူလူထု၏ အမုန်းတရားသည် အာဏာသိမ်းစစ်အုပ်စုအပေါ် ထုထည်ပိုမိုကြီးမားသွားစေသည်ဟု ဆိုရပါမည်။

မြန်မာပြည်သူလူထုသည် နေ့စဉ်နှင့်အမျှ အကြမ်းဖက်လုပ်ရပ်များအား ပုံသဏ္ဍာန်မျိုးစုံဖြင့် ကျူးလွန်ခွင့်ရရှိနေသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အာဏာသိမ်းစစ်အုပ်စုအပေါ် ဖိအားပေး

ချဉ်းကပ်နေကြသော ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများ၏ လုပ်ဆောင်ချက်များကို အားမလိုအားမရဖြစ်နေကြပြီ ဖြစ်သည်။ ထို့အတူ အာဏာသိမ်း စစ်အုပ်စုအား ခုခံတော်လှန်စစ် ကြေညာထားသော NUG အပါအဝင် နွေဦးတော်လှန်ရေး အင်အားစုများ၏ အချင်းချင်းညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် အရပ်သားပြည်သူများအပေါ် စစ်အုပ်စု၏ အန္တရာယ်မှ အကာအကွယ်ပေးနိုင်မှုကို မေးခွန်းထုတ်လာနေသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ပဇီကြီးရွာဖြစ်စဉ်ကဲ့သို့သော စစ်အုပ်စု၏ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုများ ထပ်မံ မကြုံတွေ့စေရေးသည် နွေဦးတော်လှန်ရေးအင်အားစုတစ်ခုချင်းစီက ချဉ်းကပ်ဖြေရှင်းရမည့် ပုစ္ဆာတစ်ခုဖြစ်နေပါသည်။ တစ်ဖက်တွင်လည်း ပဇီကြီးရွာလေကြောင်းတိုက်ခိုက်မှုကဲ့သို့သော အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များအတွက် တရားမျှတမှု ရရှိနိုင်ရေး ပြင်ဆင်ရမည်ဖြစ်ကြောင်း ရှုမြင်မိပါသည်။

ဧပြီလ ၁၇ ရက်၊ မြန်မာသက္ကရာဇ် နှစ်ဆန်းတစ်ရက်နေ့၊ စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေး သပိတ်လှုပ်ရှားမှုများတွင်တော့ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာနေ ကျဆုံးအရပ်သား ပြည်သူများအား ရည်စူးကာ ကောင်းမှုကုသိုလ်ပြုခြင်း၊ ဆုတောင်းခြင်းများ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

“တစ်နိုင်ငံလုံးက ကုသိုလ်အမျှ ပဇီကြီးမှ ရပါစေ” ဟူ၏။



# သင်ခန်းစာယူရမည့်လူသားစာနာယာဉ်တန်းပစ်ခတ်ခံရမှု

## နိဒါန်း

စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲအဖြစ် ပြည်တွင်းစစ်မီး အပြန့်ကျယ်လာသည်နှင့်အတူ စစ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် မြန်မာပြည်သူအပေါင်း သန်းနှင့်ချီနေပြီဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စုနှင့် နွေဦးတော်လှန်ရေးအင်အားစုများအကြား အားပြိုင်မှုအတွင်း အမှန်တကယ်ထိခိုက်နစ်နာခဲ့ရသော၊ အမှန်တကယ် ထိရှပျက်စီးခဲ့ရသော အသက်များ၊ ဘဝများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများသည် နိုင်ငံတဝှမ်းလုံးတွင် လိုအပ်ချက်ကြီးမားနေပါသည်။

သို့သော် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများသည် အမှန်တကယ်လိုအပ်နေသော မြန်မာပြည်သူလူထုကြီးအတွက် အလှမ်းဝေးကွာနေလျက်ရှိပါသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အာဆီယံ လူသားချင်းစာနာမှု ကူညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးစင်တာ (AHA Center) ၏ ယာဉ်တန်းတစ်ခု ပစ်ခတ်ခံရမှု ဖြစ်ပွားခဲ့ပါသည်။

## ဖြစ်စဉ်

မေလ ၇ ရက်တွင် ဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ် ဆီဆိုင် - ဆိုက်ခေါင်လမ်းမပေါ်တွင် ဆီဆိုင်မြို့နယ်အခြေစိုက် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဆက်ဆံရေးရုံးသို့ စစ်ဘေးဒုက္ခသည်ကူညီရေးအတွက် သွားရောက်သည့် AHA Center ၏ ယာဉ်တန်းပစ်ခတ်ခံရမှု ဖြစ်ပွားခဲ့သည်။ ယာဉ်တန်းတွင် စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံမှ သံအရာရှိများ၊ AHA Center မှ တာဝန်ရှိသူများ လိုက်ပါလာခြင်းဖြစ်ပြီး ပစ်ခတ်မှုအတွက် အာဏာသိမ်းစစ်ကောင်စီနှင့် စစ်ကောင်စီလက်အောက်ခံ ပအိုဝ်းအမျိုးသားအဖွဲ့(PNO/ PNA)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) တို့အကြား မည်သူ့လက်ချက်ဖြစ်သလဲဆိုသည်က အငြင်းပွားဖွယ် အပြန်အလှန် ပြစ်တင်စွပ်စွဲလျက်ရှိသည်ကိုတွေ့ရသည်။

မေလ ၁၁ ရက်နေ့၊ PNLO ၏ ထုတ်ပြန်ချက်အရ ငြိမ်းချမ်းရေးဦးဆောင်အဖွဲ့(PPST) ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်ရုံးနှင့် AHA Center တို့အကြား ဆွေးနွေးညှိနှိုင်းမှုနှင့်အတူ ဖြစ်ပေါ်လာသော PNLO မှ ဦးဆောင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်နေပြီး ယင်းအကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သည့် မည်သည့်လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ဆန့်ကျင်ရှုတ်ချသည်ဟုဆိုပါသည်။

ဆီဆိုင်မြို့နယ်၊ နန့်အောရွာမြောက်ဘက် မီတာ ၂၀၀ အကွာတွင် ဖြစ်ပွားသော အဆိုပါ ပစ်ခတ်မှုကို အသင့်စောင့်ဆိုင်းနေကြသည့် အကြမ်းဖက်သမားငါးဦးက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ကောင်စီလက်အောက်ခံ PNO စစ်ဘက်ရေးရာအရာရှိတစ်ဦးက RFA ကို ပြောဆိုထားပါသည်။

"ဖြစ်တာကတော့ ကျနော်တို့ PNO လှုပ်ရှားနယ်မြေပေါ့နော်၊ အဲဒီကို သူတို့ကျူးကျော်ပြီး လာပစ်တာ။ ပြဿနာလည်း တစုံတရာ မရှိခဲ့ပါဘူး။ သူတို့ဘာအကြောင်းကြောင့် ပစ်တယ်ဆိုတာတော့ ကျနော်လည်းမသိဘူး"။ [1]

[1] ဆီဆိုင်မြို့နယ်မှာ သံအရာရှိတွေလိုက်ပါလာတဲ့ ယာဉ်တန်း ပစ်ခတ်ခံရ http://rb.gy/b7jqd

## ဆက်စပ်သတင်းများ

အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံသည် စစ်အာဏာသိမ်းမှုနှင့်အတူ တိုင်းပြည်အကျပ်အတည်းဖြင့် ရင်ဆိုင်နေရသော မြန်မာနိုင်ငံအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆက်လက်ပံ့ပိုးပေးနိုင်ရေးအတွက် ပြီးပြည့်စုံသော လိုအပ်ချက် အကဲဖြတ်မှုများကို အပြီးသတ်ပြုစုထားကြောင်းနှင့် မေလ ၉ ရက်မှ ၁၁ ရက်အတွင်း ပြုလုပ်မည့် အာဆီယံအဖွဲ့ခေါင်းဆောင်များတွေ့ဆုံရာတွင် အကဲဖြတ်မှု အပြီးသတ်နိုင်မည်ဟု မျှော်လင့်ထားသည်ဟု ဆိုပါသည်။ ယင်းသို့ လိုအပ်ချက်များ အကဲဖြတ်ရာတွင် အကူအညီလိုအပ်သူ အရေအတွက်၊ နေရာဒေသနှင့် မည်သည့်အကူအညီမျိုးကို လိုအပ်သည် စသည့်အချက်များ ပါဝင်ကြောင်း အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Kao Kim Hourn က ပြောဆိုထားပါသည်။

"အကြမ်းဖက်မှုတွေကြောင့် မြေပြင်မှာ ရွှေ့ပြောင်းနေရသူတွေ ရှိပါတယ်။ သူတို့ဘဝရှင်သန်ဖို့အတွက် လိုအပ်ချက်တွေကို တကယ်ကို လက်လှမ်းမမီနိုင်တဲ့သူတွေဖြစ်ပါတယ်။ ဒါတွေကို ကျနော်တို့အမှန်တကယ်အာရုံစိုက် ရမယ့်သူတွေလို့ ကျနော်ထင်ပါတယ်"ဟု ၎င်းက ဆိုပါသည်။ [2]

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း နူဆာတန်ဂါရာကျွန်းတွင် အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပရန် ရောက်ရှိနေသည့် အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒိုကလည်း AHA Center ၏ ယာဉ်တန်းပစ်ခတ်ခံရမှုနှင့် ပတ်သက်ပြီး "မြန်မာနိုင်ငံမှာ အာဆီယံရဲ့အကူအညီပေးရေးလုပ်ငန်းတွေ စတင်တော့မယ့်အချိန်မှာ အခုလိုတိုက်ခိုက်မှုဖြစ်တာ စိတ်ပျက်စရာပဲ"ဟု မေလ ၈ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြစ်တင်ရှုတ်ချခဲ့ပါသည်။ [3]

"ဒီဖြစ်ရပ်ဟာ အကြမ်းဖက်မှုတွေရပ်တန့်ဖို့ အာဆီယံနဲ့ အင်ဒိုနီးရှားတို့ရဲ့ ကတိကဝတ်တွေကို လျှော့ပါးစေမှာ မဟုတ်ဘူး"။ [4]

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဆိုခဲ့ပါ AHA Center ၏ ယာဉ်တန်းပစ်ခတ်ခံရမှုနှင့် ပတ်သက်ပြီး မြန်မာအာဏာသိမ်းစစ်ကောင်စီ၏ အာဆီယံဘုံသဘောတူညီချက်တွေကို လစ်လျူရှုပြီး တိုက်ခိုက်မှုများ ၊ အကြမ်းဖက်မှုများ ဆက်လက်ပြုလုပ်နေသည့်အတွက် မြေပြင်တွင် တရားဥပဒေစိုးမိုးမှုမရှိတော့သည်ကို ပြသနေခြင်းကြောင့် စိုးရိမ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

---

2 ASEAN finalising comprehensive humanitarian needs assessment in Myanmar http://rb.gy/5v55i

3 အာဆီယံ သံတမန်ယာဉ်တန်း တိုက်ခိုက်ခံရမှု နိုင်ငံတကာရှုတ်ချ http://rb.gy/3z1kc

4 Indonesia's Jokowi calls for end to violence in Myanmar after attack on ASEAN convoy http://rb.gy/5q2pj

"စစ်ကောင်စီအနေနဲ့ သံတမန်တွေနဲ့ အရပ်သားပြည်သူတွေကို အကာအကွယ်ပေးဖို့ အပါ အဝင် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေတွေကို လိုက်နာဖို့ လိုပါတယ်"ဟု အမေရိကန်က သတိပေးတိုက်တွန်းထားပါသည်။ [5]

## သုံးသပ်တင်ပြချက်

အာဏာသိမ်းစစ်ကောင်စီတပ်နှင့် စစ်ကောင်စီလက်အောက်ခံ ပအိုဝ်းအမျိုးသားအဖွဲ့(PNO)၊ NCA လက်မှတ်ရေးထိုးထားသည့် PNLO တို့သာ ထိန်းချုပ်လှုပ်ရှားရာနယ်မြေအတွင်း AHA Center မှ တာဝန်ရှိသူများ၊ စင်ကာပူနှင့် အင်ဒိုနီးရှားမှ သံတမန်အရာရှိများပါဝင်သော ယာဉ်တန်းပစ်ခတ် ခံရမှုသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာပြည်သူလူထုအတွက် ကူညီထောက်ပံ့လှူဒါန်းကြသော နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား စီမံခန့်ခွဲနေကြသည့် အာဆီယံအပါအဝင် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် သင်ခန်းစာယူသင့်သော ဖြစ်စဉ်ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။

အာဏာသိမ်းစစ်ကောင်စီနှင့် အပေါင်းအပါများ ၎င်းတို့ကိုယ်တိုင်၏ လုံခြုံရေးအတွက်ပင် အာမခံနိုင်သည့်အနေအထားတွင်မရှိတော့ဘဲ နိုင်ငံတဝှမ်းစစ်မျက်နှာဖွင့်ကာ နွေဦးတော်လှန်ရေး အင်အားစုများ၏ ခုခံတော်လှန်စစ်ဒဏ်ကို ရင်ဆိုင်ကြုံတွေ့နေပါသည်။ စစ်အာဏာသိမ်းကာလ နှစ်နှစ်တာကာလအတွင်း ၎င်းတို့အမှန်တကယ် စိုးမိုးအုပ်ချုပ်နိုင်သည့် နယ်မြေများသည် တဖြည်း ဖြည်းကျဉ်းမြောင်းလာခဲ့ပြီဖြစ်သည်။ ထိုအခြေအနေတွင် အာဏာသိမ်းစစ်အုပ်စုတစ်ခုတည်းနှင့် ပူးပေါင်းချိတ်ဆက်ခြင်း၊ နားလည်မှုစာချွန်လွှာရယူကာ အဖွဲ့အစည်းရပ်တည်ရေး၊ ဝန်ထမ်းများ နေထိုင်ခွင့်ရရှိရေးဆိုသည့် ကိုယ်ကျိုးစီးပွားအပေါ် တွက်ချက်ချဉ်းကပ်နေပါက အမှန်တကယ် အကူ အညီလိုအပ်နေသော မြန်မာပြည်သူလူထုထံ နိုင်ငံတကာလူသားချင်းစာနာထောက်မှုဆိုင်ရာ အကူ အညီများ ရောက်ရှိနိုင်ရေးသည် ကာလအတန်ကြာ အလှမ်းဝေးနေဦးမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတဝှမ်းလုံးတွင် စစ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင် နေကြ ရသော စစ်ဘေးဒုက္ခသည် ပြည်သူပေါင်း ၁ ဒသမ ၈ သန်းအထိ ရှိခဲ့ပြီဖြစ်သည်။ ထိုအနက် စစ်ကိုင်းနှင့် မကွေးတိုင်းအတွင်း စစ်ဘေးရှောင်အရေအတွက်သည် ၁ ဒသမ ၂ သန်းကျော် ရှိ သည်။ ထိုင်း - မြန်မာနယ်စပ်တလျှောက် ကရင်နီ(ကယား)၊ ကရင်၊ မွန်နှင့်တနင်္သာရီတိုင်း၊ အိန္ဒိယ - မြန်မာနယ်စပ် ချင်းပြည်နယ်၊ ထိုမှတဆင့် စစ်ကိုင်း၊ မကွေး စသဖြင့် အမှန်တကယ်အကူအညီ လိုအပ်နေသော မြန်မာပြည်သူများထံ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူ

---

[5] The Attack on AHA Centre Convoy http://rb.gy/6jspd

အညီများ ရောက်ရှိနိုင်ရေးအတွက် နည်းလမ်းအသစ်များ၊ ချဉ်းကပ်မှုပုံစံအသစ်များ ရှာဖွေကြဖို့ အချိန်တန်ပြီဟုဆိုရပါမည်။

အကြမ်းဖက်မှုများ ရပ်တန့်ရေး၊ တွေ့ဆုံဆွေးနွေးအဖြေရှာရေးဆိုသည့် လက်တွေ့ဖြစ်မလာနိုင်သေးသော စကားလုံး၊ စကားရပ်များအား အဆက်မပြတ်ရေရွတ်နေမည့်အစား အာဆီယံ အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြည်သူလူထုနှင့် အနီးစပ်ဆုံးအခြေအနေတွင် ရှိနေသော အစုအဖွဲ့အသီးသီးနှင့် ချိတ်ဆက်ဆောင်ရွက်သင့်ပြီဖြစ်သည်။ လက်ရှိအချိန်ထိ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG) စိုးမိုးထိန်းချုပ်ရာနယ်မြေများအတွင်းရှိ စစ်ဘေးသင့် ပြည်သူလူထုထံ လူသားစာနာအကူအညီများ ရောက်ရှိနိုင်ရေးအတွက် ကြိုးပမ်းသင့်ကြောင်း ရှုမြင်မိပါသည်။

ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် အာဆီယံလူသားချင်းစာနာမှုကူညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးစင်တာ (AHA Center)၏ ယာဉ်တန်းပစ်ခတ်ခံရမှုကို ကြီးမားသည့် သင်ခန်းစာအဖြစ် အသုံးချကာ အမှန်တကယ်အကူအညီလိုအပ်နေကြသော မြန်မာပြည်သူလူထုထံ လူသားစာနာအကူအညီများ ရောက်ရှိနိုင်ရေးအတွက် အပူတပြင်း ချဉ်းကပ်အဖြေရှာသင့်ပြီဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။




# မိုခါမုန်တိုင်းနှင့် စစ်အုပ်စု၏သရုပ်မှန်

## နီဒါန်း

ဘင်္ဂလားပင်လယ်အော်မှ အခြေတည်ဖြစ်ပေါ်လာသည့် မိုခါ (Mocha) ဆိုင်ကလုန်းမုန်တိုင်းသည် မေလ ၁၄ ရက်၊ မွန်းလွဲ ၁၂ နာရီ ၃၀ မိနစ်အချိန်တွင် တစ်နာရီလျှင် မိုင် ၁၂၀ မှ ၁၅၅ နှုန်းအထိ အပြင်းထန်ဆုံး တိုက်ခတ်ကာ ရခိုင်ပြည်နယ်အတွင်း စတင်ဝင်ရောက်ခဲ့သည်။ ထိုနေ့ ညနေ ၆ နာရီ ၃၀ မိနစ်အချိန်တွင် ချင်းပြည်နယ်နှင့် မကွေးတိုင်းအတွင်း တစ်နာရီလျှင် မိုင် ၁၂၀ နှုန်းကျော်ဖြင့် မေလ ၁၅ ရက် ညနေ ၆ နာရီ ၃၀ မိနစ်အချိန်အထိ တိုက်ခိုက်ခဲ့သည်။ ထိုမှတဆင့် လေတိုက်နှုန်းအရှိန်လျော့ကျကာ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်အတွင်း ဝင်ရောက်ခဲ့သည်။ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူး၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများကိုလည်း မိုခါ ဆိုင်ကလုန်းမုန်တိုင်းက အဖျားရိုက်ခတ်ခဲ့သည်။

မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်သည် ထိခိုက်ပျက်ဆီးဆုံးရှုံးမှုနှင့် အသက်သေဆုံးမှု အများဆုံးဖြစ်ခဲ့သည်။ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်တို့သည်လည်း မုန်တိုင်းကြောင့် ထိခိုက်ပျက်ဆီးဆုံးရှုံးမှု များပြားခဲ့သည်ကို တွေ့ရပါသည်။

## မိုခါမလာခင် ကြိုတင်ပြင်ဆင်မှုများ

၂ နှစ်ကျော် ကြာမြင့်လာသည့် စစ်အာဏာသိမ်းရန် ကြိုးပမ်းနေမှုအား နည်းလမ်းမျိုးစုံဖြင့် ဆန့်ကျင်တော်လှန်နေကြသော နွေဦးတော်လှန်ရေးအင်အားစုများအတွင်း မေလ ၁၀ ရက်၊ ၁၁ ရက် နေ့များကတည်းကပင် မိုခါဆိုင်ကလုန်းမုန်တိုင်းနှင့် ဆက်စပ်သော သတင်းအချက်အလက်များ၊ ဆောင်ရန်ရှောင်ရန်များနှင့် ကြိုတင်ပြင်ဆင်မှုများကိုသတိပြုဆော်သြနေကြပြီဖြစ်သည်။

ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်ဖြူ၊ မောင်တော၊ ရသေ့တောင်၊ မြေပုံ၊ ပေါက်တောနှင့် မာန်အောင်မြို့နယ်တို့ကို အန္တရာယ်ရှိမှုအမြင့်ဆုံး အနီရောင်အဆင့်သို့ သတ်မှတ်ခဲ့ပြီး ဒေသတွင်း လူထုအခြေပြု အရပ်ဖက်အဖွဲ့အစည်းများနှင့် ရက္ခိုင်တပ်တော်(ULA/AA) တို့က ဒေသခံ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးမှုများ ပြုလုပ်ခဲ့သည်။

"ရခိုင်ပြည်သူ တစ်သိန်းကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားပြီဖြစ်ကြောင်း" ULA/AA ပြောခွင့်ရသူ ခိုင်သုခက ပြောဆိုသည်။[1] အာဏာသိမ်းစစ်ကောင်စီလက်အောက်ခံ ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူးကလည်း ကျောက်ဖြူမြို့ပေါ်တွင် ကယ်ဆယ်ရေးစခန်း ၁၀ ခု ဖွင့်လှစ်ထားပြီး လူဦးရေ နှစ်သောင်းခန့် ခိုလှုံလျက်ရှိသည်ဟု ဆိုပါသည်။ [2]

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(WFP)ကလည်း ရခိုင်ပြည်နယ်နှင့် အနီးတဝိုက်ရှိ ဆက်စပ်ဒေသများမှ လူဦးရေ ၄ သိန်းအတွက် တစ်လစာ စားနပ်ရိက္ခာများ ပြင်ဆင်ထားကြောင်း မေလ ၁၃ ရက်တွင် ထုတ်ပြန်ပါသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ကတော့ မိုခါ မုန်တိုင်းအန္တရာယ်အတွက် အရေးပေါ်တုန့်ပြန်ကူညီမှုများ ပြုလုပ်နိုင်ရန် အသင့်ပြင်ထားကြောင်း မေလ ၁၁ ရက်က ထုတ်ပြန်ပါသည်။

မိုခါဆိုင်ကလုန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ကြုံတွေ့ရနိုင်သည့် ဘေးအန္တရာယ်များကို ကာကွယ်လျှော့ချနိုင်ရန်အတွက် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၏ လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနကလည်း မုန်တိုင်းဒဏ် သက်ရောက်နိုင်ခြေရှိသည့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊

---

[1] ပေါက်တောမြို့နယ် ငှက်ချောင်းနှင့် ဆင်တက်မော် IDP စခန်းတို့မှ မွတ်ဆလင်ဒုက္ခသည်ထောင်နှင့်ချီပြီး ကြိမ်နီပြင်သို့ ပြောင်းရွှေ့ခိုလှုံ http://rb.gy/8gpp5

[2] ကျောက်ဖြူမြို့တွင် ကယ်ဆယ်ရေးစခန်း ၁၀ ခုခန့်ဖွင့်ထား၊ လူဦးရေနှစ်သောင်းခန့်အထိ ခိုလှုံလျက်ရှိနေ http://rb.gy/pausz

မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအခြေစိုက် အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် လက်တွဲကာ ပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ကာကွယ်မှုများ ဆောင်ရွက်ခဲ့သည်ဟု မေလ ၁၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ရခိုင်ဒေသသည် မုန်တိုင်း စတင်ဝင်ရောက်လာမည့် ကမ်းရိုးတန်းဒေသ ဖြစ်သဖြင့် ဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပြင်ဆင်မှုများ အထူးပြုလုပ်ထားရန် ရခိုင်ဒေသအခြေစိုက် အရပ်ဘက် လူမှုအဖွဲ့ Arakan Heritage Foundation နှင့်လက်တွဲကာ အကြိုပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပြီဟု ဆိုပါသည်။

ဆိုရသော် မိုခါဆိုင်ကလုန်း မုန်တိုင်းဝင်ရောက်မလာခင်အချိန်ထိ သတင်းအချက်အလက်စီးဆင်းမှုအပါအဝင် ရခိုင်ပြည်သူလူထုနှင့် တခြားမုန်တိုင်းဒဏ်သင့်နိုင်ချေရှိသောတိုင်းနှင့်ပြည်နယ်များမှ ပြည်သူများအတွက် ကြိုတင်ပြင်ဆင်မှုအပိုင်းတွင် အားကောင်းခဲ့သည်ဟု ဆိုနိုင်ပါသည်။ သို့သော် အာဏာသိမ်းစစ်အုပ်စု၏ လူသားမဆန်သော ပြုမူလုပ်ဆောင်ချက်များကမူ မိုခါမုန်တိုင်းထက်ပင် ပိုမိုဆိုးရွားနေသေးသည်ကို တွေ့ရှိခဲ့ရသည်။

## လူသားမဆန်သော စစ်အုပ်စု၏ သရုပ်မှန်

ရခိုင်ပြည်နယ်သို့ မိုခါမုန်တိုင်းဝင်ရောက်သည့် မေလ ၁၄ ရက်နေ့တွင် တနင်္သာရီတိုင်း ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတည်ရှိရာ နဘုလယ်ဒေသကို အာဏာသိမ်းစစ်ကောင်စီက လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အဆိုပါဒေသတွင် ဒေသအခြေပြု ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုရှိခဲ့သည့်အတွက် စစ်ကောင်စီဘက်မှ Jet Fighter ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ [3]

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ်အနောက်ဘက်ခြမ်းတွင်လည်း မေလ ၁၄ ရက်၊ နံနက် ၆ နာရီခွဲခန့်တွင် စစ်ကောင်စီတပ်များ အကြောင်းမဲ့စစ်ကြောင်းထိုးလာသဖြင့် အင်းပတ်၊ ချမ်းသာကုန်း၊ ကုန်းသာ စသည့်ကျေးရွာများ ဒေသခံအရပ်သားပြည်သူ ၃၀၀၀ ကျော်သည် မိုခါမုန်တိုင်းအရှိန်ကြောင့် ရွာသွန်းနေသော မိုးရေများနှင့်အတူ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်ဟု ဆိုပါသည်။ အင်းပတ်ရွာအတွင်း စစ်ကောင်စီတပ်များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်မှုကြောင့် အသက် ၄ နှစ်အရွယ် ကလေးငယ်တစ်ဦး ကျည်ဆန်ထိမှန်ဒဏ်ရာရရှိခဲ့ပါသည်။ [4]

---

[3] ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်း တည်ရှိရာ နဘုလယ်ဒေသကို စစ်ကောင်စီက လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက် http://rb.gy/7alyi

[4] မိုးထဲရေထဲ စစ်ကြောင်းထိုးခံနေရသဖြင့် ခင်ဦးအနောက်ခြမ်းမှ ဒေသခံ ၃,၀၀၀ ခန့် ထွက်ပြေးနေရ http://rb.gy/vxty1

မိုခါဆိုင်ကလုန်းမုန်တိုင်းအလွန် မေလ ၁၇ ရက်နေ့၊ စစ်ကိုင်းတိုင်း ကန့်ဘလူခရိုင် ထန်းကုန်းတိုက်နယ်အတွင်းတွင် စစ်ကောင်စီတပ်က စစ်ကြောင်း ၄ ကြောင်းဖြင့် ဖြန့်ကျက် ဝင်ရောက်လာသောကြောင့် ကျေးရွာပေါင်း ၃၀ ကျော်မှ ဒေသခံအရပ်သားပြည်သူ ၃၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ထိုနေ့နံနက်ပိုင်းတွင် စစ်ကောင်စီတပ် ခမရ (၃၆၁) ၊ ခမရ (၃၆၈)နှင့် နယ်မြေခံပျူစောထီး အင်အား ၃၀၀ ကျော်တို့ ပူးပေါင်းကာ စစ်ကြောင်း ထိုးဝင်ရောက်လာခြင်းဖြစ်ကြောင်း ကျွန်းလှ တက်ကြွလှုပ်ရှားသူများအဖွဲ့က မဇ္ဈိမသတင်းဌာနကို ပြောဆိုထားပါသည်။ [5]

မြန်မာပြည်သူလူထုသည် သဘာဝဘေးအန္တရာယ်နှင့်အတူ အာဏာသိမ်းစစ်အုပ်စု၏ လူသား မဆန်လုပ်ရပ်များကိုပါ တပြိုင်နက်တည်း ရင်ဆိုင်ကြုံတွေ့နေရခြင်းဖြစ်သည်။

## ဆက်စပ်သတင်း တွေ့ရှိချက်များ

မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် စစ်တွေမြို့သည် ၉၀ ရာခိုင်နှုန်းနီးပါး ပျက်ဆီးဆုံးရှုံးခဲ့ရပြီး အရေးပေါ်အကူအညီများ လိုအပ်လျက်ရှိသည်။ ထိုအတွက် ရက္ခိုင်တပ်တော် (ULA/AA) သည် မုန်တိုင်းဒဏ်သင့်ရခိုင်ပြည်သူလူထုအတွက် အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီကို မေလ ၁၇ ရက်တွင် ဖွဲ့စည်းခဲ့သည်။

"အာရက္ခ ပြည်သူ့အစိုးရအနေနဲ့ရှိသမျှ အရင်းအမြစ်တွေကို အကောင်းဆုံးစုစည်း ပြီးတော့ ကြိုးစားလုပ်ဆောင်နေပေမယ့်လည်း ဒီသဘာဝဘေးအန္တရာယ် ကပ်ဆိုးကြီးကို ဖြေရှင်းပေးဖို့ အတွက် မလုံလောက်နိုင်ပါ။ အဲ့ဒီအပေါ်မှာ နိုင်ငံတကာအဖွဲ့အစည်းတွေ NGO၊ INGO တွေ ဒေသ အတွင်းမှာရှိနေတဲ့ လူမှုအခြေပြုအဖွဲ့အစည်းတွေနဲ့လည်း အာရက္ခပြည်သူ့အစိုးရနဲ့အတူ အနီးကပ် ပူးပေါင်းဆောင်ရွက်ပြီးတော့ လိုအပ်တဲ့ အကူအညီတွေကို ပေးအပ်သွားဖို့အတွက် အထူးမေတ္တာ ရပ်ခံလိုပါတယ်"ဟု ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်ဥက္ကဋ္ဌလည်းဖြစ်၊ ရက္ခိုင့်တပ်တော်၏ တပ်မှူးချုပ်လည်း ဖြစ်သူ ဗိုလ်ချုပ်ထွန်းမြတ်နိုင်က မေတ္တာရပ်ခံထားပါသည်။

ULA/AA ထံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ ကျပ်သိန်း ၁၀၀၀၊ ကချင်လွတ်မြောက် ရေးအဖွဲ့ (KIO) ဗဟိုဌာနချုပ်မှ ကျပ်သိန်း ၃၀၀၀ နှင့် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ (MNTJP/MNDAA) မှ ကျပ်သိန်း ၁၀၀၀အဖြစ် အရေးပေါ်ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် လူသားချင်းစာနာထောက်ထားမှုအနေဖြင့် ပေးအပ်လှူဒါန်းခဲ့သည်။

---

[5] ကန့်ဘလူနယ်တွင် မုန်တိုင်းအပြီး စစ်ကောင်စီတပ်စစ်ကြောင်းထိုးနေ၍ ပြည်သူ ၃၀၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင် နေရ http://rb.gy/ihts9

ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံ ကော့ဘဇားရှိ ဒုက္ခသည်စခန်းတို့အား ကျပ်သိန်း ၆၄၀၀ ကျော် ထောက်ပံ့ကူညီခဲ့ကြောင်း မေလ ၁၇ ရက်တွင် NUG က ထုတ်ပြန်ထားသည်။ မိုခါမုန်တိုင်းကြောင့် တိုင်းနှင့်ပြည်နယ် (၇) ခုတွင် ပြည်သူ ၄၅၅ ဦးသေဆုံးခဲ့ကြောင်း NUG က ထုတ်ပြန်ထားသော်လည်း အာဏာသိမ်း စစ်ကောင်စီ၏ မေလ ၁၈ ရက် ထုတ်ပြန်ချက်တွင်မူ မုန်တိုင်းအပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၄၇ ဦးသာ သေဆုံးခဲ့သည်ဟု ဆိုထားသဖြင့် အချက်အလက် ကွဲလွဲနေသည်ကို သတိပြုမိပါသည်။ [6]

အဆိုပါအချက်အလက်ကွဲလွဲမှုကို လေ့လာကြည့်ပါက NUG ၏ စာရင်းတွင် စစ်တွေ မြို့နယ် အတွင်းရှိ ဒုက္ခသည်စခန်းများအတွင်း သေဆုံးသူအရေအတွက် ပါဝင်နေပြီး အာဏာသိမ်း စစ်ကောင်စီ၏ ထုတ်ပြန်ချက်တွင် အဆိုပါအကြောင်းရာ ပါဝင်ခြင်းမရှိသည်ကို တွေ့ရပါသည်။

## သုံးသပ်တင်ပြချက်

အာဏာသိမ်းစစ်ခေါင်းဆောင်သည် မိုခါမုန်းတိုင်းအလွန် မေလ ၁၅ ရက်တွင် စစ်တွေမြို့သို့ သွားရောက်ကာ ကျပ်သိန်း (၇၀၀၀၀) ထောက်ပံ့မည်ဖြစ်ကြောင်းနှင့် အလှူရှင်များထံမှ ကျပ်သိန်း (၁၃၀၀၀၀) ကျော်လက်ခံရရှိထားပြီး နိုင်ငံတကာမှ အကူအညီများ ပေးအပ်ရန် ကမ်းလှမ်းမှုကို လည်း လက်ခံထားသည်ဟု ဆိုပါသည်။ ဒေသခံလူမှုရေးအဖွဲ့အစည်းများကမူ မုန်တိုင်းကာလ အတွင်းရော၊ မုန်တိုင်းအလွန်ကာလ မေ ၁၅ ရက်နေ့ အထိ အာဏာသိမ်းစစ်ကောင်စီဘက်မှ တစ်စုံတစ်ရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဖိဖိစီးစီး စတင်လုပ်ဆောင်မှုမျိုးမရှိသေးကြောင်း ပြောဆို ကြပါသည်။ [7]

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ပြောဆိုချက်များသည် လက်တွေ့လုပ်ဆောင်ချက်များနှင့် ကင်းကွာနေသည်ကို တွေ့ရသည်။ မိုခါမုန်တိုင်းသင့်ပြည်သူများအတွက် အမှန်တကယ်ထောက်ပံ့ ကူညီလိုသော စိတ်ဆန္ဒထက် မိုခါမုန်တိုင်းကို အကြောင်းပြုပြီး ၎င်းတို့ လုယူထားသော အာဏာ တည်မြဲရေးအတွက် တပ်တွင်း၊ တပ်ပြင်နှင့် နိုင်ငံဝန်ထမ်းများအတွင်း ဝါဒဖြန့်နိုင်ရေးအတွက် လှုပ်ရှားဆောင်ရွက်မှုမျှသာ ဖြစ်နိုင်ကြောင်း ရှုမြင်မိပါသည်။

အကြောင်းမူ အာဏာသိမ်းစစ်အုပ်စုသည် နိုင်ငံတစ်ဝှမ်းလုံးတွင် ၎င်းတို့နယ်မြေခြေကုတ်ယူ နိုင်ခြင်းမရှိတော့သည့် ဒေသများအတွင်း ကျေးရွာအလိုက် မီးရှို့ဖျက်ဆီးမှုကြောင့် အရပ်သား

[6] မိုခါမုန်တိုင်းဒဏ်ကြောင့် ပြည်နယ်/တိုင်း ၇ခုတွင် သေဆုံးသူ ၄၅၅ ဦးရှိပြီဖြစ်ကြောင်း NUG ထုတ်ပြန် "စစ်ကောင်စီ၏ မေလ ၁၆ ရက်ထုတ်ပြန်ချက်တွင် သေဆုံးသူ ၄၇ ဦးသာရှိဟုဆို " http://rb.gy/f3by7

7 မုန်တိုင်းဒဏ်ခံရသည့် စစ်တွေကို စစ်ကောင်စီဥက္ကဋ္ဌရောက်ရှိလာ၊ သိန်းပေါင်း ၇သောင်းနှင့်ထောက်ပံ့ရေး ပစ္စည်းများပေးအပ် http://rb.gy/ccq3t

ပြည်သူပိုင်နေအိမ်၊ အဆောက်အဦပေါင်း ၆၀၀၀၀ ကျော် မီးလောင်ပြာကျခဲ့ရပြီး မဟုတ်ပါလား။ ထို့အပြင် အရပ်သားပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် လေကြောင်းမှတဆင့် ဗုံးကြဲ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြိမ်ပေါင်းလည်း ရာနှင့်ချီခဲ့ပြီဖြစ်သည်။ ၎င်းတို့၏ လက်နက်ကြီး လက်နက်ငယ်များ ရမ်းသန်းပစ်ခတ်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသော အရပ်သားပြည်သူပေါင်း ထောင်နှင့်သောင်းနှင့် သိန်းနှင့်သန်းနှင့်ချီခဲ့ပြီဖြစ်သည်။

စောင့်ကြည့်လေ့လာဝေဖန်သူများကတော့ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အပေါင်းအပါတသိုက်သည် ပြည်သူလူထုအား ပစ်ခတ်သတ်ဖြတ်နိုင်သည့် စစ်လက်နက်ပစ္စည်းများကို အမေရိကန်ဒေါ်လာပေါင်း ဘီလီယံချီသုံးစွဲကာ ဝယ်ယူထားသော်လည်း မုန်တိုင်းဒဏ်သင့် ပြည်သူလူထုအား ကူညီကယ်ဆယ်ရေးတွင်တော့ တွန့်ဆုတ်တုန့်ဆိုင်းနေကြောင်း အပြစ်တင်ကြသည်။ ထို့အပြင် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအား အရေးပေါ်ကူညီနိုင်ရေး အတွက်ပင် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုကူညီရေးအဖွဲ့များအနေဖြင့် အာဏာသိမ်း စစ်အုပ်စု၏ ခွင့်ပြုချက်ကို စောင့်ဆိုင်းနေရဆဲ ဖြစ်ပါသည်။

မိုခါမုန်တိုင်းကာလအတွင်းတွင်ပင် ရပ်ရွာများအတွင်း စစ်ကြောင်းထိုးခြင်းနှင့် လေကြောင်းမှ တဆင့် ဗုံးကြဲတိုက်ခိုက်မှုများကို အရှိန်အဟုန်မပျက် လုပ်ဆောင်နေနိုင်ခြင်းသည် အာဏာသိမ်း စစ်အုပ်စု၏ လူသားမဆန်သော သရုပ်မှန်ကို ပေါ်လွင်စေကြောင်း ရှုမြင်သုံးသပ်ရပါသည်။



# စစ်အုပ်စုအားထိတ်လန့်စေသောပန်းသပိတ်လှုပ်ရှားမှု

နီဒါန်း

ဖွန်လ ၁၉ ရက်၊ မွေးနေ့ရှင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုကြရင်း အာဏာသိမ်း စစ်အုပ်စုအား ဆန့်ကျင်တော်လှန်ရေးလှုပ်ရှားမှုတရပ်အဖြစ် "ပန်းသပိတ်"ကို နွေဦးတော်လှန်ရေး အင်အားစုများနှင့်အတူ ပြည်သူလူထုက လိုက်ပါလှုပ်ရှားခဲ့ကြသည်။ ဇွန်လ ၁၅ ရက်စတင်ပြီး "ပန်းသပိတ်"အတွက် အကြိုဆော်သြမှုများဖြစ်သည့် "ဗေဒါပုံ့ အံကိုခဲ၊ ပန်းပန်လျက်ပဲ" ဆိုသည့် ကြွေးကြော်သံများသည် နိုင်ငံတဝှမ်းလုံးသို့ လွင့်ပျံ့နေခဲ့ပြီဖြစ်သည်။

မွေးနေ့ရှင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ အဓမ္မဖမ်းဆီးခံ ထားကြရသည့် ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူ အကျဉ်းသူအကျဉ်းသားများအားလုံးအား အောက်မေ့ခြင်း၊ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် တော်လှန်သမိုင်းအဆက်ဆက်တွင် ပါဝင် လှုပ်ရှားနေကြသော အမျိုးသမီးထု၏ ဂုဏ်ရည်ကို ဖော်ညွှန်းခြင်း စသည့်အကြောင်းရင်းခံများဖြင့်

"ပန်းသပိတ်လှုပ်ရှားမှုကြီး"ကို ဆော်ဩခဲ့ခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်း မုံရွာလူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီက ရှင်းပြထားသည်။ ထို့အပြင် ကမ္ဘာ့ပြည်သူများနည်းတူ၊ မြန်မာပြည်သူလူထု ကပါ ပန်းများဖြင့် တွဲဖက်ရှုမြင်လေ့ရှိသည့် ဒေါ်အောင်ဆန်းစုကြည်၏ ပုံရိပ်ကို ထင်ဟပ်စေသည့် အတွက် "ဘုရားပန်းအိုး အသစ်တင်ကြမယ်၊ အိမ်တွင်းအိမ်ပြင်၊ အိမ်ရှေ့တိုင်းမှာ ပန်းတွေထိုးကြ မယ်၊ ဆင်ကြမယ်။ ပန်းအလှတွေ ချိတ်ဆွဲပြင်ဆင်ကြမယ်။ Online ရော Off-line မှာပါ ပန်းသပိတ် ကမ်ပိန်း ဆောင်ရွက်ကြမယ်ဗျာ။ လမ်းမထက်မှာ နိစ္စဓူဝ လှုပ်ရှားသွားလာကြမယ့် အမျိုးသမီး၊ အမျိုးသား ပြည်သူအားလုံးကလည်း ပန်းပန်ကြမယ်၊ ရင်ဘတ်မှာ ပန်းထိုးကြမယ်ဗျာ။ ပန်းနဲ့ ပတ်သက်ဆက်နွယ်တဲ့ လှုပ်ရှားမှုမျိုးစုံကို မိမိတို့ ဉာဏ်ရှိသလို ဆန်းသစ်တီထွင် ကွန့်မြူးပြီး ဖော်ဆောင်ကြမယ်"ဟု ကြေညာခဲ့ပါသည်။

## အရောင်အသွေးစုံသော ပန်းသပိတ်လှုပ်ရှားမှုများ

စစ်ကိုင်းတိုင်း တန့်ဆည်မြို့ စစ်အာဏာရှင်ဆန့်ကျင်ရေး သပိတ်စစ်ကြောင်းနှင့် ဒေသခံ ပြည်သူများစုပေါင်းကာ "တော်လှန်ပန်းများ လွင့်ပျံ၊ အမျိုးသမီးထုအားမာန်" ဟူသည့် စာသားပါ ချည်သားဆိုင်းဘုတ်များကိုင်ဆောင်ပြီး ဇွန် ၁၉ ရက်နေ့ ပန်းသပိတ်ကို ဆင်နွှဲခဲ့ကြသည်။ မုံရွာ တက္ကသိုလ်ကျောင်းသားများသမဂ္ဂနှင့် လက်ပံတောင်းတောင်ပင်မသပိတ်စစ်ကြောင်းတို့ ပူးပေါင်းကာ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာ (၃) ရွာမှ ဒေသခံပြည်သူများစုပေါင်းကာ ပန်းသပိတ် ဆင်နွှဲခဲ့ပြီး နိုင်ငံကျော်အဆိုတော် ခင်မောင်တိုး၏ "ခွန်အားဖြည့်မိငယ်"သီချင်းအားသီဆိုပြီး မွေးနေ့ရှင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုခဲ့ကြပါသည်။ ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာ ပေါင်းစုံမှ ပြည်သူများကလည်း "ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးခံသူရဲကောင်းများ အားလုံးကျန်းမာစေကြောင်း ဆုတောင်းမေတ္တာပို့ရင်း စစ်အာဏာရှင်အမြစ်ပြတ်ရေး" ပန်းသပိတ် ပြုလုပ်ခဲ့ကြသည်။

မကွေးတိုင်း အမှတ်(၁) စစ်ဒေသ၊ မကွေးခရိုင် အမှတ် (၁) တပ်ရင်းမှ အာဏာသိမ်း စစ်အုပ်စုအား ခုခံတော်လှန်စစ် ဆင်နွှဲတိုက်ပွဲဝင်နေကြသော ရဲဘော်၊ ရဲမေများကလည်း ဦးခေါင်း ထက်တွင် နှင်းဆီပန်းများပန်ဆင်ကာ ပန်းသပိတ်လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသည်။ အမျိုးသား ညီညွတ်ရေးအစိုးရ(NUG) လက်အောက်ခံ မန္တလေးတိုင်း သပိတ်ကျင်းပြည်သူ့ကာကွယ်ရေးအဖွဲ့မှ ရဲဘော်၊ရဲမေများကလည်း လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ ဖမ်းဆီးထိမ်းသိမ်း ခံထားရသော နိုင်ငံရေးအကျဉ်းသားအားလုံးကို လေးစားဂုဏ်ပြုသောအားဖြင့် ပန်းသပိတ်လှုပ်ရှား မှုတွင် ပါဝင်ခဲ့ပါသည်။ ပခုက္ကူခရိုင် အမှတ် (၁၀) တပ်ရင်းတွင်လည်း ရဲဘော်များ၏ ရင်ဘတ် ထက်တွင် နှင်းဆီပန်းများထိုးကာ ပန်းသပိတ်လှုပ်ရှားခဲ့ကြပါသည်။




*ဓာတ်ပုံ-မကွေးခရိုင် (၁) တပ်ရင်း*

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ်အတွင်းတွင်တော့ ဒေသခံကလေးငယ်များ စုပေါင်းကာ ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ပန်းသပိတ်လှုပ်ရှားမှုပြုလုပ်ခဲ့ပြီး ဝက်လက်မြို့နယ် လူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီမှဦးဆောင်ပေးခဲ့သည်ဟု ဆိုပါသည်။ ဒီပဲယင်းမြို့နယ်အတွင်းရှိ စစ်ဘေးရှောင် ကျောင်းသား၊ ကျောင်းသူများအတွက် ပန်းသပိတ်လှုပ်ရှားမှုနှင့်အတူ S&C မီးဘေးစစ်ဘေးပညာရေးကူညီစောင့်ရှောက်ရေးအဖွဲ့က ကြာဖံဟင်းခါးဖြင့် အာဟာရဒါနကျွေးမွေးခဲ့ပါသည်။

ရန်ကုန်မြို့ရှိ တော်လှန်ရေးအင်အားစုများကတော့ လုံခြုံရေးတင်းကြပ်နေသည့်အကြားမှ ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့လှုပ်ရှားမှုအဖြစ် “We Miss You” စာသားပါ ချည်သားဆိုင်းဘုတ်ကို လူကူးဂုံးကျော်တံတားတစ်ခုတွင် ချိတ်ဆွဲထားပါသည်။

မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး မစ္စတာခရစ္စတင်းလီချာဗေး (Mr.Christain Lechervy)ကလည်း ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ် ပန်းသပိတ်တွင် ပါဝင်ခဲ့ပြီး စစ်အာဏာသိမ်းမှုစတင်ကတည်းက ဖမ်းဆီးထားသည့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချွင်းချက်မရှိလွှတ်ပေးဖို့ တောင်းဆိုခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့အစည်း (EU) ကလည်း နှင်းဆီပန်းအပါအဝင် ပန်းပေါင်းစုံပါဝင်သည့် ဓာတ်ပုံအား ၎င်းတို့၏ Facebook Cover အဖြစ် ပြောင်းလဲဖော်ပြကာ ပန်းသပိတ်တွင် ပါဝင်လှုပ်ရှားခဲ့သည်ကို တွေ့ရ ပါသည်။

ဆိုရသော် ၇၈ နှစ်ပြည့်မွေးနေ့ရှင် ဒေါ်အောင်ဆန်းစုကြည်အတွက် ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ပန်းသပိတ်လှုပ်ရှားမှုကြီးသည် အာဏာသိမ်းစစ်အုပ်စု၏ ထိန်းချုပ်နိုင်စွမ်း လျော့ရဲပျက်ပြားနေသည့် စစ်ကိုင်း၊ မကွေးကဲ့သို့ ဒေသများအတွင်း ရာနှင့်ချီသည့် စုပေါင်းလှုပ်ရှားမှုကြီးများကို မြင်တွေ့ခဲ့ရပြီး ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးပြကြီးများတွင်မူ ပြောက်ကျားနည်းလမ်းဖြင့်လည်းကောင်း၊ ညဏ်ပွင့်လန်းသလို ကိုယ့်နည်းကိုယ်ဟန်မျိုးစုံဖြင့် ပန်းသပိတ်တွင် ပါဝင်လှုပ်ရှားခဲ့ကြသည်ဟု ဆိုရပါမည်။ တချို့ကပန်းပွင့်များဆင်မြန်းပြီး ရိုက်ကူးထားသည့် ဓာတ်ပုံများ၊ မွေးနေ့ဆုတောင်းစကားများနှင့်အတူ ရုပ်သံဖိုင်များရိုက်ကူးကာ လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပန်းသပိတ်တွင် ပါဝင်လှုပ်သူများလည်း ရှိခဲ့သည်ကို မှတ်တမ်းပြုရပါသည်။

## ပန်းသပိတ်က စစ်အုပ်စုအား ထိတ်လန့်စေ

ဇွန်လ ၁၉ ရက်၊ နိုင်ငံတဝှမ်းလုံးရှိ ပန်းသပိတ်လှုပ်ရှားမှုများသည် အာဏာသိမ်းစစ်အုပ်စုအား ကြီးမားစွာထိတ်လန့်ကြောက်ရွံ့စေသည်ကို အံ့သြဖွယ်တွေ့ရှိရပါသည်။ အထူးသဖြင့် ပန်းပန်သူ၊ ပန်းရောင်းသူနှင့် ပန်းကို လက်တွင်ကိုင်ဆောင်သူကအစ အာဏာသိမ်းစစ်အုပ်စု၏ အစေအပါးတသိုက်က လိုက်လံဖမ်းဆီးခြင်းများ၊ ရိုက်နှက်ခြိမ်းမောင်းခြင်းများ ရှိခဲ့ပါသည်။

ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့ပေါ်တွင် ပန်းသပိတ်လှုပ်ရှားမှုပြုလုပ်သည်ဟု စွပ်စွဲကာ အမျိုးသမီး (၅၀) ဦးနှင့် အမျိုးသား (၃၀) နီးပါးအား စစ်ကောင်စီတပ်သားများက ဖမ်းဆီးခဲ့သည်။ မော်လမြိုင်ကျွန်းမြို့ အမှတ် ၉၊ ၁၀၊ ၁၁ ရပ်ကွက်များတွင် လူနေအိမ်များအတွင်းထိ စစ်ကောင်စီတပ်သားများက ဝင်ရောက်ရှာဖွေစစ်ဆေးသည်ဟု ဆိုပါသည်။ [1]

စစ်ကိုင်းတိုင်း ကလေးမြို့ပေါ်ရှိ မြို့မဈေးအပါအဝင် မြို့တွင်းလူစည်ကားရာနေရာများတွင် ပန်းပန်ထားသူ၊ ပန်းရောင်းသူအမျိုးသမီး ၄၀ ခန့်ကိုစစ်ကောင်စီလက်အောက်ခံ ရဲနှင့်စစ်သားများက ဖမ်းဆီးခဲ့ပါသည်။ [2]

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ ပန်းဘဲတန်းမြို့နယ်နှင့် တာမွေမြို့နယ်များအတွင်း ပန်းသပိတ်တွင် ပါဝင်သဖြင့် အမျိုးသမီး ၂၈ ဦးနှင့် အမျိုးသား တစ်ဦးအား စစ်ကောင်စီ တပ်သားများက ဖမ်းဆီးခဲ့သည်။ မန္တလေးတိုင်း ရမည်းသင်းအကျဉ်းထောင်မှထောင်ဝင်စာတွေ့ပြီး ပြန်လာသည့် ဒေါ်စန္ဒာမြင့်နှင့် အမျိုးသားနှစ်ဦးကိုလည်း ပန်းသပိတ်လှုပ်ရှားသည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ပါသည်။

ဆိုရသော် လက်နက်အားကိုးဖြင့် နိုင်ငံတဝှမ်းလုံးရှိ ပြည်သူလူထုအပေါ် ဖိနှိပ်ချုပ်ချယ်ကန့်သတ်မှုများ ပြုလုပ်နေသည့် အာဏာသိမ်းစစ်အုပ်စုသည် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့

---

[1] မော်ကျွန်းမှာ ပန်းသပိတ်စွပ်စွဲချက်နဲ့ ဖမ်းဆီးခံရသူ ၈၀ နီးပါးပြန်လွတ်လာ http://rb.gy/e5hpk

[2] ကလေးမြို့တွင် ပန်းပန်ထားသူ အမျိုးသမီး ၄၀ ခန့် ဖမ်းဆီးခံရ http://rb.gy/3ix5h

အထိမ်းအမှတ် ပန်းသပိတ်လှုပ်ရှားမှုကိုပင် လက်သင့်မခံနိုင်ဘဲ ထိတ်လန့်ကြောက်ရွံ့နေသည်ဟု ဆိုရပါသည်။ နိုင်ငံတဝှမ်းလုံးတွင် ဇွန်လ ၁၉ ရက် နေ့တစ်ရက်တည်း ပန်းသပိတ်လှုပ်ရှားမှုတွင် ပါဝင်သည်ဟု စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံထားရသူပေါင်း ၁၅၀ ကျော် အထိ ရှိနေပြီး အများစုသည် အမျိုးသမီးများ ဖြစ်ကြသည်ကို တွေ့ရပါသည်။

## သုံးသပ်တင်ပြချက်

နွေဦးတော်လှန်ရေးကာလတလျှောက်လုံးတွင် ယခုတကြိမ် ပန်းသပိတ်လှုပ်ရှားမှုသည် ဒုတိယမြောက် လှုပ်ရှားမှုဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇွန်လ ၁၉ ရက် ၇၆ နှစ်မြောက် ဒေါ်အောင်ဆန်းစုကြည် မွေးနေ့တုန်းကလည်း ယခုကဲ့သို့ ပန်းသပိတ်လှုပ်ရှားမှုမျိုးပြုလုပ်ကာ အာဏာသိမ်းစစ်အုပ်စုအား ဆန့်ကျင် ဆန္ဒဖော်ထုတ်ခဲ့ကြပါသည်။ ၇၈ နှစ် ပြည့်မွေးနေ့ရှင်အတွက် အထိမ်းအမှတ်အဖြစ် "ပန်းပန်ပြခြင်း"ကိုပင် လိုက်လံဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း စသည့် နည်းမျိုးစုံ အသုံးပြုဟန့်တားနေရခြင်းကို ထောက်ရှုကြည့်ပါက လက်နက်အားကိုးဖြင့် အဓမ္မအာဏာ လုယူထားသော စစ်အုပ်စုအတွက် တစုံတရာသော ထိတ်လန့်ကြောက်ရွံ့စေမှုကို ပန်းသပိတ်လှုပ်ရှားမှုကြီးက ပေးစွမ်းနိုင်ခဲ့သည်ဟု ဆိုရပါလိမ့်မည်။

ယခုတကြိမ် ပန်းသပိတ်လှုပ်ရှားမှုကြီးသည် မွေးနေ့ရှင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ အာဏာသိမ်းစစ်အုပ်စု၏ အဓမ္မဖမ်းဆီးခြင်းခံထားရသူအားလုံးကို အောက်မေ့ကြောင်း ပြသလိုက်ခြင်းဖြစ်သည်။ လက်ရှိနွေဦးတော်လှန်ရေးအပါအဝင် တော်လှန်သမိုင်းအဆက်ဆက်တွင် ပါဝင်လှုပ်ရှားနေကြသော အမျိုးသမီးထု၏ ဂုဏ်ရည်ဂုဏ်ဒြပ်များအား ဖော်ညွှန်းခြင်းဖြစ်သည်။ ထို့အပြင် နွေဦးတော်လှန်ရေးကာလတလျှောက်လုံးတွင် အသုံးပြုခဲ့သော စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး အကြမ်းမဖက်ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ပြသခြင်းများအနက် နည်းလမ်းတခုဖြစ်သည်။

နိုင်ငံတဝှမ်း မီးရှို့ဖျက်ဆီးမှုများ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ လေကြောင်းမှ တဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများကိုပင် နေ့စဉ်နှင့်အမျှ အချိန်မရွေး၊ နေရာမရွေး လူသားမဆန်စွာ ကျူးလွန်လျက်ရှိသော အာဏာသိမ်းစစ်အုပ်စုသည် ပန်းပန်ပြသည့် ပန်းသပိတ်လှုပ်ရှားမှုကိုပင် လက်သင့်မခံနိုင်တော့သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏ အဓမ္မအာဏာလုယူရန် ကြိုးပမ်းနေမှုအား ဆန့်ကျင်သော ပြည်သူလူထု၏ လှုပ်ရှားမှုတိုင်းကို စိုးရိမ်ကြောက်လန့်နေရပြီဟု ရှုမြင်သုံးသပ်ရပါသည်။



# စစ်အုပ်စု၏ အကျဉ်းထောင်များအတွင်း ဥပဒေမဲ့ သတ်ဖြတ်မှုများ ပိုများလာနေ

## နိဒါန်း

"ပြစ်မှု" ကျူးလွန်ကြောင်း တစုံတရာမပြနိုင်ဘဲ မြန်မာပြည်သူများကို လူထုလူတန်းစားမရွေး၊ ကျားမမရွေး၊ ကလေးလူကြီးမရွေး ဖမ်းဆီးချုပ်နှောင်ကာ နီးစပ်ရာ ရဲစခန်း၊ အချုပ်ခန်းများထံခေါ်ဆောင်သွားခြင်း၊ ထိုမှတဆင့်အမှုပြင်ဆင်ခြင်း၊ အမှုဖွင့်ခြင်းနှင့်တရားစွဲခြင်းတို့ကို အကန့်အသတ်မဲ့ပြုလုပ်လျက်ရှိ သော အာဏာသိမ်းစစ်အုပ်စုသည် အကျဉ်းထောင်များအတွင်း ၎င်းတို့ အဓမ္မဖမ်းဆီးထားသည့် နိုင်ငံရေးအကျဉ်းသားများအား ဥပဒေမဲ့ သတ်ဖြတ်မှုများကိုပါ ကျူးလွန်လာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံမှ အကျဉ်းထောင်၊ အချုပ်ထောင်များသည် ပြစ်မှုကျူးလွန်သူများ၊ ဥပဒေ ချိုးဖောက်သူများအတွက် ချုပ်နှောင်ထိန်းသိမ်းရာနေရာအဖြစ် ထင်မှတ်ရသော်လည်း အာဏာသိမ်းစစ်အုပ်စုအတွက်မူ လိုအပ်သလို အသုံးချနိုင်သည့် လှောင်အိမ်တစ်ခုကဲ့သို့ မှတ်ယူထားဟန် ရှိပါသည်။

## အကျဉ်းထောင်အတွင်း သတ်ဖြတ်ခံရမှုများ

၂၀၂၃ ခုနှစ် ဇွန်လ ၂၇ ရက်နေ့ကတည်းက ပျောက်ဆုံးသွားသော ပဲခူးတိုင်း ဒိုက်ဦး (ကျိုက်ဇကော) အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား ၃၇ ဦးအနက် ၈ ဦးအထိ သေဆုံးသွားပြီ ဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့(AAPP)က ဆိုပါသည်။

"အရေးတကြီး စစ်ဆေးအရေးယူရန် လိုအပ်လာသည့် ဥပဒေမဲ့ သတ်ဖြတ်မှုများ"ဟု ဆိုသော ဇူလိုင်လ ၁၉ ရက်၊ AAPP ၏ ထုတ်ပြန်ချက်တွင် အာဏာသိမ်းစစ်အုပ်စု၏ မတရားဖမ်းဆီးရခံပြီး စစ်ကြောရေးတွင် ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးသွားရသည့်သူများ၊ မြို့ရွာများအတွင်း စစ်ကြောင်းထိုးကာ လူသတ်မီးရှို့မှုများ၊ အကျဉ်းထောင်အတွင်းသေဆုံးမှုများ ယခုရက်ပိုင်းအတွင်း ပိုမိုများပြားလာကြောင်းနှင့် ထိုသို့ အာဏာသိမ်းစစ်ကောင်စီတပ်မှ ပြည်သူလူထုအပေါ် လက်လွတ်စပယ် သတ်ချင်တိုင်းသတ်နေသည်မှာ မြန်မာနိုင်ငံအတွင်းတွင်သာမက နိုင်ငံတကာတရားရေး မဏ္ဍိုင်ကိုပါ စိန်ခေါ်နေသည့် လုပ်ရပ်ဖြစ်နေကြောင်း ဖော်ပြထားပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာတရားရေးမဏ္ဍိုင်များ အနေဖြင့် မြန်မာပြည်သူများအပေါ် အာဏာသိမ်းစစ်ကောင်စီတပ်၏ တရားလက်လွတ်အနိုင်ကျင့် သတ်ဖြတ်နေမှုများအား အရေးပေါ်စုံစမ်းစစ်ဆေးမှုများ အမြန်ဆုံးပြုလုပ်ကာ ထိရောက်သည့် အရေးယူဆောင်ရွက်မှုများကို ချက်ချင်းဆောင်ရွက်ကြပါရန် AAPP က တိုက်တွန်းထားပါသည်။ [1]

၂၀၂၃ ခုနှစ် မေလ ၂၅ ရက်နေ့ကလည်း ဒိုက်ဦးအကျဉ်းထောင်အတွင်းမှ နိုင်ငံရေးအကျဉ်းသား ၂၄ ဦးကို သီးခြားစီခေါ်ထုတ်ကာ ရိုက်နှက်စစ်ဆေးခဲ့သဖြင့် ကိုသန့်ဇင်ဝင်းအပါအဝင် နိုင်ငံရေး အကျဉ်းသား ၃ ဦး သေဆုံးခဲ့ပါသည်။ [2] ဒိုက်ဦးအကျဉ်းထောင်အတွင်း ထောင်ပိုင်အပါအဝင် အကျဉ်းထောင်ဝန်ထမ်း ၈ ဦးကိုလည်း နိုင်ငံရေးအကျဉ်းသားများအား ပြင်ပဆက်သွယ်ရန် ကူညီ ပေးသည်ဟုဆိုကာ ဇွန်လနောက်ဆုံးအပတ်ထဲတွင် စစ်ကောင်စီက ဖမ်းဆီးစစ်ဆေးနေသည်ဟု ဆိုပါသည်။ [3]

၂၀၂၃ ခုနှစ် ဇူလိုင်လ ၆ ရက်ကလည်း အဆိုတော်လီလီနိုင်ကျော် သေဆုံးမှုတွင် သံသယ ဖြင့် ဖမ်းဆီးခံရသူ လူငယ်နှစ်ဦးအား စစ်ကောင်စီစစ်ကြောရေးမှခေါ်လာစဉ် ရန်ကုန်မြို့ မြောက်ဒဂုံ မြို့နယ် ၂၉ ရပ်ကွက်၊ မောင်းမကန်လမ်းမပေါ်တွင် ထွက်ပြေးသည်ဟုဆိုကာ ဖမ်းဆီးပစ်ခတ်ခဲ့ သဖြင့် ဖမ်းဆီးခံရသူ လူငယ်နှစ်ဦးသေဆုံးခဲ့ရသည်။ [4]

---

[1] အရေးတကြီး စစ်ဆေးအရေးယူရန် လိုအပ်လာသည့် ဥပဒေမဲ့သတ်ဖြတ်မှုများ http://rb.gy/9bnqy

[2] နှစ်လအတွင်း နိုင်ငံရေးအကျဉ်းသား ၁၅ ဦးသတ်ဖြတ်ခံရ http://rb.gy/an8pr

[3] ဒိုက်ဦးထောင်ပိုင်နှင့် ထောင်ဝန်ထမ်းတချို့ ဖမ်းဆီးစစ်ဆေးခံနေရ http://rb.gy/3a906

[4] လီလီနိုင်ကျော် သေဆုံးမှု၌ ဖမ်းဆီးခံရသူ ၂ ဦး ထွက်ပြေးသဖြင့် စစ်တပ်က ပစ်ခတ်ဖမ်းဆီး http://rb.gy/rg35n

| ရက်စွဲ | အကျဉ်းထောင်၊ စစ်ကြောရေး၊ ရဲစခန်း | သတ်ဖြတ်ခံရသူ၊ သေဆုံးသူ |
|---|---|---|
| ၂၇ ဇွန် ၂၀၂၃ | (ဒိုက်ဦးထောင်) | ကိုရာလေး (ခ) ဇင်မြင့်ထွန်း |
| ၂၇ ဇွန် ၂၀၂၃ | (ဒိုက်ဦးထောင်) | ဂျာကြီး (ခ) ဝေယံလွင် |
| ၂၇ ဇွန် ၂၀၂၃ | (ဒိုက်ဦးထောင်) | ဇင်ဝင်းထွဋ် (ခ) ဗလကြီး |
| ၂၇ ဇွန် ၂၀၂၃ | (ဒိုက်ဦးထောင်) | အောင်မျိုးသူ |
| ၂၇ ဇွန် ၂၀၂၃ | (ဒိုက်ဦးထောင်) | ဘိုဘိုဝင်း (ခ) ထန်းတောကြီး |
| ၂၇ ဇွန် ၂၀၂၃ | (ဒိုက်ဦးထောင်) | နေအေး (ခ) အာကာထက်ပိုင်မျိုး |
| ၂ ဇူလိုင် ၂၀၂၃ | (မြင်းခြံအကျဉ်းထောင်) | ဦးစိန်ဝင်း |
| ၆ ဇူလိုင် ၂၀၂၃ | (ရန်ကုန်စစ်ကြောရေး) | ကိုကောင်းဇာနည်ဟိန်း (ခ)လပြည့် |
| ၆ ဇူလိုင် ၂၀၂၃ | (ရန်ကုန်စစ်ကြောရေး) | ကိုကျော်သူရ |
| ၇ - ၈ ဇူလိုင် ၂၀၂၃ | (ဒိုက်ဦးထောင်) | ကိုခန့်လင်းနိုင်(ခ) ကိုခန့် |
| ၇ - ၈ ဇူလိုင် ၂၀၂၃ | (ဒိုက်ဦးထောင်) | ပြည့်ဖြိုးဟိန်း(ခ) ကိုပြည့် |
| ၁၃ ဇူလိုင် ၂၀၂၃ | (မကွေးရဲစခန်း) | တူးတူး (ခ) နဂါးမာန် |
| ၁၆ - ၁၇ ဇူလိုင် ၂၀၂၃ | (ဒိုက်ဦးထောင်) | ကိုအောင်စိုးမိုး(ခ)မဲလုံး |
| ၁၆ - ၁၇ ဇူလိုင် ၂၀၂၃ | (ဒိုက်ဦးထောင်) | ဦးမောင်ဒီ |
| | | Sources: July 10, 19 Statements, AAPP |

## ဆက်စပ်သတင်း တွေ့ရှိချက်များ

၂၀၂၃ ခုနှစ် ဇူလိုင်လ ၇ ရက်၊ ကျောင်းသားအရေးတော်ပုံ "ဆဲဗင်းဇူလိုင်" ၆၁ နှစ်မြောက် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်အတွင်း နိုင်ငံရေးဟောပြောမှုကြောင့်ဟု ဆိုကာ နိုင်ငံရေးအကျဉ်းသား ၉ ဦးကို ရိုက်နှက်တိုက်ပိတ်ထားပါသည်။ ရိုက်နှက်ခံရသူများအနက် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကိုတင်ထွဋ်ပိုင်ဆိုလျှင် ဒဏ်ရာပြင်းထန်သဖြင့် ထောင်တွင်းဆေးရုံ တင်ထားရသည်ဟု ဆိုပါသည်။ [5]

---

[5] နိုင်ငံရေးအကျဉ်းသားကိုးဦး အင်းစိန်အကျဉ်းထောင်အတွင်း ရိုက်နှက်တိုက်ပိတ်ခံရ http://rb.gy/fmhk6

မန္တလေးတိုင်း မြင်းခြံမြို့၊ မြင်းခြံအကျဉ်းထောင်အတွင်း အဓမ္မဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသား ၈၀ ကျော်ကိုလည်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) နှင့် အဆက်အသွယ်လုပ်သည်ဟူသော အကြောင်းပြချက်ဖြင့် ရိုက်နှက်တိုက်ပိတ်ကာ ဆေးကုသခွင့်၊ ထောင်ဝင်စာပို့ခွင့်များ ပိတ်ပင်ထားသည်ဟု သိရပါသည်။

မြင်းခြံထောင်ကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံရေးအကျဉ်းသားများ၏အသက်အန္တရာယ်ကို စိုးရိမ်ကြောင်းနှင့် ထောင်တွင်းရဲဘော်များနှင့်အတူ ရပ်တည်ကြောင်း အာဏာရှင်စနစ်ဆန့်ကျင်ရေး ပြည်သူ့အင်အားများချိတ်ဆက်ညှိနှိုင်းရေးကော်မတီ(မန္တလေး)နှင့် အထွေထွေသပိတ် ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု (GSCB) တို့က ထုတ်ပြန်ထားကြသည်။ [6]

## သုံးသပ်တင်ပြချက်

အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုအောင်မြင်ရေးအတွက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် ညဥ့်ဦးအချိန်ကတည်းကပင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် အစိုးရအဖွဲ့ခေါင်းဆောင်များ၊ ဝါရင့် နိုင်ရေးသမားများ၊ ကျောင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ထင်ရှားသည့် စာရေးဆရာများ၊ ပရဟိတသမားများ စသဖြင့် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်နိုင်ချေရှိသူတိုင်းကို ပစ်မှတ်ထားကာ အကြောင်းပြချက်တစုံတရာမရှိဘဲ ဖမ်းဆီးခဲ့သည်။ ရာနှင့်ချီသော ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရလွှတ်တော်အမတ်များကို နေပြည်တော်ရှိ စည်ပင်ရိပ်သာဝန်းအတွင်း အကြောင်းပြချက်မရှိဘဲ ဟန့်တားထိန်းသိမ်းထားခဲ့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းချိန်မှ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်အထိ အာဏာသိမ်းစစ်အုပ်စု၏ ဖမ်းဆီးခံရသူပေါင်း ၂၄၀၀၀ နီးပါးရှိပြီး ထိုအနက်မှ ၂၀၀၀၀ နီးပါးသည် စစ်အုပ်စု၏ အကျဉ်းထောင်၊ အချုပ်ထောင်နှင့် စစ်ကြောရေးစခန်းများတွင် ဖမ်းဆီးခံထားရဆဲဖြစ်ပါသည်။ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးအတွက် ဦးတည်လျှောက်လှမ်းနေသော နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သဖြင့် သေဒဏ်ချမှတ်ခံထားရသူပေါင်း ၁၅၈ ဦးအထိရှိနေပါသည်။ [7]

ယခုအခါ အာဏာသိမ်းစစ်ကောင်စီသည် ၎င်းတို့၏ စစ်အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလကြာမြင့်လာသည်နှင့်အမျှ နွေဦးတော်လှန်ရေးအင်အားစုများ၊ အထူးသဖြင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF-LDF) များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး

---

[6] မြင်းခြံထောင်ရှိ နိုင်ငံရေးအကျဉ်းသား ၈၀ ကျော် ရိုက်နှက်တိုက်ပိတ်ခံထားရ http://rb.gy/gygff

[7] စစ်အာဏာသိမ်းပြီးနောက် လတ်တလောဖြစ်ပေါ် လျက်ရှိသော အခြေအနေများနှင့်ပတ်သက်၍ နေ့စဉ်ထုတ်ပြန်ချက်အကျဉ်းချုပ် http://rb.gy/dq8pk

အဖွဲ့များ (EROs) များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ခံ ပြည်သူ့ကာကွယ်ရေးတပ်ရင်း၊ တပ်ဖွဲ့များ၏ ခုခံတော်လှန်စစ်ဆင်နွှဲနေမှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရင်ဆိုင်ကြုံတွေ့နေရသကဲ့သို့ နိုင်ငံတကာ မျက်နှာစာတွင်လည်း ဖယ်ကျဉ်ခံရမှု၊ ဖိအားပေးခံရမှုများကို ကြီးမားစွာ ရင်ဆိုင်နေရပါသည်။

ထို့ကြောင့် ပြစ်မှုတစုံတရာမပြုနိုင်ဘဲ အဓမ္မဖမ်းဆီးခံထားရသည့် ပြည်သူများအား လွတ်ငြိမ်းချမ်းသာခွင့်အမည်တပ်ကာ ခံဝန်ထိုးပြီးပြန်လွှတ်ပေးခြင်းကို ဟန်ပြလုပ်ဆောင် ပြသနေသော်လည်း နိုင်ငံတဝှမ်းလုံးရှိ အကျဉ်းထောင်များအတွင်း ဖိနှိပ်မှုများကို ပုံသဏ္ဍာန်မျိုးစုံဖြင့် ပြုလုပ်နေသဖြင့် ရန်ကုန် အင်းစိန်ထောင်၊ မန္တလေးအိုးဘိုထောင်၊ ကရင်ပြည်နယ် ဖားအံထောင်၊ ပဲခူးတိုင်း ပဲခူးထောင်၊ ပြည်ထောင်နှင့် သာယာဝတီထောင်၊ စစ်ကိုင်းတိုင်း ကလေးထောင်၊ ဧရာဝတီတိုင်း ပုသိမ်ထောင်စသည်တို့တွင် ထောင်တွင်းဆန္ဒပြမှုများမကြာခဏ ဖြစ်ပေါ်ခဲ့ပါသည်။ အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲအကျပ်အတည်းမှ ရုန်းထွက်နိုင်ရေးအတွက် နေပြည်တော် အကျဉ်းထောင်အတွင်းမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကိုပင် NUG နှင့် PDF-LDF များအား ဖြောင်းဖျပေးရန် မျှော်လင့်နေဟန်ရှိပါသည်။

ဆိုရသော် အာဏာသိမ်းစစ်အုပ်စုအတွက် မြန်မာနိုင်ငံတဝှမ်းလုံးရှိ အကျဉ်းထောင်၊ အချုပ်ထောင်နှင့် စစ်ကြောရေးစခန်းများသည် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် အာဏာသိမ်းစစ်အုပ်စု၏ အဓမ္မဖမ်းဆီးထိန်းသိမ်းခြင်းခံထားရသည့် ပြည်သူပြည်သားအားလုံးအတွက် လွတ်မြောက်ရေးလမ်းစများကို ရှာဖွေကြရန် နွေဦးတော်လှန်ရေးအင်အားစုအသီးသီးနှင့် နွေဦးတော်လှန်ရေးအား ထောက်ခံအားပေးနေကြသော နိုင်ငံတကာအစိုးရများတွင် တာဝန်ရှိနေပြီဖြစ်သည်။

အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏ အကျဉ်းထောင်၊ အချုပ်ထောင်နှင့် စစ်ကြောရေးစခန်းများမှ အဓမ္မဖမ်းဆီးခံထားရသည့် ပြည်သူပြည်သား၊ နိုင်ငံရေးအကျဉ်းသားများကို ဥပဒေမဲ့သတ်ဖြတ်မှုများ ပြောင်ပြောင်တင်းတင်း ကျူးလွန်နေခြင်းအား အရေးတကြီး စစ်ဆေးအရေးယူနိုင်ရေး ပြင်ဆင်ကြိုးပမ်းသင့်ပြီဖြစ်ကြောင်း တင်ပြအပ်ပါသည်။



# မုန်လိုင်ခက်စစ်ကျောင်းစခန်းဗုံးကြဲတိုက်ခိုက်ခံရမှု

နိဒါန်း

> “ လေယာဉ်နဲ့ပဲ ကြဲချကြဲချ၊ အဝေးကပဲ လှမ်းပစ်လှမ်းပစ်၊
> အမှန်တရားဟာ အိပ်မောကျနေတဲ့ အရပ်သားပြည်သူတွေရဲ့
> အသက်တွေကိုနှုတ်ယူသွားခဲ့တယ်။ ဘဝတွေကို ဖြိုဖျက်ပစ်ခဲ့တယ်။
> သေဆုံးသူတွေအထဲ ကလေးငယ်တွေ၊ အမျိုးသမီးတွေက
> အများဆုံး... ”

## ဖြစ်စဉ်

၂၀၂၃ ခုနှစ် အောက်တိုဘာ ၉ ရက်၊ ညသန်းခေါင်အချိန် ဗုံးကြဲတိုက်ခိုက်ခံရမှုကြောင့် လိုင်ဇာမြို့အနီးရှိ မုန်လိုင်ခက် (Munglai Hkyet) စစ်ရှောင်စခန်းမှ အရွယ်မရောက်သေးသည့် ကလေးငယ် (၁၁) ဦး၊ အမျိုးသမီး (၁၅) ဦးနှင့် အမျိုးသား (၃) ဦး စုစုပေါင်း အရပ်သားပြည်သူ (၂၉) ဦး သေဆုံးခဲ့ရသည်။ သေဆုံးသူတွေရဲ့ ရုပ်အလောင်းတွေကို အောက်တိုဘာ ၁၀ ရက်နေ့မှာပဲ လိုင်ဇာ၊ အင်ခရွတ်ကောင်မှာမြေမြှုပ်သင်္ဂြိုလ်ခဲ့သည်။ ဖြစ်စဉ်အတွင်း ပြင်းထန်ထိခိုက်ဒဏ်ရာရရှိခဲ့သူ (၅၇) ဦးအထိ ရှိခဲ့ပြီး လိုင်ဇာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူခဲ့ရသည်။ ယခုအခါ ဒဏ်ရာရရှိသူ အများစုသည် ဆေးရုံမှ ဆင်းနိုင်ခဲ့ပြီဖြစ်သော်လည်း ကလေးငယ် (၈) ဦးအပါအဝင် (၂၀) ဦးသည် ဆက်လက်ကုသမှုခံယူ နေဆဲဖြစ်ကြောင်း BNI-Myanmar Peace Monitor ၏ မြေပြင်သတင်းထောက်က အောက်တိုဘာလ ၁၂ ရက် မွန်းလွဲပိုင်းတွင် အတည်ပြုနိုင်ခဲ့သည်။

မုန်လိုင်ခက်စစ်ရှောင်စခန်းသည် စစ်ရှောင်စခန်းတစ်ခုထက် ပိုသည်။ ကချင်လွတ်လပ်ရေးအဖွဲ့(KIO) ထိန်းချုပ်ရာ လိုင်ဇာမြို့နယ်ထဲမှ အိမ်ထောင်စုပေါင်း ၁၆၈ စု ရှိသော ကျေးရွာတစ်ရွာဖြစ်သည်။ စစ်ဘေးရှောင်ပြည်သူများနှင့် ဒေသခံပြည်သူပေါင်း ၆၅၈ ဦးနေထိုင်ရာ မုန်လိုင်ခက် စစ်ရှောင်စခန်းသည် KIO ထိန်းချုပ်နယ်မြေ အတွင်းရှိ နန်ဆန်ယန် - လိုင်ဇာကား လမ်းမကြီးဘေးတွင် ရှိသည်။

"ပေါက်ကွဲအား တအားပြင်းတော့ လေယာဉ်နဲ့ ကြဲချသွားတယ်လို့ ထင်ကြတာ။ ဒါပေမယ့် ဒေသခံဘယ်နှစ်ယောက်ကို မေးမေး လေယာဉ်သံကို ဘယ်သူမှမကြားရဘူးလို့ ဖြေတယ်။ အုန်း.. အုန်း.. အုန်း..ဆိုပြီး ပေါက်ကွဲသံ သုံးကြိမ်ကြားရတယ်လို့ ဖြေပါတယ်။ တရွာလုံး အိမ်တွေပျက်စီးသွားတယ်။ မပျက်စီးတဲ့အိမ် မရှိသလောက် ပဲ"ဟု BNI-Myanmar Peace Monitor ၏ မြေပြင်သတင်းထောက်က ပြန်ပြောပြသည်။

KIO ထိန်းချုပ်နယ်မြေ လိုင်ဇာမြို့နယ်အတွင်း ၂ နှစ်ကျော်နေထိုင်ကာ သတင်းရယူခဲ့သည့် သူ့အတွေ့အကြုံအရ နန့်ဆန်ယန် - လိုင်ဇာကားလမ်းမဘေးရှိ မုန်လိုင်ခက် စစ်ရှောင်စခန်းတည်ရှိရာ ပတ်ဝန်းကျင်တွင် မည်သည့်ပေါက်ကွဲစေနိုင်သည့်အရာမျိုးကိုမှ မြင်တွေ့ခဲ့ရခြင်း မရှိကြောင်း မြေပြင်သတင်းထောက်က ဆိုပါသည်။

## ဆက်စပ် တွေ့ရှိချက်များ

"လေယာဉ်သံတော့ မကြားရဘူးဆိုပေမယ့် တိုက်ခိုက်ခံရတဲ့အခြေအနေက လေကြောင်းတိုက်ခိုက်ခံရတဲ့ အခြေအနေဖြစ်နေတယ်။ ဒါမှမဟုတ်ရင် ဒရုန်းနဲ့ ပစ်ခံရတာ ဖြစ်တယ်။ နောက်တခုက အဝေးပစ် Rocket နဲ့လည်း ဖြစ်နိုင်တယ်"ဟု ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)

ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူက မြေပြင်လေ့လာတွေ့ရှိချက်ကို အခြေခံကာ သုံးသပ်ပြောဆိုပါသည်။ ၎င်းတို့အနေဖြင့် အခြေအနေအသေးစိတ်ကို သိရှိနိုင်ဖို့အတွက် စုံစမ်းဖော်ထုတ်ရေးကော်မတီဖွဲ့စည်းထားပြီဟုလည်း ဆိုပါသည်။ [1]

အာဏာသိမ်းစစ်ကောင်စီ ပြောခွင့်ရသူ ဗိုလ်ချုပ်ဇော်မင်းထွန်းကတော့ ဖြစ်စဉ်ဖြစ်ပွားရာ မုန်လိုင်ခက်စစ်ရှောင် စခန်းတည်နေရာသည် နယ်စပ်ဒေသနှင့် နီးသည့်အတွက် ညသန်းခေါင်ချိန် ၎င်းတို့အနေဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်ခြင်းတို့သည် ဖြစ်နိုင်ချေရှိ၊ မရှိ စဉ်းစားစေလိုကြောင်း ငြင်းဆိုထားသည်။ ထို့အပြင် ယခုဖြစ်စဉ်သည် KIO ၏ ဒရော့ဗုံးများပေါက်ကွဲခြင်းသာ ဖြစ်နိုင်ကြောင်း ပြန်လည်စွပ်စွဲထားပါသည်။

ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှုစတင်စဉ်ကတည်းက အာဏာသိမ်းစစ်ကောင်စီတပ်၏ လုပ်ဆောင်နေကျပုံစံအတိုင်းဖြစ်နေပြီး အရပ်သားပြည်သူများ အပေါ် ဆိုးဝါးပြင်းထန်သည့်တိုက်ခိုက်မှုများကျူးလွန်ပြီးတိုင်း ၎င်းတို့တွင် တာဝန်မရှိကြောင်း အကြောင်းအမျိုးမျိုးပြကာ ငြင်းဆန်နေခြင်းဖြစ်သည်ဟု ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာတွမ်အင်ဒရူးက ရှုမြင်ပါသည်။

"ဒီလိုတိုက်ခိုက်မှုတွေ လုပ်ပြီးတိုင်း သူတို့မှာ တာဝန်မရှိကြောင်း ငြင်းဆိုတာ၊ အကြောင်းပြချက်အမျိုးမျိုးပေးတတ်တာ မြန်မာစစ်ခေါင်းဆောင်တွေ လုပ်နေကျအပြုအမူဖြစ်ပါတယ်။ အခုကိစ္စမှာလဲ တာဝန်မခံဘဲ အခြားသူတွေကို အပြစ်ပုံချတာလည်း သူတို့လုပ်နေကျ ပုံစံအတိုင်းပါပဲ"။ [2]

အာဏာသိမ်းစစ်ကောင်စီ ပြောခွင့်ရသူ ဗိုလ်ချုပ်ဇော်မင်းထွန်း ငြင်းဆိုသကဲ့သို့ နယ်စပ်ဒေသနှင့် နီးသည့်နေရာများကို ၎င်းတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်သည်ဆိုရာတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်၊ ၁၁ ရက်နေ့များ အတွင်း အိန္ဒိယ-မြန်မာနယ်စပ်အနီးတည်ရှိရာ ချင်းအမျိုးသားတပ်ဦး (CNF/CNA) ဌာနချုပ်အား တိုက်လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်မှုဖြစ်စဉ်ကို သတိရစေပါသည်။ အိန္ဒိယနိုင်ငံဘက်ခြမ်း ဗုံးတစ်လုံးကျရောက် ပေါက်ကွဲခဲ့သဖြင့် အိန္ဒိယစစ်တပ်မှ ကွင်းဆင်းစစ်ဆေးခဲ့ရဖူးသည်။ အလားတူ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နှင့် ထိုင်းနိုင်ငံများအတွင်း စစ်ကောင်စီတပ်၏ လက်နက်ကြီးကျည်ကျရောက်မှု၊ ဗုံးသီးကျရောက်မှုဖြစ်စဉ်များကို တွေ့မြင်နေရပြီးဖြစ်ပါသည်။

ဖော်ပြပါ ကြီးမားကျယ်ပြန့်သော ကျင်းနက်ကြီးကို လေ့လာကြည့်ပါက စစ်လက်နက်သိုလှောင်ရာနေရာတစ်ခု ပေါက်ကွဲသည်ဆိုခြင်းထက် ပြင်းထန်သော စစ်လက်နက်ပစ္စည်းတစ်ခုကို အဝေးမှဖြစ်စေ၊ ကောင်းကင်ယံမှဖြစ်စေ ပစ်ချသဖြင့် ပေါက်ကွဲခဲ့သည်ဟု တွက်ဆနိုင်ပါသည်။ ထို့အပြင်

---

1 လိုင်ဇာ၊ မုန်လိုင်ခက်စစ်ရှောင်စခန်းတိုက်ခိုက်ခံရမှု ၂၉ ဦးသေဆုံးပြီး ၅၇ ယောက် ထိခိုက်ကြောင်း KIO ထုတ်ပြန် http://rb.gy/mtj9g

2 ကချင်ဒုက္ခသည်စခန်းတိုက်ခိုက်မှု စစ်တပ်ရဲ့စစ်ဆင်ရေးတစ်စိတ်တစ်ပိုင်းလို့ တွမ်အင်ဒရူး ပြော http://rb.gy/mv45j

ပေါက်ကွဲရာနေရာသည်လည်း လမ်းမကြီးဘေးတွင် ဖြစ်သည့်အတွက် စစ်ကောင်စီမှ စွပ်စွဲပြောဆိုမှုသည် ယုတ္တိမရှိဟု ရှုမြင်မိပါသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး လင်ဒါသောမတ်စ်ဂရင်းဖီးဒ်ကလည်း မုန်လိုင်ခက်ရွာ စစ်ဘေးရှောင်စခန်းတိုက်ခိုက်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်ပြီး အာဏာသိမ်းစစ်ကောင်စီ၏ လုပ်ရပ်ကို ပြစ်တင်ရှုတ်ချကြောင်း အောက်တိုဘာလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ လူ့အသက်ကို တန်ဖိုးမထား၊ မလေးစားသည့် လုပ်ရပ်တစ်ခုဖြစ်ပြီး အာဏာသိမ်းစစ်အုပ်စုအား ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် - ၂၆၆၉ ထက် ကျော်လွန်အရေးယူဆောင်ရွက်ရန် လိုအပ်နေကြောင်းကို မီးမောင်းထိုးပြနေသည်ဟု ဆိုပါသည်။ [3]

## သုံးသပ်တင်ပြချက်

ကလေးငယ်များ၊ အမျိုးသမီးများအပါအဝင် အရပ်သားပြည်သူ ၂၉ ဦး သေဆုံးခဲ့ရသည့် မုန်လိုင်ခက် စစ်ရှောင်စခန်း ဗုံးကြဲတိုက်ခိုက်ခံရမှုဖြစ်စဉ်သည် စစ်အာဏာသိမ်းကာလအတွင်း မြင်တွေ့ခဲ့ရသည့် ကန့်ဘလူမြို့နယ် ပဇီကြီးရွာဖြစ်စဉ်၊ ဖားကန့်မြို့နယ် အနန့်ပါဒေသဖြစ်စဉ်၊ ဒီပဲယင်းမြို့နယ် လက်ယက်ကုန်းရွာဖြစ်စဉ်များကဲ့သို့ အာဏာသိမ်းစစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို ပြန်လည်သတိရစေသည်။ အရပ်သားပြည်သူများနေထိုင်ရာ ကျေးရွာများ၊ စာသင်ကျောင်းများ၊ စစ်ရှောင်စခန်းများကို ပစ်မှတ်ထားကာ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်များသည် ကရင်နီ (ကယား) အပါအဝင် နိုင်ငံတဝှမ်းလုံးတွင် တွေ့ရှိနေရပါသည်။

နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်အရှိန်အဟုန် ပြင်းထန်ကျယ်ပြန့်လာသည်နှင့်အမျှ အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများကိုလည်း တိုးမြှင့်လုပ်ဆောင်လာနေသည်ကို တွေ့ရှိရပါသည်။ BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၃ ခုနှစ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ဗုံးကြဲ ပစ်ခတ်တိုက်ခိုက်မှုများသည် ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်များအတွင်း တိုက်ခိုက်မှုများထက် ပိုမိုများပြားလာသည်ကို တွေ့ရပါသည်။ [4]

မုန်လိုင်ခက်စစ်ရှောင်စခန်း ဗုံးကြဲတိုက်ခိုက်ခံရမှုဖြစ်စဉ်အပေါ် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)အပါအဝင် နွေဦးတော်လှန်ရေးအင်အားစုများအပြင် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ရက္ခိုင့်တပ်တော်(AA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်(TNLA)၊ကိုးကန့်တပ်ဖွဲ့

---

[3] Statement by Ambassador Linda Thomas-Greenfield on the Burma Military Regime's October 9 Attack on Munglai Hkyet, Kachin State http://rb.gy/7yq32

[4] Military Regime's Airstrikes in Myanmar (1 Feb 2021 – Current) http://rb.gy/yl4cy

(MNDAA)၊ CNF စသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များကလည်း ပြစ်တင်ရှုတ်ချခဲ့ကြသည်။ စစ်ရေး၊ နိုင်ငံရေးနှင့် အဘက်ဘက်တွင် ရှုံးနိမ့်နေသည့် အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့အား မထောက်ခံသော ပြည်သူလူထုအပေါ် အငြိုးအတေး၊ အာဃာတကြီးစွာဖြင့် လက်နက်ကြီးများနှင့် လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုများကို နိုင်ငံတဝှမ်းလုံးတွင် ပြောင်ကျကျကျူးလွန်နေကြောင်း မြောက်ပိုင်းညီနောင် (၃)ဖွဲ့က ထုတ်ပြန်ထားသည်။ [5]

မုန်လိုင်ခက်စစ်ရှောင်စခန်း ပုံးကြဲတိုက်ခိုက်မှုဖြစ်စဉ်သည် အာဏာသိမ်းစစ်အုပ်စု၏ နောက်ဆုံးလုပ်ရပ်မဟုတ်နိုင်ဟု ဆိုရပါမည်။ ၎င်းတို့၏ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှု အောင်မြင်စေရေးအတွက် နွေဦးတော်လှန်ရေးအင်အားစုများအား ထောက်ကူပံ့ပိုးလျက်ရှိသော ပြည်သူလူထု အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်အုပ်စု၏ ပစ်မှတ်ထားတိုက်ခိုက်မှုကို အချိန်မရွေးကြုံတွေ့ရနိုင်ချေရှိနေကြောင်း သတိပြုဆင်ခြင်ဖွယ်ရာဖြစ်သည်။

စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော၊ လူသားမဆန်သော လုပ်ရပ်တိုင်းကို မှတ်တမ်းပြုထားရန်လိုအပ်သကဲ့သို့ အသက်ဆုံးရှုံးခဲ့ရသော ကလေးငယ်များ၊ အမျိုးသမီးများနှင့် ပြည်သူလူထု တစ်ဦးတစ်ယောက်ချင်းစီတိုင်းအတွက် တရားမျှတမှုရရှိရေး အထူးလိုအပ်ပါသည်။

"လေယာဉ်နဲ့ပဲ ကြဲချကြဲချ ၊ အဝေးကပဲ လှမ်းပစ်လှမ်းပစ် ၊
အမုန်တရားဟာ အိပ်မောကျနေတဲ့ အရပ်သားပြည်သူတွေရဲ့ အသက်တွေကို
နှုတ်ယူသွားခဲ့တယ်။ ဘဝတွေကို ဖြိုဖျက်ပစ်ခဲ့တယ်။
သေဆုံးသူတွေအထဲ ကလေးငယ်တွေ၊ အမျိုးသမီးတွေက အများဆုံး"။

---

[5] မုန်လိုင်ခတ်စစ်ရှောင်စခန်းပစ်ခတ်ခံရမှုတွင် ထိခိုက်သေဆုံးသူများအတွက် ဝမ်းနည်းကြေကွဲ ရပြီး KIO/KIA နှင့် တစ်သွေးတစ်သားတည်းရှိကြောင်း ညီနောင်မဟာမိတ် ၃ ဖွဲ့ ထုတ်ပြန် http://rb.gy/cismp




## နိဒါန်း

"Where are the women ?"။ "အမျိုးသမီးတွေ ဘယ်မှာလဲ"ဆိုသည့် အမေးဝါကျတကြောင်းနှင့်အတူ အမျိုးသား (၁၅၅) ဦး၏ မျက်နှာများကိုအသုံးပြုကာ "#Manels_Exhibition" အတွက် ဒီဇိုင်းဖန်တီးထားသည်။ ဖိုဝါဒလွှမ်းမိုးသော စကားဝိုင်းများ ဓာတ်ပုံပြပွဲအတွက် ပြင်ဆင်ထားသည့် အဆိုပါဒီဇိုင်းကြောင့်ပင် ထောက်ခံသူနှင့် ကန့်ကွက်သူများအကြား Manels အကြောင်း ရှုထောင့်အသီးသီးမှ ချဉ်းကပ်ငြင်းခုံမှုများကို တွေ့ရှိရပါသည်။

အမျိုးသားများချည်းသာ သီးသန့်ပါဝင်နေသည့် သတင်းမီဒီယာနှင့် လူမှုကွန်ရက်ပလက်ဖောင်း အသီးသီးမှ စကားဝိုင်းများ (Manels) များသည် မြန်မာ့လူ့အဖွဲ့အစည်းအပါအဝင် ကမ္ဘာတဝှမ်းလုံးရှိ လူ့အဖွဲ့အစည်းအသီးသီးတွင် အမြစ်တွယ်နေသော ဖိုဝါဒကြီးစိုးမှုကို ပြသနေသည်ဟု ရှုမြင်နိုင်သည်။

# ဖိုဝါဒလွှမ်းမိုးသော စကားဝိုင်းများ ဓာတ်ပုံပြပွဲ

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)(WLB)နှင့် သံလွင်အင်စတီကျူတို့ ပူးပေါင်းပြုလုပ်သည့် "Manel_Exhibition"ကို ၂၀၂၃ ခုနှစ် မတ်လ ၅ ရက်မှ ၇ ရက်အထိထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ပထမအကြိမ်ပြုလုပ်ခဲ့သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၇ ရက်မှ ၂၉ ရက်အထိ ဒုတိယ အကြိမ်ပြပွဲကိုတော့ အထက်ပါအဖွဲ့နှစ်ဖွဲ့နှင့် Sea Junction အဖွဲ့တို့ ပူးပေါင်းကာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ အနုပညာနှင့် ယဉ်ကျေးမှုစင်တာတွင် ပြုလုပ်လျက်ရှိသည်။

ဖိုဝါဒလွှမ်းမိုးသည့် စကားဝိုင်းများသည် ဒီမိုကရေစီထွန်းကားသော အသိုင်းအဝိုင်းအတွက် အမှန်တကယ် အချက်အချာကျသည့် ဗဟုဝါဒထွန်းကားမှုနှင့် ပြည့်စုံကောင်းမွန်သော ဆွေးနွေးပွဲများ အတွက် အဟန့်အတားဖြစ်စေကြောင်း၊အမျိုးသမီးများကို လုံးဝဖယ်ကျဉ်လစ်လျူရှုခြင်းအားဖြင့် ဖိုဝါဒနှင့် လိင်အခြေပြုခွဲခြားမှုများကို ဆက်လက်သက်ဆိုးရှည်နေစေကြောင်း၊ အမျိုးသားများကသာ ကျွမ်းကျင်သူပညာရှင်၊ နိုင်ငံရေးသမား၊ အရေးပါသည့်အကြောင်းအရာများ ဆွေးနွေးနိုင်သူ ဖြစ်သည်ဟု ညွှန်းဆိုနေကြောင်းနှင့် စကားဝိုင်းတခု၏အရည်အသွေးပြည့်မီမှုအတွက် "မတူသော အမြင်ရှုထောင့်များ ပါဝင်ရန်လိုအပ်သည်၊ အမြင်မတူသူ၊ ရှုထောင့်မတူသူများအကြား နီးနှော ဖလှယ်ခြင်းအားဖြင့် ပိုမိုပြည့်စုံသည့် စကားဝိုင်းများ၊ ဆွေးနွေးအဖြေရှာခြင်းများကို ပြုလုပ်နိုင်သည်" ဆိုသည့် အကြောင်းအရာကိုဖော်ဆောင်ရန် ပျက်ကွက်နေကြောင်း အချက်(၄)ချက်ကို ထောက်ပြကာ Manel များ ရပ်တန့်ရေးအတွက် အကြောင်းပြချက်ပေးထားသည်ကို တွေ့ရသည်။

WLB နှင့် သံလွင်အင်စတီကျူတို့ ပူးပေါင်းပြုလုပ်သည့် Burma's Manels Watch မှတ်တမ်း အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများအတွင်း Manel (၁၆) ခု၊ ၂၀၂၂ ခုနှစ်အတွင်း Manel (၄၇) ခု၊ ၂၀၂၁ ခုနှစ်အတွင်း Manel (၂၅) ခုနှင့်၂၀၂၀ပြည့်နှစ်အတွင်း Manel (၇၀) ခု တွေ့ရှိခဲ့ သည်ဟု ဆိုပါသည်။ အမျိုးသားများချည်း သီးသန့်ပါဝင်သော(ဝါ)ဖိုဝါဒလွှမ်းမိုးသော စကားဝိုင်းများ (Manels) အများဆုံးတွေ့ရှိရသည့် ပလက်ဖောင်းအဖြစ် RFA သတင်းဌာနကရပ်တည်နေသည်ဟု ဆိုပါသည်။

# Manels နှင့် ဆက်စပ်တွေ့ရှိချက်များ

ပထမအကြိမ် ချင်းမိုင်မြို့တွင်ပြုလုပ်သော "Manel_Exhibition"အပြီး ၂၀၂၃ ခုနှစ် မတ်လ ၈ ရက်၊ နိုင်ငံတကာအမျိုးသမီးများနေ့တွင် တကသကျောင်းသားဟောင်းများ အင်အားစု (University Students's Unions Alumni Force" က ကျား-မတန်းတူရေးအတွက် အားစိုက်ထုတ်သွားမည့်

အကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ၎င်းတို့အနေဖြင့် အမျိုးသားများသာပါဝင်သော Manel ဆွေးနွေးပွဲများကို မည်သည့်အခြေအနေမျိုးတွင်ဖြစ်စေ စီစဉ်ခြင်း၊ ပါဝင်ဆွေးနွေးခြင်းပြုလုပ်မည် မဟုတ်သကဲ့သို့ ၎င်းတို့၏ မီဒီယာပလက်ဖောင်းများမှတဆင့်လည်း Manel ပွဲများကို ကြေညာခြင်း၊ ထုတ်လွှင့်ခြင်း ပြုလုပ်တော့မည်မဟုတ်ဟုဆိုပါသည်။ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းစီစဉ်သည့် ဆွေးနွေးပွဲများတွင်လည်း အမျိုးသမီးများ၏ ကိုယ်စားပြုမှုပါဝင်နိုင်ရေးအတွက် တိုက်တွန်းစည်းရုံးသွားမည်ဟု ဆိုပါသည်။ [1]

သတင်းမီဒီယာနှင့် လူမှုကွန်ရက်ပလက်ဖောင်းအစုံတွင် စီစဉ်ထုတ်လွှင့်လျက်ရှိသော ဖိုဝါဒလွှမ်းမိုးသည့် စကားဝိုင်းများဓာတ်ပုံပြပွဲ(ပထမအကြိမ်)သည် သတင်းမီဒီယာသမားများ အပါအဝင် အများပြည်သူ စိတ်ဝင်စားမှုများပြားခဲ့သလိုအသိအမှတ်ပြုမှု၊ ဂရုပြုဆင်ခြင်မှုတစုံတရာရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

သို့သော် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ပြုလုပ်သည့် ဒုတိယအကြိမ်ပြပွဲအတွက်မူ Manels များတွင် တွေ့ရှိရသည့် အမျိုးသားများ၏မျက်နှာများဖြင့် ဒီဇိုင်းဖန်တီးထားသည့် ပြပွဲကြော်ငြာကြောင့် ထောက်ခံသူနှင့် ကန့်ကွက်သူများအကြားရှုထောင်ပေါင်းစုံမှ ချဉ်းကပ်ငြင်းခုံခဲ့ကြသည်ကို တွေ့ရသည်။

Manel များတွင် ပါဝင်ခဲ့ကြသည့် လူပုဂ္ဂိုလ်များ၏ မျက်နှာများဖြင့် စနစ်တကျ ဒီဇိုင်းပုံဖော်ထားခြင်းသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဖိအားပေးအရှက်ခွဲခြင်း၊ စွပ်စွဲပြစ်တင်ခြင်းဟု ရှုမြင်ကာ Manel ရပ်တန့်ရေးလှုပ်ရှားမှုကို အားပေးထောက်ခံသူ အမျိုးသမီးများကိုယ်တိုင်ပင်ပြပွဲကြော်ငြာဒီဇိုင်းအား ကန့်ကွက်ခဲ့ကြသည်။

WLB ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ နာင်းမို့မို့ကတော့ “ဒီ Manel မှာ ပါဝင်တဲ့ အမျိုးသားတွေကို အရှက်ရစေလိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်တာမဟုတ်ဘူး” ဟု ဆိုထားပါသည်။

Manel များ ရပ်တန့်ရေးသည် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးရာတွင် ဖိုဝါဒကြီးစိုးမှုတိုက်ဖျက်ရေးအတွက် အရေးကြီးသည့် လှုပ်ရှားမှုတစ်ခုဖြစ်ကြောင်းနှင့် စကားဝိုင်းစီစဉ်သည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအပြင် Manel များတွင် ပါဝင်နေကြသည့် လူပုဂ္ဂိုလ်များအားလုံးတွင် တာဝန်ရှိကြောင်း သူမက ဆိုပါသည်။

## သုံးသပ်တင်ပြချက်

အမျိုးသားများချည်းသာ သီးသန့်ပါဝင်သော (ဝါ) ဖိုဝါဒလွှမ်းမိုးသော စကားဝိုင်း - Manels များသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အမြစ်တွယ်နေသည့် ဖိုဝါဒကြီးစိုးမှု ဝိသေသတစ်ခုဖြစ်ပြီး

[1] အပြည့်ပြည့်ဆိုင်ရာ အမျိုးသမီးများနေ့ ထုတ်ပြန်ကြေညာချက် http://rb.gy/icb41

အားလုံးဝိုင်းဝန်းဖြေရှင်းရမည့် ပြဿနာတရပ်၊ အရေးပေါ်ကုသရမည့်ရောဂါတခု ဖြစ်ပါသည်။ ထို့ကြောင့် ပြဿနာအတွက် အကြောင်းအရင်းကို ရှာဖွေဖို့ လိုအပ်သလို ရောဂါဖြစ်စေသည့် အကြောင်းအချက်ကို ဖွေရှာဖြေရှင်းရမည်ဖြစ်သည်။

Manel များကို စီစဉ်သည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအများသည် အဓိက တာဝန်ရှိသူများ အဖြစ်မှတ်ယူပါက Manel များကိုဖြစ်စေသည့် ၎င်းတို့၏အခက်အခဲနှင့် စိန်ခေါ်မှုများကို "ဆင်ခြင် ပေးခြင်းမျှသာ"ဟု ကောက်ချက်မချဘဲ ဝိုင်းဝန်းအဖြေရှာခြင်း၊ ထောက်ကူပံ့ပိုးခြင်းတို့ဖြင့် ဖြေရှင်းရ မည်ဖြစ်သည်။ ၎င်းတို့အတွက် Manels ရပ်တန့်ရေးလှုပ်ရှားသူများ၊ အမျိုးသမီးများ၏ အကူအညီမျိုး လိုအပ်နေနိုင်သည်ကို ထည့်တွက်ရပါမည်။ အလားတူ Manel များတွင် ပါဝင်ကြသူများအတွက်လည်း ပုဂ္ဂိုလ်ရေးအရ အရှက်ရဖွယ် ရိုးစွပ်တိုက်ခိုက်မှုများကို အထူးသတိပြုသင့်ပါသည်။

အမျိုးသားလူဦးရေထက် အမျိုးသမီးလူဦးရေက ပိုမိုများပြားနေသည့် မြန်မာ့လူ့အဖွဲ့အစည်း အတွင်းမှ အမျိုးသမီးများ၏ အသံများ၊ အကြံဉာဏ်များ၊ ထင်မြင်ယူဆချက်များ၊ ရှုမြင်သုံးသပ်ချက် များကို စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခစသည့် အကြောင်းအရာအလိုက် စကားဝိုင်းများတွင် ပါဝင်မှုနည်းပါးနေရခြင်း၊ နေရာပေးခံရမှုနည်းပါးနေရခြင်းသည် ရည်ရွယ်ချက်ရှိ စွာဖြင့် စနစ်တကျ ဖယ်ကြဉ်ထားခြင်းမဟုတ်သော်လည်း  အဆိုပါ အခြေအနေများကို သဘာဝကျ အခြေအနေတခုအဖြစ် ဆက်လက်ခွင့်ပြုပေးနေမည်ဆိုပါက ရည်ရွယ်ချက်ရှိစွာဖယ်ကြဉ်ထားသည့် သဘောသက်ရောက်စေမည်ဖြစ်သည်။

Manel များသည် ဖိုဝါဒကြီးစိုးမှုကို မီးမောင်းထိုးပြနေသည့် ရောဂါလက္ခဏာများသာ ဖြစ်ပြီး အမြစ်ပြတ်သည်အထိ ကုသနိုင်ဖို့ အချိန်ယူရနိုင်သကဲ့သို့ ကျား-မတန်းတူရေးအတွက် ရှင်းလင်း ခဲ့ရမည့် ဆူးပြောင့်ခလုတ်များအဖြစ် ရှုမြင်ရပါသည်။ Manels ပြပွဲများ ပြုလုပ်နိုင်ခြင်းသည် ကျား-မ ရေးရာတန်းတူရေးနှင့် ဖိုဝါဒကြီးစိုးမှု တိုက်ဖျက်ရေးလှုပ်ရှားများအတွက် ရှုထောင့်စုံမှ ချဉ်းကပ်ငြင်းခုံ ဆွေးနွေးနိုင်သည့် အခွင့်အလမ်းကောင်းများကို မြင်တွေ့ရသည်ဟု ဆိုနိုင်သော်လည်း ပြဿနာ များကို အတွင်းကျကျ ဆန်းစစ်လေ့လာကာ ဝိုင်းဝန်းဖြေရှင်းနိုင်ပါက ပိုမိုထိရောက်နိုင်မည်ဟု သုံးသပ်မိပါသည်။

အားအင်ပြည့်ဝသော စကားဝိုင်းတစ်ခုအတွက် မတူကွဲပြားသော ဆွေးနွေးဖက်များ ပါဝင်စေ ခြင်းသည် အရေးပါသော စံနှုန်းတစ်ခုအဖြစ် ရှုမြင်ကာ အထူးသတိချပ်သင့်ကြောင်း တင်ပြအပ် ပါသည်။



# (၁၆) ရက်တာဖဲကြိုးပြာ လှုပ်ရှားမှုနှင့် အာဏာသိမ်း စစ်အုပ်စု၏ ဖမ်းဆီးသတ်ဖြတ်ခံ အမျိုးသမီးထု

## နိဒါန်း

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့၊ စစ်အာဏာသိမ်းကာလ ရက်ပေါင်း ၁၀၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးနှင့် မိန်းကလေးငယ်များသည် တစ်ရက်နှင့် နေ့တဝက်တွင် တစ်ယောက်နှုန်းဖြင့် အာဏာသိမ်းစစ်အုပ်စု၏ သတ်ဖြတ်ခြင်းကိုခံနေရပါသည်။ ထို့အပြင် ငါးရက်လျှင် အမျိုးသမီးတစ်ယောက်နှုန်း စစ်အုပ်စု၏ ဖမ်းဆီးခြင်းကို ခံနေရပါသည်။ မြန်မာနိုင်ငံအတွင်းက အမျိုးသမီးနှင့် မိန်းကလေးများအား ကာကွယ်ပေးနိုင်ဖို့အတွက် အားလုံးတွင် တာဝန်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။

"အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့" အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ (၁၆) ရက်တာလှုပ်ရှားမှုကို ကမ္ဘာ့နိုင်ငံများကဲ့သို့ မြန်မာနိုင်ငံအတွင်းတွင်လည်း အစုအဖွဲ့အလိုက် ကိုယ့်နည်းကိုယ့် ဟန်မျိုးစုံဖြင့် အသိပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ လှုံ့ဆော်ခြင်းများအား လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။ ယခု (၁၆) ရက်တာလှုပ်ရှားမှု၏ ဆောင်ပုဒ်အဖြစ် "အမျိုးသမီးနှင့်မိန်းကလေးများကိုကာကွယ်ဖို့အတူတကွပါဝင်ပံ့ပိုးစို့" "UNITE! Invest to prevent violence against women and girls" ဟု ကုလသမဂ္ဂအမျိုးသမီးအဖွဲ့ (UN Women)ကကြေညာထားသည်။ ကမ္ဘာတဝှမ်းလုံးထဲက အမျိုးသမီး(၃)ဦးတွင် အနည်းဆုံး အကြမ်းဖက်မှု တစ်ကြိမ်ခံနေရသည်ဟုလည်း ဆိုပါသည်။

## ၁၆ ရက်တာ ဖဲကြိုးဖြူ လှုပ်ရှားမှုများ

"ဖဲကြိုးဖြူ" တံဆိပ်အမှတ်အသားဖြင့် ပြုလုပ်လေ့ရှိသည့် "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့" ဟူသည် ကမ္ဘာ့ကုလသမဂ္ဂ၏ ၅၄ ကြိမ် မြောက် အထွေထွေညီလာခံဆုံးဖြတ်ချက် အမှတ် ၅၄/၁၃၄ အရ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

၁၉၆၀ ပြည့်နှစ် နိုဝင်ဘာ ၂၅ ရက်နေ့၊ နိုင်ငံရေးအရ ဆန့်ကျင်တော်လှန်ခဲ့ကြသည့် ညီအစ်မ (၃)ဦးအား ဒိုမီနီကန်နိုင်ငံသမ္မတမှ သတ်ဖြတ်ခဲ့သည့် အဖြစ်အပျက်အား အခြေ ပြုကာ သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပြီး ဖဲကြိုးဖြူအမှတ်အသားကမူ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအား ဖြစ်နိုင်သမျှ ကာကွယ်တားဆီးပေါ့မည်ဆိုသည့် ဝန်ခံကတိပြုခြင်းဟု အဓိပ္ပါယ်ပါသည်။ ဖဲကြိုးဖြူလှုပ်ရှားမှုကို နိုဝင်ဘာ ၂၅ ရက်မှ နိုင်ငံတကာလူ့အခွင့်အရေး နေ့ ဖြစ်သည့် ဒီဇင်ဘာ ၁၀ ရက်အထိ (၁၆) ရက်တာ သတ်မှတ်ကာ လှုပ်ရှားကြခြင်း ဖြစ်ပါသည်။

၁၉၉၁ ခုနှစ်၊ အမျိုးသမီးများ၏ ကမ္ဘာလုံးဆိုင်ရာခေါင်းဆောင်များအင်စတီကျု (WGLI) မှ စတင်ခဲ့သည့် ဖဲကြိုးဖြူလှုပ်ရှားမှုကို ကမ္ဘာတဝှမ်းလုံးရှိ လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းအလိုက် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများ တားဆီးကာကွယ်ရေးနှင့် ပပျောက်ရေးတောင်းဆိုရန်အတွက် စည်းရုံးရေးမဟာဗျူဟာတစ်ရပ်အဖြစ် အသုံးပြုလှုပ်ရှားကြခြင်းဖြစ်သည်။ [1]

အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၏ ဝန်ကြီးဌာနများ၊ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) တပ်ရင်းတပ် ဖွဲ့များ၊ တိုင်ရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များနှင့် အမျိုးသမီး အဖွဲ့အစည်းများသည် သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်၊ မြို့နယ်၊ ကျေးရွာများအလိုက် ဖဲကြိုးဖြူလှုပ်ရှားမှုများအား လှုပ်ရှားဆောင်ရွက်လျက်ရှိပြီး ဂျန်ဒါအခြေပြုအကြမ်းဖက်မှုဖြစ်စေတတ်သည့်

---

[1] 16 Days of Activism against Gender-Based Violence https://bit.ly/46EK6R9

အကြောင်းအရင်းများအား အသိပညာပေးလှုံ့ဆော်ခြင်း၊ စကားဝိုင်းများ ပြုလုပ်နေကြသည်ကို တွေ့ရသည်။

စစ်အာဏာသိမ်းကာလ၊ ရှမ်းပြည်နယ် တောင်ပိုင်းဒေသများတွင်တော့ ဖဲကြိုးဖြူလှုပ်ရှားမှုကို လူသိထင်ရှား လှုပ်ရှား၍မရတော့ဘဲ လျှို့ဝှက်တိုးတိတ်စွာလုပ်ဆောင်နေရကြောင်း ဒေသခံ အမျိုးသမီးအဖွဲ့အစည်းတချို့က ပြောဆိုပါသည်။ "အရင်တုန်းက ဒီလိုနေ့တွေမှာ ဖဲကြိုးဖြူလေးတွေ တပ်ဆင်ပြီး ဆင်နွှဲကြတယ်။ ဖဲကြိုးဖြူ တပ်ဆင်ရတဲ့အကြောင်းက အမျိုးသမီးတွေကို အကြမ်းမဖက်တော့ပါဘူး၊ အကြမ်းဖက်မှုတွေကိုလည်း တားဆီးကာကွယ်ပေးပါ့မယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ ဖြစ်ပါတယ်။ အခုနေ့များတော့ ဖဲကြိုးဖြူတပ်သွားရင် လုံး၀ မေးမြန်းခံရ၊ အဖမ်းခံရမှာပဲပေါ့။ အကြမ်းဖက်တဲ့သူတွေက သူတို့ ကိုယ်တိုင်ဖြစ်နေတော့လေ"။ [2]

## အာဏာသိမ်းစစ်အုပ်စု၏ ဖမ်းဆီးသတ်ဖြတ်ခံ အမျိုးသမီးထု

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP)၏ နိုဝင်ဘာ ၂၉ ရက်နေ့ ထုတ်ပြန်ချက်အရ စစ်အာဏာသိမ်းကာလစတင်ခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်အထိ ရက်ပေါင်း ၁၀၃၀ ရက်အတွင်း အာဏာသိမ်းစစ်အုပ်စု၏ ပုံသဏ္ဍာန် အမျိုးမျိုးသော အကြမ်းဖက်လုပ်ရပ်များကြောင့် အသက်သေဆုံးခဲ့ကြရသည့် အမျိုးသမီးနှင့် မိန်းကလေးငယ်ပေါင်း ၆၇၄ ဦးအထိ ရှိနေပါသည်။[3] ထိုသို့ သတ်ဖြတ်ရမှုများထဲတွင် တစ်နှစ်အောက် ကလေးငယ်မှသည် အသက် ၁၀၅ နှစ်အရွယ်အထိ အသက်အရွယ်အထိ ပါဝင်နေသည်ကို တွေ့ရပါသည်။ [4]

အာဏာသိမ်းစစ်အုပ်စု၏ သတ်ဖြတ်မှုပုံသဏ္ဍာန်များကို လေ့လာကြည့်ပါက တိုက်ပွဲတွင် လက်နက်ကြီးပစ်ခတ်မှုကြောင့် အမြောက်ဆန် (ကျည်) ထိမှန်သေဆုံးရသည့် အမျိုးသမီးများ၊ သေနတ်ဖြင့်ပစ်သတ်ခံရသည့် အမျိုးသမီးများနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးရသည့် အမျိုးသမီးများသည် ရာနှင့်ချီပြီး ရှိနေပါသည်။ ဖမ်းဆီးသတ်ဖြတ်ခံရသည့် အမျိုးသမီး (၉၀) ဦး ကျော်၊ အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခံရသည့် အမျိုးသမီး (၆၀) ဦး ကျော်၊ ဦးခေါင်းတည့်တည့် သေနတ်ဖြင့် ပစ်သတ်ခံရသည့် အမျိုးသမီး (၃၀)ဦးကျော်၊ သပိတ်ဖြိုခွင်းစဉ် သတ်ဖြတ်ခံရသည့် အမျိုးသမီး (၂၀) ဦးကျော်၊ အဓမ္မပြုကျင့်သတ်ဖြတ်ခံရသည့် အမျိုးသမီး (၁၆) ဦးနှင့် ဓားစာခံအဖြစ်

---

[2] အာဏာသိမ်းပြီး နောက်ပိုင်း ဖဲကြိုးဖြူ လှုပ်ရှားမှုများကို ပေါ်တင်လှုပ်ရှားလို့ မရ https://bit.ly/3uEU5Zi

[3] စစ်အာဏာသိမ်းပြီးနောက် လတ်တလောဖြစ်ပေါ်လျက်ရှိသော အခြေအနေများနှင့် ပတ်သက်၍ နေ့စဉ်ထုတ်ပြန်ချက် အကျဉ်းချုပ်၊ ၂၉ နိုဝင်ဘာ ၂၀၂၃ https://bit.ly/3RIC6jg

[4] AAPP မှ ပြုစုမှတ်တမ်းတင်ထားသည့် စုစုပေါင်း ကျဆုံးစာရင်း Database https://bit.ly/3uJN0Xe

ဖမ်းဆီးသတ်ဖြတ်ခံရသည့် အမျိုးသမီး (၁၄) ဦးရှိနေကြောင်း AAPP ၏ မှတ်တမ်းတွင် ဖော်ပြထားပါသည်။ ထို့အပြင် လူသားဒိုင်းအဖြစ် ဖမ်းဆီးခံရစဉ်၊ စစ်ကြောရေးစခန်းများတွင် စစ်မေးခံရစဉ် သေဆုံးခဲ့ရသည့် အမျိုးသမီးများ၏ ဖြစ်စဉ်များကိုလည်း တွေ့ရပါသည်။

ချင်းပြည်နယ် ဖလမ်းမြို့နယ် စီဇမွာလ်ရွာမှ အသက် ၁၈၅ နှစ် အရွယ် အဖွားဒေါ်ရမ်တလွန် ဆိုလျှင်စစ်ကောင်စီလက်အောက်ခံ ဖလမ်းမြို့အခြေစိုက် ခလရ ၂၆၈ တပ်ကုန်းမှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲသဖြင့် အသက်သေဆုံးခဲ့ရသည်။ တိုက်ပွဲတစုံတရာ ဖြစ်ပွားခြင်းမရှိဘဲ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက် နံနက် (၂) နာရီခန့်အချိန်တွင် ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ အဖွား ပီလွမ်းထရန်၏ သမီးဖြစ်သူ အသက် ၆၄ နှစ်အရွယ် ဒေါ်ဖိုထွေးကမူ ထိခိုက်ဒဏ်ရာရရှိသဖြင့် ဖလမ်းမြို့ပြည်သူ့ ဆေးရုံတွင် အရေးပေါ် ကုသနေရပါပြီဖြစ်သည်။ [5]

အာဏာသိမ်းစစ်အုပ်စု၏ ဖမ်းဆီးခံထားရသည့် အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ စာရင်းကိုလေ့လာကြည့်လျှင်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက်အထိ ဖမ်းဆီးခံရသူ ၂၅၄၇၄ ဦး ၏ ၂၀ ရာခိုင်နှုန်း (၅၁၀၂ ဦး) သည် အမျိုးသမီးနှင့် မိကလေးငယ်များ ဖြစ်နေပြီး အသက်တစ်နှစ် အရွယ်မှ အသက် (၉၀) အရွယ်အထိ ပါဝင်နေပါသည်။[6] ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးနှင့် မိန်းကလေးငယ်များသည် စစ်အာဏာသိမ်းကာလအတွင်း ၅ ရက်လျှင် တစ်ဦးနှုန်း စစ်အုပ်စု၏ ဖမ်းဆီးခြင်းကို ခံနေရသည်ဟု တွက်ယူနိုင်သည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ(BWU)မှထုတ်ဝေသည့်"နိုင်ငံရေးမတည်ငြိမ်မှုနှင့်အတူအမျိုးသမီးများ ရင်ဆိုင်နေရသည့် လိင်အကြမ်းဖက်မှုများ" သုံးသပ်စာတမ်းတွင်လည်း စစ်အာဏာသိမ်းကာလနှင့် ပဋိပက္ခဒေသများအတွင်း အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (၁၆) မှုနှင့် အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ကာမလိမ်လည်မှု (၂၃) မှု၊ စုစုပေါင်း (၅၉) မှုကို ဖော်ထုတ်မှတ်တမ်းတင်ထားပါသည်။ [7] စာတမ်း၏ အဆိုအရ ဖော်ပြပါအမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသည့် အကြမ်းဖက်မှုခံရမှုများတွင် စစ်ကောင်စီတပ်မှကျူးလွန်သောအမှုများ၊ အခြားလက်နက်ကိုင်အဖွဲ့များမှ ကျူးလွန်သောအမှုများနှင့် အရပ်သားအချင်းချင်းကြား ကျူးလွန်သောအမှုများဟူ၍ သုံးပိုင်း တွေ့ရှိရသည်ဟု ဆိုပါသည်။

---

[5] စကစ လက်နက်ကြီးကြောင့် ဖလမ်းမြို့နယ်က အသက် ၁၀၀ ကျော်အရွယ် အဖွားအိုတစ်ဦး သေဆုံး https://bit.ly/49WlRAG

[6] AAPP မှ ပြုစုမှတ်တမ်းတင်ထားသည့် စုစုပေါင်း ဖမ်းဆီးခံရသူစာရင်း Database https://bit.ly/3T3L2va

[7] "နိုင်ငံရေး မတည်ငြိမ်မှုနှင့်အတူ အမျိုးသမီးများ ရင်ဆိုင်နေရသည့် လိင်အကြမ်းဖက်မှုများ" သုံးသပ်ချက်စာတမ်း https://bit.ly/47B27B0

## သုံးသပ်တင်ပြချက်

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတဝှမ်းလုံးရှိ အမျိုးသမီး (၅) ဦးအနက် (၄) ဦးသည် အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး အားကောင်းသည့် ဥပဒေအရ အကာအကွယ်ပေးနိုင်ခြင်းမရှိသေးသည့် နိုင်ငံများတွင် ရှင်သန်နေထိုင်နေကြရသည်ဟု ကုလသမဂ္ဂအမျိုးသမီးအဖွဲ့ (UN Women) က ဆိုထားပါသည်။ [8] စစ်အာဏာသိမ်းမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာနိုင်ငံအတွင်းမှ အမျိုးသမီးထုအတွက်မူ အာဏာသိမ်းစစ်အုပ်စု၏ ဥပဒေမဲ့သတ်ဖြတ်ခံရမှုများ၊ ဖမ်းဆီးခံရမှုများ စသည့် အကြမ်းဖက်မှုပုံသဏ္ဍာန်မျိုးစုံကို ရင်ဆိုင်ကြုံ တွေ့နေရပါသည်။

သို့နှင့်တိုင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းက အမျိုးသမီးထုသည် လူ့အဖွဲ့အစည်းအတွင်း ဖိုဝါဒကြီးစိုးလွှမ်းမိုးမှုကို တွန်းလှန်တိုက်ပွဲဝင်နေရသကဲ့သို့ နွေဦးတော်လှန်ရေးနှင့်အတူ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် လက်နက်ကိုင်လမ်းစဉ်အပါအဝင်လှုပ်ရှားမှုအသွင်သဏ္ဍာန်မျိုးစုံဖြင့် စွမ်းစွမ်းတမံပါဝင်လျက်ရှိပါသည်။ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးတွင်လည်း ကျား-မရေးရာကိစ္စရပ်များ၊ အထူးသဖြင့် အမျိုးသမီးများ၏ လက်ရုံးရည်၊ နှလုံးရည်နှင့် ခွန်အားများကို ချန်လှပ်မခံရရေးကို အလေးအနက်စဉ်းစားရမည် ဖြစ်သည်။

လူ့အဖွဲ့အစည်းအတွင်း ကြီးမားစွာအမြစ်တွယ်နေသည့် ဖိုဝါဒကြီးစိုးလွှမ်းမိုးနေမှုကို အချိန်ယူနှုတ်ယူသွားနိုင်ဖို့ လိုအပ်သလို တရားဥပဒေအရ အရေးယူအပြစ်ပေးခြင်းမှ ကင်းလွတ်နေသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်ခံရမှုများကို ကင်းလွတ်ခွင့်မရှိစေရေးသည်လည်း ဖဲကြိုးဖြူလှုပ်ရှားမှု၏ ဦးတည်ချက်တစ်ခုအဖြစ်ပါဝင်နေပါသည်။ ထို့ကြောင့် အာဏာသိမ်းစစ်အုပ်စု၏ ဥပဒေမဲ့ ဖမ်းဆီးသတ်ဖြတ်ခံနေရသည့် အမျိုးသမီးများ၊ မိန်းကလေးငယ်များအတွက် တရားမျှတမှုရရှိရေးနှင့် ဥပဒေအရ အပြစ်ပေးအရေးယူနိုင်ရေးသည် အရေးကြီးသကဲ့သို့ လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုမှန်သမျှ ပပျောက်ရေးသည်လည်း အရေးပါသည့် လှုပ်ရှားမှုများဖြစ်နေကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

---

[8] "UNITE! Invest to prevent violence against women and girls" https://bit.ly/3GqwMFk



# တရုတ်အတွက် အန်ယူဂျီ၏ကတိကဝတ်များ

## နိဒါန်း

ဒေါ်ဇင်မာအောင်ဦးဆောင်သည့် နိုင်ငံခြားရေးဝန်ကြီးဌာနသည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ တရုတ်နိုင်ငံဆိုင်ရာ သဘောထားဟုဆိုကာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ထုတ်ပြန်ချက်တစောင် ကြေညာခဲ့ပါသည်။ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် ရည်မျှော်ချီတက်နေသော နွေဦးတော်လှန်ရေး၏ စစ်ရေး၊ နိုင်ငံရေး၊ နိုင်ငံတကာအရေး စသော လှုပ်ရှားဆောင်ရွက်မှုများအနက် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍနှင့် အရေးပါမှုကို ယင်းထုတ်ပြန်ချက်က ထင်ရှားစေပါသည်။

## တရုတ်အတွက် အန်ယူဂျီ သဘောထား

အချက် (၁၀) ချက်ပါသည့် (NUG)၏ "တရုတ်နိုင်ငံဆိုင်ရာ သဘောထား"တွင် တရုတ်အစိုးရ အကြိုက်တွေ့စေမည့် ကတိကဝတ် (၈) ခုကို ယခုလို အထင်အရှားတွေ့ရှိရပါသည်။

"တရုတ်-မြန်မာ နှစ်နိုင်ငံအကြား "ဆွေမျိုး-ပေါက်ဖော်" ဆက်ဆံရေးတည်ဆောက်ပြီး တရုတ်နိုင်ငံအတွက် အိမ်နီးချင်းကောင်းဖြစ်ရေး အမြဲကြိုးပမ်းရပ်တည်မည်။ တရုတ်တစ်နိုင်ငံတည်း မူဝါဒကို ဆက်လက်ထောက်ခံကျင့်သုံးမည်။ ပြည်သူနှင့် ပြည်သူဆက်ဆံရေးကို အလေးထားလျက် အပြန်အလှန်ချစ်ကြည်မှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အစွမ်းကုန် မြှင့်တင်ဆောင်ရွက်မည်။ နှစ်နိုင်ငံအကြား လူမှုစီးပွားအရ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို အစဉ်သဖြင့် ထိန်းသိမ်း၊ မြှင့်တင်၊ ဆောင်ရွက်မည်။

မြန်မာနိုင်ငံအတွင်းရှိ တရုတ်နိုင်ငံ၏ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုများနှင့် အခြားလူမှုစီးပွား လုပ်ငန်းများ၏လုံခြုံရေးကို ထိန်းသိမ်းကာကွယ်မည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုမတိုင်ခင် နှစ်နိုင်ငံနယ်နိမိတ်သတ်မှတ်မှုစာချုပ်များအပါအဝင် နှစ်နိုင်ငံအကြား သဘောတူချုပ်ဆိုခဲ့သည့် စာချုပ်များအားလုံးကို မြန်မာနိုင်ငံမှ တာဝန်ယူမည်။ အိမ်နီးချင်းနိုင်ငံများ၏ နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်နေသည့် မည်သည့်အဖွဲ့အစည်းကိုမျှ မြန်မာ့ပိုင်နက်အတွင်း အခြေချခွင့်မပြု။ နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်ရေးနှင့် လုံခြုံရေးသာမက ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးကိုပါထိခိုက် စေသည့် ကျားဖြန့်အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်း၊ လူကုန် ကူးမှုလုပ်ငန်း၊ မူးယစ် ဆေးဝါးလုပ်ငန်းများအပါအဝင် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုခင်းများကို တရုတ်နိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍တိုက်ဖျက်သွားမည်။" [1]

| **တရုတ်နိုင်ငံအတွက် အမျိုးသားညီညွတ်ရေးအစိုးရ၏ကတိကဝတ် (၈) ချက်** |
| --- |
| ၁။ "တရုတ် – မြန်မာ နှစ်နိုင်ငံအကြား "ဆွေမျိုး –ပေါက်ဖော်ဆက်ဆံရေးတည်ဆောက်ပြီး တရုတ်နိုင်ငံအတွက် အိမ်နီးချင်းကောင်းဖြစ်ရေး အမြဲကြိုးပမ်းရပ်တည်မည်။ |
| ၂။ တရုတ်တစ်နိုင်ငံတည်း မူဝါဒကို ဆက်လက်ထောက်ခံ ကျင့်သုံးမည်။ |
| ၃။ ပြည်သူနှင့် ပြည်သူဆက်ဆံရေးကို အလေးထားလျက် အပြန်အလှန်ချစ်ကြည်မှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အစွမ်းကုန်မြှင့်တင်ဆောင်ရွက်မည်။ |
| ၄။ နှစ်နိုင်ငံအကြား လူမှုစီးပွားအရ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို အစဉ်သဖြင့် ထိန်းသိမ်း၊ မြှင့်တင်၊ ဆောင်ရွက်မည်။ |
| ၅။ မြန်မာနိုင်ငံတွင်းရှိ တရုတ်နိုင်ငံ၏ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုများနှင့် အခြားလူမှုစီးပွားလုပ်ငန်းများ၏ လုံခြုံရေးကို ထိန်းသိမ်းကာကွယ်မည်။ |
| ၆။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုမတိုင်ခင် နှစ်နိုင်ငံနယ်နိမိတ် သတ်မှတ်မှုစာချုပ်များအပါအဝင် နှစ်နိုင်ငံအကြား သဘောတူချုပ်ဆိုခဲ့သည့် စာချုပ်များအားလုံးကို မြန်မာနိုင်ငံမှ တာဝန်ယူမည်။ |
| ၇။ အိမ်နီးချင်းနိုင်ငံများ၏ နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်နေသည့် မည်သည့်အဖွဲ့အစည်းကိုမျှ မြန်မာ့ပိုင်နက် အတွင်း အခြေချခွင့်မပြု။ |
| ၈။ နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်ရေးနှင့် လုံခြုံရေးသာမက ဒေသတွင်း တည်ငြိမ်ရေးနှင့် လုံခြုံရေးကိုပါ ထိခိုက်စေသည့် ကျားဖြန့်အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်း၊ လူကုန်ကူးမှုလုပ်ငန်း၊ မူးယစ်ဆေးဝါးလုပ်ငန်းများအပါအဝင် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုခင်းများကို တရုတ်နိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍ တိုက်ဖျက်သွားမည်။ |

[1] အမျိုးသားညီညွတ်ရေးအစိုးရ၏ တရုတ်နိုင်ငံဆိုင်ရာ သဘောထား https://bit.ly/3RJCJCn

အန်ယူဂျီ၏ တရုတ်အတွက် ကတိကဝတ် (၈) ချက်ကို လေ့လာကြည့်ပါက နံပါတ်စဉ် (၅) မှ (၈) အထိ အချက်များသည် အမိကထူးခြားချက်များအဖြစ် တွေ့ရှိရပြီး အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုအတွက် တရုတ်နိုင်ငံ၏စိုးရိမ်မှုများကို လျော့ကျစေနိုင်မလားဆိုသည်က စိတ်ဝင်စားဖွယ်ဖြစ်သည်။

## တရုတ်နိုင်ငံ၏ လှုပ်ရှားဆောင်ရွက်မှုများ

အနီးစပ်ဆုံးဆိုရသော် ၂၀၂၃ ခုနှစ် အောက်တိုဘာ၂၇ ရက်အလွန် "၁၀၂၇ စစ်ဆင်ရေး" နှင့် ပတ်သက်ပြီး တရုတ်အစိုးရ၏လှုပ်ရှားဆောင်ရွက်မှုများသည် "ဒိုင်လူကြီး"သဖွယ် ကြားနေသဘော ရပ်တည်နေသည်ဟု ရှုမြင်နိုင်ပါသည်။ ကိုးကန့်တပ်ဖွဲ့ (MNDAA)၊ တအာင်းတပ်ဖွဲ့ (TNLA) နှင့် ရက္ခိုင့်တပ်တော် (AA) တို့က ဦးဆောင်ပြီး နွေဦးတော်လှန်ရေးအတွင်း ပေါက်ဖွားလာသော ခုခံတော်လှန်ရေးအင်အားစုများဖြင့် ပူးပေါင်းလှုပ်ရှားလျက်ရှိသည့် "၁၀၂၇ စစ်ဆင်ရေး"သည် မြန်မာပြည်မြောက်ပိုင်းဒေသအပြင် မြန်မာနိုင်ငံအနောက်တောင်ပိုင်းဖြစ်သည့် ရခိုင်ဒေသအထိ အပြန့်ကျယ်လာခဲ့သလို စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးသို့ ဦးတည်ရည်မျှော်ကြသည့် ပြည်သူလူထု တရပ်လုံး၏ ထောက်ခံအားပေးမှုကိုလည်း ရရှိနေသည်ဟု ဆိုရပါမည်။

သို့သော် တရုတ်အစိုးရကမူ စစ်ရေးပဋိပက္ခအတွင်း ပါဝင်ပတ်သက်သူအစုအဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီအကြား အပစ်ရပ်ရေးနှင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေးကိုသာ တိုက်တွန်းခဲ့သည်။ မြောက်ပိုင်းညီနောင် မဟာမိတ် (၃) ဖွဲ့ (MNDAA ၊ TNLA ၊ AA) နှင့် စစ်ကောင်စီ အကြား တွေ့ဆုံဆွေးနွေးနိုင်ရန် ကြိုးပမ်းခဲ့ပြီး၂၀၂၃ခုနှစ် ဒီဇင်ဘာလ ၇ ရက်မှ ၉ ရက် အထိ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ဟိုင်ဂင်ဟိုတယ်တွင် ပထမအကြိမ်တွေ့ဆုံဆွေးနွေးစေခဲ့ပါသည်။ ထိုလ၂၂ ရက်မှ ၂၄ ရက်အထိ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးမှုကိုလည်း ကူမင်းမြို့တွင်ပင် တရုတ်အစိုးရက ပြုလုပ်ပေးခဲ့သည်။ နှစ်ဖက်တောင်းဆိုချက်များ ကွာဟချက်ကြီးမားနေသည့်အတွက် ရလာဒ်မည်မည်ရရမထွက်ဘဲ အဆုံးသတ်ခဲ့ရသည့် မြောက်ပိုင်းညီနောင်မဟာမိတ် (၃)ဖွဲ့နှင့် အာဏာသိမ်းစစ်ကောင်စီ၏ ကိုယ်စားလှယ်များအကြား တွေ့ဆုံဆွေးနွေးမှုကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း ပြုလုပ်သွားရန် လျာထားသည်ဟု ဆိုပါသည်။ [2]

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ဘင်း (Wang Wenbin) ၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်၊ သတင်းစာရှင်းလင်းပွဲတွင်တော့ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းတွင် တိုက်ပွဲများရပ်တန့်ရေးနှင့် ဆွေးနွေးမှုများ မြှင့်တင်ရန် ဆက်လက်ကြိုးပမ်းသွားမည်ဟု ဆိုပါ

---

[2] စစ်ကောင်စီနဲ့ မြောက်ပိုင်းသုံးဖွဲ့ ဆွေးနွေးပွဲပြေလည်မှုမရ https://bit.ly/3vpLOsE

သည်။ မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာအစုအဖွဲ့အသီးသီးအနေဖြင့်လည်း တရုတ် - မြန်မာ နယ်စပ်ဒေသ ငြိမ်းချမ်းတည်ငြိမ်စေပြီး မြန်မာနိုင်ငံအတွင်းရှိ တရုတ်စီမံကိန်းများနှင့် ဝန်ထမ်းများ၏ လုံခြုံရေးအတွက် အကာအကွယ်ပေးလိမ့်မည်ဟုလည်း မျှော်လင့်ကြောင်း ဝမ်ဝင်ဘင်းက ဆိုထားပါသည်။ [3]

## နွေဦးတော်လှန်ရေး အရွေ့အပြောင်း

စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်လှုပ်ရှားလှုပ်ရှားနေကြသော နွေဦးတော်လှန်ရေး အင်အားစုအသီးသီးသည် စစ်ရေး၊ နိုင်ငံရေး၊ နိုင်ငံတကာရေးနှင့် လူထုလှုပ်ရှားမှု စသည့် ဘက်ပေါင်းစုံမှ ပုံသဏ္ဌာန်မျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် အာဏာသိမ်းစစ်အုပ်စု၏ ထိုးနှက်ဖိအားပေးလာခဲ့သည်မှာ လာမည့်ဖေဖော်ဝါရီ ၁ ရက်နေ့ဆိုလျှင် ၃ နှစ်တင်းတင်း ပြည့်ပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံများအထိ လွင့်ပျံ့သွားခဲ့သည့် သံပုံးတီးလူထုလှုပ်ရှားမှုမှသည် "သန်းချီစုရုန်း နှစ်ငါးလုံး" အထိ လမ်းပေါ်ထွက်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ယခုအခါ အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်ဖြိုခွင်းမှုများအန္တရာယ်မှ ခုခံကာကွယ်နိုင်ရေးအတွက် ရရာလက်နက် စွဲကိုင်ခဲ့ကြရသည့် ခုခံတော်လှန်ရေးအင်အားစုများ၊ အထူးသဖြင့် NUG လက်အောက်ခံ ပြည်သူ့ကာကွယ်ရေး တပ်မတော် (PDFတပ်ရင်းတပ်ဖွဲ့များ)၊ မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF) များနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ (EROs) အကြား ပေါင်းစည်းမှု၊ ပူးပေါင်း လှုပ်ရှားမှုများသည် အရွေ့အပြောင်းတခုသို့ ဦးတည်လာခဲ့ပါသည်။ မြန်မာပြည်မြောက်ပိုင်းက ၁၀၂၇ စစ်ဆင်ရေး၊ ရှမ်းပြည်တောင်ပိုင်းနှင့် ကရင်နီ(ကယား) ပြည်နယ်အတွင်းက တစ်လေးလုံး စစ်ဆင်ရေး၊ ERO များနှင့် NUG တို့ စုဖွဲ့ထားသည့် "ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ" (C3C-Central Command and Coordination Committee) အစီအစဉ်ဖြင့် နိုင်ငံ တဝှမ်း စစ်ရေးလှုပ်ရှားမှုများသည် အာဏာသိမ်းစစ်အုပ်စု၏ ရာနှင့်ချီသော စစ်စခန်းများကို စွန့်လွှတ်ရစေသကဲ့သို့ မြို့ပေါင်း (၂၀) ကျော်ကိုလည်း လက်လွှတ်ဆုံးရှုံးစေခဲ့ပါသည်။ အာဏာသိမ်း စစ်အုပ်စု၏ စစ်လက်နက်ပစ္စည်းအများအပြားကိုလည်း ခုခံတော်လှန်ရေးအင်အားစုများဘက်မှ သိမ်းဆည်းရရှိခဲ့ပါသည်။

NUG ၊ ERO များနှင့် မြို့ပြဒေသအလိုက် PDF/LDF များအကြား ပေါင်းစည်းညီညွတ်မှု၊ ပူးပေါင်းလှုပ်ရှားမှု စသည့် ဟန်ချက်ညီစစ်ဆင်ရေးများသာ အရှိန်အဟုန်မြင့်တက် ကျယ်ပြန့်လာ

---

[3] Foreign Ministry Spokesperson Wang Wenbin's Regular Press Conference on December 21, 2023 https://bit.ly/41NmAQN

ပါက ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုကြီးသည် အချည်းနှီးဖြစ်သွားစေနိုင်သကဲ့သို့ စစ်အုပ်စုအား အသာစီးရယူကာ ပြည်သူလူထုအတွက် တရားမျှတမှုကို ရှာဖွေနိုင်လိမ့်မည်ဟု ရှုမြင်ရပါသည်။

## သုံးသပ်တင်ပြချက်

၁၀၂၇ စစ်ဆင်ရေးအတွင်း မြောက်ပိုင်းညီနောင်မဟာမိတ် (၃)ဖွဲ့ထံ အာဏာသိမ်းစစ်အုပ်စု လက်လွှတ်ခဲ့ရသည့် ချင်းရွှေဟော်၊ နမ့်ခမ်း၊ သိန္နီနှင့် ကွမ်းလုံမြို့များသည် တရုတ်အစိုးရ၏ စီးပွားရေး စကြံန်စီမံကိန်းများရှိရာ နယ်စပ်စီးပွားပူးပေါင်းဆောင်ရွက်ရေးဇုန်များ တည်ဆောက်မည့် မြို့များ ဖြစ်သကဲ့သို့ ဖောင်းဆိုင်၊ ကြူကုတ် (ပန်ဆိုင်း)၊ ကုန်းကြမ်းနှင့် မုံးကိုးမြို့များသည်လည်း တရုတ်အစိုးရအတွက် အရေးပါသည့် နယ်စပ်မြို့များဟု ဆိုနိုင်ပါသည်။ ထို့အပြင် ဦးသိန်းစိန်အစိုးရ လက်ထက်ကတည်းက သဘောတူထားသည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးသည်လည်း အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်နေသည့်တိုင် ရက္ခိုင့်တပ်တော်(AA) ၏ အခန်းကဏ္ဍ အရေးပါမှုကို ထည့်သွင်းစဉ်းစားစရာ ဖြစ်ပါသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးကို အကြီးအကျယ်ထိခိုက်စေသည့် ကိုးကန့်၊ လောက်ကိုင်ဒေသ အတွင်းရှိ ကျားဖြန့်အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်းများ နှိမ်နင်းရေးသည်လည်း တရုတ်အစိုးရ၏ ဦးစားပေးအကျိုးစီးပွားများအဖြစ်ရှိနေပြီး အာဏာသိမ်းစစ်ကောင်စီအား အမြဲတစေ ဖိအားပေးလျက်ရှိပါသည်။ ထို့အတွက် ၁၀၂၇ စစ်ဆင်ရေး၏ လုပ်နိုင်စွမ်းကို တရုတ်အစိုးရက စောင့်ကြည့်နေဆဲဟု ဆိုနိုင်ပါမည်။ ကျားဖြန့်လောင်းကစားလုပ်ငန်းများ နှိမ်နင်းရေးအတွက် စစ်ကောင်စီနှင့် ERO တို့၏ လှုပ်ရှားဆောင်ရွက်များကို သတိထားစောင့်ကြည့်ကာ အခြားတဖက်ရှိ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် မြန်မာနိုင်ငံအတွင်းရှိ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအား ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် အာမခံချက်မျိုးသည် တရုတ်အစိုးရ၏ ဦးစားပေး အကျိုးစီးပွားဖြစ်လာသည်ဟု ဆိုနိုင်ပါသည်။ ၎င်းတို့၏ ဦးစားပေးအကျိုးစီးပွားများအတွက် တရုတ်အစိုးရသည် အာဏာသိမ်းစစ်အုပ်စုအပါအဝင် ERO များနှင့် နွေဦးတော်လှန်ရေးအင်အားစုများအားလုံးကို စောင့်ကြည့်နေဆဲဖြစ်သည်။

ထို့ကြောင့် "တရုတ်နိုင်ငံဆိုင်ရာသဘောထား"ထုတ်ပြန်ချက်ပါ အမျိုးသားညီညွတ်ရေးအစိုးရ၏ ကတိကဝတ်များသည် တရုတ်အစိုးရအား အကြိုက်တွေ့စေမည့် ကမ်းလှမ်းချက်များအဖြစ် မှတ်ယူနိုင်ပြီး အာဏာသိမ်းစစ်အုပ်စုအတွက် စစ်ရေး၊ နိုင်ငံရေးနှင့် နိုင်ငံတကာအရေးများအတွက် အခက် တွေ့အကြပ်ရိုက်နေချိန်တွင် ချိန်သားကိုက်ထုတ်ပြန်ချက်အဖြစ်လည်းရှုမြင်ရပါသည်။ သို့နှင့်တိုင် နိုင်ငံတကာမျက်နှာစာတွင် ပြည်သူလူထုကို ကိုယ်စားပြုသည့် အစိုးရတရပ်အဖြစ် အသိ

အမှတ်ပြုမှု ရရှိရေး ကြိုးပမ်းနေချိန်တွင် တချို့သောအာမခံချက်များ၊ ကတိကဝတ်များသည် လက်လွှတ်စလွယ်မပေးသင့်ဘဲ သက်ဆိုင်ရာအစုအဖွဲ့များ၏ သဘောထားများကို ရယူဆောင်ရွက်သင့်ပါသည်။ အထူးသဖြင့် မြစ်ဆုံစီမံကိန်း၊ လက်ပံတောင်းတောင် စသည့် တရုတ်အစိုးရ၏ စီမံကိန်းများမှသည် နိုင်ငံတကာမျက်နှာစာတွင် လက်ရှိအာဏာသိမ်းစစ်အုပ်စုဘက်မှ အမြဲတစေ အကာအကွယ်ပေးလေ့ရှိသည့် တရုတ်နိုင်ငံအား ပိုမိုသတိထား ချဉ်းကပ်ရမည်ဖြစ်သည်။

နွေဦးတော်လှန်ရေးကာလသည် ၃ နှစ်ပြည့်တော့မည်ဖြစ်သည်။ အိမ်နီးချင်းတရုတ်အပါအဝင် နိုင်ငံတကာအစိုးရ၊ အဖွဲ့အစည်းများအားလုံးသည် နွေဦးတော်လှန်ရေး၏ ခွန်အားနှင့် စုစည်းညီညွတ်မှုကို စောင့်ကြည့်နေသကဲ့သို့ အာဏာသိမ်းစစ်အုပ်စု၏ အခန်းကဏ္ဍကို သတိမူနေကြဆဲဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် တလှေတည်းစီးကာ ဦးတည်လျှောက်လှမ်းနေကြသည့် နွေဦးတော်လှန်ရေးအင်အားစု အချင်းချင်းအကြား ပေါင်းစည်းညီညွတ်ရေးအတွက် ခွန်အားစိုက်ထုတ်သင့်သည်။ ယုံကြည်မှုတည်ဆောက်ရေးအတွက် ကတိကဝတ်နှင့် အာမခံချက်များကိုပေးအပ်ကာ ပေါင်းစည်းညီညွတ်ရေးကိုခိုင်မာစေရန် ကြိုးပမ်းဆောင်ရွက်သင့်သည်။ ထို့အပြင် တရုတ်အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပေးပို့သော သဘောထားထုတ်ပြန်ချက်များ၊ လုပ်ဆောင်ချက်များ၊ ပူးပေါင်းဆောင်ရွက်ချက်များသည် နွေဦးတော်လှန်ရေးအင်အားစုအားလုံးကို ကိုယ်စားပြုစေရေး သတိချပ်ရမည်ဖြစ်သည်။

သို့မှသာ နိုင်မည့်မြင်းအားစောင့်ကြည့်ကာ လောင်းကြေးထပ်ရန်ပြင်ဆင်နေသည့် တရုတ်အစိုးရအား စည်းရုံးရာတွင် ပိုမိုထိရောက်စေမည်ဖြစ်သည်။ နွေဦးတော်လှန်ရေးအင်အားစု အချင်းချင်းအကြား ပေါင်းစည်းညီညွတ်မှုခွန်အားကြီးမှုသည်သာ တရုတ်အစိုးရအား ဘက်ပြောင်းလာစေမည့် ဆွဲဆောင်စည်းရုံးမှုတခုဖြစ်နေနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။



# အဖြူရောင်လှုပ်ရှားမှု၊ ဘုံသဘောထားရပ်တည်ချက်များနှင့် ကျရှုံးပြလာသည့်စစ်ကောင်စီ

## နိဒါန်း

စစ်အာဏာသိမ်းကာလ ၃ နှစ်ပြည့်၊ ၂၀၂၄ ဖေဖော်ဝါရီ ၁ ရက်တွင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ပြသခဲ့သည့် လူထုလှုပ်ရှားမှုများကို နည်းလမ်းနှစ်သွယ်ဖြင့် နိုင်ငံတဝှမ်းလုံးတွင်လှုပ်ရှားခဲ့ကြသည်။ "အပြင်မထွက် အသံတိတ်သပိတ်"နှင့် "အဖြူရောင်လှုပ်ရှားမှု" ဟူ၍။

ထိုထိုသော အကြမ်းမဖက်သော ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ပြသခဲ့ကြသည့် ပြည်လူလူထု၏ စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေးလှုပ်ရှားမှုများသည် ဆိုခဲ့ပါ ၃ နှစ်တာကာလအတွင်း ပုံသဏ္ဍာန်မျိုးစုံ၊ အသွင်သဏ္ဍာန်မျိုးစုံဖြင့် နိုင်ငံတဝှမ်းလုံးတွင် တွေ့ရှိခဲ့ရပြီးလည်းဖြစ်သည်။ "ပြည်သူ့အာဏာ ပြည်သူ့ပြန်ပေး"ဟုဆိုကာ စစ်အာဏာသိမ်းမှုအား ဆန့်ကျင်ကြောင်းဆန္ဒဖော်ထုတ်လှုပ်ရှားမှုများမှ

စတင်ခဲ့သည့် နွေဦးတော်လှန်ရေး (ဝါ) လူထုတော်လှန်ရေးသည် ယခုအခါ စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်မှန်သမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး အထိ ဦးတည်မျှော်ရည်ကာ အကြမ်းမဖက်သောနည်းဖြင့် လူထုသပိတ်လှုပ်ရှားမှုများအပြင်စစ်ရေး၊ နိုင်ငံရေးနှင့် နိုင်ငံတကာအရေး စသော အရေးပေါင်းစုံကနေ အာဏာသိမ်းစစ်အုပ်စုအား ဖိအားပေး လာနေပြီဖြစ်သည်။

## "အပြင်မထွက် အသံတိတ်သပိတ်" နှင့် အဖြူရောင် လှုပ်ရှားမှု

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့၊ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြုလုပ်သည့် "အပြင်မထွက် အသံတိတ်သပိတ်"ကို ရန်ကုန်၊ မန္တလေး၊ မိုးကုတ်၊ မုံရွာ၊ ဆားလင်းကြီး၊ယင်းမာပင်၊ ကနီ၊ ရွှေဘို၊ မြိုင်၊ မုဒုံ၊ ကဝ၊ ရွာငံ၊ ဖားကန့် စသည့် မြို့ကြီးများတွင် ပြုလုပ်ခဲ့ကြပါသည်။ [1]

အဖြူရောင် အင်္ကျီ၊ အဖြူရောင် ဖဲကြိုး၊ အဖြူရောင်ခေါင်းစီး၊ အဖြူရောင်လက်ပတ် စသည် တို့ကို ဝတ်ဆင်သည့် အဖြူရောင်လှုပ်ရှားမှု (White Campaign)ကိုလည်း အကြမ်းမဖက်သော လူထုလှုပ်ရှားမှု နည်းလမ်းအဖြစ် အသုံးပြုကာ အာဏာသိမ်းစစ်အုပ်စုအား ဆန့်ကျင်ကြောင်း ဆန္ဒ ဖော်ထုတ်ခဲ့ကြသည်ကို တွေ့ရပါသည်။

စစ်ကိုင်းတိုင်း ယင်းမာပင်- ဆားလင်းကြီး ရွာပေါင်းစုံ သပိတ်စစ်ကြောင်းသည် ဒေသတွင်း သပိတ်အင်အားစုများနှင့်ပူးပေါင်းကာ စစ်အာဏာရှင်ဆန့်ကျင်ရေးသပိတ်ပြုလုပ်ခဲ့ကြပြီး အမျိုးသမီး မဟာမိတ်အင်အားစု (WAB) ၊ မကွေးလူထုတိုက်ပွဲကော်မတီ၊ ကနီမြို့နယ်သပိတ် ဦးဆောင် ကော်မတီ၊ မုံရွာလူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီတို့ကလည်း ပူးပေါင်းဝန်းရံခဲ့ကြသည်။ [2]

အာဏာသိမ်းစစ်အုပ်စုကို လေယာဉ်လောင်စာဆီ ရောင်းချ၊ သယ်ယူပေးနေကြသည့် နိုင်ငံ များ၊ အဖွဲ့အစည်းများအနေဖြင့် အမြန်ဆုံး ရပ်တန်းကရပ်ကြရန်၊ အာဏာသိမ်းစစ်အုပ်စုက နိုင်ငံ တကာရောက် မြန်မာနိုင်ငံသားများကို အတင်းအဓမ္မကောက်ခံနေသည့်"သွေးစွန်း အခွန်အခ"များအား လုံးဝမပေးဆောင်ကြရန်၊ အာဏာသိမ်းစစ်အုပ်စု၏ အစတေးခံ၊ ထိုးကျွေးခံဘဝ ရောက်နေပြီဖြစ်သော မြေပြင်တပ်မှူးတပ်သားများအနေဖြင့် အမြန်ဆုံး ပြည်သူ့ ရင်ခွင် ခိုလှုံကြရန်၊ အလင်းဝင်ကြရန်၊ "အလံဖြူ" ထောင်ကြရန်ဟူသော တောင်းဆိုချက် (၃) ချက်သည် အဖြူရောင်လှုပ်ရှားမှု၏ ရည်ရွယ်တောင်းဆိုချက်များဖြစ်ပြီး အပတ်စဉ်တနင်္လာနေ့တိုင်းတွင် အဖြူရောင်လှုပ်ရှားမှုကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း အထွေထွေသပိတ်ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု (GSCB) က ထုတ်ပြန်ထားပါသည်။

---

[1] အာဏာသိမ်းသုံးနှစ်ပြည့် ရန်ကုန်အပါအဝင် မြို့ကြီးတချို့မှာ အသံတိတ်သပိတ်ပြုလုပ် https://bit.ly/49hvLM5

[2] Sagaing villagers stage anti-regime protest on third anniversary of coup https://bit.ly/3vXYcQX

# ဘုံသဘောထား ရပ်တည်ချက် ထုတ်ပြန်ခြင်း

"စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အတူတကွ လက်တွဲတော်လှန်တိုက်ပွဲဝင်နေကြသော အဖွဲ့များ၏ ဘုံသဘောထားရပ်တည်ချက်" ခေါင်းစဉ်ဖြင့် ချင်းအမျိုးသားတပ်ဦး (CNF)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့က ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ပါသည်။

ထိုကြေညာချက်တွင် တစ်ခုတည်းသော မျှော်မှန်းချက်၊ ဦးတည်ချက်(၆)ချက်၊ ရပ်တည်ချက် (၉) ချက်နှင့် လုပ်ငန်းစဉ်အဆင့်ဆင့် (၆) ခု တို့ ပါရှိသည်။ "မြန်မာစစ်တပ်တာဝန်ရှိသူများ အနေဖြင့် နိုင်ငံရေးဦးတည်ချက် (၆) ရပ်အား လက်ခံလာလျှင် စစ်အာဏာသိမ်းမှု အဆုံးသတ်ခြင်းနှင့် အေးချမ်းတည်ငြိမ်စွာ အာဏာလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များအတွက်ဆွေးနွေးခြင်း" ဆိုသော လုပ်ငန်းစဉ်တခုကို ဖော်ပြထားသည်က "တွေ့ဆုံဆွေးနွေးရေး" လမ်းဖွင့်ထားသည်ကို ထင်ရှားစေပါသည်။

ဘုံသဘောထားရပ်တည်ချက်ပါ နိုင်ငံရေးဦးတည်ချက် (၆) ရပ်တွင်မူ (က) စစ်အာဏာသိမ်းထားမှုကို ဖယ်ရှားပြီး မြန်မာစစ်တပ်၏ နိုင်ငံရေး၌ ပါဝင်နေခြင်းအား အဆုံးသတ်ရန်၊ (ခ) လက်နက်ကိုင်တပ်ဖွဲ့များအားလုံးကို ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် အရပ်သားအစိုးရ၏ စီမံအုပ်ချုပ်မှုအောက်၌ အပြည့်အဝထားရှိရန်၊ (ဂ) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးတိုင်ဖျက်သိမ်းရန်နှင့် ယင်းကို ပြန်လည်အသက်သွင်းရန် ကြိုးပမ်းမှုမှန်သမျှ တိုက်ဖျက်ရန်၊ (ဃ)သက်ဆိုင်သူများအားလုံး လက်ခံနိုင်သော ဖက်ဒရယ်နှင့် ဒီမိုကရေစီ စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရန်၊ (င) ထွက်ပေါ်လာသော ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအသစ်အား တည်ဆောက်ရန်၊ (စ) ပဋိပက္ခအတွင်း မတရားကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိရေးနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုရရှိရေး လုပ်ငန်းစဉ်ဖော်ဆောင်ရန်ဟု ဖော်ပြထားပါသည်။ [3]

ထို့ကြောင့် စစ်ရေး၊ နိုင်ငံရေးနှင့် နိုင်ငံတကာအရေးပေါင်းစုံမှ ဖိအားပေးခံနေရသည့် အာဏာသိမ်းစစ်အုပ်စုအတွက် ဆိုခဲ့ပါ နိုင်ငံရေးဦးတည်ချက် (၆) ရပ်သည် လက်ခံနိုင်၊ မနိုင် ဆိုသည်က စစ်အုပ်စုအတွင်း တာဝန်ရှိသူများကိုယ်တိုင် ရွေးချယ်ရမည်ဖြစ်သည်။

[3] ဘုံသဘောထားရပ်တည်ချက်အား ထုတ်ပြန်ကြေညာခြင်း https://bit.ly/42kvkOR

# ထူးခြားဖြစ်စဉ်ဖြစ်ရပ်များ

ရှမ်းပြည်နယ် မြောက်ပိုင်းဒေသက စတင်လာသည့် "၁၀၂၇ စစ်ဆင်ရေး" နောက်ပိုင်း အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ် ဆင်နွှဲနေကြသည့် နိုင်ငံတဝှမ်းလုံးရှိ ခုခံတော်လှန်ရေးအင်အားစုများ၏ ဟန်ချက်ညီ စစ်ဆင်ရေးများသည် အပြန့်ကျယ်ကျယ်၊ အရှိန်ပြင်းပြင်းဖြင့် ထိုးစစ်ဆင်လှုပ်ရှားလာခဲ့ကြပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ ကရင်နီ(ကယား)ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့အတွင်း မြို့ပေါင်း ၃၉ မြို့အထိ တော်လှန်ရေးအင်အားစုများက ထိန်းချုပ်သိမ်းပိုက်လာနိုင်ခဲ့ပါသည်။[4] ထို့အပြင် အာဏာသိမ်းစစ်ကောင်စီတပ်များ၏ စခန်းကြီး၊ စခန်းငယ်ပေါင်း ၄၀၀ ကျော်အထိတော်လှန်ရေးအင်အားစုများက သိမ်းပိုက်ထားနိုင်ခဲ့ပြီး သံချပ်ကာတင့်ကားများ အပါအဝင် စစ်လက်နက်ပစ္စည်း အမြောက်အများကိုလည်း သိမ်းဆည်းရရှိခဲ့ပါသည်။ [5]

တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်မှုဖြင့် ရရှိထားသော "ဟိုင်ဂင်သဘောတူညီချက်များ" [6] ကြောင့် အာဏာသိမ်းစစ်အုပ်စုအတွက် ရှမ်းပြည်မြောက်ပိုင်းဒေသ စစ်မျက်နှာကို ဟန့်တားထားနိုင်ခဲ့သော်လည်း ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများဖြစ်သည့် ကရင်၊ ကရင်နီ(ကယား)နှင့် ရှမ်းတောင်ပိုင်းဒေသများတွင် တော်လှန်ရေးအင်အားစုများ၏ ထိုးစစ်ဆင်မှုကို အပြင်းအထန် ရင်ဆိုင်ကြုံတွေ့နေရပါသည်။

အာဏာသိမ်းစစ်ကောင်စီသည် ရခိုင်ပြည်နယ် ပေါက်တောမြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့အား ရက္ခိုင့်တပ်တော်(AA) ထံ လက်လွှတ်ဆုံးရှုံးထားရသကဲ့သို့ ရှမ်းတောင်ပိုင်းဒေသ ဆီဆိုင်မြို့ကိုလည်း ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(PNLO/PNLA)၏ထိန်းချုပ် သိမ်းပိုက်ခြင်းကို ခံခဲ့ရပါသည်။ ကရင်နီ(ကယား) ပြည်နယ် မော်ချီးနှင့် ရှာသစ်မြို့တို့ကိုလည်း ကရင်နီပူးပေါင်းတပ်ဖွဲ့များက ထိန်းချုပ်သိမ်းထားသည်။

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းတွင်တော့ စစ်ကောင်စီတပ်၏ ပို့ဆောင်ရေးစစ်ရဟတ်ယာဉ် Euro copter 365 ပစ်ချခံရပြီး ဗိုလ်မှူးချုပ်အေးမင်းနောင် အပါအဝင် (၅) ဦးသေဆုံးခဲ့ရသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတစ်လတည်းတွင် စစ်ကောင်စီတပ်အနေဖြင့် လေယာဉ် (၃) စီးအထိ တော်လှန်ရေးအင်အားစုများ၏ ပစ်ချခြင်းကို ခံခဲ့ရပါသည်။ [7]

---

[4] တော်လှန်ရေးအင်အားစုများမှ သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့ပေါင်း ၃၉ မြို့ https://bit.ly/47X7tpI

[5] Myanmar's Operation 1027 Against The Junta Two Months On https://bit.ly/3uhl3pU

[6] ၁၀၂၇ စစ်ဆင်ရေးနှင့် အပစ်ရပ်ခြင်း၊ မရပ်ခြင်း ဝိရောဓိ https://bit.ly/3w404aU

[7] ကရင်မှာ ပျက်ကျခဲ့တဲ့ ရဟတ်ယာဉ်ပေါ်ပါ ငါးဦး သေဆုံး https://bit.ly/3HEumU9

စစ်အာဏာသိမ်းကာလအတွင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ကိုင်စွဲကာ အာဏာသိမ်းစစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးမှုများရှိခဲ့သည့် PNLO/PNLA သည် "စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းပြီး ပြည်သူလူထုတရပ်လုံး လိုလားတောင့်တလျက်ရှိသော ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်သည်အထိ ဘ၀တူညီနောင်မဟာမိတ်များနှင့်အတူ ဆင်နွှဲသွားမည်" ဟု ထုတ်ပြန်လာသည်ကလည်း ထူးခြားမှုရှိနေသည်ဟု ဆိုရမည်ဖြစ်သည်။

## ကျရိပ်ပြလာသည့် စစ်ကောင်စီ

အာဏာသိမ်းအုပ်စုသည် ကျားဖျန့်ခေါ် အွန်လိုင်းငွေလိမ်လုပ်ငန်းများဖြင့် ဆက်နွှယ်သည်ဟု ဆိုကာ တရုတ်အစိုးရက ဖမ်းဝရမ်းထုတ်ထားသည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဌဟောင်းလည်းဖြစ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)၏ လွှတ်တော်အမတ်ဟောင်းလည်းဖြစ်သူ ပယ်ဆောက်ချိန် အပါအဝင် (၁၀) ဦး ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် တရုတ်အစိုးရထံ လွှဲပြောင်းပေးခဲ့ရသည်။

"မြန်မာနိုင်ငံမြောက်ပိုင်း ကိုးကန့်ဒေသ အွန်လိုင်းလိမ်လည်မှုအဖွဲ့ အဓိကခေါင်းဆောင် ၆ ဦးဖြစ်သည့် ပယ်ဆောက်ချိန်၊ ပယ်ရင်ချန်၊ ဝေ့ဟွိုင်ရန်၊ လျိုကျန့်ရှန်၊ လျိုကျန့်မောက်၊ ရှီလောက်ဖာနှင့် အခြားအရေးကြီး ပြစ်မှုကျူးလွန်ကြောင်း သံသယရှိသူ ၄ ဦးကို တရားဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်ခဲ့ပြီး အဆိုပါ ၁၀ ဦးကို ထိုနေ့ညတွင်ပင် တရုတ်နိုင်ငံသို့ ဖမ်းဆီးပို့ဆောင်ခဲ့သည်" ဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ထုတ်ပြန်ထားသည်။[8]

လာအိုနိုင်ငံ လွမ်ဘရာဘမ်မြို့တွင် ပြုလုပ်သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန (ယာယီ) အမြဲတမ်း အတွင်းဝန်ဒေါ်မာလာသန်းထိုက်ကို စစ်ကောင်စီက စေလွှတ်ခဲ့သည်။ မူလက နိုင်ငံရေးအရ ကိုယ်စားမပြုသူကိုသာ ဖိတ်ကြားသဖြင့် ကန့်ကွက်ရှုတ်ချပြီး မတက်ရောက်ဘဲ နေခဲ့သော စစ်အုပ်စုသည် ယခုအခါတွင်တော့ နိုင်ငံတကာအဝန်းအဝိုင်း၏ ဖယ်ကျဉ်မှုဒဏ်ကို မခံနိုင်တော့ဟု ဆိုရမည်ဖြစ်ပါသည်။

ဆိုရသော် ၃ နှစ်ပြည့် စစ်အာဏာသိမ်းကာလအတွင်း နိုင်ငံအတွင်း တော်လှန်ရေးအင်အားစုများ၏ စစ်ရေးအရ ဖိအားပေးခံရမှုအပြင် လူထုထောက်ခံမှု တစုံတရာမရရှိဘဲ ဖြစ်နေသည့် အာဏာသိမ်းစစ်အုပ်စုသည် နိုင်ငံတကာအစိုးရများ၏ ဖယ်ကျဉ်ခံရမှု၊ အိမ်နီးချင်းနိုင်ငံများ၏ ဩဇာလွှမ်းမိုးခံရမှုတို့ကို တပြိုင်နက် ရင်ဆိုင်ကြုံတွေ့နေသဖြင့် စစ်အုပ်စု၏ ကျရှုံးပုံရိပ်သည် တဖြည်းဖြည်း ပိုမိုထင်ရှားလာခဲ့ပြီဟု ရှုမြင်ရပါသည်။

---

8 ဖမ်းဝရမ်းထုတ်ခံထားရတဲ့ ကိုးကန့်ခေါင်းဆောင်တွေကို တရုတ်ဆီ စစ်ကောင်စီလွှဲပြောင်း https://bit.ly/3w6MjYI

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင်တော့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးပြုလုပ်ကာ ငါးကြိမ်မြောက်အရေးပေါ်ကာလ ၆ လ သက်တမ်းတိုးမှုကို ကြေညာခဲ့ပါသည်။ သန်းခေါင်စာရင်းကောက်မည့်ကိစ္စ၊ ရွေးကောက်ပွဲပြုလုပ်မည့်ကိစ္စအပါအဝင်တိုင်းပြည်ပုံမှန် အခြေအနေမဟုတ်သေးဟု အကြောင်းပြချက်ပေးထားသည်ကို တွေ့ရပါသည်။

## သုံးသပ်တင်ပြချက်

စစ်အာဏာသိမ်းကာလသည် ၃ နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။ စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေး လှုပ်ရှားမှုများသည် ပုံသဏ္ဍာန်မျိုးစုံ၊ နည်းလမ်းအဖုံဖုံဖြင့် သက်ဝင်လှုပ်ရှားနေဆဲဖြစ်သည်။ "ပြည်သူ့ အာဏာ ပြည်သူ့ပြန်ပေး" ဆိုသည့် ကြွေးကြော်သံများသည် "အဆုံးသတ်အောင်ပွဲဆီ လူထုလှိုင်း တွေနဲ့ တက်စုံဖွင့်၊ ရွက်စုံလွှင့်" ဆိုသည့် လှုံ့ဆော်သံများနှင့်အတူ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအထိ တောင်းဆိုဟစ်ကြွေးနေကြပြီ ဖြစ်သည်။

အကြမ်းမဖက် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ် လှုပ်ရှားရသော သပိတ်တိုက်နည်းလမ်းသည် ပြည်သူလူထုအကြား ဆက်လက်ကိန်းဝပ်နေသကဲ့သို့ လက်နက်ကိုင် နည်းလမ်းဖြင့် ဆင်နွှဲနေသော ခုခံတော်လှန်စစ်သည်လည်း အရှိန်အဟုန် အားကောင်းလာနေသည်ကို တွေ့ရပါသည်။ သို့သော် ဘုံသဘောထားရပ်တည်ချက် တူညီနေကြသည့်တိုင် တော်လှန်ရေး အင်အားစုအချင်းချင်းအကြား အငြင်းပွားမှုများ၊ ပဋိပက္ခဖြစ်စဉ်များကိုလည်း သတင်းဖော်ပြချက်များမှ တဆင့် သိရှိနေရပါသည်။ နွေဦးတော်လှန်ရေးကာလအတွင်း ပေးဆပ်ခဲ့ရသည့် ပြည်သူလူထု၏ အသက်များ၊ ဘဝများအား ငဲ့ကွက်ကာ ပေါင်းစည်းမှုခွန်အားကိုတိုးမြှင့်လုပ်ဆောင်ရန်လိုအပ်ပါသည်။တော်လှန်ရေးအင်အားစု အချင်းချင်းအကြား ဘုံသဘောတူညီချက်များအား ဆက်လက် ခိုင်မြဲစေရေးအတွက် အမြဲသတိပြု နေရမည်ဟု ရှုမြင်မိပါသည်။

၃ နှစ်ပြည့်အလွန် နွေဦးတော်လှန်ရေးကာလကို မျှော်ကြည့်သော လူထုသပိတ်လှုပ်ရှားမှုများ ပိုမိုအားကောင်းလာနိုင်သကဲ့သို့ လက်နက်ကိုင်ခုခံတော်လှန်စစ် အရှိန်အဟုန်သည်လည်း တစုံ တရာလျော့ကျဖွယ် အလားလာမျိုး မတွေ့ရသေးပေ။ နယ်မြေလက်လွှတ်ဆုံးရှုံးရမှုများ၊ စစ်စခန်း စွန့်ခွာရမှုများနှင့် စစ်သည်အင်အား ချိနဲ့ပြုန်းတီးလာနေသော စစ်အုပ်စု၏ ကျရှုံးပုံရိပ်များသည် လည်း ပိုမိုထင်ရှားလာနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

# အတိုကောက်
# ဝေါဟာရများ

| | |
|---|---|
| 3BHA | - ညီနောင်မဟာမိတ် (၃) ဖွဲ့ |
| 7 EAO Alliance | - တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၇) ဖွဲ့၏ မဟာမိတ်အဖွဲ့ |
| AAPP | - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ |
| ABSDF | - မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (မကဒတ-ကျောင်းသားတပ်မတော်) |
| AFP | - ရခိုင်ရှေ့ဆောင်ပါတီ |
| AHA Center | - အာဆီယံ လူသားချင်းစာနာမှု ကူညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးစင်တာ |
| ALD | - ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် |
| ALP/ALA | - ရခိုင်ပြည်လွတ်မြောက်ရေးပါတီ |
| ANC/AA | - ရခိုင်ပြည်အမျိုးသားကောင်စီ |
| ANP | - ရခိုင်အမျိုးသားပါတီ |
| APHR | - လူ့အခွင့်အရေးဆိုင်ရာ အာဆီယံပါလီမန်အမတ်များအဖွဲ့ |
| ARC | - မဟာမိတ်ဆက်ဆံရေးကော်မတီ |
| BNI | - နိုင်ငံတကာမြန်မာသတင်း |
| BNI-MPM | - မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်ရေးအဖွဲ့ |
| BPLA | - ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် |
| BURMA Act | - တင်းကျပ်သောစစ်ဘက်ဆိုင်ရာတာဝန်ခံမှုဖြင့် မြန်မာပြည်စည်းလုံးညီညွတ်ရေး အက်ဥပဒေ |
| BWU | - မြန်မာ့အမျိုးသမီးသမဂ္ဂ |
| C3C | - ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ |
| CB | - ချင်းညီနောင် |
| CC | - ချင်းပြည် (Chinland) ကောင်စီ |
| CDM | - အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု |

| | | |
|---|---|---|
| CNF/CNA | - | ချင်းအမျိုးသားတပ်ဦး |
| CRPH | - | ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ |
| DKBA | - | ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် |
| DPLA-PDF | - | ဓနုပြည်သူ့လွတ်မြောက်ရေးတပ်ဦး |
| EAO | - | တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ |
| ERO | - | တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ |
| EU | - | ဥရောပသမဂ္ဂအဖွဲ့အစည်း |
| FAO | - | ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ |
| FMR | - | လွတ်လပ်စွာသွားလာလှုပ်ရှားမှုစနစ် |
| FPNCC | - | ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ |
| FSCC | - | ပြည်ထောင်စုအစိုးရနှင့် ဖက်ဒရယ်ယူနစ်များ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် |
| GSCB | - | အထွေထွေသပိတ် ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု |
| HP | - | လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီအပစ်ရပ်တန့်ခြင်း |
| ICNCC | - | ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ |
| IEC | - | ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေး ကောင်စီ |
| IIMM | - | လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တယား |
| J2C | - | ပူးတွဲ ညှိနှိုင်းရေးကော်မတီ |
| JMC | - | ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးအဖွဲ့ |
| JOC | - | ပူးတွဲစစ်ရေးကွပ်ကဲမှု |
| JPF | - | ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေအဖွဲ့ |
| K3C | - | KIO/KIA, KNU/KNLA, KNPP/KA, CNF/CNA |
| KIO/KIA | - | ကချင်ပြည်လွတ်လပ်ရေးအဖွဲ့/ကချင်လွတ်လပ်ရေးတပ်မတော် |
| KNDF | - | ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ဖွဲ့ |
| KNLA | - | ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် |

| | | |
|---|---|---|
| KNPLF | - | ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) |
| KNPP/KA | - | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ/ကရင်နီတပ်မတော် |
| KNU | - | ကရင်အမျိုးသားအစည်းအရုံး |
| KNU/KNLA-PC | - | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) |
| KPDF | - | ကချင်ဒေသကာကွယ်ရေးတပ် |
| KPICT | - | ကြားကာလ ကချင်နိုင်ငံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ |
| KSCC | - | ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ |
| LDU | - | လားဟူဒီမိုကရက်တစ်အစည်းအရုံး |
| M2W | - | မြောင်အမျိုးသမီးပြောက်ကျားစစ်သည်တော်အဖွဲ့ |
| MDY-PDF | - | မန္တလေး - ပြည်သူ့ကာကွယ်ရေးတပ်မတော် |
| MFTB | - | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် |
| MGC | - | မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု |
| MICB | - | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် |
| MNTJP/MNDAA | - | မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ/ |
| | | မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (ကိုးကန့်တပ်ဖွဲ့) |
| MSDF | - | မွန်ပြည်ကာကွယ်ရေးတပ် |
| MSFC | - | မွန်ပြည်ဖက်ဒရယ်ကောင်စီ |
| MSICC | - | မွန်ပြည်ကြားကာလပူးပေါင်းဆောင်ရွက်ရေးကော်မတီ |
| MSRF | - | မွန်ပြည်တော်လှန်ရေးတပ် |
| MSRO | - | မွန်ပြည်နယ်အခြေပြုတော်လှန်ရေးအဖွဲ့ |
| N.S.S.A.A | - | ရှမ်းပြည်နယ်မြောက်ပိုင်း မဟာမိတ်တပ်ရင်း |
| NA-B | - | မြောက်ပိုင်းမဟာမိတ်အဖွဲ့ |
| NCA | - | တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |
| NDAA | - | အမေရိကန်အစိုးရ၏ နိုင်ငံတော်ကာကွယ်ရေးအသုံးစရိတ်ဥပဒေ |

| | | |
|---|---|---|
| NDAA/ESS | - | အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေးအဖွဲ့ (မိုင်းလားအဖွဲ့) |
| NLD | - | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| NMSP | - | မွန်ပြည်သစ်ပါတီ |
| NMSP-AD | - | မွန်ပြည်သစ်ပါတီ (စစ်အာဏာရှင် တိုက်ဖျက်ရေး) |
| NMSP/MNLA | - | မွန်ပြည်သစ်ပါတီ/မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| NSPNC | - | အမျိုးသား စည်းလုံးညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ |
| NUCC | - | အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ |
| NUG | - | အမျိုးသားညီညွတ်ရေးအစိုးရ |
| PDF-LDF | - | မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ |
| PLA | - | ပြည်သူ့လွတ်မြောက်ရေးတပ်တော် |
| PNDF-KK | - | ပအိုဝ်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့-ခမ်းကောင် |
| PNFC | - | ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ |
| PNLO/PNLA | - | ပအိုဝ် အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်/ |
| | | ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| PPDF-KD | - | ပအိုဝ်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့-ခမ်းဒွမ် |
| PPST | - | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ |
| PSLF/TNLA | - | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/ |
| | | တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| RCSS / SSA | - | သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် |
| S.S.L.R.U | - | ရှမ်းပြည် (တောင်ပိုင်း) ဒေသခံတော်လှန်ရေးတပ်ပေါင်းစု |
| SAC | - | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| SSPP / SSA | - | သျှမ်းပြည်တိုးတက်ရေးပါတီ /ရှမ်းပြည်တပ်မတော် |
| T-NUG | - | ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ |
| TPCC | - | တအာင်းအမျိုးသား အတိုင်ပင်ခံကော်မတီ |

| | | |
|---|---|---|
| ULA/AA | - | ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် - အာရက္ခတပ်တော် |
| UN Women | - | ကုလသမဂ္ဂအမျိုးသမီးအဖွဲ့ |
| UNHCR | - | ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး |
| UNICEF | - | ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ |
| UNOCHA | - | ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး |
| UWSP | - | “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ |
| WA-B | - | အမျိုးသမီးမဟာမိတ်အင်အားစု |
| WFP | - | ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် |
| WGLI | - | အမျိုးသမီးများ၏ ကမ္ဘာလုံးဆိုင်ရာခေါင်းဆောင်များအင်စတီကျူ |
| WLB | - | အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) |

